မဟာဘိသက္ကပဏ္ဍိတ ဆရာလွင်

မင်းလွင်

# ဆေးအဘိဓမ္မာ

## ဥတုဘောဇနသမ္ပတ္တိကျမ်း

ဗုဒ္ဓဘာသာနိုင်ငံများအလိုကျ

အနုမြူဓါတ် [illegible]ာင်ခြည်ခေတ်ဆင်ပြသည်

၃၇၀၃

ပရမတ္ထ သင်္ဂဟ မဟာဘိသက္က ပဏ္ဍိတ
ဒေသနာနယ ဆေးပညာ နိသျှည်းပြ
ဆရာကြီး

# ဦးမင်းလွင်

# ဆေးအဘိဓမ္မာ

## ဥတုဘောဇန သမုဋ္ဌာန်ကျမ်း

ကျမ်းပြုဆရာ မူပိုင်
၁၃၁၈-ခုနှစ် ပုံနှိပ်သည်

တအုပ်အဘိုး ၅-ကျပ်

ဆရာလွင် ဆေးတိုက်
အမှတ်-၇၂၊ ရေတာရှည် လမ်းဟောင်း၊
ဗဟန်းဈေးအနီး၊ ရန်ကုန်မြို့။

သုခမ္ဘဝတီ-ရ၆၁-က

သုခိတာ ဟောထ ဒုက္ခာ မုစ္စထ
ဒုက္ခလွတ်ငြိမ်း ချမ်းသာကြပါစေ

☆

# နိုင်ငံတော်အစိုးရ တိုင်းရင်းမြန်မာ ဆေးကျောင်း
# ဒေသနာနယ ဆေးပညာသင်တန်းအတွက် ရည်ညွှန်းသည်

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၅-စစ်ကဲ့မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

# ကျမ်းပလ္လင်ခံခြင်း

ဆေးအဘိဓမ္မာ ဥတုဘောဇနသမ္ဘတ္တိကျမ်း စီစဉ်ရေးသားသော ဟန်အမူအရာနှင့် ကျမ်းအသွား အလာမှာ- ဘာဝနာမယ ဉာဏ် ရှေးသွားရှိသော ဓမ္မဝိတက္ကော လောက, ဓမ္မဝိစာရော လောက အသိတို့ဖြင့် ဤကမ္ဘာ လောကခေတ်ကြီးကို မည်ကဲ့သို့ အမြင်ပေါက်၍ ဆေးသမားတို့နှင့် မည်သို့ပြုပြင် ကာကွယ်သင့်သည်ကို ဒေသနာဉာဏ်အား မလွှန်စေမူဘဲ စီစဉ်သည်ဖြစ်ရာ ကျမ်းစာကြည့်ရှု သုံးသပ်သော ပုဂ္ဂိုလ်အပေါင်းတို့သည်-

၁။ အနုမြူခေတ် ရောင်ခြည်ဟူသော ခေတ်ဆန်းအာရုံ။

၂။ တိုင်းရင်း ဆေးပညာ မြှင့်တင်ရေးဟူသော ဆေးအာရုံ။

၃။ ဗုဒ္ဓ ဓမ္မ လောက အလိုဟူသော ဒေသနာအာရုံ။

တို့ဖြင့်နှလုံးသွင်း ကြည့်ရှုရန် လိုအပ်ပါသည်။

**အနုမြူ အာရုံ** ပစ္စုပ္ပန် မျက်မှောက် ကမ္ဘာကြီးတွင် အနုမြူ, ဟိုက်ဒရိုဂျင်ဗုံးဟူ၍ ထင်ရှားစွာ တွေ့လာရလေသည်၊ ထိုအနုမြူ,ဟိုက်ဒရိုဂျင်ဗုံးကို ဖေါက်ခွဲစမ်းသပ်သော အခါတိုင်း=မိုးလေဝသ ဥတုခေတ်တွေ ဖေါက်ပြန် ပြောင်းလဲသည်ဟု တွက်ဆ ပြောဆိုနေကြလေသည်၊ ထိုမျှသာ မဟုတ်သေး- ၎င်းခေတ်ငွေ့တို့သည် လူတို့စားသုံးအပ်သော အသီးအနှံ ဆန်ရေစပါး အာဟာရခေတ်များ အတွင်းသို့ ပြန့်နှံ့ဝင်ရောက်သည်ဟု ကန့်ကွက် ပြောဆိုနေကြလေသည်၊ အခြားတဘက်ကလည်း ထိုအနုမြူမှ ရအပ်သော ရောင်ခြည်ခေတ်သည် မသုံးတတ်လျှင် ဘေးဖြစ် တတ်သော်လည်း သုံးတတ်လျှင် အကျိုးကျေးဇူး အလွန်များ၍ စိတ်ဝင်စားစရာ ကောင်းသည်ဟု လေချို သွေးနေကြလေသည်။

## ကျမ်းပလ္လင်ခံခြင်း

**ဆေးပညာ အာရုံ** ယခုအခါ မြန်မာနိုင်ငံတော်မှာ တိုင်းရင်းဆေးပညာ မြှင့်တင်ရေး နည်းလမ်းကောင်းများကို အစိုးရနှင့် တကွ ဆေးပညာရှင် အပေါင်းတို့ တောင်းတရှာကြံနေကြရာတွင် ဒေသနာ နယဟူသော ဆေးပညာ မှုတရပ်လည်း ပါဝင်နေလေ သည်၊ တောင်သာအဘိဓမ္မာနှင့် ထိုမှဆင်းသက်သော ပရမတ္ထ, သဘာဝဆေးပေးမှုတို့သည် အဘိဓမ္မာနှင့် နီးစပ်သော်လည်း ဒေသနာတော်တွင် လာရှိသလောက် အသိမပြည့်ဝသေးသော ကြောင့် ထပ်မံဖြည့်စွက်ရန် ဉာဏ်ရှာနေကြလေသည်၊ ထိုဉာဏ် ရှာသော အပိုင်းတွင် ကျမ်းပြု ဆရာသည်လည်း ကနဦး မဆွ ကပင် ကြိုတင်စီစဉ်လာသော ဉာဏ်ရှင်တဦး ဖြစ်သည် အား လျော်စွာ ဤဆေးကျမ်းသည်ပင် ဒေသနာနယ ဖြည့်ကျင့်ခဏ်း နှင့် တိုင်းရင်းဆေးဉာဏ်တက်လမ်း ဖြစ်တော့သည်။

**ဒေသနာ အာရုံ** ဗုဒ္ဓဘာသာ သမ္မာအယူရှိသော ပုဂ္ဂိုလ်တို့၏ ဓမ္မဝိစာရ အမြင်အာရုံ ဤဆေးကျမ်းတွင် သင်္ခါရဝဋ္ဋ လော ကကြီးကိုသာလျှင် ထင်ရှားစေသည် မဟုတ်ပါ၊ ဤကမ္ဘာ လော ကဓာတ်ကြီးကို အသစ်တဖန် ပြုပြင်စီရင် ကျက်စားလိုသော ပုဂ္ဂိုလ်တို့အတွက် စတုသမုဋ္ဌာနိက ဓာတ်ကမ္ဘာကြီးကိုလည်း ဒေသနာအာရုံနှင့် ဆေးဉာဏ်ရှိသလောက် ထင်ထင် လင်းလင်း ကြီး ဖေါ်ပြထားပါသည်၊ ဤဆေးကျမ်းသည် ဆေးကျမ်းရိုးရိုး မဟုတ်သောကြောင့် တရားဆေးဉာဏ် အဖြစ်သို့ သက်ဝင်နိုင် ပါသည်၊ သမားဆေးမှန် အဖြစ်သို့လည်း ရောက်စေနိုင်ပါသည်၊ အများဘေးရန် မဖြစ်အောင်လည်း ကာကွယ်နိုင်ပါသည်။

**ကျမ်းပလ္လင်ခံခြင်းပြီး၏။**

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | **ကျမ်းဖွင့် ပဏာမနှင့် မနသိကာရ** .... | ၁ |
| ၂။ | **ဥတုံအသိဥာဏ် ထူထောင်နည်းကဏ္ဍ** .... | ၃ |
| | သာမညဥတု, သဘာဝဥတု, ဝိသေသဥတု, နိယာမဥတု, လောကဥတုဇ မီးများကို ၅-ဌာနပိုင်းခြား၍ ဥတုအဆင့်ဆင့် သိမှတ်ရန် ပုံစံကွက်နှင့်တကွ လောကဓာတ် ဥတုစကြာလည်ပုံ ဘလောက်ပုံစံပါသည်။ | |
| ၃။ | **အာကာသဓာတ်ဥာဏ် ထူထောင်နည်းကဏ္ဍ** | ၃၃ |
| | အပေါက်အကြားပြသော အာကာသနှင့် အပိုင်းအခြားပြသော အာကာသအကြောင်း။ ပညတ်အာကာသ ပိုင်းခြားထင်ပုံနှင့် ပရမတ် အာကာသ ပိုင်းခြားမြင်ပုံ ဘလောက်ပုံစံပါသည်။ | |
| ၄။ | **ပထဝီသမ္ဘာရ ဓာတ်ခွဲခန်း** .... .... | ၄၃ |
| | ဆံပင်စသော ပထဝီဓာတ် ၂၀-သရုပ်နှင့် ၎င်းတို့ မြေဓာတ်ဖြစ်ပုံ အဓိပ္ပါယ်။ စတုသမုဋ္ဌာန်က ပထဝီအခြင်းအရာ ၂၉၆-ပါး ပွါးပုံနှင့် ပြုပြင်နည်း ဥပဒေသ။ ပထဝီဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့် ပညတ်ပရမတ်ခွဲပုံ မှတ်ချက်ပါသည်။ | |
| ၅။ | **အာပေါသမ္ဘာရဓာတ်ခွဲခန်း** .... .... | ၅၂ |
| | သည်းခြေစသော အာပေါဓာတ် ၁၂-ပါး သရုပ်နှင့် ၎င်းတို့ ရေဓာတ်ဖြစ်ပုံ အဓိပ္ပါယ်၊ စတုသမုဋ္ဌာန်က အာပေါ အခြင်းအရာ ၁၃၆-ပါး ပွါးပုံနှင့် ပြုပြင်နည်း ဥပဒေသ။ အာပေါဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့် သမုဋ္ဌာန်ခွဲယူနည်း အကျဉ်းဆောင်ပုဒ်။ (ဥဏှ အာဗန္ဓနရုပ်ဖြစ်ပုံ သာဓက ဘလောက်ပါသည်)။ | |

ဦးရေ　　　　　　　　အကြောင်းအရာ　　　　　　　　စာမျက်နှာနံပါတ်

၆။ **တေဇောသမ္ဘာရ ဓာတ်ခွဲခန်း** .... ၇၀

သန္တပ္ပနစသော တေဇောဓာတ် ၆-ပါး သရုပ်နှင့် ၎င်းတို့ မီးဓာတ်ဖြစ်ပုံ အဓိပ္ပါယ်။ ဧတုသမုဋ္ဌာနိက တေဇောဓာတ်အခြင်းအရာ ၂၆-ပါး ပွါးပုံနှင့် ပြုပြင်နည်း ဥပဒေသ။ တေဇောဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့် ၄၂-ပါးခြင်းရာ ဆောင်ပုဒ်များ ပါသည်။

၇။ **ဝါယောသမ္ဘာရ ဓာတ်ခွဲခန်း** .... .... ၇၅

ဥဒ္ဓင်္ဂမစသော ဝါယောဓာတ် ၆-ပါး သရုပ်နှင့် ၎င်းတို့ လေဓာတ်ဖြစ်ပုံ အဓိပ္ပါယ်။ ဧတုသမုဋ္ဌာနိက ဝါယောဓာတ် အခြင်းအရာ ၈၄-ပါး ပွါးပုံနှင့် ပြုပြင်နည်း ဥပဒေသ။ ဝါယောဓာတ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်နှင့် (သီတအာဗန္ဓနရုပ်ဖြစ်ပုံ သာဓက ဘာလောက်ပါသည်)။

၈။ **ဓာတ်ဝန် ထမ်းဆောင်ပုံ နည်းပြကဏ္ဍ** .... ၈၄

ဓာတ်ခန္ဓာ အသိဉာဏ် ထူထောင်နည်းကဏ္ဍ၌ သိသာဘွယ်အချက်များနှင့် သမားကောင်း သမားမွန်တို့၏ သွားရာလမ်းကို ဖွင့်ပြသည်။

၉။ **လူဖြစ်စကမ္ဘာနှင့် ဥတုဘောဇဉ်ရုပ် ပေါ်ဦးခေတ်ကိုပြခြင်း** .... .... ၉၃

ကမ္ဘာဦးသူဖြစ်စအခါ ဥတုဘောဇဉ်ရုပ်စပုံ, နိယာမဥတုစပုံ, ဘာဝရုပ်စပုံ, အနာ ၃-ပါးနှင့် ဆေး ၃-မျိုး ဥပါဒ်ပုံ, အမျိုးလေးပါး ပျက်၍ အသက်တမ်းဆုတ်ပုံ, ယဇ်ပူဇော်ပွဲနယ်ချဲ့၍ ၉၆-ပါး ရောဂါစပုံ, ပါပဓမ္မ ၃-ပါးအားကြီး၍ ကပ်ကြီး ၃-ပါးစပုံ, အသက်ဆယ်နှစ်တမ်းကျအောင် တရွေ့ရွေ့ ဆုတ်ယုတ်ပုံ အကြောင်းများကိုပြသည်။

ဦးရေ အကြောင်းအရာ စာမျက်နှာနံပါတ်

၁၀။ ဥတုဘောဇဥ် ပြုပြင်စီရင်ခဏ်းနှင့် သန်ရှိရဝမ္မလမ်း .... .... .... ၁၁၁

တက်ကပ် မျက်နှာတပြုံးပြုံး ဆုတ်ကပ် မျက်နှာတမဲ့မဲ့ ဘလောက်ပုံစံနှင့်တကွ ဥတုဘောဇဥ် ပြုပြင်စီရင်ခဏ်းနှင့် သန်ရှိရဝမ္မလမ်းနှစ်သွယ်ကိုပြသည်။

၁၁။ ဥတုဘောဇန သမ္ဗတ္တိခေတ် ကမ္ဘာကြီးထူထောင်နည်းကျမ္း .... .... ၁၂၁

ရှေးရှေးသူတို့၏ နာမ်ရုပ်အကြောင်းဆက်နှင့် နောက်နောက်သူတို့၏ ရုပ်နာမ်အကျိုးထင်ပုံကို ပုံစံနှင့်တကွ ကုထုံးမှတ်ချက်ဒေသနာကိုပြသည်။

၁၂။ သေခြင်း ၄-မျိုးနှင့် ကာကွယ်မှုအစီအရင်များကို ပြခြင်း .... .... .... ၁၂၇

အသက်ကုန်၍ သေခြင်း, ကံကုန်၍သေခြင်း, အသက်ကံ ၂-ပါးကုန်၍သေခြင်း, ကပ်ဖြတ်၍ သေခြင်း ၄-မျိုးနှင့် ကာကွယ်မှုအစီအရင်များကိုပြသည်။

၁၃။ ကံကိစ္စ ဖြစ်ပေါ်ပုံနှင့် သမ္ဗတ္တိစက် ဆင်ပုံ .... ၁၃၅

ဇနက ကံစသော ကိစ္စ ၄-မျိုးဖြစ်ပုံ၊ သမ္ဗတ္တိစက်နှင့် ဝိပ္ပတ္တိစက်ယှဉ်ပုံ၊ ပယောဂ သမ္ဗတ္တိစက် အစီအရင်ကိုပြသည်။

၁၄။ အနာရောဂါ ကျရောက်ခြင်း ပြဆိုရာအပိုင်း ၁၄၃

ဒေသနာတော်အလာ အနာ၃ဲ ၈-ပါး သရုပ်အဓိပ္ပါယ်နှင့်တကွ ဒေသနာနယ ဆေးပညာကျော်ကိုရှင်းလင်းပြသည်။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|

၁၅။ **ဥတုဝိပရိဏာမဇ ဝေဒနာ အလင်းပြကဏ္ဍ** ၁၄၉

အကျင့်မှန်သော နိယာမဥတုဓာတ် အလိုအတိုင်း လောက ၃-ပါး အသက်ကြီးပုံ၊ အဘက်ကြီးပုံ၊ ဓာတ်စာဖြစ်ပုံ၊ ရတုရာသီ ပိုင်းပုံ၊ နေပူ လေရှိန်စွဲဥတု၊ မြေခိုး ရေငွေ့စွဲ ဥတု၊ ဒေသကာလ စွဲ ဥတု၊ လူမျိုးရိုးရာစွဲ ဥတုတို့ကိုပိုင်းခြား၍ ကုထုံးဥပဒေသနှင့် တကွပြသည်။

၁၆။ **ဗဟိဒ္ဓဥတုဓာတ်ဘောက်ပြန်၍ ကပ်ရောဂါ ဖြစ်ပုံ ပြခြင်း** .... .... .... ၁၈၂

အာဂန္တုက အနာဖြစ်ပုံနှင့်ကပ်ရောဂါ ကျရောက်ဖြစ်ပွါးပုံကို ကုထုံးဥပဒေသနှင့် ရှင်းပြသည်။

၁၇။ **ဝိသမပရိဟာရဇ ဝေဒနာ အလင်းပြကဏ္ဍ** ၁၉၄

အင်္ဂလိပ်ဆေးပညာ အတတ်နှင့် ဆေးထူး ဓာတ်ထူးတို့သည် ဤကဏ္ဍ၌ အကျုံးဝင်ပုံကိုပြသည်။

၁၈။ **ဩပက္ကမ ဝေဒနာ အလင်းပြကဏ္ဍ** .... ၂၀၀

ပယောဂ ယှဉ်သော အတတ်ပညာအစွမ်းအစသည် ဤကဏ္ဍ၌ အကျုံးဝင်ပုံကိုပြသည်။

၁၉။ **ကမ္မဝိပါကဇ ဝေဒနာ အလင်းပြကဏ္ဍ** .... ၂၀၇

ကံနာကို ဥတုသမုဋ္ဌာန် အကြောင်းတင်၍ ကုနိုင်ပုံကိုပြသည်။

၂၀။ **နိဂုံး ပဏ္ဏနာ** .... .... .... ၂၁၄

မာတိကာ ပြီး၏။




## ကျမ်းဖွင့်ပဏာမနှင့်မန်သိကာရ

“သန့်ရှင်းစင်ကြယ်စွာ မဖေါက်မပြန် အမှန်သိသော အရိယာ သစ္စဉာဏ်=ဘိုအရိယာ သစ္စဉာဏ်နှင့် ကောင်းစွာ သိမြင်သော သမ္မာဒိဋ္ဌိဉာဏ်=ထိုသမ္မာဒိဋ္ဌိဉာဏ်သည်လျှင် ဦးစီးရှေ့ဆောင်ပြုသော သမ္မာမဂ္ဂင်လမ်း=ထို သမ္မာမဂ္ဂင်လမ်းသည် နိဗ္ဗာန်သို့အဖြောင့်သွားတတ်သော ဧကာယန မဂ္ဂေါ=တကြောင်း တည်းသောခရီး”

ထို တကြောင်းတည်းသောခရီးကို ဖွင့်၍ နိဗ္ဗာန်သို့ ကြွသွားတော်မူသော ဂေါတမဘုရားရှင်သည် သုမေဓာ ရှင်ရသေ့ဘဝမှစ၍ ဒီပင်္ကရာ မြတ်စွာသော်ဒ္ဒနင်း ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းကို ခံယူတော်မူလျက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလ

ပတ်လုံး ဖြည့်ကျင့် ဆည်းပူးတော်မူသော ပါရမီအဟုန်ကြောင့် သမ္မာသမ္ဗုဒ္ဓ ဘုရားကြီးစင်စစ် ကေန့် ဖြစ်တော်မူပေသည်။

ထို ရှင်ပင် မြတ်ဘုရားသည် ကောင်းစွာပြသ ဟောတော်မူသော မဂ်လေးတန်၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိ တရားသည်လည်း အထင်အရှား ကေန်အမှန် ရှိလေသည်။

ထိုတရားများကို ကျင့်ကြံ ပွါးများသဖြင့် မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ထို့အတူ မခြား သမုတိပညတ်အားဖြင့် ထင်ရှားသော သံဃာတော် အရှင်ကောင်း အရှင်မြတ်ကြီးတို့သည် ဘုရားသားတော်အစစ် အရိယာ ဝိဇ္ဇာ အနွယ်ကြီးများ ဖြစ်ကြလေသည်။

ဤကဲ့သို့ ဟုတ်မှန်သော သဘောအားဖြင့် အခွန်အကန် ပြဆိုသော ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးကို "ဆေးအဘိဓမ္မာ ဥတုဘောဇန သင်္ဂဟကျမ်း" ပြုသော အကျွန်ုပ်မင်းလှသည် ခါတု၊ မွေ့၊ ဥဿုသရည်၊ ဂုဏ်ရည် သွန်းလောင်းဖြစ်တော်ပေါင်းကို အောင်းဆွဲသဖြင့် အသင့်နှလုံး ထို့ဝိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာစွါရ ပဏာမဖြင့် ကြည်စွာ သဒ္ဓါရှိခိုးပါ၏။

ရှိခိုးပြီး၍=ကျွန်ုပ်၏ ပြုသွယ်ကိစ္စကား-ထိုသို့စကြဝဠာ ထိုထိုကမ္ဘာဟူ၍ ဖြစ်ပေါ်လာတိုင်းဘို့မှာ ဗြဟ္မာ၊ ဒေဝါ၊ ယက္ခာ၊ နာဂါ၊ ဂန္ဓဗ္ဗာ၊ ဇာသရီယာ၊ အာရက္ခာ အမျိုးတို့သည် ကမ္ဘာ့ ဝန်ဆောင် အမှုထမ်းအဖြစ်နှင့် တာဝန် ကျရောက်တတ်သည် ဖြစ်ရာ ဇာသရိယ တာဝန်ခံအစား၌ အကျုံးဝင်သော **ဘဝအရှင်မည် အစိုးရ အမှုသည်ကြီးများနှင့်** အာရက္ခ တာဝန်ခံ အစား၌ အကျုံးဝင်သော **အသက်စောင့်မည် ဆေးသမားအမှုသည်ကြီး**တို့သည် ကမ္ဘာလောကကြီး၏ ပြုပြင်မှုသခင်ါရ အရေးတွင် "**ဝိမိအရေးဖြစ်မှန်းမသိ**" အရောအထု ဘွာနက် ခံယူမိသည် အားလျော်စွာ အလျောက်ဘာသာ တာဝန်ကျရောက်နေသည့်အရေးတို့ကို ဤ**ဆေးအဘိဓမ္မာ ဥတုဘောဇနသင်္ဂဟကျမ်း**ဖြင့် ပေါ်ပြလျက် ပြုပြင်စီစဉ်နည်းပြပေတော့အံ့

**ကျမ်းဖွင့် ပဏာမနှင့် မနသိကာရ ပြီး၏။**

# ဥတု အသိဉာဏ်ထူထောင်နည်းကျမ်း

ဥတုအဆင့်ဆင့် သိမှတ်ရန်

ပုံစံကွက်

**တေဇောဓာတ်**

(သင်္ခါရ အာရုံ)

**သာမညဥတု**

(ဓမ္မနိယာမ)

(လက္ခဏာအာရုံ)

**သဘာဝဥတု**

သီတ (ဘာဝနိယာမ) ဥဏှ

(ဝိကာရအာရုံ)

သီတသမူဟ **ဝိသေသဥတု** ဥဏှသမူဟ

ကလာပ်စု (ဗီဇနိယာမ) ကလာပ်စု

(လောကပညတ္တိအာရုံ)

သီတသန္တတိ **နိယာမဥတု** ဥဏှသန္တတိ

ဖြစ်စဉ်ဆက် ရှင့်ကျက်၍ ဖြစ်စဉ်ဆက်

**ဥတုဇရုပ်များ**

| | |
|---|---|
| သီတဃန | ဥဏှဃန |
| အအေးတုံး,အအေးခဲ | အပူတုံး,အပူခဲ |
| လဝန်းသဏ္ဌာန် | နေဝန်းသဏ္ဌာန် |
| ရေပြဒ်,မြေပြဒ် | မီးအရှိန်,လေအဟုန် |
| မ-ပုံစံ (ဒွဲမြဲ) | ဖို-ပုံစံ (သတ္တိဗလ) |

ဖြစ်, ဘည်, ရှင့်, ပျက်, ပွားများ၍ ရုပ်လောက ထူထောင်သည်။

ဤကဲ့သို့ ဥတုအဆင့်ဆင့် ကျေးဇူးဆက်လျက် ဖြစ်,တည်,ရင့်, ပျက်သဘောလက္ခဏာကိစ္စချင်းပြိုင်ဆိုင် ဖြစ်နေသည့်ကိုလောက ဟု ခေါ်သည်၊ ဤနည်းဖြင့် အသက်ရှုပ်ရှိသော သတ္တလောကကြီး ကိုရှင်း၊ ထိုသတ္တလောက၏ တည်ရာ ဩကာသ လောကကြီးကို ရှင်း၊ထိုလောက ၂-ပါး၏ ဖြစ်,တည်,ရင့်,ပျက် နေခြင်းဟူသော သိမှတ်ကြောင်း လက္ခဏာ သင်္ခါရ လောကကြီးကိုရှင်း၊ လောက အင်္ဂါ ရုံလင်စွာဖြင့် လောကဓာတ်ကြီးတခုကို ထူထောင်သည်။

လောကဓာတ်ကြီးတခုတွင် လေးကျွန်း တမြင်းမိုရ်နှင့်နေ,လ, နက္ခတ်,တာရာ အပုံပါဝင်သော စကြဝဠာပေါင်း ကုဋေတသိန်း ပါဝင်ပေရာ အသက်ပါ ပုံကံကွက် အတိုင်း ဥတုအဆင့်ဆင့် ကျေးဇူးပြုလျက် ဖြစ်လျှင်အတူ ပျက်လျှင်လည်း တပေါင်းတည်း တည်ရှိသည်၊ဘုရားရှင်တဆူ၏ သာသနာတော် ဒေသနာအာဏာ စက် ပြန့်နှံ့သော အပိုင်းအခြား ဖြစ်၍လည်း အာဏာခေတ် ဟူ၍ ခေါ်သည်၊စကြဝဠာတသောင်းသည် ဇာတိခေတ်ဖြစ်သည်၊စကြ ဝဠာ လောကဓာတ်အနန္တသည် ဘုရားရှင်၏ အာရုံကျက်စားရာ ဖြစ်သောကြောင့် ဝိသယခေတ်ဟူ၍ ခေါ်သည်။

## ဥတုမည်သော တေဇောဓာတ် အစီအရင်အကြောင်း

အထောက်သာဓကပါဠိ

ဥတူတိ တေဇောယေဝ သောဟိ ကပ္ပ သဏ္ဍာဟာန ဝသေန သကလံဩကာသလောကမ္ပိ၊နာနာသရီရ သဏ္ဍာ ဟာနဝသေန သကလံ ရူပမယံ သတ္တလောကမ္ပိ၊ နာနာ ရက္ခတိဏာဒိနံ အန္တပဍုလမေဃဝုဋ္ဌိဇလ အဂ္ဂိဝါတာဒိ နဉ္စ သဏ္ဍာဟာန ဝသေန သကလံ သင်္ခါရလောကမ္ပိ၊ ဥဒယတိ ပသဝတိ ဇနေတိ ဝဍ္ဎေတိ တသ္မာ ဥတူတိ ဝုစ္စတီတိ။ ။

(ပရမတ္ထဒီပနီ)

## ဝေဘောဓာတ် အစီအရင်အကြောင်း

**အနက်ကား။** ။ဥတုတိ၊ ဥတုဟူသည်ကား။ ဝေဘော ယော၀၊ အပူအအေး,အချမ်းအအေးဟူသော ဝေဘောဓာတ်သည် သာလျှင်တည်း။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုအပူအအေး,အချမ်း အအေး တည်းဟူသော ဝေဘောဓာတ်သည်။ ကပ္ပသဏ္ဌာဟာန ဝသေန၊ကမ္ဘာကိုတည်ထောင်သည်၏ အစွမ်းအားဖြင့်။ သကလံ၊ အလုံးစုံသော။ ဩကာသ လောကမ္ပိ၊ လေးကျွန်း တမြင်းမိုရ် စကြာဝဠာ ကမ္ဘာ မြေ ရေ နေ လ နက္ခတ် စသော ဩကာသ လောကကြီးကိုရင်း။ နာနာသရိရသဏ္ဌာဟာန ဝသေန၊အထွေထွေ အထူးထူးသော ရုပ်ကောင် ခန္ဓာကောင် ဓာတ်ကောင် ပရမတ် ကောင် စသည်တို့ကို တည်ထောင်သည်၏ အစွမ်းအားဖြင့်။ သကလံ၊ အလုံးစုံသော။ ရူပမယမ္ပိ၊ ရုပ်သဏ္ဌာန်ဖြင့် ပြီးသော။ သတ္တလောကမ္ပိ၊ ကုန်းသတ္တဝါ, ရေသတ္တဝါ, ကောင်းကင် သတ္တဝါ စသော သတ္တလောကကြီးကိုရင်း။ နာနာ ရုက္ခတိဏာ ဒိနဥ္စ၊အထူးထူးသော တောတခွင် တောင်တခွင် သစ်ပင်ချုံ နွယ် မြက်ငယ် စသည်တို့ကိုရင်း။ အမ္ဗပဒုလ မေယ်ပုဗ္ဗိဇလ အဂ္ဂိဝါ တာဒိနဥ္စ၊ တိမ်တိုက် တိမ်လွှာ မိုးရေ မိုးပေါက် မြေ ရေ လေ မီး အသီးသီးသော ဓာတ်ရ ဓာတ်ခဲ စသည်တို့ကိုရင်း။ သဏ္ဌာဟာနဝသေန၊ ရုပ်သဏ္ဌာန် တည်ထောင်သည်၏ အစွမ်း အားဖြင့်။ သကလံ၊ အလုံးစုံသော။ သင်္ခါရလောကမ္ပိ၊ သင်္ခါရ လောကကြီးကိုရင်း။ ဥဒယတိ ပသဝတိ၊ ဖြစ်စေ, ပွါးစေ၏။ ဇနေတိ ဝဍ္ဎေတိ၊ဖြစ်စေ,ကြီးစေ၏။ တသ္မာ၊ထို့ကြောင့်။ဥတုတိ၊ ဥတုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်မှာ။** ။ရုပ်ကိုဖြစ်စေတတ်သော ဥတုဆိုသည်မှာ အပူအအေး,အချမ်းအအေး ဟူသော ဝေဘောဓာတ်ပင် ဖြစ်၏။ ထိုဝေဘောဓာတ်သည် ကမ္ဘာကို တည်ထောင်သည်၏ အစွမ်း အားဖြင့် အလုံးစုံသော ဩကာသလောကကြီး၏ ရုပ်သဏ္ဌာန်ကို ရင်း၊ အထူးထူးသော ရုပ်ကောင် ခန္ဓာကောင် ဓာတ်ကောင် ပရမတ်ကောင်စသည်တို့ကို တည်ထောင်သည်၏ အစွမ်းအားဖြင့်

အလုံးစုံသော သတ္တလောကကြီး၏ ရုပ်သဏ္ဌာန်ကိုင်း၊ အထူးထူးသော တောတခွင် တောင်တခွင် သစ်ပင်ချုံနွယ် မြက်ငယ်စသော သဏ္ဌာန်တို့နှင့် တကွ၊ တိမ်တိုက် တိမ်လွှာ မိုးစဲးရေ မိုးစဲးပေါက် မြေ ရေ လေ မီး အသီးသီးသော ဓာတ်ရ ဓာတ်ခဲ စသည်တို့ကို ထူထောင်သည့်၏အစွမ်းအားဖြင့်ပင်း အလုံးစုံသော သင်္ခါရလောကကို ဖြစ်စေ ပွါးစေ တတ်သောကြောင့် ဥတုဟူ၍ ဆိုအပ်၏။

**ဥတုအစွမ်းမသိ သက္ကာယအစွန်းငြိ** အသက်တွင် ဖော်ပြပြီးခဲ့သော ဥတု၏ စွမ်းရည်ကို ကုန်စင်အောင် မသိသော ဆေးသမားတို့သည်၊ ထိုဆေးကပြဋ္ဌာန်းသည့်, ဤဆေးက အစွမ်းထက်သည့်, နတ်ကတန်ခိုးကြီးသည့်, အတတ်ကတမျိုးပြီးသည့် စသည်ဖြင့် သက္ကာယအစွန်း ငြိတွယ်မိကြလေသည်။ မဟာပဋ္ဌာနသုတ်အဋ္ဌကထာ၌ "ဥတုဘောဇန ဝသေနဟိ အာယုပဟာယတိဝိဇ္ဇတိ" ဟူသော စကားအရ လူတို့၏ အသက်တမ်း တက်ကပ် ဆုတ်ကပ် ဖြစ်ကြရသည်မှာ အပူအအေး အချမ်းအအေးဟူသော ဥတုနှင့် ထိုဥတုက ဖြစ်စေသော ဘောဇဉ်တို့၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်ကြရကုန်သည်ဟူ၍ ဆိုပေသည်၊ လူတို့ပြည်၌ အနာရောဂါ ကျရောက်၍ ပျက်စီးပြိုးတီး ကြသည်မှာလည်း ထိုဥတု၏ အမှုပေတည်း၊ ကျန်းမာ ချမ်းသာ၍ စည်ပင်တိုးပွါးကြသည်မှာလည်း ထိုဥတု၏ အမှုသာလျှင် ပြဋ္ဌာန်း၏၊ ဤနေရာ၌ ဆေးစွဲ,ဆရာစွဲ, နတ်စွဲ,အတတ်စွဲခြင်းတို့မှ ကင်းလွတ်၍ ကံ, စိတ်, ဥတု,အာဟာရ ဟူသော သမုဋ္ဌာန်လေးပါး၏ ရှေ့အစွန်း နောက်အစွန်းကို အာရုံပြုနိုင်ရန် သမုဋ္ဌာန် လေးပါးတို့၏ အစွန်းအစကို အောက်တွင် ပြလိုက်ဦးအံ့။

**သမုဋ္ဌာန်လေးပါးတို့၏ အစွန်းအစ** ကံ, စိတ်, ဥတု, အာဟာရ ဟူသော ရုပ်ဖြစ်ကြောင်း သမုဋ္ဌာန် လေးပါးတို့တွင် ကံနှင့်စိတ်သည် နာမ်သမုဋ္ဌာန် ၂-ပါးဖြစ်၍ ဥတုနှင့် အာဟာရသည် ရုပ်သမုဋ္ဌာန် ၂-ပါး ဖြစ်၏၊ ကံနှင့်စိတ် ဟူသော နာမ်

သမုဋ္ဌာန် ၂-ပါးတွင်လည်း ကံထက် စိတ်ကတန်ခိုးကြီး၍ ဥတုနှင့် အာဟာရဟူသော ရုပ်သမုဋ္ဌာန် ၂-ပါးတွင်လည်း အာဟာရထက် ဥတုက တန်ခိုး ကြီးပေသည်၊ ထိုသို့ တန်ခိုး ကြီးပုံချင်း တူသော စိတ်နှင့်ဥတုကို နှိုင်းယှဉ်၍ကြည့်သောအခါ၊ ပုဗ္ဗဘာဂဖြစ်သော ရှေ့အဘို့ အစွန်းတွင် စိတ်၏ အလိုဆန္ဒအတိုင်း ဥတုက ပြုလုပ် စီမံဖန်ဆင်းပေးရသောကြောင့် စိတ်၏ တန်ခိုးဣဒ္ဓိပါဒ် ထင်ရှားပေသည်၊ ပစ္ဆာဘာဂဖြစ်သော နောက်အဘို့ အစွန်းတွင်ကား ဥတုသည် ဥတုဇရုပ် အဆောက်အဦကို မှီ၍ တန်ခိုး ကြီးလာသောကြောင့် ပြဋ္ဌာန်းပါပေသည်၊ထိုကြောင့် အဏုမြူဖုံး, ဟိုက်ဒရိုဂျင် ဖုံးဟူသော ဥတုဇရုပ်ကြီးကို ပြုလုပ်စီမံ ဖန်တီးကြသော စိတ်ကူးယဉ် လောကဓာတ် ဆရာကြီးတို့သည် ထိုမျှတန်ခိုးကြီးမားသော ဥတုဇရုပ် ဖုံးကြီးကိုကိုင်၍ ထိန်းသိမ်းပဲ့ပြင်ရန်မှာ အသိအလိမ္မာဉာဏ်ဟူသော စိတ်ဆီသို့ ဦးတည်လာပြန်ပြီဟု သိအပ်ပေသည်၊ ထိုအခါ ကြံစည်ပြောဆိုပြုလုပ်သမျှ အမှုဟူသမျှတို့သည် ကောင်းမှုကံ, မကောင်းမှုကံဖြစ်၍ ဥတု, အာဟာရဟူသော အစီအရင်ဒဏ်ကို တက်ကပ် ဆုတ်ကပ်အဖြစ်နှင့် စံရ ခံရမည်ကို ကောင်းကောင်းကြီး သတိချပ်အပ်ပေသည်။

**အဏုမြူ-ဟိုက်ဒရိုဂျင်ဖုံး ဖန်တီးသောဥတုဇခေတ်**

မြန်မာဆေးသမား လောကနယ်တွင် ဥတုကို မသိသော ဆေးသမား မရှိဟူ၍ ဆိုကြသည်၊ မှန်ပေသည် နေသွားလမ်း အယာဉ် ၂-ပါး၊ ဝိထိ ၃-ပါး၊ ဥတု ၃-ပါး၊ ရတု ၆-ပါး၊ ၁၂-လ ရာသီခွင်နှင့် နေလ, နေ့ည, နာရီ, မိနစ်စက္ကန့် စသည်ဖြင့် ကမ္ဘာ့နိယာမ ဥတုတိုင်ကို သိကြလေသည်၊ ယခုခေတ်သည် ကမ္ဘာဦး ဥတုတိုင်ကို မှီ၍ ရိုးရိုး ဖြောင့်ဖြောင့် သွားနေသော ခေတ်မဟုတ်ချေ၊ မူးမူး ရူးရူး ထူးထူး ဆန်းဆန်း နေ လ နက္ခတ် တာရာ ကြယ်တကာ ဟူသော နတ်နန်းသို့ ဖြတ်လမ်းမှ သွားရန် အရမ်းကြံနေသော ခေတ်ဖြစ်ပေသည်၊ ထို့ကြောင့် ဘုရား သာသနာတော်ခေတ်

ကာလနှင့် ကြုံကြိုက်သော မြန်မာ ဆေးသမားများသည် ကမ္ဘာ့ နိယာမ ဥတုတိုင်ကို မှီ၍ လူရှိး,လူအ,လူပျင်း,လူညံ့ကြီး လုပ်မနေ သင့်ပေ၊ သာသနာတော် အလိုကျအတိုင်း ဥတုရုပ်၏ အရင်းခံ ဖြစ်သော တေဇောဓာတ်၏ သဘောကို နှုန်းစိတ်စိတ် သိမြင်အောင် ကြိုးစားသင့်ပေသည်၊ သို့မှသာလျှင် ဥတုဇရုပ်ကို လူလုပ်၍ သမုဋ္ဌာန် လေးပါး အကြောင်းတရားတို့ကို ကိုယ်စား ပြုလုပ် ပြင်ဆင် စီရင်ပေးနေသော မိမိ၏အတတ်ကို မိမိကိုယ်တိုင် အံ့ဩ ရပေမည်၊ အထူးသဖြင့် မိမိသည် ဗာဟိရ ဥတုအောက်၌ ရေစုန် လေစုန်မျှော၍ လိုက်ပါနေသင့်သော မိမိလော?(သို့တည်းမဟုတ်) အဇ္ဈတ္တ ဥတုတပါးကို ထူထောင်၍ ရေဆန် လေဆန် လှော်တက် ရမည့် မိမိလော? ဟူသည်တို့ကို ခွဲခြား၍ အဖြောင့် ကြံသွားတတ် ပေလိမ့်မည်၊ ဤစကားသည် ဈာန်ပ|ရမီရင့်ကျက်သော ပုဂ္ဂိုလ် တို့ အတွက် ဆိုလိုက်သော သတိပေး စကားပေတည်း။

## ဤဆေးအဘိဓမ္မာကျမ်းတွင် ဥတုသိမှတ်ပုံ အပိုင်းအခြားမှာ

(က) သဏ္ဌါရအာရုံနှင့် သိမှတ်သော သာမည ဥတု အပိုင်းအခြား။

(ခ) လက္ခဏာ အာရုံနှင့် သိမှတ်သော သဘာဝ ဥတု အပိုင်းအခြား။

(ဂ) ဝိကာရ အာရုံနှင့် သိမှတ်သော ဝိသေသဥတု အပိုင်းအခြား။

(ဃ) ပညတ်အာရုံနှင့် သိမှတ်သော နိယာမ ဥတု အပိုင်းအခြား။

(င) အတွေ့အထိနှင့် သိမှတ်သော ဥတုဇမီးဓာတ်များအကြောင်း။

ဟူ၍ ၅-မျိုး ၅-စား ၅-ဌာနခွဲ၍ သိမှတ်ပုံနည်းကို ဥတု သမုဋ္ဌာန်ပုံစံကွက်မှာ ကြည့်ပါ၊ ယခုအခါ ရုပ်စကား နာမ်စကား ဓာတ်တရား ပရမတ်တရား ဆေးသမားစကား ပြောဟောတတ် သူ ဆရာကြီးအချင်းချင်း မညီညွတ်ကြသည်မှာ အဆိုပါ ဥတု အသိဉာဏ် ၅-ဌာနကို မပိုင်းနိုင်ကြသောကြောင့်ဟု ဆိုရန် ရှိပေ သည်၊ ဓမ္မနယ်နှင့်စပ်လျှင် သာမညဥတုနှင့်သဘာဝဥတု ၂-ပါး ကို မလွန်စေမူ၍ လောကနယ်နှင့် စပ်လျှင် ဝိသေသဥတု

နိယာမဥတု, ဥတုဇ ဝေဖော်ချပ်များကို မကျူးကျော်ဘဲ ပိုင်းခြားပြောတတ်ဘို့ လိုပေသည်၊ ပြောဟောသူ ဆရာများ ကိုယ်တိုင် မိမိတို့ အလေ့အကျက်များသော အာရုံနှင့် ဥတုနယ်ပယ် စခန်းသတ်ကို ပိုင်းခြား၍ သိမြင်အောင် ကြိုးစားပါ။

**ဥတုမှတ်ဥာဏ် အဆင့်ဆင့်သုံးနည်း** ဥတုမှတ်ဉာဏ် ငါးပွာနခွဲ၍ ဉာဏ်အဆင့်ဆင့် သုံးနည်းကို ဖေါ်ပြအံ့၊ အောက်ဆုံးအခြေခံပြု၍ သိမှတ်သော ဥတုဇချပ် ဓာတ်ပွါးများဆိုသည်မှာ= ကိုယ်တိုင် အတွေ့အသိ အလွန်ထင်ရှားသော ဥတုကြောင့် ဖြစ်သည့် မြေ, ရေ, လေ, မီးကို ယူပါ၊ ''မီးသည်ပူ၏ ရေခဲသည် အေး၏'' ဟူသော ကလေးသူငယ်အသိကို ကျော်လွန်၍ ပူသော ဥတုကြောင့် ဖြစ်သော ဥတုဇ မီးသည် ပူသော သဘောကို ဆောင်၍ ပူ၏၊ အေးသော ဥတုကြောင့် ဖြစ်သော ဥတုဇ ရေခဲတောင်သည် အေးသော သဘောကိုဆောင်၍ အေး၏ ဟူသော ဓာတ်နက်သဘော ပေါက်အောင် သိပါ၊ ဤမျှ သေးနုတ်စွာ မှာကြား ရသည့်မှာ အခြားကြောင့် မဟုတ်ပေ၊ အချို့သော မြန်မာ တိုင်းရင်း ဆေးသမား ဆရာကြီးတို့သည် ဓာတ်စင် အနက်သဘောကို မကောက်ဘဲ၊ ဝိရောဓိပစ္စည်းချပ်ကို ကောက်၍ ''ရေခဲသည်ပူ၏''ဟူ၍ ဖေါက်ဖေါက် ပြန်ပြန် ယူနေသောကြောင့် တည်း၊ ထိုဆရာကြီးတို့ ဝိရောဓိပစ္စည်း အသိမျိုးသည် သူ့အမှတ်နှင့် သူ့အတတ် လုပ်ဖြစ်ပါ၏၊ သို့ရာတွင် သဘာဝ အသိမမှန်သောကြောင့် ချာန်, မဂ်, ဖိုလ်တရားထူး ရရန်ခဲယဉ်းသည့်ပြင်၊ ဖေါက်ဖေါက် ပြန်ပြန် အသိမမှန်သောကြောင့် အပါယ်ပင့်သန္ဓေ နီးကပ်လှပေသည်၊ ထို့ကြောင့် အတတ်ပင် ဖြစ်သော်လည်း အသိမမှန်လျှင် သံသရာကို ကြောက်၍ စွန့်ပစ်အပ် ပေသည်။

**ဥာဏ်အဆင့်ဆင့် တက်ယူရန်** ဒုတိယအဆင့်တွင်=နေသွားလမ်းစသောနိယာမ ဥတုကို မှီ၍ အပူဥတု, အအေးဥတု ဒိကာရီ ဟူ၍ ခွဲခြား သိမှတ်ရသောကြောင့် နိယာမ ဥတုတိုင်ကို မသိလျှင်မဖြစ်

သိအပ်ပေသည်၊ တတိယ အဆင့်တွင်=ရှင်ရသေ့များ ဟောကြား ထားခဲ့သော ထိုထို မိန္ဒောကျမ်းလာ နည်းနာနယများကို ဝိသေသ ဥတုအဖြစ်ဖြင့် သိမ်းသွင်း၍ သိသင့်ပေသည်၊ စတုတ္ထအဆင့်တွင်= ဈာန်သမထ အဖြစ်ဖြင့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အာရုံနှင့်ရှုသော သဘာဝဥတုကို နှလုံးသွင်းသင့်ပေသည်၊ ပဉ္စမ အဆင့်တွင်=သင်္ခါရအမှတ်နှင့် ရှုသော သာမညဥတု သဘောကို အာရုံပြု၍ မဂ်, ဖိုလ်တရားအထူးကို သိသင့်ပေသည်၊ ဥတုငါးဋ္ဌာန မှတ်ပုံ မှတ်နည်းကို ဆက်၍ ရှင်းလင်းပြအံ့။

## (က) သာမညဥတု သိမှတ်ရန် အပိုင်းအခြား

သင်္ခါရအာရုံနှင့် မှတ်သော သာမညဥတုဆိုသည်မှာ ခပ်သိမ်း သော ရုပ်ကလာပ်၌ ပါသော တေဇောဓာတ်ကို ဆိုလိုပေသည် ဤသာမညဥတု အလိုကို ဓမ္မသဘာဝ နယ်အတွင်း ရောက်နေ သော ပုဂ္ဂိုလ်ကိုသာလျှင် အာရုံပြု၍ ဆေးသမားများ အာရုံ မပြု တတ်သောကြောင့် ဓမ္မအမွေ မရကြသကဲ့သို့ ရှိပေသည်၊ ထို ကြောင့် ဆေးအဘိဓမ္မာ ခန္ဓာပစ္စုပ္ပဋ္ဌာန် ကျမ်းတွင် အကျယ် ဖော်ပြထားသော ရုပ်ကလာပ်စည်း ဖြစ်ပုံ အခြင်းအရာကို ပြန် ကြည့်လျှင် သာမညဥတု အလိုကို သိနိုင်ပေသည်၊ သာမည ဥတု ကား=ဓမ္မဆေးအရာတည်း။

## (ခ) သဘာဝဥတု သိမှတ်ရန် အပိုင်းအခြား

လက္ခဏာအာရုံနှင့် မှတ်သော သဘာဝဥတုဆိုသည်မှာ ဤ ဆေးအဘိဓမ္မာ ဥတုဘောဇန သမ္ပတ္တိကျမ်း၌ ၄၂-ပါးသော ကောဋ္ဌာသ သသမ္ဘာရ ဓာတ်များကို သဘာဝဥတု အမြင်နှင့် ဖေါက်ပြန် ပြောင်းလဲမှု လက္ခဏာ ထင်အောင် အကျယ် ဖေါ်ပြ ထားသည်ကို ကြည့်ပါ၊ ထိုကောဋ္ဌာသအခန်း၌ ကုထုံးဥပဒေသ ဟူ၍ ဖေါ်ပြထားသည် ဖြစ်ရာ ထိုကုထုံး ဥပဒေသတို့သည် သဘာဝဥတု လက္ခဏာ အလိုအားဖြင့် ဤသို့ ဖြစ်ထိုက်သည်,

ဖြစ်သင့်သည်, ဖြစ်တတ်သည်ဟူ၍ သဘာဝ ဥပဒေ ဝင်အောင် အနူစိတ်ပြခြင်း ဖြစ်ပေသည်၊ လောကမှာ အနာရောဂါ ဟူ၍ မဥပါဒ်သရွေ့ မကုသအပ်ပေ၊ ရုပ်ဖောက်ပြန်တိုင်းလည်း အနာရောဂါဟု မဆိုထိုက်ပေ၊ အဘယ့်ကြောင့် ဆိုသော်—

**ရုပ်ဖောက်ပြန်တိုင်း အနာမဆိုထိုက်** ရုပ်တို့ကို ဖြစ်ပွါးစေသည်, ပြောင်းလဲစေသည်, ဆုတ်ယုတ်စေသည် ဆိုရာ၌ ရုပ်ဖောက်ပြန်မှုသဘောလျှင် ဖြစ်နိုင်, ပျက်နိုင်, ကြီးနိုင်, ငယ်နိုင်, တိုးနိုင်, ဆုတ်နိုင်သည်ဟု သိအပ်ပေသည်၊ လူ့လောကမှာ အနာရောဂါ ကျရောက်ခြင်း, သေကြေပျက်စီးခြင်း တွေ့လျှင်သာ ရုပ်ဖောက်ပြန်သည်ဟူ၍ အဓိပ္ပါယ် ကောက်တတ်သည် ကျန်းမာရွှင်လန်းခြင်း,တိုးတက်ဖြစ်ထွန်းခြင်းမျိုးတို့သည် ရုပ်ဖောက်ပြန် ပြောင်းလဲသောကြောင့် ဖြစ်ရသည် မဟုတ်ပါလော၊ ထို့ကြောင့် သဘာဝ ဥတုအမြင်နှင့် ဆိုပြခဲ့ပြီးသော ဖောက်ပြန်မှု လက္ခဏာများကို သိမှတ်ရန်မှာ—

**(က) ရုပ်ဖောက်ပြန်မှု ထင်၍ အသစ်ပွါးစီးခြင်း။**

**(ခ) ရုပ်ဖောက်ပြန်မှု ထင်၍ ပျက်စီးပြိုးတီးခြင်း။**

ဟူသော လောကအသိနှစ်မျိုးဖြင့် မှတ်အပ်ပေသည်၊ လူတို့ ကိုယ်တွင် ခံသာသော ဝေဒယိတသုခ ရုပ်မျိုးရအောင် ပြောင်းလဲသော ရုပ်ဖောက်ပြန်မှုသည် ကျန်းမာရုပ်ဖြစ်၏၊ ကိုယ်တွင် မခံသာသော ဝေဒယိတဒုက္ခရုပ်မျိုးရအောင် ပြောင်းလဲသော ရုပ်ဖောက်ပြန်မှုသည် အနာရောဂါရုပ် ဖြစ်၏၊ သဘာဝဥတု လက္ခဏာ ဖောက်ပြန်ပုံကား=ဝေဒနာရုပသဿနာ၏ အရာပေတည်း။

**အဘယ်ကဲ့သို့ ဖောက်ပြန်သနည်း** သိတေနာပိ ရုပ္ပတိ ဥဏှေနာပိ ရုပ္ပတိ=အအေးကြောင့်လည်း ဖောက်ပြန်သည်၊ အပူကြောင့်လည်း ဖောက်ပြန်သည်၊ ထို့ကြောင့် ရုပ်ဟု ခေါ်သည်ဟု

ဆို၏၊ ကောင်းပြီ=အအေးသည် အအေးနှင့်တွေ့၍ အချင်းချင်း ပေါက်ပြန်သလော? အပူသည် အပူနှင့် အချင်းချင်းတွေ့၍ ပေါက်ပြန်သလော? မဟုတ်ပေ=အအေးနှင့် အပူသည် တွေ့ဆုံ၍ ဆန့်ကျင်ဘက် ဝိရောဓိပစ္စည်း ဆက်သောကြောင့် ပေါက်ပြန်သည်၊ ထိုကြောင့်=''သိဘုဏှာဒိ ဝိရောဓိပစ္စယေဟိ ရုပ္ပတီတိရူပံ''ဟူ၍ ဆိုပေသည်၊ အချို့ဆရာများက အအေးလွန်ကဲ၍ အအေးကြောင့် ပေါက်ပြန်သည်၊ အပူလွန်ကဲ၍ အပူကြောင့် ပေါက်ပြန်သည်ဟူ၍ ဆိုကြသည် ထိုစကားမှန်ပါလော? နိယာမဥတု အရိပ်အာဝါသ အောက်ရှိ လူတို့တွင် ဤအအေး ဒိဂရီထက် နိမ့်ကျ၍ အေးလျှင် အနာ, ဤအပူဒိဂရီထက် ကျော်လွန်၍ပူလျှင် အနာ,ဟူ၍ သတ်မှတ်ချက် ရှိသောကြောင့် မှန်ပါသည်၊ သဘာဝဥတုအရာ ဒိဂရီ သတ်မှတ်ပုံမှာ=မိမိတို့ ခံစားသော ဝေဒယိတ သုခ ဒုက္ခ,နာသာ ခံခက်အပေါ်တွင် အာရုံထား၍ သိမှတ်ရသောကြောင့် နှုနယ်ပါသည်၊ ထိုကြောင့် သဘာဝဥတု လက္ခဏာကို အနာရောဂါဟူ၍ မဥပါဒ်လျှင် ဆေးမကုအပ်ဟု ဆိုလိုပေသည်၊ သဘာဝဥတု လက္ခဏာ ကုထုံးကား=ခန္ဓာဆေး အမှုပေးရမည့် အရာသာဖြစ်၍ ခန္ဓာ့ရောဂါယ်မဖြစ်အောင် ဆင်ခြင်ပြုအပ်ပေသည်။

## (ဂ) ဝိသေသဥတု သိမှတ်ရန်အပိုင်းအခြား

မဟာဘုတ်တို့၏ ထူးထွေသော အခြင်းအရာ ဥတုဆိုသည်မှာ အရာဝတ္ထုလိုက်၍ များပြား လှလေသည်၊ တေဇောဓာတ်က အထူးပြုသော ဥတုဇရုပ်ဓာတ်ဆိုလျှင် အလုံးပုံကိစ္စ ပြီးနိုင်သည်၊ သို့သော်လည်း အရာဝတ္ထုလိုက်၍ တေဇောဓာတ် အထူးပြုပုံကို နည်းသူရန် ပေါ်ပြဦးအံ့၊ ကမ္ဘာပြုမိုးယံရေကို ဖြစ်စေသော ဝိသေသ ဥတုသည်ကား=မှောင်ရပ်မိုးကလာပ်၌ရှိသော တေဇောဓာတ် တည်း၊ ရေမြင်၌ မှောင်ဦတင်၍ သစ်ပင်ဖြစ်စေသော ဝိသေသ ဥတုသည်ကား=ရေကလာပ်၌ရှိသော တေဇောဓာတ်ပေတည်း၊ ထိုတေဇောဓာတ်သည် စိမ်းလန်းမိုပြေ စေတတ်သော ဟရိတ

တောတောင်ခါတ် အလူးပြု၍ဖြစ်၏၊ အစဦး ကမ္ဘာမှာ ပဌမ ပေါက်သော သစ်ပင်ကို ဖြစ်စေတတ်သည့် ဝိသေသ ဥတုသည်ကား= ကမ္ဘာမြေဆိုင် ႏွံ့ခဲ၌ပါရှိသော တောတောင်ခါတ်ပေတည်း၊ ရွက်ကျပင်ပေါက်မျိုး,အဆစ်ကျ အပင်ပေါက်မျိုး,အစေ့ကျ အပင်ပေါက်မျိုး,စသဖြင့် နောက်နောက် ဖြစ်သော သစ်ပင်ကို ဖြစ်စေတတ်သော ဝိသေသဥတုသည်ကား=ထိုထိုအရွက်,အဆစ် မျိုးစေ့တို့၌ပါရှိသော တောတောင်ခါတ်ပေတည်း၊ ကောင်းကင်၌ဖြစ်ပေါ်သော သက်ရှိသက်မဲ့ ရုပ်တို့ကို ဖြစ်စေတတ်သော ဝိသေသ ဥတုသည်ကား= ထိုမိမိတို့ ဖြစ်ရာ အရပ်၌ရှိသော မှောင်ရုပ် မီးကလာပ်၌ပါသော တောတောင်ခါတ်ပေတည်း၊ သံသေဒဇရုပ်ကို ဖြစ်စေတတ်သော ဝိသေသ ဥတုသည်ကား=ထိုမိမိတို့ ဖြစ်ရာ ပန်းဝတ်ဆံ, ရေညှိ,သစ်ညှို, သားညှို စသည်၌ ရှိသော တောတောင်ခါတ် ပေတည်း၊ ဂဗ္ဘသေယျကရုပ်ကို ဖြစ်စေသော ဝိသေသ ဥတုသည်ကား=သားအိမ်၌တည်သော မိဘနှစ်ပါးနှင့် ဥတုရည်ကလာပ်၌ပါသော ဥဏှ တောဇော ခါတ်ပေတည်း၊ သက်ရှိ သတ္တဝါတို့၌ ကမ္မဇ စိတ္တဇ ဟူသော အစ္ဆတ္တိက တောတောင်ခါတ်များ ပါရှိကြသဖြင့် ဆိုအပ်ပြီးသော ဝိသေသဥတုကို အနီးကပ်ဆုံး (ယထာရဟ) ကောက်ယူကြသော ဗဟိဒ္ဓဥတု အရာ၌ထား၍ မှတ်အပ်ပေသည်။

**သာသနာပအခါ ဥတုအသိမစင်** သာသနာပ အခါက ဗျာနုလာဘီ ရှင်ရသေ့မြတ်များ ဟောပြောသော ဗိန္ဒောဆေးကျမ်းကြီးများ၌ သလိပ်, သည်းခြေ, လေ ဟူသော တြိဒေါသ ခါတ်ငယ်အမြင်ဖြင့် သိမ်းကျုံး ရေတွက်ပြသောကြောင့် ဝိသေသဥတု ၎တ်ကွယ်လျက် ရှိလေသည်၊ ဤနေရာ၌ပေါ် ပြအံ့=မိဘတို့၏ သုက်ခါတ် သွေးခါတ်နှင့် အစာအာဟာရကို အမှီပြု၍ ဖြစ်လာသော သားသမီးတို့သည် မိဘနှစ်ပါးတို့၏ ဒေါသလွန်ကဲရာရာ ဖြစ်ကြသည်ဟု ပြဆိုကြလေသည်။

## ပဋိသန္ဓေက ပါရှိတတ်သော ပကတိအပြားမှာ

၁။ သလိပ် ပကတိ ဒေါသ ဆောင်လာသူ။

၂။ သည်းခြေ ပကတိ ဒေါသ ဆောင်လာသူ။

၃။ လေ ပကတိ ဒေါသ ဆောင်လာသူ။

ထိုသို့ ဒေါသဆောင်လာသူ သုံးမျိုးသုံးစားတွင်တပါးတပါး၌ ၁= အယုတ်အနည်း ၂= အလယ်အလတ် ၃= အများအစားဟူ၍ သုံးပါးစီ ကွဲပြားသင့်သည့် အတိုင်း မြှောက်ပွါး လိုက်သော် ပကတိအပြား ၉-ပါး ပါရှိတတ်သည်ဟု ဆိုလေသည်။

## တနည်း ပကတိအပြား ၇-ပါးဆိုပုံမှာ

၁။ သလိပ်လွန်ကဲစွာပါလာခြင်း=သေမှ ပကတိ။

၂။ သည်းခြေလွန်ကဲစွာပါလာခြင်း=ပိတ္တ ပကတိ။

၃။ လေလွန်ကဲစွာပါလာခြင်း=ဝါတ ပကတိ။

၄။ သလိပ်, သည်းခြေ ၂-ပါးလွန်ခြင်း=သေမှပိတ္တ ပကတိ။

၅။ သလိပ်, လေ ၂-ပါးလွန်ခြင်း=သေမှဝါတ ပကတိ။

၆။ သည်းခြေ, လေ ၂-ပါးလွန်ခြင်း=ပိတ္တဝါတ ပကတိ။

၇။ ဒေါသသုံးပါးလုံး လွန်ကဲခြင်း=သန္နိပါတ ပကတိ။

ဟူ၍ ပြဆိုလေသည်၊ ထိုပြဆိုသော ပကတိ အပြားများကို အထက်တွင် ဆိုခဲ့သော ဝိသေသဥတု ဟူသော တေဇောဓာတ်၏ အရင်းခံ အမှုဟူ၍ သိမ်းကျုံး သိမှတ်အပ်ပေသည်၊ ရှင်ရသေ့ များသည် ဥတုဇကို ဥတုဇရုပ်ဟူ၍ ဝိဝိသသ မဆိုကြဘဲ၊ တြိ ဒေါသရုပ် ကောက်၍ ဆိုင်ရာ ဒေါသရုပ်များ လွန်ကဲသဖြင့် ဖြစ် တတ်သော ရုပ်လက္ခဏာများကို ဖေါ်ပြ ဟောပြောပုံ တို့မှာ ဒြပ်, ဂုဏ်, ဝိပါက, ကိစ္စအားဖြင့် အမှန်များပါသည်၊ သို့ရာတွင် တြိဒေါသကို အရင်းခံ၍ ဟောပြောပြသခဲ့သော ရှင်ရသေ့များ၏ ဆေးကျမ်း, ဓာတ်ကျမ်း, ဈေးဟောင်း ကျမ်းကြီးများကို မှီ၍ ခေတ်ကာလဉာဏ်နှင့် တက်ကြွသွားသော ပုဂ္ဂိုလ်တို့သည် တတ္တိ

လာဘီ ဉာဏ်အရ **တမဂုဏ်**ဆောင်သော သလိပ်ဓာတ် လွန်ကဲသူဖြစ်အံ့=ဟိန္ဒူတို့၏ လိင်ဘုရားကို ယုံကြည်တတ်၏၊ **သတ္တဂုဏ်**ဆောင်သော သည်းခြေဓာတ် လွန်ကဲသူ ဖြစ်အံ့ = ဟိန္ဒူတို့၏ ဗိသနိုးဘုရားကို ယုံကြည်တတ်၏၊ **ရဇဂုဏ်**ဆောင်သော လေဓာတ်လွန်ကဲသူ ဖြစ်အံ့=ဟိန္ဒူတို့၏ ဗြဟ္မာဘုရားကို ယုံကြည်တတ်လေသည်၊ ထို့ကြောင့် သာသနာတော် ခေတ်အခါနှင့်ကြုံသော သမားဆရာတို့သည် ဝိသေသ ဥတုဇရုပ် အတွင်းသို့ သိမ်းသွင်း၍ သရုဗ္ဗာန် အစီအရင်အတိုင်း ပြုပြင်သိသင့်ကြ ပေသည်။

**သာသနာပအမြင်နှင့် သာသနာတွင်းအမြင်** ရှင်ရသေ့မြတ်များ ဟောကြား ထားသော တြိဒေါသ ဆေးပညာရပ်များကို ဝိသေသဥတု အာရုံတွင်းသို့ သိမ်းသွင်း၍ သရုဗ္ဗာန် အစီအရင် အတိုင်း ပြုပြင်သိသင့်သည်ဟူ၍ မှာကြားရပေ သော်ငြားလည်း=အကယ်ပြုပြင် သိဘို့ရန်မှာ မလွယ်ကူလှပေ၊ သာသနာပ အမြင်သည် သာသနာတွင်းအမြင် မဟုတ်၊ ဗြာဟ္မဏအယူသည် သမဏအယူ မဟုတ်၊ ဗိန္ဒောပညာသည် အဘိဓမ္မာပညာမဟုတ်၊ ပညတ်သည် ပရမတ် မဟုတ်သောကြောင့် ဆက်စပ်လျှင် မညီမညွတ်သော စပ်ကြောင်း ဆက်ရာဟူ၍ ထင်ရစ်တတ်ပေသည်၊ ရေလမ်းခရီးသွားသော လှေမှာ ပျဉ်ချပ်စပ်ကြောင်း ဆက်ရာမှ ရေဝင်၍ နစ်မြုပ်သကဲ့သို့၊ တိုင်းရင်း ဆေးပညာတွင်လည်း သာသနာပဆရာအမြင်နှင့် သာသနာတွင်း ဆရာအမြင် ဟူသော စပ်ကြောင်း ဆက်ရာမှ ကြားဝင်၍ နစ်မြုပ်နေသော ဆေးကျမ်းပေါင်း များစွာ ရှိပေသည်၊ သာသနာပကာလက ပေါ်ခဲ့သော ဆေးကျမ်း,ဓာတ်ကျမ်းများကို သာသနာတော် တွင်းမှ သံဃာကြီး, ဆရာကြီးများ ဘာသာပြန် သဖြင့် သိရှိရ ပါသော်လည်း၊ ထိုထို စပ်ကြောင်း ဆက်ရာများ မညီညွတ်သောကြောင့် အသုံးကြပ်သော အယူအဆ ပေါင်းများစွာ ရှိလေသည်၊ ထိုကြောင့်ပင်လျှင်=တိုင်းရင်း

ဆေးသမားခဏ်း၌ အဘယ်ဆရာသည် ပညာနှင့် လုပ်သည် အဘယ်ဆရာသည် သညာနှင့် လုပ်သည်, အဘယ်ဆရာသည် ထင်ရာလုပ်သည်ဟု ခွဲခြား ပြောဆိုရန် ခက်ခဲလှပေသည်၊ ဤ အဖြစ်ကား=စည်းမှန်,ချဉ်းမှန်,ရှုမှန်,အသိမှန်မပေးဘဲ ဉာဏ်များ အောင် ကူပေးသော အဖြစ်သည်သာလျှင် အကျိုးထင်၏၊ ထို ကြောင့် အသိဉာဏ်ပေးသော မူဟူ၍ ရှိသင့်ပေသည်။

**ဈာနလာဘီမှုနှင့် အရိယာဝိဇ္ဇာမှု** ဆေးသမားအလုပ်သည် တဘဝ-တခါ အသက် မွေးမှုအတွက် ဝှဲကွက်၍ လုပ်နေကောင်းသော အတတ်ပညာမဟုတ်ပေ၊ ထိုထိုကမ္ဘာ ထိုထိုစကြဝဠာဟူ၍ ဖြစ် ပေါ်လာတိုင်းတို့မှာ ကမ္ဘာ့အမှုထမ်း ပုဂ္ဂိုလ်ကြီး အဖြစ်ဖြင့် တာဝန် ကျရောက်တတ်သော အာရက္ခ အမျိုးအစား၌ ပါဝင်ကြ လေရာ၊ ဆရာသမားဆိုသည့် အတိုင်း လူတို့၏ ပစ္စုပ္ပန်နှင့် တမလွန် အကျိုးကို သည်ပိုးနိုင်ရမည့်အပြင် မိမိ၏ ပစ္စုပ္ပန်နှင့် တမလွန်ကိစ္စကိုလည်း ဂတိစွဲမြဲစွာ သိရှိသင့်ပေသည်၊ထိုကြောင့် ဆေးသမားများသည် ဈာနလာဘီရှင်ရသေ့မြတ်များ ဟောကြား သော သာသနာပ ရသေ့မှုကို ယူလိုလျှင် သမထ ကမ္မဋ္ဌာန်း အခဏ်းခဏ်းကို ကြိုးပမ်း၍ ဈာန်လမ်းကို အာရုံပြုသင့်လေသည်၊ သာသနာတော်တွင်းမှုကို ယူလိုလျှင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ,ပဋိစ္စသမုပ္ပါဒ် အသိဉာဏ်များကို ထူထောင်၍ ဝိပဿနာ လမ်းနှင့် မဂ်ဖိုလ်စခဏ်းကို အာရုံ ပြုသင့်ပေသည်၊ ထိုသို့မှ မဟုတ် အလယ်လူလုပ်နေလျှင် အရှုံးလယ်ပြီး ပယောဂကောင်ကြီး (သို့မဟုတ်) လောကဓာတ်ကောင်ကြီး ဖြစ်နေတတ်သည်။

**ဆေးပညာအတတ် ဘယ်ပုံရမည်နည်း** ဆေးပညာမှု ဆိုရာ၌ အချို့က ဆေးကျမ်း မှုကို ယူသည်၊ အချို့က ဆရာ့မှုကိုယူသည် အချို့က ကုထုံးမှုကို ယူသည်ကို တွေ့ရပေသည်၊ အသိဉာဏ် ကျက်စားရာ ဓာတ်ကို မထူထောင်သေးသ၍ ကျမ်းမှု,ဆေးမှု,

ဆရာ့မှု, ကုထုံးမှုတို့ကို ကုန်စင်အောင် ယူစွမ်းနိုင်လိမ့်မည် မဟုတ်ပေ၊ ဗိန္ဒောဆေးပညာမှု၌=သလိပ်, သည်းခြေ,လေ ဟူသော တြိဒေါသကိုရင်း၊ သလိပ်, သွေး,သည်းခြေ, လေ, အပုတ် ဟူသော ဓာတ်ငယ် ငါးပါးကိုရင်း၊ အသိဉာဏ် ကျက်စား၍ အတတ်ပညာ လုပ်ထားလေသည်၊ ဓာတ်ဆေးပညာမှု၌=ပထဝီ, အာပေါ,တေဇော,ဝါယော,အာကာသဟူသော ဓာတ်ကြီးငါးပါး ကို ကျက်စား၍ အတတ်ပညာလုပ်ထားလေသည်၊ အခြားသော ပယောဂ ဆေးပညာရပ် များနှင့် ဗေဒင်ဆေးပညာရပ်တို့သည် ဗာဟိရ လောကဓာတ်အာရုံ၌ ကျက်စား၍ အတတ်ပညာ လုပ် ထားလေသည်၊ထိုအသိဉာဏ်ကျက်စားရာ မူရင်းဖြစ်သော ဓာတ် ငယ် ဓာတ်ကြီးတို့ကို ယူမှသာလျှင် မိမိတို့ဉာဏ်နှင့် အသိမှန်စိစစ် ရာ ဆေးအတတ် ပညာဟူ၍ ပေါ်ထွက်လာနိုင်ပေမည်။

**နိသျည်းပေးဆရာ၏ မူရင်းဉာဏ်ကိုသိရန်** နိသျည်းပေးဆရာ ဆိုသည်မှာ= ကျမ်းပြု ဆရာ၏ ဆရာ့ဆရာကို ဆိုလို ပေသည်၊ မူလ ကျမ်းဆရာသည် ၎င်းအာရုံ ကျက်စားသော အသိစခန်းမှ နေ၍ နိသျည်းပေးတတ်ကြပေရာ၊ နိသျည်းပေးဆရာတို့၏ အသိ စခန်းကို မှီအောင် အသိလိုက်ပါနိုင်သော ပါရမီ ဓာတ်ခံလည်း လိုပေသေးသည်၊ ယခုအခါ ဆေးကျမ်း, ဓာတ်ကျမ်းတွေ မှိုလို ပေါက် နေလင့်ကစား ကျမ်းဆိုတိုင်း နိသျည်းကျမ်း မဟုတ်ချေ၊ ကျမ်းပြုဆရာတိုင်း နိသျည်းဆရာ မဟုတ်ပေ၊ နိသျည်းမှု ဖြစ် ထိုက်သည်တို့ကို သိမ်းသွင်း၍ ယူပါက= ကမ္ဘာဦးကစ၍ ဗျာန လာဘီ ရှင်ရသေ့များ၏ အလိုကျအတိုင်း ယူသော ဗျာနလာဘီ နိသျည်းမှုနှင့် ဘုရားပွင့်သည်မှ စ၍ ဘုရားသာသနာတော်၏ အလိုကျအတိုင်းယူသော အရိယာဝိဇ္ဇာနိသျည်းမှု ဟူ၍ ခွဲခြား၍ သိမှတ် အပ်ပေသည် ထိုမှ ကွဲ၍ ပယောဂ- ဝိဇ္ဇာ- မန္တာန်- ဗေဒင်- နက္ခတ်–ဓာတ်လုံး–ဓာတ်ပြာ-ပျောက်စေ-စသော ဆေးကု အတတ်ပညာများသည် ခေတ်အလိုအတိုင်း ဆန်းချင်တိုင်းဆန်း၍

ချယ်လှယ် ချင်တိုင်း အရောင်ချယ်လှယ် နိုင်သည် ဖြစ်သော ကြောင့် နိသျှည်းမှု မဖြစ်သင့်ပေ၊ ဗာဟိရဆေး အတတ် ဟူ၍ ဝိသေသ ပြုထားအပ်ပေသည်၊ နိသျှည်းပေး ဆရာတို့၏ အသိ စခန်းကို ဖေါ်ပြဦးအံ့။

**နိသျှည်းဆရာတို့၏ အသိစခန်းများ** လောကဝိဇ္ဇာ အတတ်ပညာ ဟူသည်မှာ=ဓမ္မ ဝိဇ္ဇာ အသိပညာနှင့် နိုင်းစာသော် အလွန် ရှန်းရင်းကြန်းတန်းစွာ တွေ့ထိရသော အသိမျိုး ဖြစ်၍၊ လောက လူများ သုံးသော သိပ္ပံအတတ် ပညာရပ်တို့သည် လက်တွေ့ မျက်မြင် စမ်းသပ်နိုင် လောက်သော အသိစခန်းမှ ပေးသော နိသျှည်းတို့သာလျှင် ဖြစ်ကုန်၏၊ထိုတွင် ယခုခေတ်သည်"**ကြော ချမှ ဘေးမြမှန်းသိ**" ဆိုသလို အသိစခန်း အလွန် ထူပိန်းလှ သောကြောင့် ဥပမာ, ပုံစံ, သက်သေ, ဝတ္ထု, သာဓက တင်ပြရုံ နှင့် မပြီးနိုင်ကြ၍ ရုပ်ဝတ္ထု ကိရိယာ အတိုင်းအထွာ တန်ဆာ စံပြ အဆောက်အဦ စသည်ဖြင့် မျက်မြင် ပြကြရကုန်၏၊ ထိုကြောင့် ယခုခေတ် နိသျှည်းဆရာတို့၏ အသိနှင့်ပေးသော နိသျှည်းတို့ သည် ခေတ်အလိုသာလျှင် များကြကုန်၏၊ (**ဥတု အဆင့်ဆင့် သိမှတ်ရန်ပြသော ပုံစံကွက်ကို ပြန်ကြည့်ပါ**) နောက်ဆုံး အဆင့် ဖြစ်သော ဥတုဇရုပ်မှ ဖြစ်သော ဓာတ်ပွါးများကို မှီ၍ သိရသော နိသျှည်းဖြစ်သည်ဟု ဆိုနိုင်ပေသည်၊ ယခုအခါ လောကဓာတ် ပညာဟူ၍ ဆို၏။

**နိယာမဥတု အသိစခန်းမှာ=** နေ လ နက္ခတ် တာရာ ဂြိုဟ် အသွားအလာ, နေ့ ညဥ့် နာရီ စံချိန်မှီ အပူအအေး တွက်ရ သော ကြောင့် အတော်အတန် ခက်ပေသည်၊ အထူးသဖြင့် ကမ္ဘာလုံး ကဘဲ လည်၍ သွားနေသလား? နေ လ နက္ခတ် တာရာ ဂြိုဟ်တွေ ကဘဲ လည်၍ သွားနေသလား? ငြင်းပြဿနာတွင် ဗေဒင်ဆရာ တွေ ခေတ်ပြိုင်နေသမျှ ကာလပတ်လုံး၊ နိယာမဥတု အသိစခန်းမှ ပေးသော နိယာမဥတု ဓာတ်စာကို ခေတ်လူတွေ လက်ခံနိုင်ဘို့

ခက်လှသည်၊ ရှေးဟောင်းဆေးကျမ်း, ဓာတ်ကျမ်းများကို စီစဉ် ဟောပြောသွားကြသောဈာနလာဘီ ရှင်ရသေ့တို့သည် အယုတ် သဖြင့် ပဥ္စမဈာန်အာရုံအသိစခန်းမှ နိသျည်း ပေးသောကြောင့် ဝိသေသ ဥတုစခန်း,ထို့နောက် နိယာမ ဥတုစခန်း, ထို့နောက် ဥတုဇချပ် လူသုံးမီးများ အသိ စခန်း ကျအောင် ကြံဆနိုင်ကြ ပေသည်၊ ဗုဒ္ဓသာသနာတော်ႏ ကာလ၌ ဖြစ်သော အသိဉာဏ် သည်ကား= ပရမတ္ထ သဘာဝ လက္ခဏာကို အသိများသည့် အတိုင်း သဘာဝ ဥတုစခန်းတိုင်အောင် ဟောပြော ပြသနိုင်ကြ သောကြောင့် ရှန်းရင်းကြမ်းတန်းစွာ သိမှတ်ရသော သွေးရိုး သားရိုး ဥတုဇ ချပ်စခန်းများကို လွန်မြောက် သိသွားပြီ ဟူ၍ ဆိုနိုင်ပေသည်၊ ဤ ဥတုဘောဇန သမ္ဗတ္တိကျမ်းတွင် သာမည လက္ခဏာ ဥတုစခန်း ပေါက်ရောက်အောင် ဆိုပြ နေပေရာ အောက်အောက် ဖြစ်သော ဥတုစခန်းတို့မှာ အလိုလို ကြေသည်း နေပြီဟူ၍ မှတ်ယူထိုက် ပေသည်၊ ဤသို့သော နည်းအားဖြင့် နိသျည်းပေး ဆရာတို့သည် အသိစခန်းချင်း မတူသဖြင့် အမြင် ခြင်း မတူကြပုံကို နိသျည်းခံယူသော ဆရာအဆက်ဆက်တို့က လည်း ပြေပြစ်အောင် အသိလိုက်ပါတတ်ဘို့ လိုပေသည်။

## (ဃ) နိယာမဥတုသိမှတ်ရန် အပိုင်းအခြား

နေ လ နက္ခတ် တာရာ ဂြိုဟ်များ အားလုံးတို့သည် ကက ထောက်ပံ့ ကျေးဇူးပြု၍ ဥတုက ဖြစ်စေသော ကမ္ဘပစ္စယ ဥတု သမုဋ္ဌာန်ချပ်ဗဟူ၍ ရှေးဦးစွာ မှတ်လင့်ပါ၊ ဥတုဇချပ် အရင်း စစ်လျှင် သ သမ္ဘာရ တေဇော အဗအဝေး ဖြစ်သော နိယာမ ဥတု အဆောက်အဦများ ဖြစ်လေသည်၊ ထိုတွင် နေမင်းသည် နိယာမဥတု မူလအရင်းခံဖြစ်၍ လနှင့်နက္ခတ် တာရာ ဂြိုဟ်များ အားလုံးတို့သည် ထိုနေမင်း၏ ရွေ့ပြေးနောက်လိုက် အခြံအရံများ ဖြစ်ကြသောကြောင့် နေမင်းကို အဓိကထား၍ ပြဆိုအံ့။

**နေမင်း၏အယာဥ်ခရီးကြောင့် အတက်အသက်ဖြစ်ပုံ** နေမင်းသည် မြင်းမိုရ် တောင်ကို လက်ျာရစ်လျက် အပြင်သို့ တစ တစ ရွေ့သွားခြင်း, တောင်သို့ တရွေ့ရွေ့ သက်သွားခြင်း, ရက်ပေါင်း ၁၈၀-ကြာသောအခါ ယူဇနာပေါင်း တထောင် တိတိ နိမ့်ကျသွားခြင်းတို့ကြောင့် လူတို့ပြည်၌ **အသက်ခေတ် အုပ်စိုးသော ဥတုသဘာဝ** ဟူ၍ ထင်ရှားလာလေသည်၊ လ,အားဖြင့် ဝါဆိုလပြည့်ကျော်တရက်နေ့မှ ပြာသိုလပြည့်နေ့အထိဖြစ်သည်။ ထိုကဲ့သို့ပင် နေမင်းသည် တောင်စွန်းအပြင် လမ်းကြောင်းမှ မြင်းမိုရ်တောင်ရှိရာသို့ တစစရွေ့၍ အတွင်းသို့ပြန်တုန့်လာခြင်း, မြောက်သို့ တရွေ့ရွေ့ တက်သွားခြင်း, ရက်ပေါင်း ၁၈၀-ကြာ သောအခါ ယူဇနာပေါင်း တထောင်တိတိ မြင့်တက်သွားခြင်းတို့ ကြောင့် လူတို့ပြည်တွင် **အတက်ခေတ်အုပ်စိုးသောဥတုသဘာဝ** ဟူ၍ ထင်ရှားလာလေသည်၊ လ,အားဖြင့် ပြာသိုလပြည့်ကျော် တရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ ဖြစ်သည်။

**နေမင်း၏ဝီထိလမ်းကြောင့် အပူအအေးမညီမျှခြင်း** ထို့အပြင် ဥတု ဖြစ်ပေါ်ပုံတနည်းမှာ ဥတ္တရာယာဉ်, ဒက္ခိဏာယာဉ် ၂-ပါး ဖြင့် ခရီးဖြန့်သွားနေသော နေမင်း၏ ခရီးလမ်းစဉ်သည် လူတို့ ပြည်တွင် "**အဇ္ဈောဝီထိ**" အတွင်း ခရီးလမ်း၌ အသက်ခေတ် ရက်ပေါင်း ၆၀၊ အတက်ခေတ်ရက်ပေါင်း ၆၀ ကြုံခြင်း၊ "**မဇ္ဈေဝီထိ**"အလယ်ခရီးလမ်း၌ အသက်ခေတ် ရက်ပေါင်း ၆၀, အတက် ရက်ပေါင်း ၆၀ ကြုံခြင်း၊ "**ဗာဟိရဝီထိ**" အပြင် ခရီးလမ်း၌ အသက်ခေတ်ရက်ပေါင်း ၆၀, အတက်ခေတ် ရက်ပေါင်း ၆၀ ကြုံခြင်းတို့ကြောင့် အပူအအေး, အချမ်းအနွေး, အကြွာအဝေးတို့ သည် မညီမမျှ ဖြစ်ကြရပေသည်။

**နိယာမဥတုကိုမှီ၍ နေ့ ည, နှစ် လဖွဲ့ပုံ** ထိုနေမင်းသည်ပင် ကမ္ဘာ့နိယာမ တန်ဆာ ကြီး ဖြစ်လျက်၊ အလျှင်မပြတ် မရပ်မနား တုံ့ခေါက်သွားပြန် အမှန်တက်သက် ဝင်ထွက်စဉ်လာ နိယာမ

ဖြစ်ရိုး ဓမ္မတာရှိပေရကား၊ လူတို့သည် ပုံသေ မှတ်ယူနိုင်သော ကိန်းမျိုးဖြင့် အယာဉ်,ဥတု,ရတု,နှစ်,ရက်,နေ့,ည အပိုင်းအခြားနှင့် ဝေါဟာရ ပြုနိုင်ကြပေသည်၊ **အတွေ့ အားဖြင့်လည်း**=အပူ အအေး, အကျဉ်းအဝေး, အနွေးအမြန်, အနံ့အသနကို ကိန်းသေ သိနိုင်ကြ ပေသည်၊ **ထိုအက် စိတ်၍လည်း**= လ,သွားလမ်းနှင့် နက္ခတ် တာရာ ဂြိုဟ်အားလုံးတို့၏ သွားလမ်း လာလမ်းကို အမိ ဘမ်းကြည့်တတ်လျှင် ကောင်းနိမိတ် ဆိုးနိမိတ် ထင်အောင် ပိုင်းခြား သိနိုင်ကြပေသည်။

**ဟူးရားအတတ်နှင့် ဆေးသမားအတတ်** ဤနေရာ၌ ဆေးသမား အလုပ်သည် ကံကောင်းမှု ကံဆိုးမှုဟူသော နိမိတ်ကောက် ဗေဒင် အတတ်ထက်၊ ဥတုပူ, ဥတုအေးဟူသော အတွေ့ကောက် အတတ်ကပို၍ အရေးပါသည့် အကိုင်း နေသွားလမ်းကြောင့် ဖြစ်သော ပူမှု,အေးမှု ဥတုကို အထူးလေ့လာသင့်ပေသည်၊အချို့ သော မြန်မာဆေးသမားတို့သည် အတွက်စိပ်,အမှတ်စိပ်, အနုစိပ် သော ဂြိုဟ်တို့၏ သွားလမ်းကို လေ့လာနေလျှင် နိယာမဥတု၏ ကိစ္စပြီးစီး ပြည့်စုံ ကျေပြွန်နေပြီဟူ၍ ထင်မှတ်တတ် ပေသည်၊ ဤသို့ မထင်မှတ်သင့်ပေ၊ ၁= နေ လ နက္ခတ် တာရာ ဂြိုဟ်သွား ဂြိုဟ်လာ ဘမ်းပြနိုင်သော အတတ်ပညာကတခြား ၂=ထိုဂြိုဟ် အားလျော်စွာ နိမိတ်ကောက်၍ ဟောပြော တတ်သော အတတ် ပညာကတခြား ၃=အပူဥတု,အအေးဥတုဟု သိမှတ်တတ်သော ပညာကတခြား ၄=ထိုဥတုအားလျော်စွာ ပြုပြင်ကုမတတ်သော ပညာကတခြားစီ ဖြစ်သည်ဟု သိအပ်ပေသည်၊ ထိုကြောင့် မြန်မာဘုရင်များ ရှိစဉ်အခါက "**ဟူးရားဖြူ,ဟူးရားညို,သမားဖြူ, သမားညို**"ဟူ၍ လေးမျိုးလေးစား ခွဲခြားထားခဲ့ပေသည်၊ ယခု အခါ မြန်မာသမားတော်တို့သည် ထိုသမား, ဟူးရားအတတ် လေးမျိုးကို ခွဲခြား၍ စနစ်ကျနအောင် မလေ့လာကြတဲ၊ ကုထုံး အဆွယ်အပွါး လောက်ကိုသာ ကျက်မှတ်၍ (**ခေတ်**, **မိန္ဒော**,

**ပယောဂ, မေဒင်)**လေးဘာသာဟူ၍ ဆရာလေးမျိုး လုပ်နေခြင်း မှာ အတတ်ပညာဖြစ်သော်လည်း ဝိဇ္ဇာပညာအခြေနှင့် ကြာလေ ဝေးလေ ဖြစ်နေတော့သည်။

**ဥတုပြောတတ်တိုင်း ဥတုသဘောမသိ**

ယခုလက်ငင်း သတိပေးလိုသည်မှာ ဥတု ဆိုတိုင်း နေ လ နက္ခတ် တာရာ ဂြိုဟ်ပါဝါ တို့ကို သိရှိနေရုံနှင့် ကိစ္စမပြီးချေ၊ ဥတု ရတု ဆယ့်နှစ်ရာသီစု၏ အမှုကို ထောက်ဆထားတတ်ရုံ နှင့်လည်း ခရီးမဆုံးပေ၊ သမဋ္ဌာန် အားလျော်စွာ ရုပ်ကို ဖြစ်ပွါးစေတတ်သော ပူမှု,အေးမှု,တေဇော ဝါတ် အစု၏ လက္ခဏာ, ကိစ္စ, ပစ္စုပဋ္ဌာန် ကျအောင် မျက်မြင် ကိုယ်တွေ့ အာရုံသူတတ်မှသာလျှင် ဆေးသမားကိစ္စ ခရီးရောက် ပေသည်၊ ထိုဖေါ်ပြခဲ့သော နိယာမဥတု အကောက်အစား ပညာ ရပ်သည် ကမ္ဘာတည်ဦးစက စ၍ ကျယ်ပြန့်စွာ လူမျိုးတိုင်း သိလာသော ပညာရပ်ဖြစ်၍ ဤကျမ်း၏ နောက်ပိုင်း ကျမှပင် ဆေးနှင့်သက်ဆိုင်ရာတို့ကို ဖေါ်ပြပေအံ့။

**ကိုယ်တွေ့သဘာဝ အရေးကြီးသည်**

ဧကကနိပါတ် မာလုတဇာတ်၌ ကျားနှင့် ခြင်္သေ့ဟူ၍ အဆွေခင်ပွန်း ၂-ဦးရှိကြရာ၊ ကျားက **လဆုတ်ပက္ခမှာ ချမ်းအေးသည်** ဟု ဆို၏၊ ခြင်္သေ့က **လဆန်းပက္ခမှာ ချမ်းအေးသည်** ဟု ဆို၏၊ ထိုဝိဝါဒ ပြဿနာကို ဆရာရသေ့ထံ အဆုံးအဖြတ်ခံရာ၊ ဆရာရသေ့က သင်တို့သည် အကြောင်းရင်းကို စိစစ်သဖြင့် အငြင်းပွားရသည်၊ ကိုယ်တွေ့ သဘာဝကို စိစစ်ကြည့်လျှင် လေလာသောအခါ ချမ်းအေးမြဲ ဖြစ်၍ **လေလာလျှင် ချမ်းအေးခြင်း၏ အကြောင်းရင်း ဖြစ်သည်** ဟူ၍ မိန့်ဆိုလေသည်၊ ထိုဥပမာအတိုင်း နိယာမဥတုကြီးကို မှီ၍ ဝိဝါဒ မပွါးမှီ၊ ကိုယ်တွေ့သဘာဝဖြစ်သော လောကလူသုံး မိုးများ ပွါးစီးပုံကို ဥတုရောင် ချယ်၍ အောက်တွင် ဖော်ပြ ဦးအံ့။

## လောကလူသုံးမိုးများ ပွါးစီးပုံကို ပိုင်းခြားသိရှိရန်

**ဥတုပစ္စယဥတုဇရုပ် တေဇောမိုးဆက်များ** ''ဥတူတိ တေဇောယေဝ''ဟူသော ဋီကာနှင့်အညီ တေဇောဓာတ်သည်ပင်လျှင် ဥတုဟူသော အမည်ကို ရသတည်း၊ ထိုတေဇောက ပေါက်ပွါးသော မိုးကို **ဥတုမိုး** ဟု ခေါ်၏၊ ထိုဥတုက ဆက်ပွါးသောမိုးကို **ဥတုဇမိုး** ဟု ခေါ်၏၊ ထိုဥတုဇမိုးက ဆက်ပွါးသောမိုးသို့ **လောကာနုသုံးမိုး** ဟူ၍ ခေါ်၏၊ ထိုလောက မိုးဆက်ကို ၃-မျိုး ၃-စား ခွဲခြား၍ ပြအံ့။

**လောကလူသုံး မိုးပူရုပ်ဇ** လောက၌ ယမ်းမိုး, ကျောက်မိုး, ဖွဲမိုး, ထင်းမိုး, တောမိုး, တောင်မိုး, မိုးတောင်ပေါက်ကွဲသော မိုး,ကမ္ဘာလောင်ပျက်သော မိုးတို့သည် ဥတုဇဥဏှ မိုးပွါးချပ်တို့သာတည်း၊ (ဝါ)ဥတုဇချပ်က ဖြစ်စေသော လောကလူသုံး မိုးပူတွေ ဖြစ်၏၊ ထိုဥတုဇချပ်မိုးပူဖြင့် လူတို့သည် စားမှု, သောက်မှု, မီးလှုံမှု, ဓာတ်ခွဲမှု, အင်္ဂါရုပ် အမှုတို့ကို ပြုကြရကုန်၏၊ ယခုအခါ ဖွဲမိုး ထင်းမိုး ကျောက်မိုး ဓာတ်မိုးထိုး၍ လည်ရသော စက်ရုံ, မိုးရထား, မိုးစက် စသည်တို့ကို တည်ထွင် လာခြင်းကြောင့် လူတို့၏ သွားမှု, လာမှု,ဝတ်မှု,ဆိုးမှု, နေမှု, ထိုင်မှု, သေမှု, ရှင်မှု, ကျန်းမာမှု, ဆင်းရဲမှုတို့သည် ထိုလောက ဥတုဇချပ် မိုးကိုမှီ၍ ပြုပြင်ပြောင်းလဲ ဖြစ်ပေါ်ကြသေးသည်ဟု မှတ်အပ်၏၊

**လောကလူသုံး မိုးအေးရုပ်ဇ** လောက၌ ယမ်း, ဆား, ဆပ်ပြာ, ဇဝက်သာ, စိမ့်ရေ, စမ်းရေ, အင်းရေ, အိုင်ရေ, မိုးယံရေ, နှင်းရေ, သစ်ပုတ်ရေ, ကျောက်ပုတ်ရေ, ရေခဲတောင်, ဆားတောင်, ကမ္ဘာချေဖျက်သော ဆားငံ မိုးယံရေတို့သည် ဥတုဇသိတ မိုးအေးချပ်တို့သာတည်း (ဝါ)ဥတုဇချပ်က ဖြစ်စေသော လောကလူသုံး မိုးအေးတွေဖြစ်၏၊ ထိုဥတုဇ မိုးအေးဖြင့် လူတို့

သည် စားမှု, သောက်မှု, သန့်ရှင်းမှု, စင်ကြယ်မှု,ဆေးကြောမှု, အချဉ်စိမ်သောအမှု, အပုတ် စိမ်သောအမှု တို့ကို ပြုကြရကုန်၏၊ ယခုအခါ ထိုသိတ မိုးအေးဖုတ်ဖြင့် ရုပ်ဝတ္ထုများကို ပျိုးထောင်ခြင်း,တူထောင်ခြင်း, ရှင်သန်စေခြင်း, ကြီးပွါးစေခြင်း,ပေါင်းစပ်စေခြင်း,ကြေပျက်စေခြင်းစသော အမှုတို့ကို ပြုလုပ်သောကြောင့် လောကလူတို့၏ သေမှု,ရှင်မှုတို့သည်လည်း ထိုဥတုဇရုပ် မိုးအေးကို မှီ၍ ပြုပြင်ပြောင်းလဲဖြစ်ပေါ်ကြသေးသည်ဟူ၍ မှတ်အပ်၏။

**လောကလူသုံး မိုးဖြိုင်ရုပ်ဖု** လောက၌ တောင်လေ,မြောက်လေ, အရှေ့လေ, အနောက်လေ, ပင်လယ်လေ, လွင်ပြင်လေ, သဲကန္တာရလေ,မုန်တိုင်းလေ,ကမ္ဘာချေဖျက်သောခေတ်ဖြိုင်လေ တို့သည် ပူမှု,အေးမှု,ဥတု ၂-ပါးဖြိုင်၍ ဖြစ်သော သိတုဏှ မိုးဖြိုင် ရုပ်ဖုတ်သာတည်း(ဝါ)ဥတုလက္ခဏာ ၂-ပါးဖြိုင်၍ ဖြစ်ပေါ်လာသော လောကလူသုံး လေမိုးအဖုတွေဖြစ်၏၊ ထိုဥတုဇ မိုးဖြိုင် ရုပ်ဖြင့်လည်း လူတို့သည် ပူမှု, အေးမှု, ရှုမှု, ရှိုက်မှု,ပြောမှု,ဆိုမှု, စားမှုယိုမှု, ဝတ်မှု ချွတ်မှု, တည်မှု မတည်မှု စသည်တို့ကို ပြုကြရကုန်၏၊ ယခုအခါ ထိုခေတ်ဖြိုင်ဖုတ်ဖြင့် တိုက်လွင့်သော ကြေးနန်း,ဝိုင်ယာ,မီးကြိုး,ခေတ်ကြိုး,ကြေးကြိုး စသည်ဖြင့် အမျိုးမျိုး ထွင်လာခြင်းကြောင့် လူတို့၏ စားမှုသောက်မှု, ဝတ်မှုဆည်းမှု, သွားမှုလာမှု,ပျော်မှု ရွှင်မှု,ဖိမ်ခံမှု အနေမဖုန်မှုတို့သည် ထိုခေတ် ဖြိုင် ဖြစ်သော သိတုဏှမိုးဖု လေရုပ်ကိုမှီ၍ ပြုပြင်ပြောင်းလဲ ဖြစ်ပေါ်မှု ရှိသေးသည်ဟူ၍ မှတ်အပ်၏။

**မိုးခေတ် ၃-မျိုး၏ တန်ခိုးအနုအသန်** ထိုမိုး, မိုးအေး, မိုးဖြိုင်တို့သည် လူတို့နှင့် ဆက်စပ်လျက် လက်တကမ်း အတွင်း၌ ကိုယ်တွေ့ မျက်မြင်အထင်အရှား တည်ရှိကြသောကြောင့် ထို ထိုဥတုဇမိုး ၃-မျိုး၏ သတ္တိတန်ခိုးအနုံ့အသန်ကို သိမှတ်ထားဘို့ လိုပေသည်၊ ဒေသနာတော်၌—

**အဂ္ဂိနာ ဘာဿရာ ဟေဋ္ဌာ၊ အာပေန သုဘာ ကိဏှတော။**
**ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ။**

ဟူသော ဘုရားဟောနှင့် အညီ မီးဖျက်သော ကမ္ဘာတွင် အာဘဿရာ ဗြဟ္မာ့ဘုံတိုင်အောင် ပျက်၏၊ ရေဖျက်သော ကမ္ဘာတွင် သုဘကိဏှာ ဗြဟ္မာ့ဘုံ တိုင်အောင် ပျက်၏၊ လေဖျက်သော ကမ္ဘာတွင် ဝေဟပ္ဖိုလ် ဗြဟ္မာ့ဘုံ တိုင်အောင် ပျက်၏ ဟူသော သဘောကို ထောက်ဆလျှင် အပူ ဥတုဇ မီးထက် ပို၍ အအေး ဥတုဇမီးက ထက်သည်၊ ထိုအအေး ဥတုဇမီးထက်ပို၍ အပူအအေး ခေတ်ပြိုင်၍ ဖြစ်သော သိတုဏှမီးက ထက်သည်ဟူ၍ သိအပ်ပေသည်၊ ထို့ကြောင့် ရှေးဆရာကြီးများက "**မီးခေါင်းထက် ရေခေါင်းထက်၊ ရေခေါင်းထက် လေကြောင်းထက်**" ဟူ၍ ပရိဘာသာ ပြုခဲ့ပေသည်။

**ခေတ်ပြိုင်မီး ဖြစ်ပေါ်ပုံ**

ဓမ္မအလိုအားဖြင့် ခေတ်ပြိုင်မီးဟူ၍ မဖြစ်နိုင်ပေ၊ အပူမီးချုပ်လျှင် အအေးမီးဖြစ်၍ အအေးမီးချုပ်လျှင် အပူမီးဖြစ်သည်ဟူ၍ တစိတ်စီ, တမှတ်စီ, တမီးစီ, တသီစီ, ဖြစ်ရိုးရှိပေသည်၊ လောကမီး အလိုအားဖြင့်ကား=ဤကား အပူ, ဤကားအအေး၊ ဤကားခေတ်ဖို,ဤကားခေတ်မ စသည်ဖြင့် ခွဲခြားထားပြီးမှ အစည်ကြီး, အဆက်ကြီး, အပြိုင်ကြီး, ပြိုင်သိတတ်သောကြောင့် ခေတ်ပြိုင်ဟူ၍ ဖြစ်လာရပေသည်၊ ဥပမာ=ခေတ်ဖို,ခေတ်မ နှစ်ကြိုး ပြိုင်ဆက်ထားရာတွင် ခေတ်မီးဖြစ်ပွါးသကဲ့သို့ အပူမီး, အအေးမီး နှစ်ပါးဆိုင် တွေ့ရာတွင်လည်း အရှုံးအနိုင် မပေါ်ဘဲ အပြိုင်ဖြစ်စေတတ်ပေသည် ထိုခေတ်ပြိုင်မီးသည် လေသဘောလည်း ဖြစ်တတ်၏ အားအစွမ်းလည်း အလွန်ထက်တတ်၏၊ လျှပ်ရောင်, မီးရောင်လည်း ပေါ်တတ်၏၊ လူ့ကိုယ်တွင် ကိုက်တွန်းသော သ သင်္ခါရိကစိတ်နှင့် မကိုက်တွန်းသော အ သင်္ခါရိကစိတ် ၂-ပါးပြိုင်၍ လှုပ်ရှားသွားလာ ရှင်သန်နေမှု သည်လည်း ထိုခေတ်ပြိုင်မီးဖြစ်နေပုံ သဘောပေတည်း၊ သိမှတ်မှုနှင့်ယှဉ်၍

နှုန်းစိတ်စိတ်ကွဲအောင် ကြည့်ရှုသုံးသပ် ဆင်ခြင်အပ်လှပေသည်၊ လူထုလှုပ်ရှားမှုသည် ခေတ်ပြိုင်မီး လောင်ကျွမ်းသော ကိစ္စဟု မသိသင့်ပါလော့။ မှ-မအဖုံဖုံတို့၏ ကိုယ်လက်နှိုးနှောသော ဒွယသံသဂ္ဂ ပြုမှုသည်လည်း ခေတ်ပြိုင်မီး မွေးပုံပင် ဖြစ်သည်။

**ခေတ်ပြိုင်မီးသည် အကျုမြို့ခေတ်ခွဲစက်** ခေတ်ပြိုင်မီးသည် အကျုမြို့ကလာပ်, တဇ္ဇာ ရှိ မြို့ကလာပ်, ရထာရေ မြို့ကလာပ် စည်းတို့ကို ခွဲခြမ်းစိတ်ဖျာ၍ ဖြစ်နိုင်လောက်အောင် ပြုနိုင်သော မီးဟူ၍ ဆိုသင့်ပေသည်၊ လေဖျက်သော ကမ္ဘာ၌ ပေါ်သော ခေတ်ပြိုင်မီးကား အဘယ်သို့ ရှိမည်နည်း? ယခုခေတ်သည် (ထူးပေသည် ဆန်းပေသည် စိန်ရောင်ခြည်) ဟူသော မှခသိုက် တပေါင်းနှင့် အညီ အသူးလည်းဖြစ်၏၊ အဆန်းလည်းဖြစ်၏၊ သုတ်ကပ်ကာလဟူသည်မှာ စောင့်မျှော်ကြည့်စရာ အခါဟူ၍ မထားဘဲ ဆက်တိုက် လက်တွေ့ မျက်မြင် ဖော်ပြတတ်သော အခါမျိုးဖြစ်၍ ဓမ္မသဘာဝနှင့် ယှဉ်ကြည့်လျှင် မဆန်းဟု ဆိုရပေမည်၊ လေဖျက်သော ကမ္ဘာ၌ ပေါ်တတ်သော ခေတ်ပြိုင်မီးဖြစ်ပုံ ဥပမာကား= အကျုမြို့ဗုံး ပေါက်ခွဲသောအခါ ဖြစ်ပေါ်သော ပုံကဲ့သို့ ကြံဆနိုင်ပေသည်၊ အောက်အောက် ဖြစ်သော သုတ်ကပ်ကာလများတွင် ဤကဲ့သို့ပင် တရားပြစရာ အချက်တွေ ထွန်းကားတတ် ပေ၏၊ လက်တွေ့ပြစရာ ခေတ်တွေ စည်ကားတတ်လေ၏၊ ဆယ်နှစ် အသက်တမ်းကျလျှင် ထိုထက်ဆန်းအောင် လက်တွေ့ခေတ်တရားက စွမ်းဆောင်ပြနိုင်ပေလိမ့်မည်၊ ဤသည်ကိုပင် လောကခေတ် ပညာထွန်းကားသော ခေတ်ဟု ခေါ်ကြရလေသည်၊ ထိုလောက ခေတ်ပညာခေတ်ဟွင် ခေတ်တရားကို ခေတ်တရားမှန်း မသိပါက ဗဟိဒ္ဓခေတ်ဘီလူးတို့၏ အစားခံ အဝါးခံ ဖြစ်ကြရပေလိမ့်မည်၊ ထိုအခါ သင်္ခါရတရား အာရုံအပြင်ကြိုက်ကမ္ဘာ လကမ္ဘာ အခြားအာရုံရှာလည်း အားထားစရာမရှိ သင်္ခါရအစာသာ ဖြစ်ဘိသည်၊ သို့ဖြစ်လျှင် အဘယ်ပုံ စီရင်မည်နည်း?။


**သန်္ဓါရအာရုံမှ သမုဒ္ဒာန်သို့** လောကဓာတ်ခေတ်တွင် ဓာတ်ကို ဓာတ်မှန်းသိ၍ မိမိ၏အဇ္ဈတ္တဓာတ်ကို စီးစီးနင်းနင်း ပြုပြင်နိုင်ပါမူကား=သမုဒ္ဒာန်တရားလေးပါးအပြင်၊ စိရင်ဖန်ဆင်းတတ်သော ဘုရားဟူ၍မရှိ၊ ထိုသမုဒ္ဒာန်တရားလေးပါးကပင်လျှင် တက်ကပ်ကြီး ဖြစ်ပေါ်စေ၍ အသက် ထောင်တမ်း, သောင်းတမ်း, သိန်းတမ်း, အသင်္ချေယျတမ်း တိုင်အောင် ထူထောင် သွားပေလိမ့်မည်၊ တမလွန်တွင်လည်း ဈာန်အာရုံ တခုခုနှင့် ဗြဟ္မာ့ပြည်သို့ တက်လှမ်းနိုင်ကြ ပေလိမ့်မည်။

**နိယာမဥတုနှင့် ဥတုဇတေဇော** ဥတုသမုဒ္ဒာန် ဆေးချက်ကို မှာကြားဦးအံ့၊ အပူနာ အအေးနာ နှစ်ပါးဖြစ်၍ ဥတုအကူအညီနှင့် ဆေးဝါးဓာတ်စာ ပေးကမ်း ကုမကြသော သမားဆရာတို့သည် အသက်တွင် ဖေါ်ပြအပ်ပြီးသော လောကလူသုံး ဖြစ်သည့် ဥတုဇမိုးပူ မိုးအေး မိုးဖွိုင်တို့ကို အထူးဆင်ခြင်၍ လေ့လာအပ်ပေသည်၊ အများသော မြန်မာတိုင်းရင်း ဆေးသမားတို့သည် မိမိတို့၏ လက်တကမ်း အတွင်း၌ တည်သော အသက်ပါလက်ဖြစ် လူတို့၏ မိုးဓာတ်များကို အမှုမထားဘဲ၊ မိမိတို့နှင့် ယှဉ်စနာ နှစ်သောင်းတထောင်ကွာဝေးသော နိယာမဥတု နေသွားလမ်းကို သာလျှင် မျှော်ကြည့် တတ်လေသည်၊ နေသွားလမ်းဟူသော နိယာမ ဥတုမိုးကား=မိုးယံ်အောက်မြေပြင်သားတို့အား စောင့်ရှောက် ကြည့်ရှု ထိန်းသိမ်းသော မိုးပေတည်း၊ ကြက်မကြီးသည် မိမိ၏ ဥသ္မာ တေဇော ဟူသော ရင်ငွေ့ဖြင့် ကြက်ဥများကို ဓာတ်ပေး ဖေါက်သကဲ့သို့ရင်း၊ ကြက်သားငယ် ဖြစ်လာပြန်လည်း ရင်ငွေ့တည်းဟူသော ဥသ္မာ တေဇော ဓာတ်ဖြင့် အပူအနွေး ပေးလျက် ကြီးထွားအောင် ထိန်းသိမ်း စောင့်ရှောက်သကဲ့သို့ရင်း ထို့အတူပင် နိယာမ ဥတုဓာတ်သည် မိမိနိယာမ ကိစ္စတာဝန်ကို ပြုလုပ်တတ်ပေသည်၊ လောက လက်ဖြစ် မိုးပူ မိုးအေး မိုးဖွိုင်ဟူသော မိုးပွါးတို့သည်ကား =နိယာမ ဥတုဓာတ်ကဲ့သို့

မမှတ်အပ်ကုန်၊ လိမ္မာစွာ အသုံးပြုတတ်လျှင် သမဗ္ဗာန်လေးပါး ပါဝင်သော ဥတုမီးမျိုးလည်းဖြစ်နိုင်၏၊ ဓာတုဝေဒ ဗ္ဗာန် ကမ္ဗဗ္ဗာန်း ဝင်သော တေဇော မီးမျိုးလည်း ဖြစ်နိုင်၏၊ ညာဏ်မယှဉ်ဘဲ ဖြစ်ရိုးဖြစ်စဉ် အမှတ်မထင် ပြုနေပါမူ=သဒ္ဒိရတေဇော မီးမျိုး ဆိုက်လာ တတ်ပေသည်။

**ဥတုဓာတ်နှင့် တေဇောအထူး** ဥတူတိ တေဇောယေဝ=ဆိုသော ဋီကာစကား အတိုင်း ဥတုဆိုသည်မှာ တေဇောဓာတ် ပေတည်း၊ သို့ရာတွင် လူတကိုယ်မှာ ရှေ့ပိုင်း ရင်ပတ်ဝယ် လွယ်၍ ပြုလုပ်ရသော အမှုနှင့် နောက်ပိုင်း ကျောပိုး၍ ပြုလုပ်ရသော အမှုသည် အမှုကိစ္စချင်းပင် တူသော်လည်း ပြုလုပ်ပုံ အခြင်းအရာ ချင်း ခြားနားသကဲ့သို့ ဥတုဓာတ်နှင့်တေဇောဓာတ် သည်လည်း အာရုံပြု၍ သိမှတ်ပုံ အခြင်းအရာကို လိုက်၍ ခြားနားကြလေသည်၊ ထင်ရှားအောင် ပြဦးအံ့=ဥတုသည် ကံမှု၊ စိတ်မှု၊ ဥတုမှု၊ အာဟာရမှု ဟူသော သမုဋ္ဌာန်လေးပါးနှင့် ယှဉ်၍ သိရသော မီးဖြစ်သော ကြောင့် "**ဥဒယတိ ပသဝတိ ဇနေတိ ဝဍ္ဎေတီတိ ဥတု**"ဟူ၍ အနက်ဖွင့်ပြ ကြလေသည်၊ ရုပ်တို့ကို ဖြစ်စေမှု၊ ပွါးစေမှု၊ ကြီး စေမှု၊ ထွားစေမှု၊ ပေါင်းခွေး ကြေကျက်စေမှု တို့ကို ပြုလုပ်တတ် သောကြောင့် ဥတုဟူ၍ ခေါ်သည်၊ အထူးမှာ=ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် ယှဉ်၍ သိမှတ်ရသော မီးဓာတ် အပိုင်းအခြား ဟူ၍ မှတ်ပါ။

တေဇောဓာတ်စဉ် သက်သက် သည်ကား=ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဘုတ်ကြီး လေးပါးနှင့် ယှဉ်၍ သိမှတ် ရသောကြောင့် "**တိက္ခဘာဝေန ဒဟတိ ပရိပါစေတီ ဥသ္မာပေတီ တိ တေဇော**"ဟူ၍ အနက်ဖွင့်ပြ ကြလေသည်၊ ရုပ်တို့ကို နူးညံ့ အောင် ထက်မြက်စွာ လောင်မြှိုက် ကြေကျက် ပေးတတ်သော အခြင်းအရာ ကိစ္စတို့သာလျှင် ရှေ့ရှုထင်၏၊ အထူးမှာ—ပထဝီ၊ အာ ပေါ၊ တေဇော၊ ဝါယောနှင့်ယှဉ်၍ သိမှတ်ရသော မီးဓာတ် အပိုင်း



(လောကဓာတ် ဥတုစကြာလည်ပုံကို ဤသို့သိပါ)

လောကဓာတ်ကြီး ခဏမစဲ တသဲသဲ တရုတ်ရုတ် တဖြုတ်ဖြုတ် ဖြစ်,ချုပ်နေသည်မှာအထက်ပုံပါ ဥတုစကြာလည်သောအားကြောင့်ဖြစ်၏။ ထိုစကြာကို ရပ်၍ အတွင်း မြားသွားပုံကိုကြည့်ပါ။ ၁–ကံထောက်ပံ့၍ဥတု လျှင်ဖြစ်ကြောင်းရှိသော အပူနှင့် အအေး၊ ၂–စိတ်ထောက်ပံ့၍ ဥတုလျှင် ဖြစ်ကြောင်းရှိသော အပူနှင့် အအေး၊ ၃–ဥတုထောက်ပံ့၍ ဥတုလျှင်ဖြစ် ကြောင်းရှိသော အပူနှင့် အအေး၊ ၄–အာဟာရ ထောက်ပံ့၍ ဥတုလျှင် ဖြစ်ကြောင်းရှိသော အပူနှင့် အအေး ဟူ၍ ပစ္စယသမုဋ္ဌာန် ၄-ပါးနှင့် ဥတု ၈-မျိုးရှိ၏။ ထို၌ ဓာတ်ကို အသီးထုတ်ယူလျှင် ကံအား, စိတ်အား, ဥတု အား, အာဟာရအားကြောင့် အပူနှလျှင်အေးသည် အအေးနှလျှင်ပူသည် ဟူ၍ မှတ်ယူရသော တေဇောဓာတ်မီး တပါးရ၏၊ထိုတေဇောဓာတ်သည် လောကကြီးကို ဖြစ်စေ ပျက်စေသည်။

အခြားဟူ၍ မှတ်ပါ၊ ထို့ကြောင့် မီးပင် ဖြစ်လင့်ကစား နှလုံးသွင်း လှလှနှင့် အသုံးချတတ်လျှင် မိတ်နှင့်တူ၏၊ ဆရာသမားနှင့်တူ၏၊ အဆွေခင်ပွန်းကောင်းနှင့်တူ၏ တရားသဖြင့် ချီးမြှင့် မြှောက်စားတတ်သော မင်းကောင်းနှင့်လည်း တူ၏၊ မီးကို အသုံးမချ တတ်လျှင်= မီးဟူသည်မှာ ပျက်နှာကြီးငယ် မရွေးဘဲ "**အဇ္ဈတ္တသန္တာနော သဗ္ဗာဝံ ခေရေဘာံ ဒေဘာ**" မိမိသဘောကို မိမိဆောင်သွားတတ်သော ပရမတ်ဆတ်ဆတ် ဓမ္မဓာတ် တလုံးဖြစ်၍ ခက်ပေသည်၊ မပေါက်ပြန်တတ်သော ပေ့မတ်သဘော လက္ခဏာသို့ အာရုံမရောက်သောအခါ တေဇောမီးသည် မတရားသော မင်းဆိုး ရာဇာနှင့် တူ၏၊ ရန်သူနှင့် တူ၏၊ ခိုးသူနှင့် တူ၏၊ မချစ်မနှစ်သက်အပ်သော ဝတ္ထုဖြစ်၏ ဟူ၍ ဆဲဆိုရေရွတ်ကာ ရှုံ့ရှာ မုန်းတီး ကြပေလိမ့်မည်။

**ထိုမီးဓာတ်သည် အဘယ်က ရသနည်း** မီးဓာတ်ကို မုန်းတီးသဖြင့် ဆဲဆိုရေရွတ် ပြည့်တွန်လွှတ်နေသော မီးသည် အခြားတပါးက ကျရောက်သည်ဟု လောကလူများက ထင်မှတ်ကြလေသည်၊ ဓမ္မသဘာဝ အလိုအားဖြင့် – ဆဲဆို ရေရွတ်သူနှင့် ထိုမီးသည် အကြောင်းအကျိုးစပ်၍ ဆွေမျိုးဆက်လျှင်ထိုဆဲဆို ရေရွတ်သူ၏ ကံမှ, စိတ်မှ, ဥတုမှ, အာဟာရ အမှုတို့နှင့် မကင်းသော ကမ္မဇ ရုပ် ကလာပ်စည်း, စိတ္တဇ ရုပ်ကလာပ်စည်း,ဥတုဇ ရုပ်ကလာပ်စည်း, အာဟာရဇ ရုပ်ကလာပ်စည်း တို့မှ ရစည်း ပေါင်းစပ်၍ ဖြစ်လာသော တေဇောဓာတ် တေဇောသု တေဇောခဲ သသမ္ဘာရ ဓာတ် ဟူ၍ အဆောက်အဦနှင့် ပေါ်လာသော မီးပေဘဲဟု ဆင်ခြင် သိအပ်လှပေသည်၊ ထိုမီးကို ဆင်ခြင်လျှင် ရုပ်ကို ဖြစ်စေသော သမုဋ္ဌာန် မီးဆိုသည်မှာလည်း ကိုယ်မှာ လွှယ်လျက်သား ရှိပေသည်၊ ရုပ်ကို ပျက်စေသော သင်္ခါရမီး ဆိုသည်မှာလည်း ကိုယ်တွင် ထက်ချပ်ပါလျက်သား ဖြစ်ပေသည်ဟူ၍ သိနိုင်ကြလေသည်၊ ကမ္ဘာစကြဝဠာ လောကဓာတ်ကြီးကို ထူထောင်

သော မိုးသည်လည်း ဤမိုး ပင်တည်း၊ ကမ္ဘာစကြဝဠာ လောက ခေတ်ကို ချေမှုန်း ဖျက်ဆီးပစ်သော ကမ္ဘာဖျက်မိုး,ကမ္ဘာဖျက် ရေ, ကမ္ဘာဖျက်လေတို့မှာလည်း ဤမိုး အစုအစည်းပေတည်း။

**လောကမိုးစကြာ လည်ပုံ ဥပမာ** များစွာသော ဖွဲ့မိုး,ထင်းမိ, ကျောက်မိုး,ရေမိုး, လေမိုးတို့ဖြင့် ထောက်ပံ့၍ များစွာသော အင်ဂျင်မိုး ဒိုင်နမိုမိုး ဟူ၍ အသီးသီး ဖြစ်ကုန်၏၊ ထိုအင်ဂျင်,ဒိုင်နမိုမိုး က ထောက်ပံ့၍ များစွာသော မီးပု,မီးအေး,မီးပြိုင်ဟူ၍ ဖြစ်ကုန် ၏၊ ထိုမှဆက်၍ ထောက်ပံ့သဖြင့် များစွာသော မီးလုံး, မီးပွင့်, မီးချောင်း, မီးကြိုး, မီးပန်း, မီးဆန်းဟူ၍ အခန်းခန်း ပေါက်ပွါး ကြကုန်၏၊ ထို နောက်ဆုံး မီးဆက်ကို တဖန်ယူ၍ မူလမိုးပု ဖြစ် သော ထင်းမိုး, ဖွဲ့မိုး,ကျောက်မိုး,ရေမိုး,လေမိုး ပေါ်အောင် ယခု လူတို့ ဉာဏ်နှင့် ကြံစည်ဖန်တီး နေပြန်လေသည်။

**သင်္ခါရမိုးနှင့် သမုဋ္ဌာန်မိုး** ဇာတိရ လောက၌ ဖြစ်သော မိုးစကြာကဲ့သို့ပင် လူသတ္တဝါတို့၏ အဇ္ဈတ္တ လောကကို ဆင်ခြင် ကြည့်လျှင်—ကမ္မသမုဋ္ဌာန်မိုး, စိတ္တသမုဋ္ဌာန် မိုးတို့သည် များစွာ ထောက်ပံ့ ကျေးဇူးပြုသဖြင့် နေ,လ,နက္ခတ်,တာရာ,နိယာမဥတု မိုးဟူ၍ပေါ်လာ၏၊ ထိုနိယာမဥတုမိုးက ထောက်ပံ့ ကျေးဇူးပြု၍ များစွာသော မိုးပု,မိုးအေး,မိုးပြိုင်ဟူ၍ ဖြစ်ကုန်၏၊ ထိုမိုးအဆက် က ထောက်ပံ့ ကျေးဇူးပြု၍ များစွာသော မြေဥတု, ရေဥတု, လေဥတု, မိုးဥတုဟူ၍ အသီးသီး ဖြစ်ပွါးကုန်၏၊ ထိုဥတုဇ မိုးတို့က ကျေးဇူးပြု၍များစွာသော တောတောင် ရေမြေ သချင်္ဂျာ သစ်ပင် ချုံနွယ် မြက်ပယ်ဟူ၍ ဥတုဇရုပ်တို့သည် ပေါက်ပွါး ပြန်ကုန်၏၊ လူသတ္တဝါတို့၏ သွေးခေတ်,သားခေတ်, အရိုးခေတ် စသော ဥတုဇ မိုးတို့သည်လည်း ပွါးစည်း ကြကုန်၏၊ ထိုထို ဥတုဇမိုးပွါးတို့ဖြင့် လူသတ္တဝါတို့သည် ကမ္မသင်္ခါရ,စိတ္တသင်္ခါရ, ဥတုသင်္ခါရ အာဟာရ သင်္ခါရ ဟူသော မိုးစက်ဝန်းကြီး ကိုရင်း၊

ကမ္မသမုဋ္ဌာန်, စိတ္တသမုဋ္ဌာန်, ဥတုသမုဋ္ဌာန်, အာဟာရသမုဋ္ဌာန် ဟူသော မီးစကြာကြီးကိုလည်း တို့ခေါက် ပြန်လှည့်၍ ယာဉ် လုပ်စီး နေကြကုန်၏။

**မှတ်ချက်။** ။ဥတုဇ တေဇောဖြစ်ပုံ အခြင်းအရာကို အရင်း အမြစ်ကျကျ စိစစ်၍ နှလုံးသွင်းလျှင် အာဒိနဝဉာဏ် ထက်သန်စွာ ဖြစ်တတ်သည်၊ ဤနေရာ၌ ကျမ်းပြုဆရာ ဆောင်ပုဒ်တခု ပြု၍ သတိပေးလိုက်ချင်သည်။

## ဆောင်ပုဒ် လင်္ကာ

ဥတုဆောင်ရေ၊ အဘာရမြောက်၊ ကံ-သက်ရောက်၏၊ မိုဃ်းအောက် မြေပြင်၊ သို့နှင့်နှင့်တည်း၊ လူ့ခွင်လောက၊ ပစ္စယသမုဋ္ဌာန်၊ ကြောင်း,ကျိုး ဖန်၍၊ ရုပ်နာမ်ထင်ရှား၊ လူဖြစ်ပြားလည်း၊ မဘဲလေးပါးဆိုင်၊ ငါပိုင် မဟုတ်၊ ဖြုတ်,ချုပ် သဘော၊ သီတုဏှာတု၊ တေဇောပြုသည်၊ ဥတု ထောင်သား၊ အလားတည်း။ ။

ဤတွင်=

ဥတုအသိဉာဏ် ထူထောင်နည်းကဏ္ဍ

ပြီး၏။

# အာကာသဓာတ်ဥာဏ် ထုထောင်နည်းကဏ္ဍ

အာကာသ ဓာတ်၏ ပိုင်းခြားပုံ သဘောကို တိတိ ကျကျ ပြတ်ပြတ်သားသား မသိလျှင် ပညတ်နှင့် ပရမတ် ဤနှစ်ရပ်ကို ခွဲခြား သိမှတ်ရန် ခက်လှပေသည်၊ ပညတ်အသိ မစင်ပြန်လျှင်လည်း ဓာတ်ကြီး လေးပါးတို့ကို လေးပုံ, လေးစိတ် ဉာဏ်နှင့် တပါးစီ,တခြားစီ ခွဲသိရန် ခက်လှလေသည်၊ထို့ကြောင့် အာကာသ ဓာတ်ကို ရှေးဦးစွာ သိမှတ်လွယ်ရန် အခြေခံထား၍ ပြပေအံ့။

အာကာသဓာတ်ကို—

(၁) **အပေါက်အကြားပြသော အာကာသ သိမှတ်နည်း။**

(၂) **အနိုင်းအခြားပြုသော အာကာသ သိမှတ်နည်း။**

ဟူ၍ နှစ်မျိုးထား၍မှတ်ပါ။

## (၁) အပေါက်အကြားပြသော အာကာသဆိုသည်မှာ

**အချင်းချင်းခြားမှု အာကာသဓာတ်**

အပြိုင် အပြိုင် ဖြစ်ကုန်သော ရုပ်ကလာပ်စည်း တို့၏ အချင်းချင်းခြားမှု အာကာသကို အပေါက်အခေါင်း ထင်အောင်(တနည်း) အစပ်အကြား မြင်အောင် ခွဲခြား၍ ပြမည် ဖြစ်သောကြောင့် ပေါက်ကြား အာကာသ ဟူ၍မှတ်ပါ၊ ဥပမာ=ဓာတ်ကြီးလေးပါး ပေါင်းရကာ အမာခံ အထည်ခံ ဖြစ်အောင် အလွန် အစေ့အစပ် ကောင်းလှသော သံတိုင်, သံခဲ, ကျောက်တိုင်, ကျောက်ခဲ, သစ်တိုင်, သစ်တုံး တို့ကို အဆင့်ဆင့် ခွဲဖြတ် ကြိတ်ချေ လိုက်သည်ရှိသော် တတုံးစီ,တတစ်စီ,တပိုင်းစီ, တခြမ်းစီ, တစိတ်စီ, တစစီ, တသုပ်စီ,တခဲစီ,တမှုန့်စီ, တမွှားစီ, ဖြစ်ကုန်ရာ၏၊ ဤသို့အပြိုင်ဖြစ်ကုန်သော ရုပ်တို့၏ တခြားစီ, တပါးစီ,တမှုန့်စီ,တမွှားစီ, ကွဲပြားခြားနား သွားသည်ကို အပေါက်အကြား အာကာသထင်သည်ဟု ဆိုရသည်။

ထိုတွင်=တမှုန့်တည်း ကျန်သည်ကို ကြိတ်ချေ ပြန်လျှင်လည်း အမှုန့်အမှုန့် အမွှားမွှားဟူ၍ ကွဲပြားမှု ရှိသေး၏၊ ထိုအမှုန့် အမွှား တခုတည်း၌ ပင်လည်း=ရုပ်ကလာပ် အများအပြားပင် ရှိသေး၏၊ ထိုရုပ်ကလာပ်စည်း တို့၏ အကြားတခုနှင့် အကြား တခုသည် အာကာသ ခြားလျက် ရှိသည်ဟု သိအပ်၏၊ ဤကဲ့သို့ ရုပ်ကလာပ် အကြား,အကြားကို သိမြင်၍ အာကာသ ဉာဏ်ဝင်သော အခါ ရေထာရေဓာ မြူမှုန်၌လည်း အာကာသပေါင်း များစွာ,တစ္ဆာ ရီ မြူမှုန်၌လည်း အာကာသ ပေါင်းများစွာ, အဏုမြူ၌ပင်လည်း အာကာသဓာတ် ပေါင်းများစွာ, နောက်ဆုံး ပရမာဏုမြူ တိုင် အောင် ဆင်ခြင်သောအခါ ပရမတ် သက်သက် ဖြစ်သော ရုပ် ကလာပ်တွေ လောကဓာတ်နှင့် အဝှမ်း တင်းကြမ်း အပြည့်ထိ စပ်လျက် ဘုတ်အဆက်ဆက် ဖြစ်နေသည်ကို ကလာပ်ဉာဏ် ကုန်စင်အောင် မြင်နိုင်ပေ၏။

**အရောင်အရိပ်**
**ပရမတ်များ**

နေရောင်, လရောင်, ကြယ်ရောင်, မီးရောင်, စိန် ရောင်, မြရောင်, ပတ္တမြားရောင်, လျှပ်ရောင်တို့ သည် ပရမတ်ရုပ် ကလာပ်စည်းတွေ ဖြစ်လေသည်၊ လူရိပ်, သစ်ရိပ်, အိုးရိပ်, အိမ်ရိပ်, နေရိပ်,လရိပ်, တောရိပ်, တောင်ရိပ်, မိုးရိပ်, တိမ်ရိပ်တို့ သည်လည်း ပရမတ် ရုပ်ကလာပ်တွေပင် ဖြစ် သည်၊ထိုမှတပါး တောင်လေ,မြောက်လေ, အရှေ့လေ,အနောက် လေ, အထက်လေ, အောက်လေတို့သည်၎င်း၊မိဃ်းသံ, လေသံ, တောသံ, တောင်သံ, လူသံ, ငှက်သံ, သံကြိုးသံ, ကြေးနန်းသံ, ဗိုင်ယာသံ တို့သည်၎င်း ပရမတ် ရုပ်ကလာပ်တွေပင်း ဖြစ်လေ သည်။

ထို၍ ထိုမှု ပရမတ် ရုပ်ကလာပ်တွေ တင်းကြမ်း အပြည့် တည်ရှိသည်ဟူ၍ ရုပ်ကလာပ်စည်းဉာဏ် ယူသည်နှင့် အမှုပင် အာကာသမြင်သော ဉာဏ်သည်လည်း မကွေမကွာ အသိလိုက် ပါလျက် ရှိတတ်ပေသည်၊အဘယ့်ကြောင့် ဆိုသော်=ရုပ်ကလာပ်

စည်း တို့သည်ပင်း ခေတ်လေးပါး တရားတို့သည်ပင်း ရှုဆင်ခြင် အပ်သော တရားဖြစ်၍ အာကာသဓာတ် တရားသည် ဓမ္မတာ သဘောအားဖြင့် အလိုအလျောက် ပေါ်လာ, ထင်လာ, မြင်လာ, ဉာဏ်ပါလာသော တရားဖြစ်သောကြောင့်တည်း။

**လက်တွေ့မျက်မြင်အားဖြင့်** အဆင်း, အနံ့, အသံ, အမှောင်, အရောင်, အလင်း ဟူသော ပရမတ် ရုပ်ကလာပ်များ ထည်း၌ အာကာသရှိပုံ သိသာရန်မှာ=အမှောင်ရုပ် ကလာပ်သည်လည်း တပိန်းတည်း ပိတ် နေခွင့်မရှိ၊ အလင်းရုပ် ဝင်လိုလျှင်လည်း ထွန်းလင်း၍ ဝင်နိုင်သော အာကာသ အကြားသည် ရှိ၏၊အလွန် နက်မှောင်သော ရေရုပ်ကလာပ် သည်ပင်လည်း ခေတ်မီးနှင့် ထိုးကြည့်လျှင် ဖေါက်မြင်ရသော အာကာသ အပေါက်အကြား ရှိ၏၊ ထိုရေအေးရုပ် ကလာပ်ထုကို မီးပူနှင့် ထိုးဖေါက်သော အခါလည်း အပေါက်အကြား ပေါ်၍ ရေပူလာရ၏၊ အလွန် မာကြောသည် ဆိုသော သံတုံး, သံခဲရုပ်တို့၌ မီးပူ ရုပ်ကလာပ် ဝင်လိုကလည်း သံတွေမီးခဲ ရဲရဲငြိတွဲအောင် ဝင်နိုင်၏၊ သံတွေခဲ ရဲရဲငြိမီးကို အအေးရုပ် ဝင်လိုပါကလည်း ရေချလျှင် အလွယ် တကူပင် အအေးဝင်ခွင့်ရ၏၊ ဤသည်တို့ကား=ရုပ်ကလာပ်တွေ တင်းကြမ်း အပြည့်ကြပ်၍ မည်မျှပင် စုစည်း ပေါင်းစပ် ထားပါ သော်လည်း အာကာသဓာတ် နေရာ၌ အာကာသ ခြားလျက် ရှိသည်ကို ထင်ထင်လင်းလင်း မြင်သာအောင် ပရမတ် အာကာသ ပေါက်အောင် ပြဆိုလိုက်သော သာဓကတို့တည်း။ ထို့ကြောင့် အနှစ်သာရရှာသော ပုဂ္ဂိုလ်တို့ အတို့၌ကား အနှစ်သာရ အဖြာ အမာခံ ဟူ၍ မြဲမှုမရှိဟူ၍ နှလုံးသွင်းမှတ်ကြလေသည်။

## (၂) အပိုင်းအခြားပြသော အာကာသ ဆိုသည်မှာ

**လက္ခဏာကိရိယာ** ရှေး၌ ရှေး၌ ဖြစ်ကုန်သော ရုပ်ကလာပ်ဟောင်း **အမူအရာမျှသာ** တို့၏ အဆုံးစွန်နှင့် နောက်မှ နောက်မှ ဖြစ်ကုန် သော ရုပ်ကလာပ်သစ်တို့၏ အစစွန်း ခြားရာ၌ ခပ်သိမ်းသော

ရုပ်တရားနာမ်တရားတို့ မည်သည့် ကိရိယာမျှသာဖြစ်ကြကုန်၏၊ အမူအရာမျှသာ ပြကြကုန်၏၊ လက္ခဏာမျှသာ ထင်ကြကုန်၏၊ သဘောမျှသာ ဆောင်ကြကုန်၏၊ ပြိုးပြိုး ပျောက်ပျောက် ပျက်ကြကုန်၏၊ ထိုထို နောက်နောက် ဖြစ်ကြကုန်၏၊ ထိုမျှသော ကိရိယာ တမျိုး တမျိုးသည် ရုပ်တမျိုး တမျိုးဒေပတည်း၊ အမူအရာတမျိုး တမျိုးသည် ရုပ်တမျိုး တမျိုးပေတည်း၊ လက္ခဏာ တခုခုသည် ရုပ်တခု တခုပေတည်း၊ သဘော တလုံးလုံးသည် ရုပ်တလုံး တလုံးပေတည်း၊ ထိုထို သို့သော ထွေထွေ ရာရာတို့၏ အကြား အကြား၌ ပရိစ္ဆေဒ အာကာသ ဓာတ်သည် ခြားမြဲပေတည်း။

ဤ၌ အပိုင်းအခြား ပြုသော အာကာသသည် နောက်ကပြဆို ခဲ့သော အပေါက်အကြား ပြသော အာကာသကဲ့သို့ ရုပ်ကလာပ် တခုနှင့် တခု အကြားကို ခြားနား၍ အပေါက်အကြား ထင် အောင် ယူရသည် မဟုတ်ဘဲ တဆက်တည်း, တနွယ်တည်း, တစဉ်တည်း ဖြစ်နေသော သန္တတိအစဉ် ရုပ်တခု၌ အဆက် မပြတ် ဖြစ်နေသော ရုပ်ကလာပ် အဟောင်း အသစ်တို့၏ ရှေးအမူနှင့် နောက်အမူ ရှေ့ကိရိယာနှင့် နောက်ကိရိယာ ရှေ့ လက္ခဏာနှင့် နောက်လက္ခဏာ နှစ်ပါး၏ မတူကွဲပြားပုံကို သိသာ ရန် ပိုင်းခြား ယူရလေသည်၊ ဤသို့ ပိုင်းခြားရာ၌ နိမိတ်, သဏ္ဌာန်, ဒြပ်, ဝဏ္ဏတို့ကို မရှုဘဲ ပြောင်းလဲ ဖြစ်ပေါ်သော အမူအရာ လက္ခဏာကို သာလျှင် ပိုင်းခြားယူရသည် ဖြစ်သောကြောင့် ပထဝီ, အာပေါ, တေဇော, ဝါယောတို့၏ ရုပ်အမူအရာ ပိုင်းခြား ပုံကို အာကာသဖြတ်တတ်ရန် ပုံစံနှင့် ဥပမာ ပြလိုက်အံ့။

**ပထဝီဓာတ်၌ အာကာသ ရုပ်ဖြစ်ပုံ** ဖယောင်းတုံးသည် ခက်ထန် မာကြော၍ မီးပြသောအခါ နူးညံ့ ပျော့ပြောင်း သွား လေသည်၊ ဤသို့ ခက်ထန် မာကြောသော ရှေ့ရုပ် အမူအရာနှင့် နူးညံ့ ပျော့ပြောင်းသော နောက်ရုပ် အမူအရာနှစ်ခုသည် တမျိုးစီ ကဲ့သို့ ခြားနားလာသောကြောင့်—

(က) **ခက်မာ ပထဝီ ရုပ်ကလာပ်ပိုင်း။**
(ခ) **နူးညံ့ ပထဝီ ရုပ်ကလာပ်ပိုင်း။**

ဟူ၍ ခြားနားကာ ပြောဆိုရလေသည်၊ ဤသည့် အဖြစ်ကား ပထဝီဓာတ်ကို အာကာသ ပရိစ္ဆေဒရုပ် ပြုသောကြောင့် ပထဝီ အာကာသဟု ခေါ်၍၊ ပထဝီဓာတ်၏ လက္ခဏာ ခြားနားချက်ကို ယူ၍ ခက်မာရုပ်, နူးညံ့ရုပ် ခေါ်ဝေါ်ရအောင် ရုပ်ဖြတ်ပေးလိုက်သည် ဟူ၍ ဆိုလိုသည်။

ဆောင်ပုဒ်=နူးညံ့,ခက်မာ၊ ကိရိယာ၊ နှစ်ဖြာ မြေဓာတ်စဉ်။

**အာပေါဓာတ်၌ အာကာသရုပ်ဖြစ်ပုံ** ဖယောင်းတုံးသည် အတောင့်သဏ္ဌာန်နှင့် တကွ ပျော့စည်း စေးကပ် ဖုံးဖိတ်ပတ်ထား၏၊ မီးနှင့် အရည်လင်အောင် ကြိုချက်သောအခါ သက်လျော ယိုစီးသော သဏ္ဌာန် ပြောင်းသွားလေသည်၊ ဤသို့ ပျော့စည်း စေးကပ်သော ရှေ့ရုပ် အမှုအရာနှင့် သက်လျောယိုစီးသော နောက်ရုပ် အမှုအရာနှစ်ခုသည် တမူစီကဲ့သို့ ခြားနားသောကြောင့်–

(က) **ပျော့စည်း အာပေါ ရုပ်ကလာပ်ပိုင်း။**
(ခ) **ယိုစီး အာပေါ ရုပ်ကလာပ်ပိုင်း။**

ဟူ၍ ခြားနားစွာ ပြောဆိုရလေသည်၊ ဤသည့် အဖြစ်ကား= အာပေါ ဓာတ်ကို အာကာသ ပရိစ္ဆေဒရုပ် ပြုသောကြောင့် အာပေါ အာကာသ ရုပ်ဟုခေါ်၍၊ (ဝါ)အာပေါဓာတ်၏ အမူ ခြားနားချက်ကို ယူ၍ ပျော့စည်းရုပ်,ယိုစီးရုပ်ဟု ခေါ်ဝေါ် ပြောဆိုရအောင် ရုပ်ဖြတ် ပေးလိုက်သည် ဟူ၍ ဆိုလိုသည်။

ဆောင်ပုဒ်=ပျော့စေး,စီးယို၊ နှမ်ပါးကို၊ ခေါ်ဆိုရေဓာတ်စစ်။

**ဝါယောဓာတ်၌ အာကာသဖြစ်ပုံ** ဖယောင်းတုံးသည် ဇိုညှပ် ရပ်ယှု ဆွဲငင် တတ်သော သတ္တိတခုကြောင့် ထောက်ကန်နေ၏၊ ထို ဖယောင်းတုံးကို မီးပြသောအခါ ထောက်ကန်မှုမှ လှုပ်ရှားမှု သတ္တိဖြစ်လာလေ၏၊ ဤသို့ ထောက်ကန် ထားတတ်သော ရှေ့ရုပ်

ကိရိယာနှင့် လှုပ်ရှား သွားတတ်သော နောက်ရုပ် ကိရိယာတို့သည် ခြားနားသောကြောင့်—

**(က) ထောက်ကန့် ဝါယော ရုပ်ကလာပ်ဗိုင်း။**

**(ခ) လှုပ်ရှား ဝါယော ရုပ်ကလာပ်ဗိုင်း။**

ဟူ၍ ခြားနားကာ ပြောဆိုရလေ၏၊ ဤသည့် အဖြစ်ကား= ဝါယောဓာတ်ကို ပရိစ္ဆေဒရုပ် ပြုသောကြောင့် ဝါယော အာကာသ ရုပ်ဟုခေါ်၏၊ (ဝါ)ဝါယောဓာတ်၏ ကိရိယာ ခြားနားချက်ကို ယူ၍ ထောက်ကန့်ရုပ်, လှုပ်ရှားရုပ်ဟု ခေါ်ဝေါ်ပြောဆိုရအောင် ရုပ်ဖြတ်ပေးလိုက်သည် ဟူ၍ ဆိုလိုသည်။

ဆောင်ပုဒ်=ထောက်ကန့်,လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ် ခြားလေဘော်စစ်။

**တေဇောဓာတ်၌ အာကာသ ဖြစ်ပုံ** ဖယောင်းတိုးသည် ရေအေး, လေအေးနှင့် တွေ့ထိသောအခါ တင်္ကိန်ကိန် အေး၏၊ နေပူ, လေပူနှင့် တွေ့ထိသောအခါ တင်္ကိန်ကိန်ပူ၏၊ ဤသို့ ရှေ့ရုပ် အမူအရာနှင့် နောက်ရုပ် အမူအရာတို့သည် မတူသလို ကွဲလွဲသောကြောင့်—

**(က) သီတ တေဇော အအေးရုပ် ကလာပ်ဗိုင်း။**

**(ခ) ဥဏှ တေဇော အပူရုပ် ကလာပ်ဗိုင်း။**

ဟူ၍ ခြားနားကာ ပြောဆိုရလေသည်၊ ဤသည့် အဖြစ်ကား= တေဇော ဓာတ်ကို အာကာသ ပရိစ္ဆေဒရုပ် ပြုသောကြောင့် တေဇော အာကာသရုပ်ဟု ခေါ်၏၊ (ဝါ)တေဇောဓာတ်၏ အမူအယာ ခြားနားချက်ကို ကောက်၍ အအေးရုပ်,အပူရုပ်ဟု ခေါ်ဝေါ် ပြောဆိုရအောင် ရုပ်ဖြတ်ပေးလိုက်သည် ဟူ၍ ဆိုလိုသည်။

ဆောင်ပုဒ်=အေးမှု, ပူမှု၊ ဤနှစ်ခု၊ ခေါ်မှုဗီးဘော်စစ်။


**နဲ့၌ မှန် လမ်းမှန် ပြင်ဆင် ပြောဟောရန်** ဓာတ်ကြီးလေးပါးကို ပရိစ္ဆေဒ ရုပ်ပြုဆိုရာ ဖြစ်သော အာကာသအခဏ်း၌ သွင်း၍ ပထဝီ အာကာသရုပ်, အာပေါ အာကာသရုပ်, ဝါယော

အာကာသရုပ်, တေဇော အာကာသရုပ် ဟူ၍ ပြဆိုသည်ကို အဆန်း မထင်သင့်ပေ၊ ယခုအခါ များစွာသော ပုဂ္ဂိုလ်တို့သည် ကလာပ်ခြားသော အာကာသဓာတ်ကို လက်ဦး မဖေါက်ပြဘဲ ခက်မာ, နူးညံ့၊ ယိုစီး, ပွဲစေး၊ထောက်ကန်,လှုပ်ရှား၊ ပူမှု, အေးမှု ဟူ၍ လက္ခဏာ နှစ်ပါးစီ တွဲ၍ ဓာတ်ဖေါက်ပြန်ပုံ လက္ခဏာဟူ၍ ပြောဟော ပြသနေကြလေသည်၊ အမှန်မှာ သင်္ခတ ရုပ်ဖေါက်ပြန်ပုံ လက္ခဏာ အဖြစ်သာလျှင် ပြောဟော ပြသသင့်ပေသည်။

ဤခက်မာ နူးညံ့ စသည်အားဖြင့် လက္ခဏာနှစ်ပါးစီ ခွဲပြသော နည်းမှာ လယ်တီ ဆရာတော်ဘုရားကြီး အစပဌမ တည်ထွင်သော နည်းဖြစ်ပေသည်၊ လယ်တီဆရာတော်၏ ဘာဝနာဒီပနီတွင် ကြည့်လျှင် အာကာသ ဖေါက်ပြီးမှသာလျှင် ဖေါက်ပြန်သော သင်္ခတ ရုပ်အဖြစ်နှင့် ပြသည်ကို တွေ့ရလေသည်၊ **သတိပြုဘွယ်ကောင်းသည့်အချက်မှာ**=ဖေါက်ပြန်သော ပရမတ်အရာကို ပြလိုလျှင် သင်္ခတရုပ်ကို ကလာပ်ခြား၍ ပြခြင်းက သင့်ပေသည်၊ မဖေါက်ပြန်သော ပရမတ်အရာကို ပြလိုလျှင် ဓာတ်အဖြစ်နှင့် ပြခြင်းက သင့်ပေသည်၊ အဘယ်ကြောင့် ဆိုသော် ရုပ်သဘောနှင့် ဓာတ်သဘော ခွဲခြား မပြောတတ်လျှင် သဘောမနော အသိဉာဏ် အလွန် ဆင်းရဲသည့်ပြင် ဉာဏ်မှန် မရောက်ဘဲ ဖေါက်ဖေါက် ပြန်ပြန် ဖြစ်တတ်သောကြောင့်တည်း။

ဆောင်ပုဒ်=တွေတွေရာရာ၊ ပိုင်းခြားပါ၊ အာကာဓာတ်အစဉ်။
ပေါက်ကြား, ပိုင်းခြား၊ ဤနှစ်ပါး၊ ခြားနားမှုဘိ ကုန်လင်။
အာကာသမြင်၊ သူကိုပင်၊ ခေါ်တွင် ဝိဇ္ဇာခေတ်။


အာကာသ ဓာတ်ဉာဏ်ထူထောင်နည်းကဏ္ဍ ပြီး၏။



## ပညတ် အာကာသ ပိုင်းခြား ထင်ပုံကား

(ရှုစ်သေဖြစ်၍ ဤပုံစံနှင့်မှတ်ပါ)

အထက်ပါပုံ၏ ပတ်ဝန်းကျင်တွင် ဟင်းလင်းအပြင် အာကာသရှိသောကြောင့် အဘယ်ပုံသဏ္ဍာန်ဟူ၍ ပိုင်းခြားနိုင်သည်၊ ပိုင်းခြားသိရန်အ ရှေးကမြင်တွေ့ဘူးသော သဏ္ဍာန်ကို စွဲ၍ စေတီ, ထီး, မကိုဋ်, တန်ဆောင်း, ပြာသာဒ်,တလား, လောင်တိုက်ဟု ထင်မှားတတ်သည်။ အတွင်းသားကို ထိုးဖေါက်ကြည့်လျှင် ဝလုံး အကွက်အချရာတွေကို မြင်လိမ့်မည်၊ ဝလုံး အစုအပုံဟု ပြောနိုင်သည်မှာ ဝ တလုံးနှင့် တလုံး အကြားတွင်အာကာသရှိသောကြောင့် ဖြစ်သည်၊ ရုပ်ဝတ္ထုမှန်သမျှ ဤကဲ့သို့ အပေါက်အကြား ရှိသောကြောင့် အရေမြို့ကလာပ်တိုင်အောင် ပိုင်းခြားနိုင်သည်။ ဝလုံးသည် သဏ္ဍာနပညတ် ဖြစ်၍ ပရမတ်မဟုတ်သေး။ပရမတ် အာကာသသိရန် ဝလုံးကို ဖယောင်းလုံး သညာ ထား၍ တဘက်စာမျက်နှာတွင် ပြထားသော စက်ဝိုင်းကိုကြည့်ပါ။




## ပရမတ် အာကာသ ပိုင်းခြား မြင်ပုံကား

ရုပ်ရှင်ဖြစ်၍ ဤစက်ဝိုင်းနှင့် မှတ်ပါ

မြေ့, ရေ, လေ, မီး ဓာတ်ကြီး လေးပါးသည် မိမိသဘောကို မိမိ ဆောင်ရာမှာ ဖေါက်ဖေါက် ပြန်ပြန် မဟုတ်ကြသောကြောင့် ပရမတ် ဓာတ်စစ်ဟုခေါ်၏။ (အတွင်း မြှားလေးစင်းနှင့် မှတ်ပါ) ထိုပရမတ် ဓာတ်စစ်သည် မိမိသဘော မိမိဆောင်ရာတွင် ရှေးရှေး ဖြစ်သော ရုပ် ကလာပ်နှင့် နောက်နောက်ဖြစ်သော ရုပ်ကလာပ်တို့၏ စပ်ကြားမှဝင်၍ နှိုင်းယှဉ်သောအခါ ရှေးနှင့်နောက် အသွန်-အယုတ်, အနုံ့အသန့်, ဟူ၍ ခြားနားမှု ရှိတတ်လေသည်။ (အတွင်း မြှားသွားရှစ်ဘက်ကို ကြည့်ပါ) ထိုသို့ ခြားနားစွာ ပြောင်းလဲ ဖေါက်ပြန်ရခြင်း အကြောင်း ရင်းမှာ အပူအအေး ဥတုကြောင့်ဖြစ်၏။ (စက်ဝိုင်းအထက် လုံးခြမ်း နှင့် အောက်လုံးခြမ်း နှစ်ခု ပိုင်းခြား ကြည့်ပါ) ဖယောင်းလုံးကို လက်တွေ့ မျက်မြင်စမ်းသပ်ပါက ဤပုံစံအတိုင်း ရုပ်လက္ခဏာ ပိုင်းခြားပုံ ဓာတ အာကာသဖြတ်ပုံကို အပြန်အလှန်မြင်ရမည်။

# ဓာတ်ခန္ဓာ အသိဉာဏ် ထုထောင်နည်းကျမ်း
# ပထဝီ သမ္ဘာရ ဓာတ်ခွဲခန်း

လူတို့၏ သန္တာန်တွင် ပထဝီ ဟူသော သမ္ဘာရဓာတ် ၂၀-ရှိသည်၊ ပထဝီ အခြင်းအရာ ၂၀-ဟူ၍လည်း ခေါ်သည်၊ ထိုပထဝီဓာတ် ၂၀-ကား—

၁ **ကေသာ** = ဆံပင် (နှစ်ကုဋေငါးသိန်း)
၂။ **လောမာ** = အမွေး (ကိုးသောင်းကိုးထောင်)
၃။ နခါ = ခြေသည်း လက်သည်း(နှစ်ဆယ်)
၄။ ဒန္တာ = သွား (သုံးဆယ်နှစ်ချောင်း)
၅။ တစော = အရေထူ အရေပါး
၆။ မံသံ = အသား (သားဆိုင်ကိုးရာ)
၇။ နှာရု = အကြော (ကိုးရာခြောက်ဆယ်)
၈။ အဋ္ဌိ = အရိုး (သုံးရာ)
၉။ အဋ္ဌိမိဉ္ဇံ = ရိုးတွင်း ချဉ်ဆီ
၁၀။ ဝက္ကံ = အညို့ (သရက်သီး ၂-လုံးပြူးနှင့်တူ)
၁၁။ ဟဒယံ = နှလုံး (မနောဓာတ်တည်ရာ)
၁၂။ ယကနံ = အသည်း နှစ်မြွာ
၁၃။ ကိလောမကံ = အမြှေး (ဖုံး-မဖုံး ၂-မျိုးရှိ)
၁၄။ ပိဟကံ = အဖျဉ်း(သရက်ရွက်ဟုဆို)
၁၅။ ပပ္ဖါသံ = အဆုတ် (အသားခဲ ၃၂-ခုတွဲ)
၁၆။ အန္တံ = အူမ (နှစ်ဆယ့်တခွေ)
၁၇။ အန္တဂုဏံ = အူသိမ် (အူသေး အူနု)
၁၈။ ဥဒရိယံ = အစာသစ် (ဝါးဘတ်အစာဝ)
၁၉။ ကရီသံ = အစာဟောင်း (ကျင်ကြီးအဝ)
၂၀။ မတ္ထလုင်္ဂံ = ဦးနှောက်(သားဆိုင် ၄-ခု)

ဟူ၍ လူ့ခန္ဓာကာယ၌ ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရား လေးပါးကြောင့်၊ စတုဇ ပထဝီရုပ် အဆောက် အဦဖြစ်၍ ရရှိအပ်ကုန်၏၊ ရေတွက်လျှင်ကား ၂၀-ထက် ပိုလွန် ၍ ရကုန်သေး၏၊ ဤကား=ဒေသနာဒေသာ အလာဘည်း။

ဖြစ်ဆဲ ဖြစ်ကုန်သော ပဝတ္တိကာလ၌ကား= ထို ပထဝီရုပ် ၂၀-တို့တွင် အစာသစ် အရုန္နှင့် အစာဟောင်း အရုပ်ဟူသော ပထဝီ ရုပ် ၂-ခုသည် ဥတုအပူ အငွေကို လိုက်၍ "**ခက်မာမှု နူးညံ့မှု**" ဟူ သော အခြင်းအရာ လက္ခဏာ ၂-ပါးစီ ရအပ်ကုန်၏၊ ကြွင်းသော ပထဝီရုပ် ၁၈-ပါးတို့သည် ကံပူ ကံအေး, စိတ်ပူ စိတ်အေး, ဥတုပူ ဥတုအေး, အာဟာရပူ အာဟာရအေးတို့ကို လိုက်၍ ခက်မာမှု နူးညံ့မှု ဟူသော အခြင်းအရာ ၂-ပါးစီ ရအပ်ကုန်၏။

**၁—ဆံပင်**=ဆံပင်သည် ဦးခေါင်း အရေပြား၌ စပါးမွေးများ ခန့် အမြစ်တွယ်လျက် တည်၏၊ အရေအတွက် အားဖြင့် နှစ်ကုဋေ ငါးသန်းကျော် ရှိသည်ဟု ဆိုလေသည်။

**၂—အမွေး**=အမွေးသည် မျက်မုံး, မျက်တောင်, နှုတ်ခမ်း, မေးဖျား, ချိုင်းကြားစသော ဌာနတို့၌ အမြစ် တွယ်လျက်တည်၏၊ အရေအတွက်အားဖြင့် ကိုးသိန်း ငါးသောင်းကျော် ရှိသည် ဆို လေသည်၊ ထိုမှတပါး ခြေဘဝါး, လက်ဘဝါးနှင့် ဆံပင်ပေါက် ရာ ဌာနများကို ချန်လှပ်၍ ကိုယ်အလုံး အရေပြားပေါ်၌ ကညစ် ချေး ခန့်မျှ အမြစ်တင်လျက် တည်သော မွေးညှင်းပေါင်း များစွာ ရှိကုန်သေး၏။

**၃—ခြေသည်း, လက်သည်း**=ခြေသည်း, လက်သည်းတို့သည် ခြေချောင်း လက်ချောင်း အဖျားတို့၌ ငါးကြင်းကြေး သဘွယ် တည်၏ အရေအတွက် အားဖြင့် နှစ်ဆယ် ရှိလေသည်။

**၄—သွား**=သွားတို့သည် အထက်, အောက် မေးရိုးနှစ်ခု တို့၏ အကြား၌ အရိုးတွင် ပြောင်းဖူးစေ့ အမြစ်တွယ်သကဲ့သို့ တည်၏

သွားပြည့်ရုံသော သူတို့တွင် အရေအတွက် အားဖြင့် ၃၂-ချောင်း မပိုမယုတ် ရှိလေသည်။

**၅—အရေထူ အရေပါး**=အရေထူသည် အခေါက်ကဲ့သို့ ထူ၍ ကိုယ်အသုံးကို ရစ်ပတ်၍ တည်၏၊ ဖြူသော အဆင်းရှိ၏၊ ထို အရေထူပေါ်၌ ကြက်သွန်မြွေးကဲ့သို့ တည်သော အရေပါးသည် အလွန်ပါး၍ မှန်ကဲ့သို့ ကြည်လင်၏၊ ၎င်းအရေပါးကို ကိုယ်အလုံး မှ ခွါ၍ လုံးသော ဇီးစေ့ခန့် မျှသာ ရှိ၏၊ အထူးထူးသော အရောင် အဆင်း ရှိ၏။

**၆—အသား**=အသားသည် အရေထူ အရေပါးတို့၏ အတွင်း ဘက်၌ အရိုးကို လိမ်းကျံသော အင်္ဂတေ မြေ ဆိုင်ကဲ့သို့ အရိုးကို လိမ်းကျံလျက် တည်၏၊ အရေအတွက် အား ဖြင့် အသားဆိုင် ကိုးရာ ရှိလေသည်။

**၇—အကြော**=ထိုအကြောတို့သည် (၁) ကြောမကြီးများနှင့် (၂) အာရုံကြောများ ဟူ၍ ၂-မျိုး ရှိလေသည်။

(၁)ကြောမကြီး များသည်=ကိုယ်နံရံကို ဖွဲ့ချည် အပ်သော ကြိမ်နွယ်ကဲ့သို့ အရိုးများ တခုနှင့် တခု တခြားစီ မနေရအောင် ကြောမကြီးပေါင်းကိုးရာတို့ဖြင့်ဆိုင်းတွယ်ဖွဲ့ချည်လျက် တည်၏။

(၂)အာရုံကြော များသည်=အရသာကို ဆောင်သော အလုပ် ဖြင့် အသားနှင့် အရိုးကြားတွင် အကြောပေါင်း ခုနစ်ထောင် ဖြန့် ချည်လျက် တည်၏။

**၈—အရိုး**=အရိုး တို့သည် အရေထူ အရေပါး, အသား အကြောတို့၏ အတွင်းဘက်၌ ကိုယ်အိမ်တို့ကို အမာခံပြုသော တိုင်ကဲ့သို့ အရိုးပေါင်း သုံးရာတို့ဖြင့် အမာခံ ပြု၍ တည်၏။

၉—**ရိုးတွင်းချင်ဆီ**=ရိုးတွင်း ချင်ဆီသည် ဝါးကြည့်တောက်၌ ထည့်အပ်သော ကြိမ်ညွှန့်နှင့် သဏ္ဌာန်တူစွာ ရှည်သော အရိုးတို့၏ အတွင်း၌ ဖြူသော အဆင်းဖြစ်၍ တည်၏။

**၁၀—အညှို့**=အညှို့သည် ရေမျိုမှ သက်သော အကြော၏ အဆုံး နှလုံးသားကို ခြံရံလျက် ရိုးတံ တည့်ာတည်း၌ သရက်သီး နှစ်လုံးပွတ် သီးသကဲ့သို့ အသားဆိုင်နှစ်ခု ပွတ်၍တည်၏၊ ဇဥ်း ငယ် နီသော အဆင်းရှိ၏။

**၁၁—နှလုံး**=နှလုံးသည် သားမြတ် နှစ်ခု၏ အလည်ရင်ချိုင့် အတွင်းရှိ အညှို့နှစ်ခု၏ အကြား၌ နီသော အဆင်းဖြစ်၍တည်၏၊ တည်ရှိပုံ သဏ္ဌာန်မှာ=ပဒုမ္မာ ကြာဖူး အပေါ်ပတ်ကို ခွါ၍ စောက်ထိုး တွဲလွဲ ဆွဲထားသော ကြာငုံ ဖူးကဲ့သို့ တည်၏။

ပညာရှိသော သူတို့၏ နှလုံးဘူးသည် အဖူးဘိတိနှင့် ဇဥ်း ငယ် ပွင့်ယောင်ရှိ၏၊ ပညာမဲ့သူတို့ နှလုံးဘူးသည် အငုံဖြစ်လျက် အဖူး ချွန်ယောင် ရှိ၏၊ နှလုံးဘူး၏ အပြင်အပ သဏ္ဌာန်သည် ပြေပြစ် ချောမော၍ အတွင်း၌ သပွတ်သီး အူကဲ့သို့ ရှုတ်ထွေး၏။

ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ နေရာ မျှလောက်သော အခေါင်းရှိ၏၊ ထိုအခေါင်း၌ တလက်ဆွမ်း၏ ထက်ဝက်မျှလောက်သော သွေးသည် အပြည့်ဖြစ်လျက် တည်၏၊ စိတ် စေတသိက်တို့၏ တည်ရာ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ် သည်လည်း ထိုနှလုံး သား၏ အတွင်း၌ပင် တလက်ဆွမ်း၏ ထက်ဝက်မျှလောက်သော သွေးကို မြန့်နှံ၍တည်၏။

ထို နှလုံးသွေး၏ အရောင်အဆင်းမှာ= မနောဓာတ်, မနော ဝိညာဏဓာတ်ကို လိုက်၍ အောက်ပါအတိုင်း အရောင်အဆင်း အမျိုးမျိုး ပြောင်းလဲ ကုန်သေး၏။

(၁) ရာဂစရိုက် ပြောသူအား နီသောအဆင်း။
(၂) ဒေါသစရိုက် ပြောသူအား မည်းသောအဆင်း။
(၃) မောဟစရိုက် ပြောသူအား သားဆေးရည်အဆင်း။

(၄) ဝိတက်စရိုက် ပြောသူအား ကုလားပဲပြုတ်ရည်အဆင်း။
(၅) သဒ္ဓါစရိုက် ပြောသူအား မဟာလှေခါးပွင့်အဆင်း။
(၆) ပညာစရိုက်ပြောသူအား မဏိဇောတ ပတ္တမြားအဆင်း ကဲ့သို့ အရောင် ထင်ကုန်၏။

**၁၂—အသည်း**=အသည်းသည် သားမြတ် နှစ်ခုတို့၏ အကြား လက်ျာ နံပါးကို မှီလျက် တည်၏၊ သဏ္ဌာန် အားဖြင့် အလယ်ဟွင် ကဲ့သော ယောက်သွား နုံးကဲ့သို့ (**ဒေနည်းအားဖြင့်**) ကသစ်ရွက်နှင့် သဏ္ဌာန်တူ၍ ဖျော့တော့တော့ နီသော အဆင်း ရှိ၏။

ထိုအသည်းသည်=ဒိုက်မဲ့သူ၏ အသည်းကား=အကွဲမရှိ တခု ထည်းသာ ဖြစ်တည်၍ ကြီး၏၊ လိမ္မာသူတို့၏ အသည်းကား= နှစ်ခု သုံးခု ကွဲတည်၍ သေးငယ်၏။

**၁၃—အမြှေး**=အမြှေးသည် (၁) ဖုံးလွှမ်းတတ်သော အမြှေး (၂) မဖုံးလွှမ်းတတ်သော အမြှေးဟူ၍ နှစ်မျိုးရှိ၏။

(၁) ဖုံးလွှမ်းတတ်သော အမြှေးသည်=ချက်၏ အထက်အရပ်၌ နှလုံးသားနှင့် အညှို့ကို ဖုံးလွှမ်း၍ တည်၏၊ သားတစ်ကို ရစ်ပတ်သော အဝတ်ကဲ့သို့ ရှိ၏။

(၂) မဖုံးလွှမ်း တတ်သော အမြှေးသည်= ကိုယ်အလုံးတို့၌ အရေ၏ အောက်ရှိအသားတို့ကို အမြှေးရက်၍ တည်၏။

**၁၄—အဖျဉ်း**=အဖျဉ်းသည် အလျား ခုနစ်သစ် ရှည်သော နွားလျှာနှင့် တူသည် ဖြစ်၍ နှလုံး၏ လက်ဝဲနံပါး၌ အစာသစ် အိမ်၏ အထက်ပိုင်းကို မှီ၍ အစာသစ် အိမ်၏ လျှာသဘွယ် ဖြစ်၍ တည်၏၊ သရက်ရွက် ဟူ၍လည်း ခေါ်၏။

**၁၅—အဆုတ်**=အဆုတ်သည် အညှို့ နှလုံးနှင့် အသည်းကို ဖုံးအုပ်လျက် တွဲလျားလျား တည်၏၊ အရုတ်နီခဲ အကျိုးတို့ကို ရုပ်ပုံ ထားသကဲ့သို့ အသားတုံးငယ် သုံးဆယ်နှစ်တုံးကို ရထားသော

အသားလွှာကြီး ဖြစ်သည်၊ ကုလားအုပ် ဆောင်းထပ် ဟူ၍လည်း ခေါ်၏။

**၁၆–အရှုမ**=အရှုမသည် အတွန့်အားဖြင့် နှစ်ဆယ့်တပတ် ခွေလျက် လည်ချောင်းပေါက်မှ ဘင်ဝတိုင်အောင် တွယ်ကပ်လျက်တည်၏၊ ယောကျ်ားအရှုသည် သုံးဆယ့်နှစ်တောင် ရှည်၍ မိန်းမအရှုသည် နှစ်ဆယ့်ရှစ်တောင် ရှိ၏၊ ထို့ကြောင့် မိန်းမကို အရှုတိုမျိုး ဟူ၍ ဆိုကြသည်။

**၁၇–အရှုသိမ်**=အရှုသိမ်သည် အရှုမကြီး အတွင်း၌ အစာ အာဟာရ တို့မှ ဖြစ်သော ရသ ဓာတ်ဆီတို့ကို စုပ်ယူတတ်သော အခေါင်းရှိသော အကြောမျိုးပင် ဖြစ်သည်။

ထို အရှုသိမ် အရှုငယ်တို့သည်=ခြေသုတ် ဖုံ ဖြစ်သော ကြိုးဝန်း၏ အကြား အကြား၌ ချုပ်၍ ထားသော အပ်ကြိုးကဲ့သို့ နှစ်ဆယ့် တပတ် ခွေသောအရှုမကြီး၏ အတွန့်တို့၌ တည်၏။

**၁၈–အစာသစ်**=အစာသစ် အိမ်သည် ရေမိုပုဆိုးကို အစွန်း နှစ်ဘက်ကိုင်၍ ညှစ်သော အခါ၊ ခါးလည်မှ အဖုထနေသကဲ့သို့ အရှုမနှစ်ဆယ့် တတွန့်၏ အလည် ဖေါင်းပွနေသော နေရာ၌ တည်၏၊ ထိုနေရာကိုပင် အစာသစ်အိမ်ဟု ခေါ်သည်၊ သံကောင် အစ ရှိသော သုံးဆယ့်နှစ်မျိုးသော ပိုးကောင်တို့သည် အိုးအိမ်ယာ တည်ထောင်၍ နေကြကုန်၏။

ထိုအစာသစ် အိမ်၌=ဝါးမျို အပ်ပြီးသောအခါ အာဟာရတို့သည် ခွေးအံ့ဖတ် ကဲ့သို့ အချဉ်ပေါက်၍တည်၏၊ ထို အစာသစ် အိမ်တခု၏ ခိုင်မာတည်တံ့မှုကို ဥတုတပါးတည်းက ချယ်လှယ် ပြုပြင်သောကြောင့် ဥတုဇ ပထဝီရုပ်ဟု ဆိုရ၏။

**၁၉–အစာဟောင်း**=အစာဟောင်းသည် အစောက်ရှစ်သစ် မျှရှိသော ဝါးကျည်တောက်၌ အပြည့်အနှက်သိပ်ထည့် ထားအပ်

သော မြေမှ ညက်ကဲ့သို့ အရှမ၏ အဆုံး၌ မစင်ကျင်ကြီး ဖြစ်၍ တည်၏။

ထိုအစာဟောင်း အိမ်အရာ၏ ရှိငမာတည်နေမှုကို ဥတုတပါးတည်းက ချယ်လှယ် ပြုပြင်သောကြောင့် ဥတုဇ ပထဝီချပ်ဟု ဆိုရ၏။

၂၀–ဦးဏှောက်=ဦးဏှောက်သည် ဘူးအုံ၌ ထည့်အပ်သော ပိုးညက်ခိုင် သဏ္ဌာန်ကဲ့သို့ ဦးခေါင်းခွံ အတွင်း၌ ချုပ်ကြောင်းလေးခုံကို မှီ၍ တည်သော ချင်ဆီအရပင် ဖြစ်သည်။

**ပထဝီသမ္ဘာရကောဋ္ဌာသ ၂၀–ကို ပွါးစီးလျှင် အခြင်းအရာ ၂၃၆–ပါး ဖြစ်ခြင်း**

ဆိုအပ်ကုန်ပြီးသော ဆံပင်, အမွေး, ခြေသည်း လက်သည်းစသည် ပထဝီဓာတ် အဆောက်အဦ ၂၀ တို့သည် (၁) ကက္ခဠလက္ခဏာ အားဖြင့် ခက်မာမှု လွန်ကဲခြင်း (၂) မုဒုလက္ခဏာ အားဖြင့် နူးညံ့မှု လွန်ကဲခြင်း ဟူ၍ လက္ခဏာ ၂-ပါးစီ ဖြစ်သင့်သည်အတိုင်း ပွါးစီးလျှင် ပထဝီခြင်းရာ ၄၀ ဖြစ်လာလေသည်။

ဤသို့ ခက်မာမှု, နူးညံ့မှု လက္ခဏာ ၂-ပါးဖြင့် ပွါးစီးသော ပထဝီခြင်းရာ ၄၀-တို့သည် (၁) အအေး အကြောင်းခံသဖြင့် အအေးနှင့် ဆက်ဆံ၍ ပြောင်းလဲမှု (၂) အပူအကြောင်း ခံသဖြင့် အပူနှင့် ဆက်ဆံ၍ ပြောင်းလဲမှု ဟူ၍ ၂-ပါးစီ ရှိသင့်သည့်အတိုင်း ပွါးစီး ယူပြန်သောအခါ ပထဝီခြင်းရာ ၈၀-ဖြစ်လာလေသည်၊ ဤကား သမားဆရာတွေ သိအပ်သော အချက်တည်း။

အထက်ပါ ပွါးစီးပြီးသော ပထဝီဓာတ် အခြင်းအရာ ၈၀–ကို ပထဝီချပ် ဘုတ်အဆက်ဆက်ဖြစ်စေကြောင်း သမုဋ္ဌာန် ကံ,စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါးဖြင့် ဆင့်ခြင်သောအခါ ပထဝီဓာတ် အခြင်းအရာ ၂၈၀-ပါး ဖြစ်သည်ကို အောက်ပါ အတိုင်း သိကြပါကုန်။

| | | ကမ္မဇ မြေ | စိတ္တဇ မြေ | ဥတုဇ မြေ | အာဟာရဇ မြေ | | ပေါင်း |
|---|---|---|---|---|---|---|---|
| ဆံပင် | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အမွေး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| ခြေသည်းလက်သည်း | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| သွား | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အရေထူ,အရေပါး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အသား | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အကြော | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အရိုး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| ရိုးတွင်းဆီ | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အညှို့ | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| နှလုံး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အသည်း | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အမြှေး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အဖျဉ်း | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အဆုတ် | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အူမ | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အူသိမ် | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| အစာသစ် | = | | | ၄ | | = | ၄ |
| အစာဟောင်း | = | | | ၄ | | = | ၄ |
| ဦးနှောက် | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| ပေါင်း— | | ၇၂ | ၇၂ | ၈၀ | ၇၂ | = | ၂၉၆ |

## ပထဝီဓာတ် အခြင်းအရာ ပြုပြင်နည်း

### ဥပဒေသ

၁။ အပူကြောင့် ခက်မာအခု, ခက်မာအမှု လွန်လျှင်—
အအေးအကြောင်းခံ၍ နူးညံ့ပထဝီ ဖြစ်အောင်ပေး။

၂။ အအေးကြောင့် နူးညံ့အစု, နူးညံ့အမှု လွန်လျှင်=
အပူအကြောင်းခံ၍ ခက်မာပထဝီ ဖြစ်အောင်ပေး။

၃။ အပူကြောင့် နူးညံ့အစု, နူးညံ့အမှု လွန်လျှင်=
အအေးအကြောင်းခံ၍ ခက်မာပထဝီ ဖြစ်အောင်ပေး။

၄။ အအေးကြောင့် ခက်မာအစု, ခက်မာအမှု လွန်လျှင်=
အပူအကြောင်းခံ၍ နူးညံ့ပထဝီ ဖြစ်အောင်ပေး။

၅။ အာရုံနေရာ၊ ဆေးအစာ၊ လေးဖြာညီမျှရေး။
ကံ စိတ် ဥ ဟာ၊ ကြောင်းလေးဖြာ၊ ကြိုရာ ထိုက်ရာပေး။
ပြုပြင်လိုရှု၊ ဤထုံးယူ၊ ခေတ်တူ နာမ်ဘက်ဆေး။

## ပထဝီဓာတ်အခြင်းအရာ ပေါင်းစည်းလျှင် ရသတပါး,ထင်တချက်သာရှိခြင်း

လူတို့၏ ခန္ဓာကိုယ်၌ သမုဋ္ဌာန် လေးပါးကြောင့် ရအပ်သော ပထဝီဓာတ် အဆောက်အဦ ၂၀-ကို **ခက်မာမှု,နူးညံ့မှု** ဟူသော လက္ခဏာ ၂-ပါး၊ **အပူ,အအေး** ဟူသော အကြောင်းခံ ၂-ပါး၊ **ကံ စိတ် ဥတု အာဟာရ** ဟူသော သမုဋ္ဌာန် ၄-ပါးတို့ဖြင့် ပွါးစီးသောအခါ ပထဝီဓာတ် အခြင်းအရာ ၂၉၆-ပါးဖြစ်သည်၊ ထို ပထဝီ အခြင်းအရာ ၂၉၆-ပါးကို ခေတ်ဉာဏ်အားဖြင့် ပေါင်းစည်း ဆင်ခြင်လျှင်—

ပထဝီဓာတ်သည်=ရုပ်ကို မတုန်စေခြင်း,ရုပ်ကို မလှုပ်စေခြင်း, ရုပ်ကို မရွေ့စေခြင်း, ရုပ်ကို မပြောင်းစေခြင်း, ရုပ်ကို ငြိမ်သက်စေခြင်း, ရုပ်ကို တည်တံ့စေခြင်းဟူ၍ ရုပ်တို့ကို မတုန်, မလှုပ်, မရွေ့, မပြောင်း, ငြိမ်သက်,တည်တံ့စေခြင်းတည်းဟူသော ပတိ ဋ္ဌာန ကိစ္စရှိ၏။ ကိစ္စဟူသည်မှာ ရသပင်တည်း။ (**တည်စေခြင်း ရသတပါးသာလျှင်တည်း**)

ပထဝီခေတ်သည်=ရုပ်ကို အထက်သို့ မတက်ရအောင် ခံလင့်ခြင်း,ရုပ်ကို အောက်သို့ မသက်ရအောင် ခံလင့်ခြင်း,ရုပ်ကိုလက်ဝဲသို့ မရောက်ရအောင် ခံလင့်ခြင်း, ရုပ်ကို လကျာသို့ မရောက်ရအောင် ခံလင့်ခြင်း, ရုပ်ကို ရှေ့သို့ မရောက်ရအောင် ခံလင့်ခြင်း, ရုပ်ကို နောက်သို့ မရောက်ရအောင် ခံလင့်ခြင်း ဟူ၍ ရုပ်တို့ကို ထက်အောက် သက်တက် ဝဲယာ ရှေ့နောက် မရောက်စေခြင်းငှါ ခံလင့်၍ ထားသကဲ့သို့ ထင်ခြင်းလျှင် သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန် ရှိ၏။ **(ခံလင့်ခြင်း တချက်သာလျှင်တည်း)**

(ကျက်မှတ်ရန် ပထဝီခေတ် ဆောင်ပုဒ်)

**နိုင်မာသောင့်တင်း၊ ကြမ်းတမ်းခြင်း၊ အမြဲမင်းလက္ခဏာ။**
**မလျှင်မခေါင်း၊ မရွှေ့ပြောင်း၊ တည်ကြောင်း ကိစ္စပါ။**
**ဝဲယာရှေ့နောက်၊ ထက်နှင့်အောက်၊ မရောက်ပစ္စုသာ။**
**ဓိဓိကြွင်းရ၊ ခေတ်သုံးခု၊ နီးစွာ ပဒဋ္ဌာ။**

ပထဝီသမ္ဘာရ ခေတ်ခွဲခန်း ပြီး၏။

(မှာထားချက်။) သမ္ဘာရ ခေတ်ခွဲခန်း တို့တွင် ပညတ် နှင့် ပရမတ် မကွဲခဲ့သော် အောက်ပါဇယားနှင့် ခွဲပါ။

| ပညတ် သမ္ဘာရ ခေတ်ရုပ် | ပရမတ် အကြောင်းခေတ် | ပရမတ် အကျိုးခေတ် လက္ခဏာ |
|---|---|---|
| ပထဝီ ၂၀ | စတုဇ တေဇော | ခက်မာ,နူးညံ့ |
| အာပေါ ၁၂ | ။ | ဖွဲ့စည်း,ယိုစီး |
| တေဇော ၄ | ။ | အပူ,အအေး |
| ဝါယော ၆ | ။ | ထောက်ခံ,လှုပ်ရှား |

# အာပေါ သန္တာရ ဓာတ်ခွဲခန်း

လူတို့၏ သန္တာန်တွင် အာပေါဓာတ် အခြင်းအရာ ဟူသော အာပေါ သန္တာရဓာတ် ၁၂-ပါးရှိသည်၊ ထိုဓာတ် ၁၂-ပါးကား—

၁။ ပိတ္တံ = သည်းခြေ (၅-မျိုးရှိသည်)
၂။ သေမှံ = သလိပ် (၅-မျိုးရှိသည်)
၃။ ပုဗ္ဗော = ပြည် (တေဇောလောင်မှု)
၄။ လောဟိတံ = သွေး (၂-မျိုးရှိသည်)
၅။ သေဒေါ = ချွေး (ချွေးပေါက်မှယို)
၆။ မေဒေါ = အဆီခဲ (ကိုယ်လုံးပြန့်နှံ့)
၇။ အဿု = မျက်ရည် (မျက်စိမှယို)
၈။ ဝသာ = ဆီကြည် (ချွေးစေးဟုဆို)
၉။ ခေဠော = တံတွေး (ပါးစောင်မှယို)
၁၀။ သိင်္ဃာဏိကာ = နှပ် (နှာမှယို)
၁၁။ လသိကာ = အစေး (ရိုးဆက်ကြား၌ရှိ)
၁၂။ မုတ္တံ = ကျင်ငယ် (ဆီးအိမ်မှယို)

ဟူသော အခြင်းအရာ ၁၂-ပါးသည် သတ္တဝါတို့၏ ခန္ဓာကိုယ် ပဋ္ဌက ဖြစ်ကြီး၌ လိုအပ်သောအခါ ဖွဲ့စည်းခြင်း, စေးကပ်ခြင်း,ဖုံးဖိတ်ခြင်း, ပတ်ဖွဲ့ခြင်း ဟူသော အာပေါဓာတ် လက္ခဏာဖြင့် ကျေးဇူးပြု၏၊ မလိုအပ်သောအခါ ပြောင်းပျော့ခြင်း, သက်လျော့ခြင်း, ယိုစီးခြင်း, ဟူသော အာပေါဓာတ် လက္ခဏာဖြင့် ကျေးဇူးပြု၏။

ဤသို့သော လက္ခဏာ ၂-ပါးဖြင့် သတ္တဝါတို့၏ ရူပကာယ ရုပ်ကောင် ကြီးကို တနေ့တခြား တလတပါး တနှစ်တသား

ကြီးပွါး ပေါင်းပွ စည်ပင် သာယာလာအောင် အာပေါခေတ်၏ ကိစ္စရသကို့ဖြင့် ခေတ်အပေါင်းတို့ကို ရပေါင်းချီးမြှင့် ပေးနေ သည်ကို အမှန်အတိုင်း မြင်အပ်ကုန်၏။

အာပေါခေတ် ပြဆိုရာ အခဏ်း၌ ဆိုစရာတွေ အလွန်များလှ ၏၊ ထိုဆိုစရာ များသည် ရှေးက ရှေးက ပေါ်ခဲ့သော ဆေးကျမ်း တွေ ဆိုသကဲ့သို့ ထပ်၍ ဆိုလိုခြင်းမဟုတ်ပေ၊ ဆေးဆရာတွေ ချန်ကျော်သွားသော အရေးပါသည့် ခေတ်ဉာဏ်ပုတွေ ဖေါ်ပြ ရမည့် တာဝန်တွေ များသည်ဟု ဆိုလိုသည်။

ဉာဏ်ဆိုသည်မှာ=သာသနာပ နှင့် သာသနာတွင်း ဉာဏ် သည် အလွန် ထူးခြားသည်၊ ပညတ်ဉာဏ် အထုအထယ်နှင့် သကပ်ဂုဏ်, ဒြပ်ဂုဏ်, ပေါ်အောင် ခေတ်ဉာဏ် တင်ယူသော ဉာဏ်သည် သာသနာပတည်း၊ ပရမတ်ဉာဏ် အကျဉ်းအကျယ် ဖြန့်၍ ဌာန်လေးချက် ညီအောင် ပေါင်းစည်း သင့်ဖိုဟ် ယူတတ် သော ဉာဏ်သည် သာသနာတွင်းတည်း၊ ဤဆေးကျမ်းသည် သာသနာတွင်း ဆေးကျမ်းအဖြစ်ဖြင့် စီစဉ် ရေးသားသည်ကို သိနိုင်ကြပေသည်။

သာသနာတွင်း ဉာဏ်မှာလည်း=ဝိပဿနာ အလုပ်ခွင် မဝင် သေးမီ ကျက်စားသော ဉာဏ်သည် ချန်ကျော် တတ်၏၊ ပညာ ကြွင်းကျန်တတ်၏၊ ဝိပဿနာ အလုပ်ခွင် ဝင်ပြီးမှ ကျက်စား သော ဉာဏ်သည် မချန်ကျော်တတ်၊ အကြွင်းမရှိသော ပညာ (သုညတ, အနိမိတ္တ, အပဏိဟိတ) ဖြစ်အောင် ကြိတတ်, ကြည့် တတ်, မြင်တတ် ကြကုန်၏။

သာသနာတွင်း၌ ခေတ် ၄-ပါး, ခေတ် ၅-ပါး, ခေတ် ၆-ပါး တို့ကို ပေါက်ကြ ရောက်ကြပါ၏၊ သုတမယ, စိန္တမယ, အနုဗောဓ အသိနှင့် ပေါက်သော ခေတ်သည် ပရမတ် အတ္တသာလျှင် သိမြင် များကုန်၏၊ ဥပမာ=ကေသာ, လောမာ, နခါစသည်တို့ကို ၃၂-ပါး

သော ကောဋ္ဌာသ အဖုအဝေး အဖြစ်နှင့်ရင်း၊ ၄၂-ပါးသော အခြင်းအရာ အဖြစ်နှင့်ရင်း သသမ္ဘာရဓာတ် အဖြစ်နှင့်ရင်း သိကြကုန်၏။

ထိုသိုသိနည်းတို့မှာ=ဥပမာ သည်းခြေဓာတ်သည် အိမ်နှင့် ဖွဲ့အပ်သော ဗဒ္ဓသည်းခြေ,အိမ်နှင့်မဖွဲ့အပ်သော အဗဒ္ဓသည်းခြေ ဟူ၍ နှစ်မျိုးရှိသည်၊ သလိပ်သည် ဖြစ်ချဲ၍ တကွမ်းစား တစ လယ်ခန့် ရှိသည်ဟူ၍သာ သိကြကုန်၏၊ အာပေါဓာတ်ဟူ၍ မသိ ကြ၊ အာပေါဓာတ်ဟူ၍ သိပြန်ပါလည်း အဆောက်အဦနှင့် ဖြစ် သော အာပေါဓာတ်(သသမ္ဘာရပညတ်) ကိုသာ သိကြကုန်၏၊ အခြင်းအရာဟူ၍ မသိကြ၊ အခြင်းအရာ အာပေါဓာတ်ဟု သိကြ ပြန်ပါလည်း မည်သို့ အခြင်းအရာ ဖြစ်သည်ကို အာပေါဓာတ် ၏ လက္ခဏာ ဆိုက်အောင် မသိမြင်ကြကုန်။

လက္ခဏာဆိုက်အောင် မသိသော ကောဋ္ဌာသအဖု(သသမ္ဘာ ရ ပညတ်)ကို ပေါက်ရောက် ခြင်းကြောင့် ဈာန်လမ်းကို ယူပြီး ဖြဟ္မာကြီး အဖြစ်ကို ရည်မှန်းလျှင်ကား ဆိုစရာ မလိုတော့ချေ၊ ယခုဆိုပြနေခြင်းမှာ ဆေးပညာလမ်းဖြင့်ကာမဘုံမှနေပြီး ထိပ်ချွန် တပ်ခါ တုံးစည်စံလျက် နိဗ္ဗာန်ဝင်လိုသော ပုဂ္ဂိုလ်တို့ အတွက်သာ ဆိုပြနေခြင်း ဖြစ်၍ လက္ခဏာ အာပေါကို သိဘို့လိုပေသည်။

သည်းခြေ, သလိပ် ဟူသော အာပေါဓာတ် (သသမ္ဘာရ ပညတ်)ကို ရှု၍ အသက် အပိုင်းကို ဆေးကုခြင်း,ရုပ် အစိတ် အပိုင်းကို ဆေးကုခြင်းဟူသော အာယုဗ္ဗေဒဆရာ, မိန္ဒောဆရာ, အနောက်တိုင်း ဆေးဆရာများလည်း ဆိုစရာမလိုချေ၊ ဓာတ်ကို ဆေးကုသည် ဟူသော ဓာတ်ဆရာတို့ အတွက်''အရင်း ကြီး သလောက် အရှုံး မထွက်ရန်'' ဆိုလိုခြင်း ဖြစ်သည်၊ ''ပရမတ် ဖေါက်ပြန် တယူသန် လားရန်အမိ''ဟု ဆိုစကားရှိသည်မဟုတ် ပါလော၊ အရင်း ကြီးသလောက် ကြေးကြီးကြီး ဖိနိုင်ရန် အဆောက်အဦ အဖြစ်ဖြင့် သိနေသော အာပေါဓာတ်ကို အခြင်း

အရာ အဖြစ်နှင့် ဖေါက်ပြန်သောရုပ်, မဖေါက်ပြန်သောဓာတ် ဆိုက်အောင် သိမှတ် ဆင်ခြင် ပွါးများ စေလိုသည်။

## ၁။ သည်းခြေ အခြင်းအရာ

သည်းခြေ ဓာတ်သည် သတ္တဝါတို့ သန္တာန်၌—

၁။ အအိမ်ဖြင့် ဖွဲ့တည်သော ဗဒ္ဓသည်းခြေ။

၂။ ကိုယ်အလုံး ပြန့်နှံ့တည်သော အဗဒ္ဓသည်းခြေ

ဟူ၍ နှစ်မျိုး ရှိလေသည်။

၁။ ဗဒ္ဓ သည်းခြေသည်=နှလုံး အဆုတ် တို့၏ အကြား၌ အသည်းကိုမှီ၍ လက်ခုပ်သီး အခွံ သဏ္ဌာန်နှင့် **ဓာနည်း**=သပွတ်ခါးသီး အခွံသဏ္ဌာန်နှင့် တူသော သည်းခြေအိမ်တွင်း၌ သစ်မည်ဖူဆီနှင့် တူသော သည်းခြေရည် ရှိ၏၊ ထိုဗဒ္ဓသည်းခြေ ပျက်လျှင် သတ္တဝါတို့ ရူးသွပ်သော အဖြစ်သို့ ရောက်တတ်သည်။

၂။ အဗဒ္ဓ သည်းခြေသည်=ဆံပင်, အမွေး, ခြေသည်း, လက်သည်း,သွားနှင့်ခြောက်ထပ်သော အရေထူ အရေပါး အရပ်များကို ချန်လှပ်၍ ကိုယ်အလုံး ပြန့်နှံ့ကာ ဆီပေါက်ကို ရေတွင်ချသကဲ့သို့(**ဥပမာဘာဟုံ**။)ခုံ့ယှက်၌ ပြန့်နှံ့စွာတည်သော ဆီကဲ့သို့ ပန်းရည်အဆင်း ဖြစ်၍ တည်၏၊ ဤသည်းခြေ နှစ်ပါးကား ဒေသနာတော် ကျမ်းများ အလာတည်း။

သည်းခြေဆိုလျှင် ခါးသော ဗဒ္ဓသည်းခြေ အိပ်ကိုသာ သိကြသည်၊ ခါးသော သည်းခြေအိပ် တမျိုးမျိုးကို ဆောင်၍ ဆေးပေးသူတို့ကို များစွာ တွေ့ရသည်၊ ခါးသော သည်းခြေကို သိရုံမျှနှင့် ဆေးကုညဏ် မလုံလောက်ချေ (ဘော ပသာဒ၊ လောဟိတ၊ ဇီဝ သည်းခြေသုက်။ တကိုယ်လုံးမှာ၊ ပြန့်နှံ့ပါ၊ ကျမ်းလာအမှန်ထုတ်) ဟူသည်အတိုင်း တကိုယ်လုံး၌ ပြန့်နှံ့တည်သော သည်းခြေကို နေထားတကျ သိမှ ဆေးပေးကုနိုင်ရသည်၊ ထိုသည်းခြေများမှာ—

၁။ မျက်နက်ဝန်းနှ တည်သော လောစက သည်းခြေ။
၂။ အစာသစ်အိမ်၌ တည်သော ရဉ္စက သည်းခြေ။
၃။ နှလုံးအိမ်၌ တည်သော သာဓက သည်းခြေ။
၄။ ဝမ်းမီးအိမ်၌ တည်သော ပါစက သည်းခြေ။
၅။ ကိုယ်ရေ၌ ပြန့်နှံ့တည်သော ဘာဇက သည်းခြေ။

ဟူ၍ ၅-ပါးရှိလေသည်၊ ထိုသည်းခြေများသည် (ထက် ပူ ချဉ် စပ် အရသာ)ရှိ၍ တည်ရာဌာန, အလုပ်ကိစ္စ, ကျေးဇူးပြုပုံ, သတ္တဂုဏ် ဆောင်ပုံတို့ကို ဘေသဇ္ဇမဉ္ဇူသာကျမ်း၌ အကျယ် ဆိုလေသည်၊ သည်းခြေ ဓာတ်၏ အလွန် အယုတ် အပျက်နှင့် ကဲလွန်ပုံ,ခန်းခြောက်ပုံ,ပွါးများပုံ စသည်တို့ကို ရှေးဆေးကျမ်း ကြီးများ၌ မိန့်ဆိုကြပုံမှာ အလွန်စိတ်ဝင်စားဘွယ် ကောင်းလှ၏၊ ထိုသည်းခြေ ဓာတ်များကို ဤကျမ်း၌ ရုံအောင် ဖေါ်ပြနေရန် တာဝန်မရှိလှ၊ ဆေးပူဆေးစပ်ကို ရှေးဟောင်း ရသေ့ဆေးကျမ်း များတွင် အပေး သန်သည်မှာ ဤသည်းခြေ ဓာတ်ကို အားပေး ခြင်း ဖြစ်သည်ကို ဓာတ်ကြီးကိုင်သောဆရာအချို့ ယခုတိုင်အောင် မသိကြ၊ ထို့ကြောင့် သိသာရန် ပြဆိုလိုက်သည်။

ဤကျမ်း၏ တာဝန်မှာ=သည်းခြေကို သည်းခြေအဖြစ်,သည်း ခြေ ဓာတ်တပါး အနေပြု၍ လောကီဗျာန်ရ ရသေ့များ ညာဏ် ထိုင်သွားသော ထိုသည်းခြေသည် ဘုရား ပွင့်တော်မူသောအခါ အာပေါဓာတ်၏ အခြင်းအရာမျှသာ ဟူ၍ ဒေသနာ ပြုတော်မူလေ သည်၊ ၎င်းဒေသနာတော်ကို မှီ၍ သည်းခြေသည် ယိုစီးမှု,ဖွဲ့စည်း မှု ဟူသော အာပေါဓာတ် လက္ခဏာ ဆိုက်အောင် ပြသရန် တာဝန် ရှိလေသည်။

ယခုအခါ ဒေသနာဆရာ, ဓာတ်ဆရာအချို့သည် ဘုရားရှင်၏ ဒေသနာတော်ကို အားကိုး၍ ရှေးဟောင်းမဇ္ဈိမတိုင်း ဆေးကျမ်း

ကြီးများကို ရသေ့ကျမ်းများ ဟူ၍ ဝိုင်းပယ်ထားချင်ကြသည်၊ မိမိတို့ ကိုယ်တိုင် ဘုရားရှင်၏ ဒေသနာတော်အတိုင်း အာပေါ ဓာတ် လက္ခဏာ ဆိုက်အောင် သည်းခြေ၏ဂုဏ်, ကိစ္စ, ဝိပါက, ကျေးဇူးပြုပုံကို မသိဘဲ ရသေ့ကျမ်းများကို အရမ်းပယ်လျှင် ပယ် သူတို့မှာပင် ဘုရားရှင်၏ မဂ်ဖိုလ်လမ်းသို့လည်း မဝင်ရောက်၊ ရသေ့များ၏ ဈာန်လမ်းကိုလည်း မပေါက်ရောက်ဘဲ ဈာန်မဂ်ဖိုလ် တရား ခန်းခြောက်ရန်သာ ဖြစ်ချိမ့်မည်။

ထိုလောကီ ဈာန်ရ ရသေ့များ မည်မျှ သိကြပါသနည်း ဆို သော်=သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ရှိသော ဓာတ်အပုကို သလိပ်, သည်းခြေ,လေဟူသော ဒေါသ ၃-ပါးသို့ သွင်း၍ ပေါင်းစည်း မြင်တတ်ကြသည်၊ (၁)ရူပါရုံကို ကြည်ကြည်လင်လင်, ထင်တတ်, မြင်တတ်, ခေါ်တတ် သည်မှာ လောစက သည်းခြေဓာတ်၊ (၂) ပါဏလေက ဆောင်ပို့လာသော ရသာဓာတ်ရည်ကို သွေး ဓာတ်ဖြစ်အောင် အနီရောင် ဆိုးပေးသည်မှာ ရဉ္စက သည်းခြေ ဓာတ်၊ ရဉ္စက သည်းခြေ ဓာတ်ရည်သည် အစာသစ် အိမ်သို့ ရောက်လာသော အစာများကို ခွေးအံပတ်ပမာ ဖြစ်အောင် ချဉ်သော အရသာ မီးဖြင့် အချဉ်ဖေါက်၍ ချေချက်သည်။ (၃) အောက်မေ့ခြင်း, သတိရှိခြင်း,ရဲရင့်ခြင်း, တတ်သိခြင်း, မာန ကြီးခြင်း တို့သည် သာဓက သည်းခြေ ဓာတ်၊ (၄) ဝမ်းမီးအိမ်မှာ တည်၍ အစာသစ် အိမ်က အချဉ် ဖေါက်ပြီးသော အစာဘတ် များကို စပ်သော အရသာဖြင့် ပေါင်းနွေး ချေချက်သည်မှာ ပါစက သည်းခြေဓာတ်၊ (၅) အရေထူ အရေပါးတို့၌ ပြန့်နှံ့၍ ထွန်းလင်းစေသည်မှာ ဘာဇက သည်းခြေဓာတ်၊ ထိုဓာတ် ၅-ပါး တို့သည် သုဋ္ဌာနမှ သုကိစ္စ အသီးသီး ပြုလုပ်တတ်ပုံတို့ကို ဓာတ် တပါး အနေဖြင့် ဖေါ်ပြသည်ကို တွေ့ရသောအခါ ယခုခေတ် လူများ ငါမြင်,ငါသိ,ငါတတ်,ငါပြု,ငါလှဆိုသည်နှင့် မကွာခြား ပါလော၊ ဈာန်ရရသေ့များက သည်းခြေအလုပ်တွေ ဖြစ်သည်ဟု

ဆိုသည်၊ ချောသည်လှသည်မှာလည်း ဘာဇက သည်းခြေက-ပြုသည်ဟု ဆိုလေသည်။

## ၂။ သလိပ် အခြင်းအရာ

သလိပ်သည်=လူတို့၏ လည်ချောင်း ရေမျိုအောက်အတွင်းရှိ အစာသစ်အိမ်၏ အတွင်း၌ အစာအာဟာရတို့ကို ဖုံးလျက်(**ဥပမာ အားဖြင့်**) ရေပြင်ကို ရေညှိ လွှမ်းသကဲ့သို့၎င်း၊မှော်ဖုံး အုပ်သကဲ့သို့၎င်း၊ ဖုံးအုပ်လျက် တည်၏။

ထိုအခါ အာဟာရကို ဖုံးအုပ်လျက် တည်သော သလိပ်ပြင်သည် အစောက် နှစ်သစ်မျှသော စလယ် ကွမ်းစားခန့် ရှိသည် ဖြစ်၍ မစင်ပွင်းနှင့် တူသော အစာဟောင်း အိမ်တို့မှ ဆိုးဝါးသော အပုပ်အနံ့များ ထွက်မပြုသာအောင် ဖုံးပိတ်ထားသည်နှင့် တူ၏၊ အစာအာဟာရကို မျိုသောအခါ မှော်ပြင်ကို ခွဲကျသကဲ့သို့ သလိပ်ပြင်သည် ကွဲ၍ ပြန်စေ့မြဲ စေ့နေ၏။

သလိပ်ပျက်ခြင်း, သလိပ်နည်းပါးခြင်း ဖြစ်သော် အောက်မှ မကောင်းသော အနံ့တို့သည် လှန်တက် တတ်ကုန်၏၊ ထိုသလိပ်ပြင်သည် သနပ်သီး အစေးကဲ့သို့၎င်း တမာစေး ကဲ့သို့၎င်း ဖြစ်၍ အရသာအားဖြင့် (**ချို ငံ အေး လေး**)၍ ပုလောင်တတ်သည်၊ တမဂုဏ်နှင့် ပြည့်စုံသည်ဟု ရှေးဆေးကျမ်းကြီးများ၌ ပြောဆိုကုန်၏။

ထိုသလိပ်ပြင် သိရုံမျှနှင့် ဆေးကုညာဏ် မလုံလောက်ချေ။ သလိပ်များ၏ ဌာနအားလျော်စွာ ကျေးဇူး ပြုကြပုံကို သိအပ်သည်။

၁။ ဦးခေါင်း၌ တည်သော **တပ္ပက သလိပ်**။
၂။ လျှာရင်း၌ တည်သော **ဗောဓက သလိပ်**။
၃။ ရင်ခေါင်း၌ တည်သော **အဝလမ္ဗက သလိပ်**။

၄။ အစာသစ်အိမ်၌ တည်သော **ကိလေဒက သလိပ်**။
၅။ ရိုးဆက်,အဆစ်ကြား၌တည်သော **သိလေသက သလိပ်**။
ဟူ၍ သလိပ် ၅-ပါး ရှိလေသည်။

၁။ ဦးခေါင်းပိုင်း၌ မျက်စိ, နား, နှာ, လျှာ,ကိုယ် ဟူသော ဣန္ဒြေရုပ်များကို တပ္ပက သလိပ်သည် အဆီအစေးဖြင့် ဝစ္စာကျွေးမွေး ထောက်ပံ့၍ ဖွဲ့စည်းမှု,ယိုစီးမှု လက္ခဏာနှစ်ပါးဖြင့် ကျေးဇူး ပြုနေလေသည်။

၂။ ချို,ချဉ်,ငံ,စပ်,ဆိမ့်,ခါး,ဖန်ဟူသောရသာ၆-မျိုးကိုခွဲခွဲခြားခြား သိသာရန် ဗောဓက သလိပ်သည် လျှာရင်းမှ စောင့်၍ ဖွဲ့စည်းမှု,ယိုစီးမှု လက္ခဏာနှစ်ပါးဖြင့် ကျေးဇူး ပြုနေလေသည်။

၃။ ရင်ခေါင်း၌ တည်သော အဝလမ္ဗက သလိပ်သည် မိမိတည်နေရာမှ နေ၍ သလိပ် ပွါးစီးရာ ဌာနချုပ် ဖွင့်ကာ အခြားအခြားသော ဦးခေါင်း,လျှာ,ရိုးဆက် အဆစ်ကြားတို့၌ ကိန်းသော သလိပ်ဌာနခွဲ ၄-ခုသို့ သလိပ်ရည်များ ထောက်ပံ့ပေးဆက်ကာ ဖွဲ့စည်းမှု,ယိုစီးမှု, လက္ခဏာနှစ်ပါးနှင့် ကျေးဇူး ပြုနေလေသည်။

၄။ အစာသစ်အိမ်၌ တည်သော ကိလေဒက သလိပ်သည် အစာအာဟာရများကို ဝိုစွတ်စေခြင်း,အခြား သလိပ်ဌာနများသို့ သလိပ်ရေများ ထောက်ပံ့ ခွဲဝေပေးခြင်း အလုပ်ကို ဖွဲ့စည်းမှု, ယိုစီးမှုလက္ခဏာနှစ်ပါးနှင့် ကျေးဇူး ပြုနေလေသည်။

၅။ အရိုးဆက် အဆစ်တို့၏ အကြား၌ တည်သော သိလေသက သလိပ်သည် အရိုးဆက်များ ချောင်လျော့ စေရန်ငြင်း စက်ဆီ ထည့်ပေးသော အလုပ်တာဝန်ကို ဖွဲ့စည်းမှု, ယိုစီးမှု လက္ခဏာ နှစ်ပါးဖြင့် ကျေးဇူး ပြုနေလေသည်။

ထိုသလိပ်တို့၏ အခြင်းအရာကို ဒေါသ ၃-ပါး အဝင်အပါ ခါတ်တပါး အနေအားဖြင့် ရှေးဟောင်း ဆေးကျမ်းကြီး၌ ဓုံလင်

စွာ ပြဆိုကြသည်၊ ဒေသနာဉာဏ်နှင့် မှီ၍ အာပေါဓာတ် အခြင်းအရာ လက္ခဏာနှစ်ပါး အတွင်းသို့ ဝင်အောင် ဆင်ခြင် ယူတတ်လျှင် အလွန် အကျိုးများသည်၊ ဈာန်ရရသော ယောဂီ သူတော်စဉ်ကြီးများ ဖြစ်ပေ၍သာ (**သ သမ္ဘာရပညတ်**) သလိပ်ဓာတ်သားအပေါ်၌ အလွန် ဉာဏ်ကျက်စား နိုင်ပါပေသည်။

## ၃။ ပြည်အခြင်းအရာ

ထိုပြည်သည်=တည်ရာဌာန ဟူ၍ အမြဲမရှိ၊ သတ္တဝါတို့၏ သဏ္ဌာန်၌ ရည်, သွေး, သား, ဆီ, အရိုး, ချင်ဆီ စသည်အားဖြင့် ရှိသော ဓာတ်ပေါင်းစုကို တေဇောဓာတ်မီး လောင်မြိုက်ရာတွင် ဝါယောဓာတ်လည်း ကူပင့်လျက်ရှိရာ ထွက်ချင်ရာက ထွက်၍ အနာဟူ၍ ဖြစ်နိုင်သည် ချည်းပင်တည်း။

ထိုပေါက်သော အနာများနှင့် ထိခိုက်ရှနာများတွင် ထွက်လာပေါင်းစု မိကြသော ဓာတ်စုကို အပြင်ဥတုဇ တေဇောဓာတ်မီးသည် လောင်မြိုက်သောကြောင့် **ပထမ အနီရောင်, ဒုတိယ အညိုရောင်, တတိယ အဖြူရောင်** ပြောင်း၍ ကြေကျက် မှည့်ရော်ပုပ်ဆွေးသော ဓာတ်ပျက်ကို ပြည်ဟူ၍ ခေါ်သည်၊ ပြည်သည် ဗဟိဒ္ဓဥတုကြောင့် ဖြစ်သော အာပေါဓာတ် အခြင်းအရာတည်း။

## ၄။ သွေး အခြင်းအရာ

၁။ နှလုံးကို ဖိစွတ်စေသော **သန္နိစိတ သွေး**။

၂။ ကိုယ်အသုံးကို ပြန့်နှံ့စေသော **သံသရဏ သွေး**။

ဟူ၍ ၂-မျိုး ရှိလေသည်။

**သန္နိစိတသွေးသည်**=အလျား အနံတမိုက် စောက်နှစ်သစ်ရှိသော စလယ် ကွမ်းစား ခန့်မျှရှိသည်ဖြစ်၍ နှလုံး, အညှိုတို့၏ အထက်၌ တည်၏၊ ထိုသန္နိစိတ သွေးသည် နှလုံးအညှို့တို့ အပေါ်သို့ တစက်စက် ကျစေလျက် အသုတ်, နှလုံး,အညှို့ တို့ကို ဖိစွတ်စေ၍ အသည်း၏ အောက်သို့ ကျသော သွေးပေါက်တို့ဖြင့် ပြည့်

စေ၏၊ ထိုသန္တိတ သွေးသည် အာပေါခေတ်၏ ယိုစီးမှု လက္ခဏာ နည်းပါး၍ ဖွဲ့စည်းမှု လက္ခဏာ များကဲ့သော် အဆုတ်, နှလုံး, အညှိ့တို့သည် မပိုစွတ်ကုန်သည် ဖြစ်၍ ရေမွတ်သိပ် ဆာလောင် ခြင်း ဖြစ်၏။

၂။ **သံသရဏာ သွေးသည်**=သွေးကြော ကွန်ရက်ကို အစဉ် လျောက်သဖြင့် ဆံ,အမွေး, ခြေသည်း, လက်သည်း,မာခြောက် သော အသား အရေတို့ကို ချန်လှပ်၍ ကိုယ်အလုံးကို ပြန့်နှံ့၍ တည်ကုန်၏။

## ၅။ ချွေး အခြင်းအရာ

ချွေးသည် ကိုယ်သား ကိုယ်ရေပေါ်ရှိ မွေးညှင်း ပေါက် ပေါင်း များစွာမှ ယိုစီးထွက်သော ဆိကြည်ရေကို ချွေးဟူ၍ ခေါ်သည်၊ ထိုချွေး၏တည်ရာ ဌာနကို အနောက်တိုင်း ဆေးကျမ်း များ၌ အပေါ်လွှာ အကြေးထပ် အချွဲထပ် အသားမွှာ အထပ်ကို ဖေါက်၍ ချွေးပေါက် ချွေးပြွန် သွားရာလမ်းနှင့် ချွေးအိပ် တည်ပုံ ကို ပုံစံနှင့်တကွ ပြထားလေသည်၊ သာသနာတော်ကျမ်း၌ ချွေး တည်ရာ အမြဲမရှိဟု ဆို၏။

ထိုချွေးသည် စိတ်နှလုံး ပင်ပန်း ဆင်းရဲသော အခါ အာပေါ ခေတ် အဆောက်အဦ တို့သည် ပျက်စီးမှု, အခြင်းအရာ ထင်၍ မွေးညှင်း ပေါက်တို့မှ ယိုစီး ထွက်လာ ကြကုန်၏။

မီးပူ နေပူခံခြင်း ပူစပ်သော ဥတုစာတို့နှင့် တွေ့သောအခါ အာပေါခေတ် အဆောက်အဦတို့သည် ယိုစီးမှု အခြင်းအရာထင်၍ မွေးညှင်း ပေါက်တို့မှ ယိုစီး ထွက်လာ ကြကုန်၏။

ချွေး အခြင်းအရာသည် ကံမဘက်သဲ စိတ်နှင့် ဥတုနှစ်ပါး ကြောင့် ဖြစ်သော ဒွိဇရုပ်တည်း၊ ချွေးယိုစီးမှု လွန်လျှင် တေဇော ဝါယောခေတ် အကျိုးထင်၍ ချွေး ဖွဲ့စည်းမှု လွန်လျှင် ပထဝီ အာပေါခေတ် အကျိုးထင်၏။

## ၆။ အသီခဲ အခြင်းအရာ

အသီခဲသည်=ဆူဖြိုး ဝထွားသော သူတို့၏ ကိုယ်၌ အရေထူနှင့် အသားကြားတွင် နန္တင်းဆိုးသော အဝတ်ကြမ်း သဏ္ဍာန် ကိုယ်အလုံး ပြန့်နှံ့၍ တည်၏။

ဝိနပါးသော သူတို့၏ ကိုယ်၌ကား=မြင်းခေါင်းသား, ပေါင်သား, ကြောမျှောင်သား, ဝမ်းပြင်သား တို့ကို မှီ၍ နန္တင်းဆိုးအပ်သော အဝတ်ကြမ်း နှစ်ထပ် သုံးထပ် ခေါက်ထားသော သဏ္ဍာန် ဖြင့် တည်၏။

## ၇။ မျက်ရည် အခြင်းအရာ


မျက်ရည်သည်=မျက်လုံး အိမ်မှ ယိုစီး ကျသော အရည် တည်း၊ အကြင်အခါ၌ မျက်စိသို့ အခိုး မြူမှုန့်တို့သည် ဝင်ကုန်၏၊ ထိခိုက် ဒဏ်ရာ ရကြကုန်၏၊ အနာရောဂါ နှိပ်စက်ကုန်၏၊ ထိုအခါ မျက်ရည်တို့သည် ယိုစီးကျလာ၏။

ရိုးရိုး ကာလ၌ကား=လူတို့သည် ငိုကြွေးမြည်တမ်း ကုန်၏၊ စိတ်နှလုံး ထိခိုက်ကုန်၏၊ ဆုတ်နစ် ဝမ်းနည်းသော စိတ်ဖြစ်ကြကုန်၏၊ ထိုအခါ အာပေါဓာတ် အဆောက်အဦသည် ပြိုပျက်၍ ယိုစီး ကျကုန်၏၊ ဒေါသစိတ် ကြီးမားသော အခါ၌လည်း ဒေါမနဿကြောင့် ဖြစ်သော မျက်ရည်လည်း ရှိကုန်သေး၏၊ ဤကား စိတ်ကြောင့် ယိုစီးမှုတည်း။

ဥတုကြောင့်ဖြစ်သော ယိုစီးမှုကား=အကြင်အခါ၌ ဖေါက်ပြန်သော ဥတုနှင့် တွေ့ကုန်၏၊ အပူအစပ်စသော အစာအာဟာရကို စားကုန်၏၊ ထိုအခါ မျိုးတို့၌လည်း ဥတုကြောင့် ဖြစ်သော ယိုစီးမှု ယိုသည် ဖြစ်ကုန်၏။

## ၈။ ဆီကြည် အခြင်းအရာ

ဆီကြည်သည်=လက်ဘဝါး, လက်ဘမိုး, ခြေဘဝါး, ခြေဘမိုး, နှာခေါင်းဖျား, နဖူးထိပ်, လက်ကတီးကြား တို့၌ တည်ကုန်



## ဥဏှာအာဗန္ဓနရုပ် ခေါ်မှတ်သော သာဓကနှင့်

### ဖြုပြင် စီရင် ကုမတ်နည်း

ရွှံ့လုံးသည် ရေအေးနှင့် တွေ့ထိလျှင် ပုံသဏ္ဍာန် ပျက် ,ပြား၏။ အပူနှင့် တွေ့ထိလျှင် ပုံသဏ္ဍာန် တည် ,ငြိမ်၏၊ အပူဥတုဓာတ်ဖြင့် တည်ငြိမ်သော ရုပ်ကို ဥဏှဇအပူရုပ် ဟု လောကလူတို့ သိမှတ်နည်းအတိုင်း ရွှံ့လုံးကို လည်း ဥဏှာအာဗန္ဓနရုပ် ဟု ပိုင်းခြား ခေါ်မှတ်အပ်၏၊ ထိုရွှံ့လုံးသည် အပူ ,အအေး ဥတုနှစ်ပါးနှင့် ပြိုင်ဆိုင်တွေ့ထိသောအခါ အထက်ပါ ပုံစံ စက်ဝိုင်းမြှားချက် အတိုင်း ဖေါက်ပြန် ပြောင်းလဲဟတ်၏။ ဆေးချက် , ဓာတ်ချက် ဖြုပြင်နည်းမှာ ဥတုအပူ, အအေး ဟူသော တေဇောဓာတ် တပါး အကြောင်းမြင်လျှင် ကြွင်း ဓာတ်သုံးပါး အကျိုးပြီးတော့သည်။ လူတို့၏ ရုပ်ခန္ဓာကာယ၌ ရွှံ့သားနှင့်တူသော သမ္ဘာရဓာတ် အဆောက် အဦများကို ဤနည်းဖြင့် သိအပ်၏။

၏၊ အကြင်အခါ၌ ဥတုဖေါက်ပြန်ခြင်း သွေးလေဖေါက်ပြန်ခြင်း နေပူ မိးပူ ထိခြင်း စသည်တို့ကြောင့် လက်ဘဝါး စသော ဌာန တို့သည် ပူကုန်၏၊ ထိုအခါ၌ ရေကြည် အထက်ဝယ် ဆီပေါက် ရွေ့ရှား သွားလာသကဲ့သို့ ထိုမှ၍မှ အာပေါဓာတ်တို့သည် ရွေ့ ရှား သွားလာ၍ ထိုထို လက်ဘဝါးစသည် တို့၌ တည်ကုန်၏၊ ထို အာပေါဓာတ် အခြင်းအရာကို ဆီကြည်ဟူ၍ ခေါ်၏။

## ၉။ တံထွေးအခြင်းအရာ

တံထွေးသည်= စိတ်ဥတုနှစ်ပါးနှင့် တွေ့ထိသောအခါ လက် ယက်တွင်းမှ ထွက်သော လက်ယက် ရေကဲ့သို့ ပါးစောင် နှစ် ဘက်မှ သက်ဆော ယိုစီးလျက် လျှာရင်းသို့ ကျသော လျှာဖျား သို့ ရောက်သော လျှာ၌ အမြှုပ်နှင့် ရောနှောနေသော အရည်ကို တံထွေးဟု ခေါ်သည်။

စိတ်ကြောင့် ဖြစ်ပုံမှာ= အကြင်အခါ၌ စက်ဆုပ်ဘွယ်ကို မြင် အံ့၊ ရွံရှာဘွယ်ကို တွေ့အံ့၊ စိတ်နှလုံး နောက်ကျုအံ့၊ ထိုအခါ၌ အာပေါဓာတ်သည် အစေးပျယ်၍ သက်ဆော ယိုစီး၏၊ ချဉ်သီး စားသည်ကို မြင်သောအခါ၌ရင်း အချဉ်အရသာကို အောက်မေ့ သော အခါ၌ရင်း သက်ဆော ယိုစီးသေး၏။

ဥတုကြောင့် ဖြစ်ပုံမှာ= ချို,ချဉ်,ငံ,စပ်,ဆိမ့်,ခါး,ဖန်ဟူသော ရသာ ၆-ပါး အစားအစာများကို ခံတွင်း၌ငုံသောအခါ စိတ်ဥတု နှစ်ပါးကြောင့် ဖြစ်သော ဥတုဇ အာပေါဓာတ်သည် ဖြစ်ပေါ်၍ ယိုစီး သက်ဆော ကျလေ၏။

## ၁၀။ နှပ်အခြင်းအရာ

နှပ်သည် ဦးခေါင်းခွံ အတွင်း၌ ပုပ်သဖြင့် သလိပ်အဖြစ်သို့ ရောက်နေသော ဦးနှောက်သည် ယိုစီး၍ အာခေါင်းရင်းရှိ အပေါက်သို့ သက်ဆော ကာ နှာခေါင်းတွင်း၌ တည်လာသော ပြစ်ချွဲသော အစေးကို နှပ်ဟုခေါ်သည်။

ထိုနှပ်သည်=စိတ်နှလုံး မသာယာသဖြင့် ဝမ်းနည်းသောအခါ၌ရှင်း၊ ဒိုကြွေးသော အခါ၌ရှင်း၊ အာပေါခါတ် အဆောက်အဦသည့် ဖြိုပျက်လျက် သက်လျော ကျလာ၏၊ ဤကား စိတ်ကြောင့်တည်း။

ဥတုကြောင့် ဖြစ်ပုံကား= အပူ အစပ် အစာအာဟာရကိုစားသော အခါရှင်း၊ မလျောက်ပတ်သော ဥတုနှင့် တွေ့သော အခါရှင်း၊ ယိုစီးသက်လျော ကျတတ်၏။

## ၁၁။ အစေးအခြင်းအရာ

အစေးသည်= လျှည်းဘီးဝင်ရိုးကို နယ်ဆီ လိမ်းသုတ် သကဲ့သို့ တရာ့တချောင်းသော အရိုးဆက်တို့၏ အကြားအကြားဝယ် နယ်ဆီ ကိစ္စကို ပြီးစေ၍ တည်သော ဖြစ်ချွဲချွဲ အစေးကိုဆိုသည်၊ ထိုအစေး နည်းပါးသော် အကြောသူတို့သည် အထိုင်, အထ, အသွား, အလာ, အကွေး, အဆန့်တို့၌ လက်ဖျစ်တီး သကဲ့သို့ ကွတ်ကွတ် အသံမြည်ကုန်၏၊အဝေးခရီးကို ကြာရှည် ပင်ပန်းစွာ မသွားနိုင်။

## ၁၂။ ကျင်ငယ်အခြင်းအရာ

ကျင်ငယ်သည်= ချက်အောက် ဝမ်းဗိုက်ခေါက် အတွင်းဝယ် အပေါက် သေးငယ်သော အိုးကို ချွဲပုပ်အိုင်၌ မှောက်ထားသကဲ့သို့ ဆီးအိမ် စည်ပေါင်းသည် တည်၏၊ ထိုဆီးအိမ် စည်ပေါင်းသည် ဝင်ပေါက်မရှိ၊ အရည်ခါတ်များ စိမ့်ဝင်၍သာ တည်ရ၏၊ ထွက်ပေါက်ကား ရှိ၏။

ထိုစည်ပေါင်း အိမ်တွင်းသို့ ကျင်ငယ်ရေသည် စိမ့်ဝင်၍ပြည့်လတ်သော် အလွန်လေးလံသော အန္တရာယ်ကြီးကို ဆွဲလွယ်ထားရသကဲ့သို့ပင် အကြောင်သူတို့မှာ ပင်ပန်းလျက် စွန့်ပစ်ရန်အားထုတ်ကြရကုန်၏၊ ကျင်ငယ်ရေသည် ဥတုကြောင့် ဖြစ်သော အာပေါခါတ် အခြင်းအရာတည်း။

မှတ်ချက်။ ။တောင်သာအဘိဓမ္မာမှ ဆက်နွယ်သော ၆-လုံးကောက် ၈-လုံး ပတ် ဆေးပညာရပ်တို့တွင် ကျင်ငယ်အဆင်းကို ကံကြောင့်ဖြစ်သော ဆီးအိမ်ကို ခွဲ၍ ယူသည်ဟု မှတ်ခဲ့ရ၏။ ထိုကျင်ငယ် အခြင်းအရာကို ကြည့်လျှင် အစာအာဟာရကို လိုက်၍ဖြစ်သော ဥတုနှင့် ဇာရိယာပုထိကို ခွဲ၍ဖြစ်သော ဥတုအကြောင်းသည် အလွန်ထင်ရှား၏။

## အာပေါသမ္ဘာရဓာတ် ပွါးစီးလျှင် အခြင်းအရာ ၁၃၆-ပါးဖြစ်ခြင်း

ပြဆိုခဲ့ပြီးသော သည်းခြေ, သလိပ်စသည့် အာပေါဓာတ် အဆောက်အဦ ၁၂ ပါးတို့သည် (၁) အာဗန္ဓနလက္ခဏာ အားဖြင့် ဖွဲ့စည်း စေးကပ် ဖုံးပိတ် ပတ်မှု လွန်ကဲခြင်း၊ (၂) ပဃ္ဃရဏလက္ခဏာ အားဖြင့် ပျောင်းပြော့ သက်လျော ယိုစီးမှုလွန်ကဲခြင်း ဟူ၍ လက္ခဏာ ၂-ပါးစီ ဖြစ်သင့်သည့် အတိုင်း ပွါးစီး ကြည့်လျှင် ၂၄-ပါးဖြစ်သည်ကို မြင်ရပေမည်။

ဤသို့ ဖွဲ့စည်း ယိုစီးလက္ခဏာ ၂-ပါးနှင့် ပွါးစီးသော အာပေါဓာတ် အခြင်းအရာ ၂၄-ပါးတို့သည် (၁) အအေး အကြောင်းခံသဖြင့် အအေးနှင့် ဆက်ဆံ၍ပြောင်းလဲမှု၊ (၂) အပူ အကြောင်း ခံသဖြင့် အပူနှင့် ဆက်ဆံ၍ ပြောင်းလဲမှု ဟူ၍ ၂-ပါးစီ ရှိရမည့်အတိုင်း ပွါးစီးယူသောအခါ အာပေါခြင်းရာ ၄၈-ပါး ဖြစ်သည်ကို တွေ့ရပေမည်၊ ဤကား သမားဆရာတွေ သိအပ်သော အချက်တည်း။

အထက်ပါ ပွါးစီးပြီးသော အာပေါဓာတ် အခြင်းအရာ ၄၈-ပါးကို အာပေါရုပ် အသစ်အသစ်ဖြစ်စေကြောင်း သမုဋ္ဌာန် ကံ,စိတ်,ဥတု, အာဟာရ အကြောင်းတရား ၄-ပါးဖြင့် ဆင်ခြင် ကြည့်သောအခါ အာပေါဓာတ် အခြင်းအရာပေါင်း ၁၃၆-ပါး ရှိသည်ကို အတိအကျ သိကြရပေမည်။

## အောက်ပါ ဇယားကို ဆင်ခြင်၍ ကြည့်ကြ သိကြပါကုန်

| | | ကမ္မဇ ရေ | စိတ္တဇ ရေ | ဥတုဇ ရေ | အာဟာရဇ ရေ | | ပေါင်း |
|---|---|---|---|---|---|---|---|
| သည်းခြေ | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| သလိပ် | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| ပြည် | = | | | ၄ | | = | ၄ |
| သွေး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| ချွေး | = | | ၄ | ၄ | | = | ၈ |
| အဆီခဲ | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| မျက်ရည် | = | | ၄ | ၄ | | = | ၈ |
| ဆီကြည် | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| တံတွေး | = | | ၄ | ၄ | | = | ၈ |
| နှပ် | = | | ၄ | ၄ | | = | ၈ |
| အစေး | = | ၄ | ၄ | ၄ | ၄ | = | ၁၆ |
| ကျင်ငယ် | = | | | ၄ | | = | ၄ |
| ပေါင်း | | ၂၄ | ၄၀ | ၄၈ | ၂၄ | = | ၁၃၆ |

## အာပေါခေတ် အခြင်းအရာ ပြုပြင်နည်း
### ဥပဒေသ

၁။ အပူကြောင့် ဖွဲ့စေးအခု ဖွဲ့စေးအမှု လွန်လျှင်
အအေးအကြောင်းခံ၍ ယိုစီး အာပေါ ဖြစ်အောင်ပေး။

၂။ အအေးကြောင့် ယိုစီးအခု ယိုစီးအမှု လွန်လျှင်
အပူအကြောင်းခံ၍ ဖွဲ့စေး အာပေါ ဖြစ်အောင်ပေး။

၃။ အပူကြောင့် ယိုစီးအခု ယိုစီးအမှု လွန်လျှင်
အအေးအကြောင်းခံ၍ ဖွဲ့စေး အာပေါ ဖြစ်အောင်ပေး။

၄။ အအေးကြောင့် ဖွဲ့စေးအခု ဖွဲ့စေးမှု လွန်လျှင်
အပူ အကြောင်းခံ၍ ယိုစီး အာပေါ ဖြစ်အောင်ပေး။

**၅။ အာခရုံ နေရာ၊ ဆေး-အစာ၊ လေးဖြာ ညီချရေး။**
**ကံ စိတ် ဥ ဟာ၊ ကြောင်းလေးဖြာ၊ ကြိုရာထိုက်ရာပေး။**
**ပြုပြင်လိုမူ၊ ဤထုံးယူ၊ ဓာတ်တူ နာမ်ဘက်ဆေး။**

## အာပေါဓာတ် အခြင်းအရာများ ပေါင်းစည်းလျှင် ရသတပါး, ထင်တချက်သာရှိခြင်း

လူတို့၏ ခန္ဓာကိုယ်၌ သမုဋ္ဌာန်လေးပါးကြောင့် ရအပ်သော အာပေါဓာတ် အဆောက်အဦ ၁၂-ပါးကို ဖွဲ့စည်းမှု · ယိုစီးမှု ဟူသော လက္ခဏာ ၂-ပါး၊ အပူအအေး ဟူသော အကြောင်းခံ ၂-ပါး၊ ကံ,စိတ်,ဥတု,အာဟာရ ဟူသော သမုဋ္ဌာန်လေးပါးတို့ဖြင့် ပွါးစီး ဆင်ခြင်သောအခါ အာပေါဓာတ် အခြင်းအရာသည် ၁၃၆-ပါး ဖြစ်လေသည်၊ ဓာတ်ဉာဏ်အားဖြင့် ပေါင်းစည်း ဆင်ခြင်သော အခါ—

အာပေါဓာတ်သည်=ရုပ်၌ စိမ့်ဝင်ခြင်း, ရုပ်ကို ဖေါင်းစေခြင်း, ရုပ်ကို ပွစေခြင်း, ရုပ်ကို ကြီးစေခြင်း, ရုပ်ကို ပွါးစေခြင်း, ဟူ၍ စိမ့်ဝင် ဖေါင်းပွ ကြီးပွါးသော ဖြူဟာန ကိစ္စ ရှိ၏၊ ကိစ္စဟူသည်မှာ ရသပင်တည်း၊ (ကြီးပွါးခြင်း ရသတပါးသာလျှင်တည်း)

အာပေါဓာတ်သည်=ရုပ်ကို ဖရိုဖရဲ မဖြစ်စေခြင်း, ရုပ်ကို မပြိုကွဲစေခြင်း,ရုပ်တို့ကို ပေါင်းခြင်း,ရုပ်တို့ကို စည်းခြင်း,ရုပ်တို့ကို ဗုခြင်း, ရုပ်တို့ကို စပ်ခြင်းဟူ၍ ဖရိုဖရဲ မပြိုကွဲရအောင် ပေါင်းစည်း ရစပ်ခြင်းလျှင် ထင်သော သင်္ဂဟ ပစ္စုပဋ္ဌာန်ရှိ၏၊ (ပေါင်းစည်းခြင်း ထင်တချက်သာလျှင်တည်း)

(ကျက်မှတ်ရန် အာပေါလက္ခဏာ ဆောင်ပုဒ်)

**ဖွဲ့စည်းစေးကပ်၊ ဖုံးပိတ်ပတ်၊ ဓနဓာတ် လက္ခဏာ။**
**ပြောင်းပျော့သက်ချော၊ယိုစီးသော၊အာပေါလက္ခဏာ။**
**စိမ့်ဝင်ဖေါင်းပွ၊ ကြီးပွါးက ကိစ္စ ရသပါ။**
**မပြိုကွဲမှု၊ ပေါင်းစည်းမှု၊ ထင်မှုပစ္စုပ်ပါ။**
**ဓိဓိကြွင်းရ၊ ဓာတ်သုံးဝ၊ နီးစွာ ပဒဋ္ဌာ။**

## အာပေါဓာတ်ကို မချစ်မမုန်းအပ်

ဒေသနာတော်နှင့် အညီ ပွါးစီးသည်တို့မှာ တားဆီး၍ မရသော ဓမ္မနိယာမ သဘောဖြစ်သည်၊ ထိုသို့ဖြစ်ပေါ် ပွါးစီးသမျှတို့ကို ယောနိသော မနသိကာရ အသင့်အလျော် နှလုံးသွင်းယူနိုင်ရန် ပေါင်းစည်းညှက် အဖြစ်ဖြင့် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို ဖော်ပြခဲ့သည် ဤကား ချစ်မှု, မုန်းမှု, မထားသော ညှက်တည်း။

အာပေါဓာတ် အပေါ်၌ ချစ်မှု,မုန်းမှု ရှိနေလျှင် ထိုအာပေါဓာတ်သည် အဆောက်အဦနှင့် တကွ ပြဆိုခဲ့သည် အတိုင်း သည်းခြေဓာတ်, သလိပ်ဓာတ်,ပြည်ဓာတ်,သွေးဓာတ်,ချွေးဓာတ် ဟူ၍ ပညတ်ဓမ္မ အားဖြင့် အမျိုးမျိုး အဖုံဖုံ လှည့်ဖျား ပြနေလိမ့်မည်၊ ဤကဲ့သို့ ပညတ်ဓမ္မ လှည့်ဖျားရာ နောက်သို့ ကောက်ကောက် ပါနေလျှင် ဘယ်ကမ္ဘာမှ အရိယာပဋိဝေဓ မဖြစ်နိုင်ချေ။

အာပေါ သမ္ဘာရ ဓာတ်ခွဲခန်း ပြီး၏။

---

(မှာထားချက်)။ ။၄၂-ပါးသော သမ္ဘာရဓာတ်တို့၌ သမုဋ္ဌာန်ခွဲယူနည်းကို အကျဉ်းရုံး၍ သိမှတ်လွယ်ရန် ဤသံပေါက်ကို ဆောင်ထားပါ။

(က) အခါနှစ်မယ်၊ ပြည်,ကျင်ယေ်းလေးသွယ် ဥတုဇ။

(ခ) အိုးပေါ်ခဘာ၊ ကမ္မဇာ၊ သဘောသစ်ဥတုဇ။

(ဂ) မုက်ရည်နှင့်ချွေး၊ နှပ်,တံတွေး၊ လေးခုစိတ်ဥတုဇ။

(ဃ) ၃၂--ခု၊ အကြွင်းခု၊ စတုအကြောင်းရှု။

(က) (ခ) သည် ကေဇသမ္ဘာရဓာတ် ၆-ခုကိုပြသည်၊ (ဂ) သည်ဒွိဇသမ္ဘာရဓာတ် ၄-ခုကိုပြသည်၊ (ဃ) သည် စတုဇသမ္ဘာရဓာတ် ၃၂-ခုကိုပြသည်။

# တေဇောသင်္ခါရ ဓာတ်ခွဲခန်း

လူ့ကိုယ်၏ သင်္ခါရနံတွင် တေဇောဓာတ် အခြင်းအရာဟူသော တေဇော သင်္ခါရဓာတ်သား ၄-ပါးရှိပေသည်၊ ထို၄-ပါးကား-

၁။ သန္တပ္ပနမီး = ပူတုံ ချမ်းတုံ ဖြစ်စေခြင်း။

၂။ ဇိရဏာ မီး = အိုမင်းရင့်ရော် ဆံဖြူစေခြင်း။

၃။ ဒုဟ မီး = အပြင်းအထန် လောင်မြိုက်ခြင်း။

၄။ ပါစက မီး = ဝမ်းစာ ကြေကျက် စေခြင်း။

ဟူသော အခြင်းအရာ ၄-မျိုးတို့ဖြင့် လူသတ္တဝါတို့၏ ခန္ဓာကိုယ် ရုပ်ထုကြီး၌ တေဇောဓာတ် မီးသည် အမြဲတိုင်အောင် စီရင်အုပ်ချုပ် မင်းလုပ် နေလေသည်။

ထိုမီးဓာတ် အခြင်းအရာ ၄-မျိုးသည် ကံ,စိတ်,ဥတု, အာဟာရဟူသော အကြောင်းတရား ၄-ပါးကိုလိုက်၍ ကံပူကံအေး,စိတ်ပူ စိတ်အေး, ဥတုပူ ဥတုအေး, အာဟာရပူ အာဟာရအေးတို့နှင့် မီးကူးဆက်ပြီး ထိုက်သည် အားလျော်စွာ ဖြစ်နေကြလေသည်။

ဖြစ်ပုံ အခြင်းအရာမှာ= ၁-ရက်ခြား, ၂-ရက်ခြား ဖျားခြင်း ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ပူတုံ နွေးတုံ, အေးတုံ ချမ်းတုံပြု၍ လောင်ကျွမ်း ခြင်းတို့သည် သန္တပ္ပနမီး၏ အခြင်းအရာတည်း။

ကိုယ်အင်္ဂါ ကြီးငယ်တို့ ရင့်ကျက်ခြင်း, မှည့်ရော်ခြင်း, အရေအသား လျော့ပါးခြင်း, ဆံဖြူ သွားကျိုးခြင်း, အိုမင်း ဟောင်းနွမ်းခြင်းတို့သည် ဇိရဏာမီးဓာတ် အခြင်းအရာတည်း။

ဥတု ဖေါက်ပြန်သောအခါ ကျောက်ကပ်သက်, တုပ်ကွေး, အနာမီး, အနာရှန်, အပူနာ, အနာပေါက်, အသွေးအသား ကျက်

အောင် လောင်ကျွမ်းသော အပူဓုများသည် ဒုဟမီးဓာတ်၏ အခြင်းအရာတည်း၊ သီတဒုဟ= အအေးမီး ဖွဲ့သောအနာလည်း ရှိသင့်သည်။

စားသမျှ အစာအာဟာရကို ပေါင်းနွေး၍ ကြေစေခြင်း ကျက်စေခြင်း, တကိုယ်လုံးကို ပြန့်နှံ့၍ ကိုယ်ငွေ့ အပူအနွေးကို ဖြစ်စေခြင်းတို့သည် ပါစက မီးဓာတ်၏ အခြင်းအရာတည်း။

အထူးအားဖြင့်= အထက်ပါ မီး ၄-ပါး အနက်၊ ပါစကဓာတ်မီးသည် ကံအကြောင်းတပါး သက်သက်ကြောင့် ရရှိသော မီး ဖြစ်၍ ကမ္မဇမီးဟူ၍ ဆိုရလေသည်၊ ထိုပါစက ဓာတ်မီးမှ ဆက်၍ ထွန်းလင်းသော ဥသ္မာဓာတ်ငွေ့ကို ရုပ်သက်ဟူ၍ ဆိုရသည်၊ ပါစကဓာတ်မီး ငြိမ်းသဖြင့် ဥသ္မာကိုယ်ငွေ့မရှိလျှင် ကမ္မဇရုပ် ချုပ်သည်ဟု သိရသည်၊ ကမ္မဇရုပ် ချုပ်လျှင် အသေကောင်ဟု ဆိုကြသောကြောင့် အရှင်ကောင်ဆိုသည်မှာ ကမ္မဇဓာတ်မီးကို ဆိုလိုရိပ်ရှိသည်ဟု သိသင့်ကြပေသည်။

## တေဇောသမ္ဘာရဓာတ် ပွါးစီးလျှင် အခြင်းအရာ ၂၆-ပါးဖြစ်ခြင်း

ဆိုအပ်ခဲ့ပြီး သန္တပ္ပနမီး, ဇိရဏမီး, ဒုဟမီး, ပါစကမီးတို့ သည်= (၁) သီတ လက္ခဏာနှင့် အေးလောင်မှု (၂) ဥဏှလက္ခ ဏာနှင့် ပူလောင်မှုဟူ၍ ၂-ပါးစီ ရအပ်သည် အတိုင်း မီးဓာတ် ပွါးစီးလျှင် သန္တပ္ပန ပူအေး ၂-မီး, ဇိရဏ ပူအေး, ၂-မီး, ဒုဟ ပူအေး ၂-မီး, ပါစကပူအေး ၂-မီး, ဟူ၍ မီးဓာတ် ၈-ပါးဖြစ်လာ လေသည်၊ ဤကား ဆေးသမားဆရာတွေ သိအပ်သော အချက် တည်း။

ထိုမီးဓာတ် ၈-ပါးကို တဖန် မီးရုပ် အသစ်အသစ် ဖြစ်စေ ကြောင်း ဟူသော ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါးနှင့် ပေါင်းဘက် ပွါးများပြန်သောအခါ—

| | ကမ္မဇ မီး | စိတ္တဇ မီး | ဥတုဇ မီး | အာဟာရဇ မီး | | ပေါင်း |
|---|---|---|---|---|---|---|
| သန္တပ္ပန = | ၂ | ၂ | ၂ | ၂ | = | ၈ |
| ဇီရဏ = | ၂ | ၂ | ၂ | ၂ | = | ၈ |
| ဒဟ = | ၂ | ၂ | ၂ | ၂ | = | ၈ |
| ပါစက = | ၂ | | | | = | ၂ |
| ပေါင်း = | ၈ | ၆ | ၆ | ၆ | = | ၂၆ |

အထက်ပါအတိုင်း သန္တပ္ပန ၈-မီး ဇီရဏ ၈-မီး ဒဟ ၈-မီး ပါစက ၂-မီး အားဖြင့် မီးအခြင်းအရာပေါင်း ၂၆-ပါး ပွါးစီး တက်လာပြန်သည်၊ ဤကား ဆေးသမား ဆရာတွေ ဆင်ခြင်ရန် အချက်ဘည်း။

## တေဇောဓာတ် အခြင်းအရာ ပြုပြင်နည်း ဥပဒေသ

၁။ ဥဏှကြောင့် အပူခု အပူမှ လွန်လျှင် အအေး အကြောင်းခံ၍ သီတခု အအေးမှ ဖြစ်အောင်ပေး။

၂။ သီတကြောင့် အအေးခု အအေးမှ လွန်လျှင် အပူ အကြောင်းခံ၍ ဥဏှခု အပူမှ ဖြစ်အောင်ပေး။

၃။ အာခံနေရာ၊ ဆေးအစာ၊ လေးဖြာညီမျှရေး။
ကံစိတ်ဥတုအာ၊ ကြောင်းလေးဖြာ၊ ကြိုရှုထိုက်ရာပေး။
ပြုပြင်နိုင်မှု၊ ဤထိုးယူ၊ ဓာတ်ဘူ နာမိဘက်ဆေး။

## မီးဓာတ်အခြင်းအရာ ၂၆-ပါး ပေါင်းစည်းလျှင် ရသတပါး ထင်တချက်သာဖြစ်ခြင်း

ဓာတုယော ဘိက္ခဝေ သံသန္ဒန္တိ= ဟူသော ဒေသနာတော်နှင့်အညီ ဓာတ်တို့မည်သည်မှာ သဘောတူရာကို ပေါင်းစည်းခြင်း, ဆက်ဆံခြင်း, နှီးနှောခြင်း, ရောယှက်ခြင်း ပြုကြကုန်၏ ပွါးစီးလျှင် ပွါးစီးသလောက် ကြီးကျယ် များပြားကုန်၏

ပေါင်းစည်းလျှင်ကား ခရီးတကြောင်းတည်း သာလျှင်တည်း၊ ထိုတကြောင်း တည်းသော ခရီးကို ရသကိစ္စဖြင့် ပြဆိုအပ်၏။

တေဇောဓာတ်သည်=အေး၍ လောင်သောကြောင့် ကျက်ကြေခြင်း, ပူ၍ လောင်သော ကျက်ကြေခြင်း ပရိပါစက ကိစ္စရှိ၏၊ ကိစ္စ ဟူသည်မှာ ရသပင်တည်း၊ (ကျက်ကြေခြင်း ကိစ္စတပါးလျှင်ရ၏။)

တေဇောဓာတ်သည်=အေး၍ လောင်သောကြောင့် နူးညံ့ဆွေးမြည့်သော အဖြစ်ကို ဖြစ်စေခြင်း၊ပူ၍ လောင်သောကြောင့် နူးညံ့ဆွေးမြည့်သောအဖြစ်ကို ဖြစ်စေခြင်းလျှင် ထင်သော မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာန်ရှိ၏၊ (နူးညံ့ ဆွေးမြည့်ခြင်း ထင်တချက်သာလျှင် ရ၏။)

(တေဇောဓာတ် လက္ခဏာ ဆောင်ပုဒ်)

အေးပူနှစ်ဝ၊ သောင်ပြန်ရ၊ သေဇလက္ခဏာ။
အေးပူကြောင့်ပ၊ ကြေကျက်ရ၊ ရင့်က ကိစ္စပါ။
အေးပူသောင်လျှင်၊ နူးညံ့သွင်၊ ထင်လျှင်ပစ္စုပါ။
မိမိကြွင်းရ၊ ဓာတ်သုံးဝ၊ နိုးစွာ ပဒဋ္ဌာ။

## မီးဓာတ်ကို မချစ်မမုန်းအပ်

သတ္တဝါတို့၏ သန္တာန်၌ သမုဋ္ဌာန်လေးပါးကြောင့် ရရှိအပ်သော တေဇော အဆောက်အဦ ဖြစ်သည့် မီးဓာတ်အခြင်းအရာများကို ဤမီးကား ကောင်းသည် ထိုမီးကား ဆိုးသည်ဟူ၍ မချစ်မမုန်းအပ်ချေ (မီးဓာတ်၌ ချစ်မှုမုန်းမှု ထားခြင်းကြောင့် မီးပွါး, ဆေးပွါး, အနာပွါး၍ အမှတ်သညာ မှားတတ်လေသည်) ဓာတ်ဉာဏ် အရာမှာလည်း မတိုးတက်ဘဲ ရှိတတ်သည်။

မီးဓာတ် အခြင်းအရာကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တင်၍ ပညာစခန်း အဖြစ်ဖြင့် ဆင်ခြင်လျှင် မိမိတို့၏ ခန္ဓာကိုယ်

တွင် ဖြစ်ပွါးသော မီးဓာတ် အခြင်းအရာသာမဟုတ်၊ ထိုမှဆက်၍ "ဓာတုယော ဘိက္ခဝေ သံသန္တိ"ဒေသနာတော်နှင့်အညီ ဗဟိဒ္ဓ ဖြစ်သော ထိုထိုကမ္ဘာ စကြဝဠာ အနန္တတွင် ပွါးစီးချင်တိုင်း ပွါးစီးနေသော မီးဓာတ် အခြင်းအရာ ခပ်သိမ်းတို့ကိုပါ ပေါင်း စည်း၍ ဘာဝနာအမှုနှင့် ဆင်ခြင်လျှင်(မဒ္ဒါဂါနုပ္ပါဒန ပဋ္ဌပဋ္ဌာန်) ရုပ်အပေါင်းတို့ကို နှူးညံ့အောင် လုပ်တတ်သော သတ္တိထူးကြီး တခုကိုသာလျှင် ယောဂီတို့၏ ဉာဏ်ဝဋ္ဋ အကြွင်းမဲ့မြင်ရအံ့။

တေဇောသမ္ဘာရ ဓာတ်ခွဲခန်း ပြီး၏။

## ကျက်မှတ်ရန် ဆောင်ပုဒ်များ

ပထဝီဓာတ် ၂၀-သရုပ်

ဆံပင်,သည်း,သွား၊ အရေ,သား၊ ကြောများ,အရိုး,ဆီမှတ်။
ညှို့,လုံး,အသည်း၊ မြွေး,ဖျင်းကြီး၊ ဆုတ်ကြီး,အူနှစ်ရပ်။
စာသစ်,စာဟောင်း၊ ဦးနှောက်ပေါင်း၊ ဓာတ်ကောင်း ၂၀-မှတ်။

အာပေါဓာတ် ၁၂-ပါး

သည်းခြေ,သလိပ်၊ ပြည်သွေးချိပ်၊ ချွေးရိပ်,ဒီဆိခဲ။
မျက်ရည်,ဆီကြည်၊ တံတွေးမည်၊ ကျင်ရည်,စေး,နှပ်တွဲ။
အာပေါလွှန်ရာ၊ ၁၂-ဖြာ၊ ကောဋ္ဌာရုပ်စုခွဲ။

တေဇောဓာတ် ၄-ပါး

သန္တပ္ပန၊ ဇီရဏနှင့်၊ ဥာဟ,ပါစကာ။
ဤလေးဖြာ၊ မှတ်ရာမီးဓာတ်လွှန်။

ဝါယောဓာတ် ၆-ပါးသရုပ်

ဥဒ္ဓံ,မဲ့ာဂမ၊ ကုစ္ဆိဋ္ဌနှင့်၊ ကောဋ္ဌာသက။
အင်္ဂသာရီ၊ အဿာမည်၊ ခြောက်လီလေဓာတ်လွှန်။

# ဝါယောသင်္ခါရ ခေတ်ခွဲခန်း

လူတို့၏ သင်္ခါန်တွင် ဝါယောခေတ် အခြင်းအရာ ဟူသော ဝါယောသင်္ခါရ ခေတ်သား ၆-ပါး ရှိလေသည်၊ ထို ၆-ပါးကား-

၁။ ဥဒ္ဓင်္ဂမ လေ = အထက်သို့ ဆူလှုံတက်စေခြင်း။

၂။ အဓောဂမ လေ = အောက်သို့ ခံဆွဲသက်စေခြင်း။

၃။ ကုစ္ဆိသယ လေ = ဝမ်းခေါင်း၌ ကိန်း၍ မွှေခြင်း။

၄။ ကောဋ္ဌာသယ လေ = အူသိမ် အူမ၌ ကိန်း၍မွှေခြင်း။

၅။ အင်္ဂမင်္ဂါနုသာရီ လေ = ကိုယ်အင်္ဂါသို့ လှောက်ခြင်း။

၆။ အဿာသ ပဿာသ လေ = ထွက်သက် ဝင်သက် ဖြစ်ခြင်း။

ဟူသော အခြင်းအရာ ၆-မျိုးဖြင့် သတ္တဝါတို့၏ ခန္ဓာကာယ ရုပ်ကောင်ကြီးကို ဝါယောခေတ်သည် သူ၏သတ္တိဖြင့် တွန်းကန်ခြင်း, ထောက်ပံ့ခြင်း, ဖိညှပ်ခြင်း, ဗုတ်ယူခြင်း, ဆွဲငင်ခြင်း, ယိမ်းထိုးခြင်း, လှုပ်ရှားခြင်းအမျိုးမျိုးတို့ဖြင့် ကစားနေသည်ကို သိအပ်ပေသည်။

လေခေတ် ကစားပုံ အခြင်းအရာများမှာ=တံထွေး ထွေးမှု, သလိပ်ဟတ်မှု, စကားပြောမှု, ကြွေးကြော်, ဟစ်အော်မှု, ပြုံးရယ်ဟားတိုက်မှုများသည် ဥဒ္ဓင်္ဂမလေသည် ထင်ရှား၏၊ အထက် ဆန်ရမည့် လေသည် အထက်သို့ အန်၍ ဆူလှုံ တက်အောင် မလုပ်ခဲ့သော် လျှက်သဲ့မှု, မိုက်မဲမှု, အိပ်မက်မှု, စိတ်ကူးရူတ်ထွေးမှု, သန်းဝေပိုက်မျဉ်းမှုများ ဖြစ်တတ်သည်။

အဓောဂမ လေကစားပုံမှာ=ကျင်ကြီး ကျင်ငယ် သက်လျော ရုံမျှောမှု, ကိုယ်တွင်း ခေတ်အညစ်အကြေးတို့ကို ကန်ကျောက်

ဆေးကြော သုတ်သင် ရှင်းလင်းမှုတို့၌ ထင်ရှားသည်၊ ထိုလေ ခေတ် မကစားလျှင် လေချုပ်မှု,လေပြတ်မှု,ရင်နာမှု, ဝမ်းပြည့်မှု, ဆီးချုပ်, လေချုပ်,အပူငုတ်, စသည်တို့ ဖြစ်တတ်သည်။

ကုစ္ဆိသယ လေကစားပုံမှာ=အရှမအပြင် ဝမ်းခေါင်း၌ လှည့်ပတ်သွားလာမှု, လှိုင်းထသကဲ့သို့ ဖေါင်းချည် ပိန်ချည် တက်ချည် သက်ချည် ပြု၍ လှုပ်ရှား ကစားမှုတို့၌ ထင်ရှား၏၊ ဤလေကို ရသေ့ဆေးကျမ်းကြီးတို့၌ အဿာနုသယ လေအမည်နှင့် ပြသည်၊ ထိုလေ ပျက်လျှင် အနာ ၇-ပါး ပြသည်။

ကောဋ္ဌာသသယ လေကစားပုံမှာ=အရှဇိပ် အရှမအတွင်း၌ ကိန်း၍ ခေတ်အညစ်အကြေးတို့ကို သုတ်သင် ရှင်းလင်း ပေးနေသည်နှင့် တူ၏၊ ထိုလေခေတ် မမျှရသော် အနာ ၂၄-ပါး ဖြစ်သည်ဟု ရသေ့ကျမ်း၌ ပြဆိုသည်။

အင်္ဂမင်္ဂါ နုသာရိ လေကစားပုံမှာ=သတ္တဝါတို့၏ ကွေးမှု, ဆန့်မှု,ထိုင်မှု,ထမှု,လှုပ်မှု,ရှားမှု,လှုန်းမှု,ကွမှုတို့၌ ထင်ရှားသည်၊ ကိုယ်အင်္ဂါ ကြီးငယ် အစိတ်အပိုင်းတို့သို့ လျောက်၍ အစဉ်အတိုင်း သွားနေသော လေတည်း။

အဿာသ ပဿာသ လေဟူသည်မှာ အလွန် ထင်ရှား၏၊ ထွက်လေ ဝင်လေ ရှူလေ ရှိုက်လေကို ဖြစ်စေသောလေတည်း၊ ထိုလေသည် စိတ်ကြောင့် ဖြစ်သော စိတ္တသမုဋ္ဌာနိက ဝါယော ခေတ်ပု အခြင်းအရာဖြစ်၍ ထွက်သက် ဝင်သက် ဟူ၍လည်း ခေါ်သည်, ထိုရှိုက်လေ ရှူလေ မရှိသဖြင့် ဝင်လေ ထွက်လေ ချုပ်လျှင် စိတ်ကြောင့် အသစ်အသစ် ဖြစ်သော ဝါယောခေတ်သည် ငုပ်လျှိုး၊ ခန္ဓာကိုယ် ပဋ္ဌက ဖြုပ်ကြီးသည် မလှုပ်မရှား မထ မကြွဘဲ ထောက်ကန် ရုပ်ကြီး ဖြစ်နေမည်ကို သိအပ်၏။

**လင်းပါးချက်**=ရှုလေ ရှိုက်လေ မရှိသဖြင့် ဝင်လေထွက်လေ ချုပ်လျှင် စိတ်ကြောင့်ဖြစ်သော ဝါယော လှုပ်ရှား ရုပ်သည် လည်းငုပ်သည်၊ ချုပ်သည် ဖြစ်သောကြောင့် အသက်သေသည် ဟူ၍၎င်း၊ အသက်ထွက်သည် ဟူ၍၎င်း၊ လောကလူတို့ နယ်က ခေါ်ဝေါ် ပြောဆို ပညတ်ကြလေသည်။

ထိုသို့ဖြစ်လျှင် လေရှုသည်ကို အသက်ရှုသည်ဟူ၍ ဆိုခြင်း, လေထွက်သည်ကို အသက်ထွက်သည်ဟုဆိုခြင်း, ဝင်ထွက်လေ မရှိသည်ကို အသက်သေသည်ဟု ဆိုခြင်းတို့ကို လိုက်၍ သတ္တဝါ တို့၏ အသက်ဆိုသည်မှာ စိတ်ကြောင့်ဖြစ်သော ဝါယောရုပ်ကို အဓိကမူ၍ ခေါ်ဝေါ် ကြဟန် တူလေသည်၊ (မီးခေတ်အခြင်းအရာ ဖေါ်ပြရာ အခဏ်း၌လည်း ကံနှင့်စပ်၍ ကံကြောင့်ဖြစ်သော ပါစကမီး ဥသ္မာမီးတို့ကို အာယုအသက်ဟူ၍ ကောက်ကြောင်း တခါပြဆို ပြီးခဲ့ပြီ။)

သတ္တဝါတို့၏ သန္တာန်၌ ရှိသော ဝါယောခေတ်ရုပ်တို့သည် လေအခြင်းအရာ ၆-ပါးနှင့်အမှုပြုလုပ်ပုံကိုမှာ အလွန်ထင်ရှား၏ ''လှုပ်ရှားသမှု လေခေတ်ပြု''ဆိုသည့်အတိုင်း ပထဝီသည် မလှုပ် တတ်, အာပေါသည် မလှုပ်တတ်, တေဇောသည် မလှုပ်တတ်ကြ ပေ၊ ဝါယောခေတ်သည် သာလျှင် လှုပ်တတ်,ရှားတတ်,ဖိတတ်, ညှပ်တတ်,တွန်းတတ်, ကန်တတ်,သည်ကို သိအပ်၏။

သွေးခုန်သည်, နှလုံးတုန်သည်, သွေးသက်သည်, သွေးတက် သည်ဆိုသည်တို့မှာ= လေခေတ်က တွန်းထိုး လှုပ်ရှား ကန် ကျောက်ပေးသဖြင့် တုန်သည်, ခုန်သည်, တက်သည်, သက်သည် ဟု အမှန်အတိုင်း သိအပ်၏၊ သွေးသည်၎င်း, နှလုံးသည်၎င်း, မတုန်တတ်,မခုန်တတ်, မလှုပ်တတ်ကြချေ၊ ဝါယောခေတ်သား၏ လက္ခဏာကို ကြပ်ကြပ် ဆင်ခြင်၍ မှတ်ပါကုန်။

မိန္ဒာ ဆေးကျမ်းကြီးများ၌ ပြဆိုသော–

| | | |
|---|---|---|
| ဘေသဇ္ဇ မဉ္ဇူသာကျမ်းထွက် လေမျိုး | ...... | ၁၀ |
| ဓာတုဒီပနီ ဆေးကျမ်းထွက် လေမျိုး | ...... | ၁၀ |
| ဓာတုဝိဘာဂ ဆေးကျမ်းထွက် လေမျိုး | ...... | ၁၀ |
| ခံဖူးဆရာတော် ကုထုံးကျမ်းထွက် လေမျိုး | ...... | ၁၀ |

အားလုံးရပေါင်းပြသော လေမျိုး ၂၇၀-တို့သည် ပညတ္တိခမ္မ ဟူ၍ ဆိုခဲ့သည်နှင့်အညီ အခည်ပညတ် ခေါ်ဝေါ်ထားသည်မှာ အလွန်လျှင် များပြားလေသည်။

အမှန်စင်စစ်သော်ကား= ဝါယောဓာတ်သည် ပရမတ္ထတရား တွင် တပါးသာလျှင်တည်း၊ ထိုမှ လက္ခဏာအားဖြင့် လှုပ်ရှားမှု, ထောက်ကန်မှု ဟူ၍ ၂-ပါးထင်လာ၏၊ ထိုမှပို၍ ၃-ပါး, ၄-ပါး, များပြားစွာ ထင်လာသောအခါ အခြင်းအရာဟူ၍ မှတ်ရတော့ သည်။

အထက်ပါ လေဓာတ် ၆-ပါးမှာ သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ကံအထောက်အပံ့, စိတ်အထောက်အပံ့, ဥတုအထောက်အပံ့, အာဟာရ အထောက်အပံ့တို့ကြောင့် ဖြစ်သော လေဓာတ် အ ထောက်အဦ ရတွေ ဖြစ်လေသည်၊ ဗဟိဒ္ဓအပြင်အပမှ ကျရောက် ဥတုနှင့်သမဘာဂ မဖြစ်လျှင် အနာဆိုရလေသည်။

၎င်း အနာရောဂါ တခု၌ လက္ခဏာများ ထင်သလောက် ပညတ်တပါး, ရုပ်တရုပ်, အနာတခု တင်ဖြစ်နေလျှင် မူလ ပရ မတ်ဝါယောဓာတ်, ဝါယော၏ လက္ခဏာမှာ ငုပ်ကွယ်၍ မထင်ရှား ပါလော၊ အမှန်အားဖြင့် ရှေးဟောင်း ဆေးကျမ်းကြီးများတွင် ဖော်ပြသော အချို့လေနာများ၌ ဝါယောဓာတ် လက္ခဏာ ငုပ် ကွယ် နေလေသည်။

ယခုခေတ် ဆေးသမားဆရာများသည် ဗဟိဒ္ဓအပြင်အပ ဥတု ကိုပိုင်၍ ခေတ်ကြီး ၅-ပါးတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒ

မှာန် ၄-ချက်ကို ညက်ငုံမိလျှင် လိုသလို အကျိုးပြုနိုင်ပေသည်၊ ဤနေရာ၌လည်း ဝါယောခေတ်တလုံးကို အခိအရ ယူစေလိုသည်၊ ညက်မယူတတ်လျှင်ကား ကျက်မှတ်ပေအုံး လေမျိုး ၂၇၀-ဟူ၍သာ မှာကြားလိုတော့သည်။

## ဝါယောသမ္ဘာရခေတ် ပွါးစီးလျှင် အခြင်းအရာ ၇၄-ပါး ဖြစ်ခြင်း

အဆိုပါ လေခေတ် အခြင်းအရာ ၆-ပါးတို့သည် (၁) စလန လက္ခဏာ လှုပ်ရှားဝါယော ပိုလွန်မှု (၂) ထမ္ဘန လက္ခဏာ ထောက်ကန်ဝါယော ပိုလွန်မှုဟူ၍ ၂-မျိုးစီဖြစ်သင့်သည်အတိုင်း လေခေတ် ပွါးစီးလျှင် ၁၂-ပါး ဖြစ်လေသည်။

ထိုလေခေတ်ပွါး ၁၂-ပါးသည် (၁)အပူ အကြောင်းပြု၍ အပူနှင့်ဆက်ဆံသော လက္ခဏာ (၂)အအေး အကြောင်းပြု၍ အအေးနှင့် ဆက်ဆံသော လက္ခဏာဟူ၍ ၂-မျိုးစီ ဖြစ်သင့်သည် အတိုင်း ပွါးစီးလျှင် လေခေတ် ၂၄-ပါး ဖြစ်လေသည်၊ ဤကား သမားဆရာတွေ့ သိအပ်သော အချက်တည်း။

ထို ပွါးစီးအပ်ပြီးသော လေခေတ် ၂၄-ပါးကို လေရပ်အသစ်အသစ် ဖြစ်စေကြောင်း ကံ,စိတ်,ဥတု,ဟာ, ကြောင်းလေးဖြာနှင့် ပွါးစီးပြန်လျှင် အောက်ပါအတိုင်း လေအမှုပေါင်း ၇၄-ပါး တိုးပွါးလာပြန်လေသည်၊ ဤကဲ့သို့ ပွါးစီးပြသည်မှာ ဒေသနာတော်နှင့်အညီ ဤကဲ့သို့ ဖြစ်သင့်သည်ကို သမားဆရာများ ဆင်ခြင်ယူရန် ပြဆိုခြင်း ဖြစ်လေသည်။

၎င်းလေအမှုများကို အမျိုးအမည် မှည့်၍ ၇၄-ပါး အနာထားလိုက်မည်ဆိုသော် မူလဝါယောခေတ် လက္ခဏာ ၎င်ကွယ်၍ ပညတ္တိမှေ့ ဖြစ်ကုန်ရာ၏၊ ထိုကြောင့် အောက်ပါ ဇယားကို ဂဏန်းချ၍ ဝါယောခေတ် လက္ခဏာကို ညက်အားဖြင့် ယူကြပါကုန်။

| | ကမ္မဇ လေ | စိတ္တဇ လေ | ဥတုဇ လေ | အာဟာရဇ လေ | ပေါင်း |
|---|---|---|---|---|---|
| အဆန်လေ | = ၄ | ၄ | ၄ | ၄ | = ၁၆ |
| အစုန်လေ | = ၄ | ၄ | ၄ | ၄ | = ၁၆ |
| ဝမ်းတွင်းလေ | = ၄ | ၄ | ၄ | ၄ | = ၁၆ |
| အူတွင်းလေ | = ၄ | ၄ | ၄ | ၄ | = ၁၆ |
| အင်္ဂမင်္ဂလေ | = ၄ | ၄ | ၄ | ၄ | = ၁၆ |
| ဝင်ထွက်လေ | = | ၄ | | | = ၄ |
| ပေါင်း | = ၂၀ | ၂၄ | ၂၀ | ၂၀ | = ၈၄ |

## လေဓာတ်အခြင်းအရာ ပြုပြင်နည်း ဥပဒေသ

၁။ အပူကြောင့် လှုပ်ရှားအစ လှုပ်ရှားအမှု လွန်လျှင် အအေးအကြောင်းခံ၍ ထောက်ကန် ဝါယောဖြစ်အောင်ပေး။

၂။ အအေးကြောင့် ထောက်ကန်အစ ထောက်ကန်အမှု လွန်လျှင် အပူအကြောင်းခံ၍ လှုပ်ရှား ဝါယောဖြစ်အောင်ပေး။

၃။ အပူကြောင့် ထောက်ကန်အစ ထောက်ကန်အမှု လွန်လျှင် အအေးအကြောင်းခံ၍ လှုပ်ရှား ဝါယော ဖြစ်အောင်ပေး။

၄။ အအေးကြောင့် လှုပ်ရှားအစ လှုပ်ရှားအမှု လွန်လျှင် အပူအကြောင်းခံ၍ ထောက်ကန် ဝါယော ဖြစ်အောင်ပေး။

၅။ အာရုံနေရာ၊ ဆေးအစာ၊ လေးဖြာ ညှိချေး။
ကံ စိတ် ဥ ဟာ၊ ကြောင်းလေးဖြာ၊ ကြိုရှာထိုက်ရာပေး။
ပြုပြင်နိုင်မှု၊ ဤထုံးယူ၊ ဓာတ်တူ နာမ်ဘက်ဆေး။

## ဝါယောဓာတ် အခြင်းအရာများ ပေါင်းစည်းလျှင် ရသတပါး, တင်တချက်သာ ရှိခြင်း

''ဘိမ်လွှုး မိယ်းပုံ ထက်နဘံ ဖေါက်လိုလျှင် ဌာန်လေးချက်နှင့် ပေါက်= ဟူသော ဝိဇ္ဇာဒိုရ်၏ စကားသည် အလွန်ခိုင်မြဲ မှန်ကန်သော စကားဖြစ်လေသည်၊ ဝိဇ္ဇာဖြစ်လိုသော ဆေးသမား တဦးသည် ထိုစကားကို အသူအကောက် မှားစွာနှင့် ဆယ်နှစ်ခန့် ပင်ပန်းကြီးစွာ လိုက်ရှာလာခဲ့ရာ နောက်ဆုံးကျမ်းဆရာနှင့်တွေ့မှ ရှင်းလင်းပေတော့သည်ဟု ဝန်ခံပြောဆို ဘူးလေသည်။

ထိုမျိုး မဖြစ်ရအောင် မလှည့်မပတ်, မကွေ့မထောက်ဘဲ ဖြောင့်ဖြောင့်ကြီး ဆိုပြပါအံ့=လေအခြင်းအရာ ၈၄-ပါးဘဲဆိုဆို လေမျိုး ၂၇၀-ဘဲပြောပြော လိုရင်း ဝါယောဓာတ်မှာ လက္ခဏာ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော ဌာန်လေးချက်နှင့် တင်၍ ပေါင်းစည်း သင့်ပိုဟ် ယူရလေသည်၊ ထိုလေသည် ''အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု၊ မိမိသဘောကို ဆောင်သော လေဓာတ် အစစ် ပရမတ်ဖြစ်သတည်း''။

ဝါယောဓာတ်သည်=ရုပ်ကို တုန်စေခြင်း,ရုပ်ကို လှုပ်စေခြင်း, ရုပ်ကိုရွေ့စေခြင်း, ရုပ်ကို ပြောင်းစေခြင်း, ရုပ်ကို မငြိမ်သက်စေခြင်း, ရုပ်ကို မတည်တံ့စေခြင်းဟူ၍ ရုပ်တို့ကို တုန်လှုပ် ရွေ့ပြောင်း, မငြိမ်သက် မတည်တံ့စေခြင်း တည်းဟူသော သမုဒိရဏ ကိစ္စရှိ၏၊ ကိစ္စ ဟူသည်မှာ ရသပင်တည်း။(ရွေ့ပြောင်းစေခြင်း ရသတပါးသာရှိ၏)။

ဝါယောဓာတ်သည် = မိမိနှင့် အတူဖြစ်သော ရုပ်တို့ကို အထက်သို့ တက်စေခြင်း, အောက်သို့ သက်စေခြင်း, လက်ဝဲသို့ ရောက်စေခြင်း, လက်ျာသို့ ရောက်စေခြင်း, ရှေ့သို့ ရောက်စေခြင်း, နောက်သို့ ရောက်စေခြင်း ဟူ၍ အက်အောက် သက်တက်, ဝဲယာရှေ့နောက် ရောက်စေခြင်းလျှင် ရွေ့ရှခြင်း အဘိနိဟာရ ပစ္စုပဋ္ဌာန်ရှိ၏။ (ယူဆောင်ခြင်း ထင်တချက်သာရှိ၏)။

(ဝါယောဓာတ် လက္ခဏာဆောင်ပုဒ်)

**တွန်းကန် ညှပ်ဖိ၊ ထောက်ပံ့ဘိ၊ လေ၏ လက္ခဏာ။**
**တုန်လှုပ် ရွေ့သည်၊ မငြိမ်ပြီး မတည် ကိစ္စပါ။**
**ရှေ့နောက် ယာဝဲ၊ ထက်အောက်လဲ၊ ဆောင်မြဲ ပစ္စုပါ။**
**ဝိနိကြွင်းလတ်၊ ဓာတ်သုံးရပ်၊ နီးကပ် ပဒဋ္ဌာ။**

## လေဓာတ်ကို မချစ်မမုန်းအပ်

သတ္တဝါတို့၏ သန္တာန်၌ သမုဋ္ဌာန် လေးပါးကြောင့် ရအပ်သော လေဓာတ် အခြင်းအရာတို့သည် မိမိတို့လေဓာတ်၏ ဂုဏ်, ကိစ္စ, သတ္တိထင်ရှားအောင် ဌာနအားလျော်စွာ ပြုလုပ်ဖေါ်ပြနေကြသောကြောင့် ဉာဏ် အဆောက်အဦ, ဈာန်အဆောက်အဦ, တရားအဆောက်အဦ လိုလားသော ပုဂ္ဂိုလ်တို့အတွက် ရှုကွက် ကြည့်ကွက် ဆင်ခြင်နှလုံးသွင်းရန် ဓာတ်ချက်များ ဖြစ်ကုန်၏။

ဆေးသမားဆရာများသတိပြုရန်မှာလေဓာတ်ကို လေမျိုး-၈၀ အနာပြု၍ ရှုနေခြင်းဖြင့် အချိန်ဖြုန်း ဉာဏ်တုံး မလုပ်သင့်ကြပေ၊ လေဓာတ်၌ အချစ်အမုန်း မထားဘဲ ယောနိသော မနသိ သင့်လျော်အောင် နှလုံးသွင်းကြမည်ဆိုလျှင် ဓာတ်ချက် ဉာဏ်ချက် အလွန်သွက်၍ ထွက်ပေါက်တမျိုး ရှိသည်ဟူ၍ ယုံကြည်သင့်ပေသည်။


ဝါယောဓာတ်တပါး ငုံမိလျှင် ဝါယော ဗိန္ဓာမိုရ်ကြီး ဖြစ်ကာ သူယောင်ယောင် ငါယောင်ယောင် ရုပ်ဆောင်နေသောသူယောင် တောမှာ ဓာတ်တပါး အဖြစ်နှင့်လည်း နေနိုင်ကြပေသေးသည်။

ဝါယောသမ္ဘာရ ဓာတ်ခွဲခန်းပြီး၏။

ဤတွင်=

မြေ,ရေ,လေ,မီး ဓာတ်ကြီးလေးဖြာ ရုပ်ခန္ဓာတည်ဆောက်ပုံပြခြင်း

ကဏ္ဍပြီး၏။



## သီတအာဝမ္ဗနရုပ် ခေါ်မှတ်သော သာခကနှင့်

### (ပြုပြင် စီရင် ကုမတ်နည်း)

ဖးယောင်းလုံးသည် အပူ နှင့် တွေ့ထိလျှင် ပုံသဏ္ဍာန် ပျက်ပြား၏၊ အအေး နှင့် တွေ့ထိလျှင် ပုံသဏ္ဍာန် တည့်ငြိမ်၏၊ အအေးဥတု ဓာတ်ဖြင့် တည်ငြိမ်သော ရုပ်ကို သီတဇ အအေးရုပ် ဟု လောကလူတို့ သိမှတ်နည်းအတိုင်း ဖယောင်းလုံးကို သီတအာဝမ္ဗနရုပ် ဟု ပိုင်းခြား ခေါ်မှတ်အပ်၏၊ ထိုဖယောင်းလုံးသည် အပူ အအေး ဥတုနှစ်ပါး နှင့် ပြိုင်ဆိုင် တွေ့ထိသောအခါ၊ အထက်ပါပုံစံ စက်ဝိုင်း မြှားချက်အတိုင်း ဖေါက်ပြန် ပြောင်းလဲတတ်၏။ ဆေးချက် ပြုပြင်နည်းမှာ- ဥတု အပူ အအေး ဟူသော တေဇောဓာတ်ဘပါး အကြောင်းမြင်လျှင် ကြွင်း ဓာတ်သုံးပါး အကျိုးပြီးဘော့သည်၊ လူတို့၏ ရုပ်ခန္ဓာ ကာယ၌ ဖယောင်းသားနှင့် တူသော သမ္ဘာရဓာတ် အဆောက် အဦ များကို ဤနည်းဖြင့် သိအပ်၏။

## ဓာတ်ခန္ဓာ အသိဥာဏ် ထူထောင်နည်း ကဏ္ဍ၌ သိသာဘွယ် အချက်များ

**ဓာတ်အစုအပုံပြု၍ ရှုမှတ်ဆင်ခြင်နည်း** ကာယာနုပဿနာအလုပ်နှင့် ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်တို့သည် ကေသာ, လောမာ, စသော ပထဝီဓာတ် ၂၀-နှင့် ပိတ္တံ,သေမှံ စသော အာပေါဓာတ် ၁၂-ပါးကို တပေါင်းတည်းပြု၍ "**၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်း**" အဖြစ်နှင့် ရှုမှတ် ဆင်ခြင်ကြလေသည်၊ တနည်းမှာ=၃၂-ကောဋ္ဌာသ အဝုအဝေးအတွင်းသို့ သန္တာပနစသော မီးဓာတ် ၄-ပါးနှင့် ဥဒ္ဓင်္ဂမစသော လေဓာတ် ၆-ပါးကို ပေါင်းထည့်ပြီးလျှင် "**၄၂-ပါးအခြင်းအရာ**" အဖြစ်နှင့်လည်း ရှုမှတ်ဆင်ခြင်ကြလေသည်၊ သာသနာတော်တွင်းသား ဖြစ်သော ဆေးသမားတို့မှာ ထိုကောဋ္ဌာသအဝု ၄၂-ပါးသော အခြင်းအရာကိုမှီ၍ ပထဝီဓာတ် ၂၀-နှင့် အာပေါဓာတ် ၁၂-ပါးကို "**ဓာတ်သေ**"ဟူ၍ မှတ်ပြီးလျှင် တေဇောဓာတ် ၄-ပါးနှင့် ဝါယောဓာတ် ၆-ပါးကို "**ဓာတ်ရှင်**" ဟူ၍မှတ်ကာ ဆေးကု ဓာတ် ညှက် ကျက်စားကြလေသည်။

**ဓာတ်တပေါင်းတည်း ရှု၍ကုစားနည်း** လူ့ဘို့ရှိ၏ရုပ်ကာယဟူသော ကိုယ်ခန္ဓာအတွက် ဘောင်ကြီးသည် ဓာတ်လေးပါးကို အမာခံပြု၍ ဖြေတည် ဆောက်သားသည်ဖြစ်ရာ ၁=နှိုင်,မာ,တောင့်, တင်း,ခံ့ကျန်းမှုလက္ခဏာ ထင်ရှားစွာ လွန်ကဲလျှင် **ပထဝီဆောင်သောရင်း**၊ ၂=ဖွဲ့,စည်း,စေး,ကပ်, ဖိုး,ငိတ်,ပေတ်မှုလက္ခဏာ ထင်ရှားစွာလွန်ကဲလျှင် **အာပေါဆောင်သောရင်း**၊ ၃=ပူပူ လောင်လောင်ဖြစ်၍ လှုံးလှိုမ့်နေရခြင်း, ဗုန်ပုန် ဒိုက်ဒိုက်ဖြစ်၍ ချမ်းအေးမေးရှိက်နေရခြင်း လက္ခဏာ ထင်ရှားစွာလွန်ကဲလျှင် **တေဇောဆောင်သောရင်း**၊ ၄=တွန်းကန်, ထောက်ပံ့, ဖိညှပ်, ခုတ်ယူ, ဆွဲငင်,ဝှန်သုပ်,ရွေ့ရှားမှုလက္ခဏာ လွန်ကဲစွာထင်ရှားလာလျှင်

**ဝါယောဆောင်သောရုပ်၊** ၅=ချွေးလွှန်ခါတ်သက် ရုပ်ပုက်လက္ခဏာ ပွင့်လင်းချက် အလွှန်ထင်ရှားလာလျှင် **အာကာသဆောင်သောရုပ်၊** ဟူ၍ ရှုမှတ်ဆင်ခြင်ပြီးလျှင် ဓာတ်တပေါင်းတည်းပြု၍ ကုစားနိုင်ကြပေသည်။

**အကြောင်းဓာတ် အကျိုးဓာတ် ခွဲ၍ ကုစားနည်း** ဓာတ်လွှန်လက္ခဏာများ ထင်ရှားစွာ ဆောင်ပြသည်ဆိုရာမှာ အကြောင်းမရှိဘဲ အလျောက်ဘာသာ ထင်ရှားတတ်သော အကျိုး ဟူ၍ မရှိပေရာ၊ ဥတုဇတေဇောဓာတ်ကို အကြောင်းပြု၍ ပထဝီဓာတ်တွင် "**ခက်မာ, နူးညံ့**" နှစ်မျိုးကွဲ၍ အကျိုးသက်ရောက် တတ်ခြင်း၊ ထို့အတူ အာပေါဓာတ်တွင် "**ဖွဲ့စေး, ယိုစီး**" တေဇောဓာတ်တွင် "**ပူမှု, အေးမှု**" ဝါယောဓာတ်တွင် "**ထောင်မှုး, ထောက်ကန်**" အာကာသဓာတ်တွင် "**ပေါက်ကြား, ပိုင်းခြား**" နှစ်မျိုးကွဲ၍ အကျိုးသက်ရောက်တတ်ခြင်းတို့ကို ရှုမှတ်ဆင်ခြင်၍ ကုစားနိုင်ကြပေသည်၊ ဖသောင်းရုပ်စက်ဝိုင်းနှင့် ရှုံ့ရုပ်စက်ဝိုင်းကို ကြည့်လျှင် အကြောင်းဓာတ်နှင့် အကျိုးဓာတ်ကို သိသာနိုင်ပေသည်။

**သမုဋ္ဌာန် ၄-ပါးနှင့် ဆံပင်စသော ထိုထိုကောဋ္ဌာသ အခြင်းအရာ ပြုပြင်စီရင်နည်း** သမုဋ္ဌာန ဓာတ်ရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား လေးပါးကိုမှီ၍ အကျိုးအလီလီ ဆက်နေသော ကာယသမ္ဘာရ ခန္ဓာကိုယ် အစိတ်အပိုင်းများ ဖြစ်ပေရာ ထိုကံအကြောင်းဆက်, စိတ်အကြောင်းဆက်, ဥတုအကြောင်းဆက်, အာဟာရအကြောင်းဆက်များကို အနုစိတ်၍ သိမှတ်ဆင်ခြင် အပ်လှပေသည်၊ ဤဆေးအဘိဓမ္မာ ဥတုဘောဇန သမ္ဘတ္တိကျမ်းတွင် ၄၂-ပါးသော သမုဋ္ဌာနဓာတ်ရုပ်ကို ထောက်ပံ့ခြင်း, ဖြစ်စေခြင်း, အကြောင်းဆက်ခြင်း, အကျိုးထင်ခြင်းတို့ဖြင့် မြောက်ပွါး၍ အခြင်းအရာပေါင်း ၅၄၂-ပါးဖြစ်သင့်သည်အတိုင်း ဖေါ်ထုတ်လိုက်ပေရာ၊ ဤနည်းအတိုင်း အနုစိတ်၍

ပြုလုပ်ကုစားရမည် ဟု မမှားကြားလိုပါ၊ လုပ်ဖြစ်သော နည်းနှင့် ပြုပြင်စီရင် ကုစားရာတွင် အလုပ်မကြွင်းကျန်သော အနုစိတ် ဥပဒေသကို သိရှိထားခြင်းက သမားဂုဏ်မြောက်ပါသည်၊ ဤကဲ့သို့ "**ဓမ္မဆေးရေနှင့်အမျှပေးစေ**" ကုစားရမည့် အနုစိတ်လက္ခဏာတိုင်အောင် သိခြင်းသည် ဆေးသမားတို့၏ တမလွန် ဘဝကူးအတွက် အထောက်အပံ့ကြီးပေတည်း၊ ဆေးသမားကိစ္စ အသိစင်၍ ပျင်းရန်းငြီးငွေ့ စွန့်လွှတ် သွားလျှင်လည်း ဤဘဝတွင်ပင် ဈာန်,မဂ်,ဖိုလ်, နိဗ္ဗာန်ကြေန်ပေတည်း။

**ဆေးအသိစင်သည်**

ဈာန်ယှဉ် ဉာဏ်မြင်မှ လူတို့၏ရူပကာယ ဟူသော ခန္ဓာကိုယ်အဖွဲ့ဘောကြီးသည် ကံအကြောင်း, စိတ်အကြောင်း,ဥတုအကြောင်း, အာဟာရအကြောင်းတို့ဖြင့် ပြုပြင်စီရင်ဖန်တီးမှု အားရှိစွာနှင့် တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ်တရွရွ ခဏမစဲ မွှမွှကြဲ ဖြစ်နေသော စတုဇရုပ်ကလာပ်အဆက် သန္တတိဖြစ်စဉ်ကို **နတ်ထင်ရှားသဖြင့်** နတ်ဝင်ကုစားသော ဆေးသမားအတတ်လည်းရှိပေသည်၊ **ဓာတ်ထင်ရှားသဖြင့်** ဓာတ်မြင်ကုစားသော ဆေးသမားအတတ်လည်း ရှိပေသည်၊ **ပိုးထင်ရှားသဖြင့်** ပိုးသတ်ကုစားသော ဆေးသမားအတတ်လည်း ရှိပေသည်၊ **အနာရောဂါထင်ရှားသဖြင့်** အနာပျောက်ကုစားသောဆေးသမားအတတ်လည်း ရှိပေသည်၊ကံ,စိတ်,ဥတုအာဟာရ အကြောင်းထင်ရှားသဖြင့် သမုဋ္ဌာန်နှင့် ကုစားသော ဆေးသမား အတတ်သည်ကား ဗုဒ္ဓသာသနာတော်တွင်းကြုံမှသာလျှင် ယုံကြည်နိုင်ကြပေသည်၊သင်္ခါရအကြောင်း ထင်ရှားသဖြင့် သင်္ခါရဓမ္မအာရုံနှင့် ပြုပြင်ကုစားသော ဆေးသမားအတတ်သည်ပင်း၊ ပြုပြင်မှုသင်္ခါရ အကြောင်းထင်ရှားသဖြင့် အဘိသင်္ခါရမာရ်နှင့် ပြုပြင်ကုစားသော ဆေးသမားအတတ်သည်ပင်း၊ မိမိတို့ကိုယ်တိုင် ဈာန်တရား ဉာဏ်တရား ရပြီးမှသာလျှင် ထင်ရှားပေလိမ့်မည်၊ ထို့ကြောင့် ဆေးသမားအလုပ်သည် မွှမွှအလုပ်မဟုတ်

ပေ၊ **ဆေးပလ္လင်ရမှ ဆေးဝိဇ္ဇာ** ဆိုသင့်ပေသည်၊ ဆေးပလ္လင် ဆိုသည်မှာ မဟာဂုဏ် ဂရုကာမြောက်သော ဈာန်အာရုံ တခုခုပေ တည်း၊ ထိုဆေးပလ္လင်ရလျှင် ဘုရားတမန်တော် အမည်ခံတတ် လေသည် ဘုရား၏ တမန်တော်ကားမဟုတ် ဈာန်တရား၏ ရွှေ တော်ပြေး သားတော်ရပ်ပေတည်း၊ လူ့လောကတွင် ဆေးကိစ္စ ပြီးတတ်၏။

## သမားကောင်း သမားမွန်တို့၏ သွားရာလမ်းက ခေတ်ဝန်ထမ်းဖြစ်သည်

လောက၌ ဘုရား, တရား, သံဃာ, ဆရာသမား, မိဘဟူသော အနန္တကျေးဇူးဂုဏ်ငါးပါးတွင် ဆရာသမား၏အဖြစ်သည်လည်း အနန္တကျေးဇူး ဂုဏ်ထိုက်၍ ရတနာသုံးပါး၏ နောက်ဆွယ်တွင် အဘယ့်ကြောင့် ဦးဖျားတင်ထားရသနည်း၊ မိမိတို့သည် အဘယ် အမှု တာဝန်ကြီး ယူသောကြောင့်၊ လူတို့ ဦးထိပ်ထားကြသနည်း ဟူသောအချက်ကို ကောင်းကောင်းကြီးပြေလည်အောင်သဘော သက်ဝင် နားလည်တို့ လိုလေသည်။

**ဘာကြောင့် ဆရာလုပ်သနည်း** ယခုအခါ တောင်းလောက် ပုတ်လောက် ကြီး စာလုံးထိုး၍ ဈေးမ ဆိုင်းဘုတ်ကြီး ဆွဲကာ ဆရာဟူသောဂုဏ်ကြီးကို မျက်နှာဖုံးအပြည့် ယူထားလင့် ကစား ဆရာသမားတို့၏ အလုပ်တာဝန်ကို သဘော ပြည့်ပြည့် ဝဝနှင့် နားလည်သိရှိသူ အလွန်ရှားလေသည်၊ ဆေးစွမ်းကောင်း ရှာဖွေပေးနိုင်သောကြောင့် လူတို့ ရှိခိုး ပူဇော် ခံထိုက်သည်ဟု ထင်နေကြသလား အမှန်ပြောရလျှင် အာရက္ခဂုဏ်နှင့် သမား တာဝန် ခေတ်တာဝန် တို့ကို အကယ် နားလည်ကြလျှင် ဆေး သမားတွေ ဤမျှ ပေါပေါများများ ရှိလိမ့်မည် မထင်ပေ၊ သမား ဆရာ အလုပ်သည် တဘဝတခါ ဝမ်းစာအတွက် ငဲ့ဟန်ပြုလုပ် ရသော အလုပ်မျိုးနှင့်လည်း မနိုင်းသင့်ချေ။

**အဘယ်ကြောင့် အနန္တဂိုဏ်း ဝင်သနည်း**

သံဃာတော်တို့သည် ဘုရားရှင်၏ ဒေသနာတော်ကို ဆောင်၍၊ သာသနာတော်ဝန်ကို ထမ်းရွက်နေကြသောကြောင့် အနန္တကျေးဇူးဂုဏ် ထိုက်ပေသည်၊ မိဘတို့သည် "ပုဗ္ဗာစရိယ မိနှင့်ဘ" ဟူသော လောကပညတ္တိခံမှုကို ရွက်ပန်၍ သားဝန် သမီးဝန်ကို ကြေပြွန်အောင် ထမ်းဆောင်ကြရသောကြောင့် အနန္တ ကျေးဇူးဂုဏ် ထိုက်ပေသည်၊ ထို့အတူ ဆရာသမားတို့ သည်လည်း သံဃာဂုဏ် ကျေးဇူးအောက်၊ မိဘဂုဏ် ကျေးဇူး အသက်တွင် ထင်မြဲမြင့်ခြင်း၌မထိုက်ဘဲ၊ အနန္တဂုဏ်ဝင်ကျေးဇူး တင်ထားရသည်မှာ အကြောင်းရင်းရှိပေသည်၊ ထိုအကြောင်းရင်းကား ခေတ်တိုးခေတ်ဝန် ထမ်းဆောင် ရသောကြောင့်တည်း။

**အဘယ်ကဲ့သို့ ခေတ်ဝန် ထမ်းသနည်း**

ခေတ်တိုး ခေတ်ဝန်ဆိုသည်မှာ လူတို့သည် မိမိတို့၏ မစင်,ကျင်ကြီး,ကျင်ငယ်,ဘင်ပုပ်,ချွဲ,သလိပ်,နှပ်,တံထွေး,ပြည်,အပုပ်,စသောအညစ်အကြေးခေတ်များကို ချွဲခန်း,သလိပ်ခန်း,ထား၍ အလွန် စက်ဆုပ်ရွံရှာကြလေသည်၊ ထိုလူတို့ စက်ဆုပ်ရွံရှာ မုန်းတီး ကြသော ချွဲခန်း, သလိပ်ခန်း ကိုပင် သမား ဆရာတို့က ဝင်၍ ခေတ်တာဝန်နှင့် သမားတာဝန် ခွဲကာ အနာရောဂါ စစ်ထမ်းယူကြရပေသည်၊ သမားဆရာ တို့သည် လူတို့၏ အညစ်အကြေးခေတ်ကို အဆင်းနှင့်လည်း အာရုံခံရ၏၊ အသံနှင့်လည်း အာရုံခံရ၏၊ အနံ့နှင့်လည်း အာရုံခံရ၏၊ အရသာနှင့်လည်း အာရုံခံရ၏၊ အတွေ့အထိနှင့်လည်း အာရုံခံရ၏။ မရွံ,မရှာ, မရန်း,မတီး, မငြီးငွေ့နိုင်ဘဲ ခေတ်အမျိုးမျိုး ခွဲ၍ သိအောင်လည်း ကြည့်ကြ, ကြိုကြ, ဖန်ကြရ၏၊ သမားဆရာ တို့၏ အလုပ်ကား ဝန်ကြီးလှပေသည်၊ ဝန်ကို ဝင့်ဟုသင်လျှင်ကား သမားဆရာ အလုပ်ကို စွန့်သွတ်ပြီး ကွတ်ရာ လွတ်ရာသို့ မချထွက်ပြေးကြပေလိမ့်မည်၊ လူနာရှင်များသည် မိမိ၏ ခေတ်ဝန်ကို ထမ်းထားနိုင်သော ဆရာ

သမားတို့၏ ကျေးဇူးကို မထိန်မြှုသင့်ပေ၊ လူနာ၏ လက်ငင်း ကုသိုလ်ကံဆက်သည့် ဆေးသမားဖြစ်သည့်ပြင် ဝဇ္ဇာပစ္စာယန ကုသိုလ် ထူထောင်မိအောင်လည်း ကျေးဇူးဆက်အပ်ပေသည်။

**ဆရာသမားတို့ ခေတ်ဝန် ထမ်းနည်း** လူတို့၏ အညစ်အကြေး ဖြစ်သော ခေတ်တိုး ခေတ်ဝန်ကို ထမ်းဆောင် နေကြရသော သမားဆရာတို့သည် အနာရောဂါ စစ်ဆေး ကြည့်ရှုပြီးတိုင်း ညဉ့်အခါများ၌ အလကား အချိန်မကုန်စေဘဲ ခေတ်ကို ခေတ်မှန်းသိသိနှင့် ခေတ်တရားများကို ပွါးများ အားထုတ်သင့်ပေသည်၊ သမားဆရာအလုပ်နှင့် တရားအားထုတ်သော အလုပ်သည် အလွန် အဆင်ပြေသော အလုပ်ပေတည်း၊ ရှေးအခါက ဈာနလာဘီ ရှင်ရသေ့များသည် လူတို့၏ သုက်ခေတ် သွေးခေတ် အညစ်အကြေး ခေတ်တို့ဖြင့် ရစ်ပတ်ဖွဲ့ချည် ထားသော မိမိ၏ ကိုယ်ကာယကို စိတ်၏နှင်းပြား ကြမ်းပြင်အဖြစ်ထား၍ ဈာန်စိတ်များထအောင် ပြုရပျိုးထောင်သွားကြပေသည်၊ ဈာန်အဘိညာဉ် တန်ခိုး ပြည့်ပုံသောအခါ သမားဆရာတို့၏ ခေတ်ဝန်ထမ်းနည်း ကို ဆေးကျမ်း ခေတ်ကျမ်းများဖြင့် တန်ဆာဆင်၍ ဗိစဉ်ဟော ပြော, သွားကြပေသည်၊ ထိုဈာနလာဘီ ရှင်ရသေ့များ ပြုလုပ်သွားသော လမ်းစဉ်ကဲ့သို့ပင် ဆရာသမား များသည် တမလွန် အကျိုး ပစ္စုပ္ပန်အကျိုးကို မျှော်ကိုး၍ ခရီးသွားသင့် ပေသည်၊ လောကလူတို့၏ အညစ်အကြေး ခေတ်ကို အညစ်အကြေးခေတ် ဟူ၍ မသိနိုင်အောင် ငွေကြေးလာဘ်သပကာ ဖုံးလွှမ်း၍ အပေါက် ပျော်ပိုက်နှစ်ခြိုက်နေသျှင်ကား ဘဝ သံသရာ၌ အလွန်နစ်နာချက် နာသော အသိများ အမှတ်များ အသူများ ဝန်ကျယ်သည့်နယ်ကြီး ပေတည်း၊ လောက အညစ် အကြေးကို အညစ် အကြေး ဟူ၍ သိသိနှင့် သမားတာဝန် ခေတ်တာဝန်အဖြစ် ကျေပြွန်အောင်လုပ် လျှင်ကား အသိအမှတ် အသူများ ဟူ၍ မဆိုရပေ၊ လောက သံသရာ ကောင်းကျိုးပေတည်း။

**သာသနာတော်အသိ ဝန်ထမ်းနည်း** ဤ ဆေးအဘိဓမ္မာကျမ်းသည် သာသနာ တော် အသိဝန်ကို ထမ်း၍ စီစဉ်ရေးသားသော ဆေးကျမ်းဖြစ်၍ သမုဋ္ဌာန်တရား သင်္ခါရတရားများကို သိရှိသဖြင့် ဆေးပေးကုမသည် ဆိုသော သမားဆရာများသည် သဘောတူသော ဓာတ်တို့၏ ဖြန့်နှံ့ပုံ ပမာဏ, အဘိုင်းအရှည်, ဩဇာ အာဏာစက်, မည်ရွေ့မည်မျှ ခရီးရောက်သည်ကိုလည်း သာသနာတော် အသိအဘိုင်း သိရှိထားဘို့ လိုပေသည်။

**အဘိသင်္ခါရ စက်ဆရာကြီး** ကံ, စိတ်, ဥတု, အာဟာရဟူသော သမုဋ္ဌာန် လေးပါးကို ဆင်ခြင်စိစစ်၍ ဆေးပေးသည် ဆိုသော သမားဆရာ အလုပ်သည် စကြဝဠာ အနန္တကို အစိုးတရနှင့် လွှမ်းမိုးပြုပြင်သော ကမ္မသင်္ခါရ, စိတ္တသင်္ခါရ, ဥတုသင်္ခါရ, အာဟာရသင်္ခါရ ဟူသော သင်္ခါရမှုကြီး လေးပါးနှင့် ဆက်စပ်လျက် ရှိပေရာ ထိုသင်္ခါရမှုကြီး လေးပါးကိုလည်း အာရုံပြုရပေမည်၊ မိမိကိုယ်တိုင် အဘိသင်္ခါရမာရ် မအောင်သေးသဖြင့် ပြုပြင်စီရင်နေသော အဘိသင်္ခါရ စက်ဆရာကြီး၏ ဝန်မျိုးကဲ့သို့ သိထားအပ်ပေသည်။

**မဟာလောကဓာတ် စက်ဆရာကြီး** ဥတုဟူသော တေဇောဓာတ်တပါးကို အဓိကယူ၍ စိစစ်ဆေးပေးသည် ဆိုသော သမားဆရာ အလုပ်သည် တေဇောဓာတ် တပါးကြောင့် ဖြစ်အတူ ပျက်အတူဟူ၍ တည်ရှိသော စကြဝဠာ ကုဋေတသိန်း၌ မဟာလောကဓာတ်ကြီး တခုနှင့် ဆက်စပ်လျက်ရှိပေရာ–ထိုမဟာလောကဓာတ်ကိုလည်း အာရုံပြုတတ်ရပေမည်၊ ထိုစကြဝဠာ ကုဋေတသိန်းသည် ဘုရားရှင်၏ အာဏာခေတ်အတွင်း၌ တည်ရှိသည်ကိုလည်း အာရုံပြုတတ်ရပေမည်၊ မိမိကိုယ်တိုင် မဟာလောကဓာတ် စက်ဆရာကြီး၏ ဝန်မျိုးကဲ့သို့ သိမှတ် ထားအပ်ပေသည်။

**နိယာမဥတု စက်ဆရာကြီး** လူ တိရိစ္ဆာန် တောတောင် ရေမြေတို့သဏ္ဌာန်၌ ကျရောက်သော ဗဟိဒ္ဓဥတုကို စိစစ်၍ ဆေးပေး ကုမသော သမားဆရာ အလုပ်သည် ယခု ကြုံကြိုက်ဆဲဖြစ်သော နေ,လ,နက္ခတ် တာရာ ဂြိုဟ်များစွာဟူသော နိယာမ ဥတုနှင့် ဆက်စပ်လျက် ရှိပေရာ-အဖြောင့်အမှန်ကျင့်သော ဥတုလမ်းနှင့် ကောက်တကွေ့ ကျင့်သော ဥတုလမ်း အသွားအလာကို အာရုံ ပြုတတ် ရပေမည်၊ မိမိကိုယ်တိုင် အဖြောင့်အမှန် ကျင့်သွားတတ်သော ဥတုနိယာမ စက်ဆရာကြီး၏ ဝန်မျိုးကဲ့သို့ သိမှတ် ထားအပ်ပေသည်၊ **အာဒိစ္စဗန္ဓု** နေမင်း၏ အဆွေဖြစ်အောင် ကြိုစား နိုင်ရပေမည်။

**ဝိသေသဥတု စက်ဆရာကြီး** လူ တိရစ္ဆာန်တို့၏ ကိုယ်ကာယ၌ ယခု ခံစားဆဲ အနာရောဂါတို့ကို အပူ ဥတုဟူသောအကြောင်းကြောင့်(သို့မဟုတ်)အအေး ဥတုဟူသော အကြောင်းကြောင့်ဖြစ်သည်ဟု ဥတုဇရုပ်ကိုဖြတ်၍ ဆေးပေးကုမသောသမား ဆရာအလုပ်သည် လူနာနှင့် အနီးစပ်ဆုံးကဖြစ်သော ပတ်ဝန်းကျင်ဥတု၊ **ဥပမာ**=ဒေသကဖြစ်သော အပူအအေး, ဌာနကဖြစ်သော အပူအအေး,အချိန်နာရီလိုက်၍ ပေါက်ပွါးသော အပူအအေး, အာရုံလိုက်၍ ဖြစ်ပေါ်တတ်သောအပူအအေးတို့နှင့် ဆက်စပ်လျက်ရှိရာ ဒေသ,ဓာတ်,အရပ်, အရွယ်, အာရုံ, နေရာ, အစာတို့ကို ဥတုနှင့်လျော်အောင် သိရပေမည်၊ မိမိကိုယ်တိုင် ဥတုဓာတ် တပါးပိုင်သော ဝိသေသဥတု စက်ဆရာကြီး၏ ဝန်မျိုးကဲ့သို့ သိမှတ်ထားအပ်ပေသည်၊**နေတဆူ သေဘဆူ**ကဲ့သို့ ဖြစ်ရမည် ဟူလို။

**ပညာပါရမီ လမ်းကြောင်းကြီး** ဤသို့သော သာသနာတော် အသိဝန်ကို ထမ်းဆောင်ယူလိုက်ခြင်း အားဖြင့် ပညာပါရမီလမ်းကောင်းကြီး ဖြစ်လာနိုင်ပေသည် ''ဓာတုယောဘိက္ခဝေ သံသန္ဒန္တိ''ဟူသော ဒေသနာနှင့် ဆင်ခြင်လျှင် ဓာတ်တူသည်သဘောတူရာတူရာ နှီးနှော ဆက်ဆံ ပေါင်းသင်းတည်ရှိ တတ်ပေသော

ကြောင့် သမားဆရာတို့၏ ပါရမီ လမ်းတွင်လည်း အဘိသင်္ခါရ စက်ဆရာဓာတ်ကြီးမျိုး,မဟာလောကဓာတ်စက်ဆရာဓာတ်ကြီး မျိုး, ဥတုနိယာမ စက်ဆရာဓာတ်ကြီးမျိုး, ဓာတ်တပါးပိုင်သော စက်ဆရာ ဓာတ်ကြီးမျိုးဟူ၍ မျိုးစေ့ ကျရောက် ပေါက်ပွါးပြီး လျှင် ဈာန်မဂ်ဖိုလ်နိဗ္ဗာန်ခရီးတိုင်အောင် ပညာပါရမီ အဆောက် အဦကြီး ဖြစ်တတ်ပါသည်။

**ဆရာပေါများသော အန္တရာယ်ကြီး** "ဆရာများ သားသေ" ဟူသော စကားရှိ သည်အတိုင်း မြန်မာနိုင်ငံတွင် တိုင်းရင်း မြန် မာ ဆေးဆရာတွေ ပေါများခြင်းသည် အန္တရာယ်ကြီး တခုဟူ၍ တိုင်းပြည်က ထင်မှတ်နေကြလေသည်၊ အမှန်မှာ မီးဖုံချောင်က မိန်းမတို့သည်ပင် ဆေးမီးတို တခုကိုကိုင်၍ ဆရာလုပ်တတ်သော ကြောင့် ဆရာပေါများခြင်း ဖြစ်ပေသည်၊ တပည့်ခံလိုသော စိတ် နှင့် စံနစ်ကျနသော ဆေးပညာနည်းကို အရှာထွက်လျှင် ဆရာမပေါများကြောင်း သိပေလိမ့်မည်။

**ဆရာသမား အစားစား** သမားအိုစေ ဟူသောစကားရှိသဖြင့် အသက်ကြီး သဖြင့် ဆရာ့အရာ၌ နေခြင်း၊ အိမ်ဦးနတ် လုပ်လို၍ ဆရာလုပ်ခြင်း၊ တပည့်အရာ မနေလို၍ ဆရာလုပ်ခြင်း၊ ထိထိုး သကဲ့သို့ ကံမျှော်ပြီးဆရာလုပ်ကြခြင်း၊ ဟိတ်ရှိအောင် ဆရာဟန် ဆောင်ထားခြင်း၊မိဘရိုးရာရှိ၍ ရိုးရာမပျက်ဆိုင်းဘုတ်ဆက်ထား ခြင်းတို့ကိုလည်း တွေ့ရပေလိမ့်မည်၊ တာဝန်သိသိနှင့် နီးချည်း ပြည့်သော ဆရာမှာ ရှာမှရှားဘိခြင်း၊ ထိုတွင် "ရွှေနေမျိုစေ— **သမားအိုစေ**" ဆိုသောစကားအရ သမားအိုစေ ဆိုရာမှာ သက် ကြီးအိုထက် သိကြီးအိုခြင်းကို ယူအပ်၏၊ ဆရာဇီဝက ဆေး သမားကြီးနှင့် မဟောသဓာ သုခမိန်တို့သည် သက်ကြီးအိုတွေ မဟုတ်ကြ၊ သိကြီးအိုကြီးတွေ ဖြစ်သည်ကို မျှော်ချင့်ယူအပ်၏။

**၅၅တွင်= ဓာတ်ခန္ဓာခွဲခဏ်းတွင် သိသာဘွယ်အချက်များနှင့် သမားကောင်း သမားမှန်စိစစ်ခဏ်း ပြီး၏။**

# လူဖြစ်ကမ္ဘာနှင့် ဥတုဘောဇဉ်ရုပ် ပေါ်ဦးခေတ်ကို ပြခြင်း

## ဥတုဘောဇဉ်=ဖြစ်စကမ္ဘာ ဖြစ်ဆဲကမ္ဘာ ဖြစ်လတ္တံ့ ကမ္ဘာကို ဝေဘန်ပြမည်

**ဥတုအလိုနှင့် ဆေးကုဉာဏ်** ဥတုအလိုနှင့် ဆေးကုဉာဏ် ထူးသောင်သည် ဆိုရာ၌ ဥတုကြောင့် ဖြစ်သော ရုပ်မှန်သမျှတို့သည် နောက်က ဆိုခဲ့သော နည်းအတိုင်း ပတ်ဝန်းကျင် အပြင် အပ ဗဟိဒ္ဓဥတု၏ပူ,အေး,အစီအချင်ကိုလိုက်၍ သာယာခြင်း,မသာယာခြင်း, ရှင်လန်းခြင်း, ညှိုးနွမ်းခြင်း ဟူ၍ ဖြစ်ပေါ်နေတတ်သည်ဖြစ်ရာ၊ လူဘိရဏ္ဍာန် တို့သည် ထိုဥတုက ဖြစ်စေသော ဥတုဘောဇဉ်အစာကို သင့်မြတ် လျော်ကန်အောင် စားသုံးတတ်သဖြင့်၎င်း ဗဟိဒ္ဓဥတု၏ အပူအအေး,အချမ်းအအေးတို့ ဆောင်ခြင်း၍ သင့်လျော်အောင် ပြုပြင်နေတတ်သဖြင့်၎င်း အနာကင်းမဲ့ အသက်ရှည်စွာ အသင်္ချေကြာအောင် နေနိုင်ကြသော ကမ္ဘာဦးလူတို့၏ ထုံးနည်းရှိပေသည်။

**ဥတုမာယာရုပ်မှ ဥတုဇနာသို့** ဥတုဇရုပ် မှန်လျှင် ဖေါက်ပြန်တတ် ပေသည်၊ ထိုဖေါက်ပြန် သည်ကို ခံသော်လျှင် ဥတုဇ မာယာခေါ်၍ မခံသာသောအခါ ဥတုဇနာဟူ၍ ခေါ်သည် ထို ဥတုဇနာသည် ဥတုက ဖြစ်စေသော မြေ, ရေ, လေ, မီး, ခေတ် ဘောဇဉ်နှင့် သစ်ပင်,သစ်ရွက်,အသီး,အနှံစသော ဥတုဘောဇဉ် အစာတို့ကို ဥတုနှင့်သင့်လျော် မှုအောင် စားသုံးလျှင် ကြေပျောက်တတ် ပေသည်၊ ဉာဏ်မသန့်သော တောကောင် တိရစ္ဆာန်တို့ သည်ပင်လျှင် မိမိတို့၏ ကိုယ်ခံ ဥတုခေတ်အား အာသာဝင်သော ဥတုဘောဇဉ် သစ်ပင်,သစ်ရွက်ကို ရှာ၍စားသုံးသဖြင့် အနာကင်းလွတ်ကြပေသည်၊

**သွေးသားရှင်ငင်၍ အနာဝင်သည်** လူတို့မှာ ဥပါဒါန်နှင့် ဆွဲယူသော ကံသည် အလွန် ဆန်းကြယ် ပေသည်၊ သာမန်ဖြစ်သော ဥတုဇနာကို ဥတုဘောဇဉ် အစာနှင့် ကြေပျောက်ပါလျက် သွေးရပ်, သားရပ်, အသက်ရပ်, အာသာဝင်၍ ဘောဇဉ်ပြုကြသောကြောင့် လောက၌ ခေါ်ပြောစရာ အနာရောဂါပေါင်းများစွာနှင့် ဆေးနည်းပေါင်းများစွာ ဟူ၍ ပေါ်လာရပေသည်၊ ဗျာဓိဂိုဏ်းနှင့် ဆရာဂိုဏ်းသည် လောက အပြိုင်ခေတ်ကဲ့သို့ "နင်လားအနာ ငါကားဆရာ" ဟူ၍ ဖြစ်လာကြပေသည်၊ အရင်းအမြစ်ကို ရှာဖွေ စိစစ်လျှင် မူလ ဥတုဇနာ ဟူသည်မှာ အတွင်းဥတုနှင့် အပြင်ဥတုနှစ်ပါး ဆန့်ကျင်၍ ခေတ်ပြိုင်ကာမျှသာတည်း၊ထိုဥတုဇနာကို ဧရာမရောဂါကြီးထင်အောင် ထောက်ပံ့အားပေး၍နာရေးကြီးဆိုလာရသည်မှာ သွေးခဲ့,သားခဲ့,အသက်ခဲ့၌ အာသာတငင်ငင် ရှိသော ကြောင့်တည်း၊ ထိုအကြောင်းကို သိသာနိုင်ရန် ဥတုဘောဇဉ်ရပ် စလာပုံအပိုင်းကစ၍ ဖေါ်ပြအံ့။

**ဥတု ဘောဇဉ် ရုပ်ဖြစ်ပုံကား** အနန္တစကြဝဠာ ကမ္ဘာ လောကခေတ်ကြီးနှင့်ချင့်၍ တင်းကြမ်းအပြည့်ထိစပ်လျက် သက်သက်သာ ရှိသော သုဒ္ဓဋ္ဌကကလာပ်များ ဟူ၍ ရှိပေသည်၊ ထိုသုဒ္ဓဋ္ဌကကလာပ်များသည် အလွန် မှုန်မွှားသေး ငယ်သော ပရမာဏုမြူကလာပ်စည်းများပင်ဖြစ်၍ ပကတိမျက်စိအမြင်အားဖြင့် ကောင်းကင်ဟူသော ရေတွက်ခြင်းသာလျှင် ရအပ်၏၊ ပညာအား,ဉာဏ်အားဖြင့်သာလျှင် သိမြင်နိုင်ကောင်း၏၊ထိုသုဒ္ဓဋ္ဌက ကလာပ်စည်းမှန်သမျှတို့သည်(ပ, အာ, ဝါ, တေ, ဝဏ်, ဂန်, ရ, သြ)ဟူသော မြေ, ရေ, လေ, မီး, ဆင်း, နံ့, ရသ,သြဇာဟူ၍ ရုပ်သေးရှစ်ပါးစုပေါင်းလျက် ဖြစ်ပွါးနေသည်ဖြစ်ရာ၊ ထိုရုပ်သေးရှစ်ပါးထဲတွင် **တေဇောရုပ်**သည် ဥဘုမျိုးစေ့ ဗီဇအဖြစ်ဖြင့် အလွန် တန်ခိုးကြီး၏၊ ၎င်းကို **ခေတ်မီး**ဟူ၍ မှတ်ထားပါ၊ **သြဇာရုပ်**သည် ရုပ်သြဇာ ခေတ်ဆီမျိုးစေ့အဖြစ်ဖြင့် အလွန်ကျေးဇူးပြုနိုင်၏၊ ၎င်းကို

**ခေတ်ဆီ**ဟူ၍ မှတ်ထားပါ၊ ထိုခေတ်မီး ခေတ်ဆီ ၂-ပါး အထူးပြု၍ ပေါင်းစည်းထားသော ဝိသေသ သမူဟကလာပ်စည်းသည် **ဥတုဘောဇဉ်ရုပ်** မည်၏၊ ထိုဥတုဘောဇဉ် ရုပ်ကို လူတိရစ္ဆာန်တို့သည်၊ စားဘွယ်, သောက်ဘွယ်, ခဲဘွယ်, လျက်ဘွယ် လုပ်၍ အလုပ်အလွေး ပြုကြသောကြောင့် ဗဟိဒ္ဓ ဘောဇဉ်ရုပ်ဟူ၍ ခေါ်၏။

**အတွင်းဆီမီးနှင့် အပြင်ဆီမီး** ထို ဗဟိဒ္ဓဖြစ်သော ဘောဇဉ်လေးပါး၌ ခေတ်မီး,ခေတ်ဆီဟူသော ဝိသေသ သမူဟကလာပ်စည်းပါသကဲ့သို့ ဇီဝိတရုပ်ပါသောသတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌လည်း၊ (၁) ကမ္မဇကလာပ်စည်းမှ ဖြစ်လေမြဲ ခေတ်မီး,ခေတ်ဆီ၊ (၂) စိတ္တဇကလာပ်စည်းမှ ဖြစ်လေမြဲ ခေတ်မီး, ခေတ်ဆီ၊ (၃) ဥတုဇကလာပ်စည်းမှ ပွါးလေမြဲ ခေတ်မီး, ခေတ်ဆီ၊ (၄) အာဟာရဇ ကလာပ်စည်းမှ ပေါ်လေမြဲ ခေတ်မီး,ခေတ်ဆီ ဟူ၍ ရှိပေသည်၊ထိုဗဟိဒ္ဓမှ ထောက်ပံ့သော ခေတ်မီး,ခေတ်ဆီ ၂-ပါး နှင့် အဇ္ဈတ္တကိုယ်ခံဖြစ်သော ခေတ်မီး, ခေတ်ဆီ ၈-ပါးတို့သည်၊ လူတို့၏ အလုံးအရပ်, သဏ္ဌာန်, ကြန်အင်လက္ခဏာ, အရောင်အဆင်းနှင့် ဘုန်းစွမ်း,ကံစွမ်း,အသက်တမ်း တိုးတက်မှု,ဆုတ်ယုတ်မှုတို့ကို ထိန်းသိမ်း ထားနိုင်ပေသည်။

**ကမ္ဘာဦးအခါက ကိုယ်ခံမီးဆီ** ကမ္ဘာဦးအခါက ဗြဟ္မာ့ပြည်မှ, စုတေ၍ ဤမြေရေ ကမ္ဘာတွင် ဥပပါတ်သန္ဓေ မှီလာသော ကမ္ဘာဦးသူ တို့သည် ဈာန်ပီတိလျှင် နောက်ခံ အကြောင်းရင်း ရှိသော ခေတ်မီး,ခေတ်ဆီတို့ဖြင့် တည်တံ့၍ နေနိုင်ကြကုန်၏၊ ထိုအခါက အဆင်းသဏ္ဌာန် လှမလှ၊ အကြီး,အငယ်, အယုတ်, အမြတ်, အလတ်ဟူ၍ မထင်ရှားကုန်၊ သင်္ချာ, ပမာဏ, အတိုင်းအရှည် မရှိသော အသက်ပိုင်းနှင့် တည်နေ နိုင်ကြကုန်၏၊အဇ္ဈတ္တကိုယ်ခံဖြစ်သော ခေတ်မီး,ခေတ်ဆီနှင့်ပင် ထွန်းလင်း၍ ဈာန်ပီတိသည်လျှင် အာဟာရဖြစ်နေ ကြကုန်၏။

**ဗဟိဒ္ဓဓာတ်မီး ဓာတ်ဆီကိုယူခြင်း** ကမ္ဘာဦး သူတို့သည် မိမိတို့ ကိုယ်ခံ ဓာတ်မီး ဓာတ်ဆီဖြင့် တည်တံ့နေသည်မှ ကာလကြာလတ်သော် ဤကမ္ဘာ မြေရေအပြင်၌ တင်နေသော တင်လဲ, သကာ, ထောပတ်, ဆီဥတို့ကဲ့သို့သော ဥတုဘောဇဉ်ကို ရသာ တဏှာ တပ်မက်၍ စားသုံး မှီဝဲမိကြကုန်၏၊ထိုအချိန် အခါကစ၍ ၎င်းတို့၏ ကိုယ်ခံ ဓာတ်မီး ဓာတ်ဆီကို ဗဟိဒ္ဓမှ ထောက်ပံ့သော ဓာတ်မီး ဓာတ်ဆီက လွှမ်းမိုး စိုးရင်ခွင့် ရလာလေ၏၊ ကိုယ်ရောင် ကိုယ်ဝါတို့သည် ညှိုး၍ မှိန်၍ ငြိမ်း၍ ပျောက်၍ လာလေ၏၊ မြေရေ ကမ္ဘာသည် မှောင်၍ မဲ၍ အေး၍ ချမ်း၍ လာလေ၏၊ ထိုအခါ မိမိတို့၏ဓာတ်မီး,ဓာတ်ဆီအားလျော်စွာ အပူဓာတ်,အလင်းဓာတ် နှစ်ပါးစပ်၍ အဖြောင့်ကြီးပြီး မှန်မှန်ထောက်ပံ့ အားပေးနိုင်သော ဗဟိဒ္ဓဓာတ်မီးကို တောင်းတ ကြလေကုန်၏၊ သတ္တဝါတို့၏ ကံ အားလျော်စွာ ကမ္ဘပစ္စယ ဥတုသမုဋ္ဌာန် ရုပ်ဟူသော **နေမီမာန်, လမီမာန်, ကြယ်မီမာန်**, တို့သည် ပေါ်ပေါက်လာကုန်၏၊ ၎င်းကို ဖြစ်စဉ် မှန်သောကြောင့် **နိယာမ ဥတုမီး** ဟူ၍ခေါ်သည်။

**မြေဆီ မြေလွှာ ပဒါလတာခေတ်** ကမ္ဘာဦး သူတို့သည် ဤကမ္ဘာမှ ဖြစ်သော မြေဆီသြဇာ ဥတုဘောဇဉ်တို့ကို စားသုံးသည်မှစ၍ အဆင်းသဏ္ဌာန် အရွယ် ပမာဏ ဆုတ်ယုတ် လာကုန်၏၊ အသက်တမ်း ရေတွက်နိုင်လာကုန်၏ အတိမာနတရား အားကြီး၍ လာကုန်၏၊ ဖြဟ္မစိုရ်တရားလည်း ဆုတ်ယုတ် လာလေ၏၊ အတွင်းအပြင် ဓာတ်မီး ဓာတ်ဆီ နှစ်ပါးသည် ကြမ်း၍ ကြမ်း၍ လာကုန်၏၊ မြေဆီ အပေါ်ယံသည် တရွေ့ရွေ့ ခြောက်ခန်း မာကြောလာသောကြောင့် ခဲဘွယ်ဘောဇဉ် လုပ်ခြင်း၄ါ မတတ်ကောင်းပေ၊ မြေဆီ ဘောဇဉ် ပျောက်ကွယ်လျှင် မြေပေါ်၌ အလွန် အဆင်းအနံ့ အရသာနှင့် ပြည့်စုံသော မြေသင်းလွှာ ဘောဇဉ်ကိုမှီ၍ ခဲဘွယ်,စားဘွယ် ပြုကြရကုန်၏၊ထိုမြေသင်းလွှာသည် ပင် စားခြင်း,ဝါးခြင်း၄ါ မတတ်ကောင်းအောင် ဓာတ်ဆီ ခန်း

ခြောက်လာပြန်သောကြောင့် ပဒါလတာမည်သောနွယ်ကို ဘော ဇဉ် ပြုကြရကုန်၏၊ ထိုပဒါလတာ နွယ်သည် ဓာတ်မီး ဓာတ်ဆီ ခန်းခြောက်၍ ဘောဇဉ် လုပ်ခြင်းငှါ မတတ်ကောင်းအောင် ဖြစ် လာပြန်လေ၏။


**အဏ္ဏုဓာတ်မီး ညှံ့သွားခြင်း** ကမ္ဘာဦးသူတို့၏ အဏ္ဏုတ္တ ဓာတ်သည် အလွန် ဆုတ်ယုတ်သဖြင့် နိယာမ ဥတုမီးသည် ကြမ်း၍ လာလေ၏၊ ထိုနိယာမ ဥတုမီးကြောင့် သလေးဆန် သီးသော သလေးတောကြီးသည် ဖြစ်ပေါ်၍ လာလေ၏၊ထိုသလေးဆန်ကို ကမ္ဘာဦးသူတို့ စားသုံးသော အခါမှစ၍ ထူးခြား လာပုံမှာ- ရှေး ရှေးဖြစ်ပေါ်သော မြေဆီ,မြေလွှာ, ပဒါလတာ နွယ်တို့ကို စားသုံး နေစဉ် အခါက နတ်သြဇာကဲ့သို့ ကိုယ်ခံဝမ်းမီးတွင် ကြေပျောက် ကြကုန်၏၊ ကျင်ကြီး ကျင်ငယ် ကိစ္စဟူ၍ မကျန်ကြွင်းကုန်၊ ဤ သလေးဆန်ကို ဘောဇဉ် ပြုသောအခါ၌ ကမ္ဘာဦး သူတို့၏ ကိုယ် ခံဓာတ်မီးသည် နုံ့ညံ့သွားသည်ဖြစ်၍ ဝမ်းမီးကြေချက်၍ မကုန် စင်၊ဗဟိဒ္ဓ ဓာတ်မီးသည်လည်း ကြမ်းလာသည်ဖြစ်၍ ဘောဇဉ် ဓာတ်၌ သြဇာမပြည့်ဝ၊ထိုကြောင့် အရေကြမ်း,အဖတ်ကြမ်းဟူ၍ ကြွင်းကျန် ပြီးလျှင် ကျင်ကြီး ကျင်ငယ် ကိစ္စပေါ်လာကုန်၏၊ အင်္ဂါကြီးငယ်တို့သည် ကြမ်းတန်းလာကုန်၏၊ ကိုယ်လက် ယား ယံ လာကုန်၏၊မိန်းမအဖြစ်နှင့် နေသူတို့သည် ဣတ္ထိဘာဝ ဒသက ကလာပ်ပေါ်၍ ယောကျာ်းအဖြစ်နှင့်နေသူတို့သည် ပုမ္ဘာဝ ဒသ က ကလာပ် ပေါ်လာကုန်၏၊ဣတ္ထိဘာဝနှင့်ပုမ္ဘာဝတို့သည် ကိုယ် လက် ယားယံသည်ဖြစ်၍ အချင်းချင်း သုံးသပ်ကြကုန်၏၊ ဧကရော ဝါသ အမှုကို ပြုကြကုန်၏၊ အိမ်ထောင်ခြင်း, သားမွေးခြင်း အမှု ပြုရာမှ သွေးရုပ် သားရုပ် ကပ်ငြိစ ပြုလာလေ၏။

**သလေးဆန်နှင့် သလေးစပါးခေတ်** သလေးဆန် စားသုံးသော ခေတ်တွင် အိမ် ထောင် သားမွေးခြင်း အမှုကိုပြု၍ ကာလကြာ လတ်သော် သလေးဆန်တို့သည် ကြမ်း၍ကြမ်း၍ လာကုန်၏၊

နောက်ဆုံး သလေးဆန်အခွံဖုံး၍ သလေးစပါးဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်လာလေ၏၊ ထိုသလေးစပါးခေတ်တွင် လူတို့သည် အစာကို သိုမှီးသိမ်းဆည်းကြသဖြင့် သလေးစပါး တောဝယ်လုလုယက်ယက် ရှိကြရာ သူ့အခင်း, ကိုယ့်အခင်းဟူ၍ အကန့်အသတ် ပိုင်းခြားလာကြကုန်၏၊ ခွဲဝေယူလာကြကုန်၏၊ ထိုသလေးခင်းကို ခွဲဝေပြီးသည့်နောက် တယောက်အခင်းတွင် တယောက်က ခိုးယူသဖြင့် ခိုးသူကို ဘမ်းပြီး လက်ဖြင့်, ကျောက်ဖြင့်,တုတ်ဖြင့်,လှံတန်ဖြင့် ရိုက်ပုတ်ပစ်ကြကုန်၏၊ ထိုအခါမှစ၍ အဒိန္နာဒါနာ အရှင်မပေးသောဥစ္စာကို ခိုးယူခြင်းကြောင့် ကံအမှုကိစ္စပေါ်လာလေ၏၊ ကာယကံ= ကိုယ်ဖြင့် ပြုလုပ်သော အမှုကြမ်း၊ ဝစီကံ= နှုတ်ဖြင့်ပြောဆိုသော အမှုကြမ်း၊ မနောကံ= စိတ်ဖြင့် ကြံစည်သော အမှုကြမ်းများ ထင်ရှား လာကုန်၏၊ သလေး စပါးတို့သည် အလိုအလျောက် ပေါက်ရောက်မလာတော့ဘဲ စိုက်ပျိုးမှသာလျှင် ဖြစ်ပေါ်လာကြကုန်၏၊ ထိုအခါ ပျိုးထောင်ကြရကုန်၏၊ စိုက်ပျိုးခင်း လုပ်ကြရကုန်၏၊အမှုမှန်ကိုစီရင်ခန့်ခွဲ နိုင်သူကို အများသဘောတူ သမ္မတဟူ၍ တင်မြှောက်၍ အဆုံးမ ဩဝါဒခံကြ၏၊ ထိုအခါ ငါတို့၏ ဘုရားအလောင်းတော်ကြီးသည် ပဌမ မဟာသမ္မတ မင်းပေတည်း။

**ကမ္ဘာဦးသူတို့၏ ရာသီခွင်စက်** ကမ္ဘာဦးသူတို့သည် မဟာသမ္မတမင်း၏ ဆုံးမဩဝါဒကို ခံယူသည့်အခိုန်မှစ၍ အတွင်းအပြင် ခါတ်မီး ခါတ်ဆိ ၂-ပါးကို ညီညွတ် မျှတအောင် အာရုံပြုတတ်လာ၏၊ နိယာမ ဥတုအလိုကို မှော်ထောက်တတ်လာ၏၊ကျွဲ,နွား, ဆင်,မြင်း စသော သတ္တဝါကြီးများကို လူတို့၏ အမှုဆောင်အရာတွင် ခန့်ထားတတ်လာ၏၊ ထိုကမ္ဘာဦး အခါက သုံးသော ရာသီခွင်စက်မှာ—

(၁) တပို့တွဲလပြည့်ကျော် တရက်နေ့မှ နယုန် လပြည့်နေ့အထိ လေးလ ရာသီဗုတွင် နွားဖြင့် အမှု လုပ်ဆောင်ခြင်း၌




(ရာသီစက်ဝိုင်းကို နောက်ပြန်လှည့်ကြည့်ပါ)

အပြင်မြှားလမ်းမှာ= ယခုခေတ်သုံး ဥတုသုံးပါးကို ပိုင်းခြားပြသည်။
အတွင်းမြှားလမ်းမှာ= ကမ္ဘာဦးသုံး ဝိထိသုံးပါးကိုပိုင်းခြားပြသည်။

| | | |
|---|---|---|
| ၁။ | မိဿရာသီ= တန်ခူးလ လဆန်း ,လဆုတ် ရက်မစုံ | ၂၉။ |
| ၂။ | ပြိဿရာသီ= ကဆုန်လ လဆန်း ,လဆုတ် ရက်စုံ | ၃၀။ |
| ၃။ | မေထုန်ရာသီ= နယုန်လ လဆန်း ,လဆုတ် ရက်မစုံ | ၂၉။ |
| ၄။ | ကာရကဋ်ရာသီ= ဝါဆိုလ လဆန်း ,လဆုတ် ရက်စုံ | ၃၀။ |
| ၅။ | သိဟ်ရာသီ= ဝါခေါင်လ လဆန်း ,လဆုတ် ရက်မစုံ | ၂၉။ |
| ၆။ | ကန်ရာသီ= တော်သလင်းလ လဆန်း ,လဆုတ် ရက်စုံ | ၃၀။ |
| ၇။ | တူရာသီ= သီတင်းကျွတ်လ လဆန်း ,လဆုတ် ရက်မစုံ | ၂၉။ |
| ၈။ | ဗြိစ္ဆာရာသီ= တန်ဆောင်မုန်းလ လဆန်း ,လဆုတ် ရက်စုံ | ၃၀။ |
| ၉။ | ဓနုရာသီ= နတ်တော်လ လဆန်း ,လဆုတ် ရက်မစုံ | ၂၉။ |
| ၁၀။ | မကာရရာသီ= ပြာသိုလ လဆန်း ,လဆုတ် ရက်စုံ | ၃၀။ |
| ၁၁။ | ကုန်ရာသီ= တပို့တွဲလ လဆန်း ,လဆုတ် ရက်မစုံ | ၂၉။ |
| ၁၂။ | မိန်ရာသီ= တပေါင်းလ လဆန်း ,လဆုတ် ရက်စုံ | ၃၀။ |

ခံ့သောကြောင့် ''ဂေါဏဝိထိ''နွားခရီး ရာသီဗုဟူ၍ ပိုင်းခြားကြ၏။

(၂) နယုန်လပြည့်ကျော် တရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ လေးလရာသီဗုတွင် ဆင်ဖြင့် အမှု လုပ်ဆောင်ခြင်း၌ ခံ့သောကြောင့် ''နာဂဝိထိ''ဆင်ခရီး ရာသီဗုဟူ၍ ပိုင်းခြားကြ၏။

(၃) သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှ တပို့တွဲလပြည့်နေ့အထိ လေးလ ရာသီဗုတွင် ကျွဲဖြင့်အမှုလုပ်ဆောင်ခြင်း၌ ခံ့သောကြောင့် ''မဟိသဝိထိ''ကျွဲခရီး ရာသီဗုဟူ၍ ပိုင်းခြားကြ၏။

ထိုအခါက အမှုဆောင် သတ္တဝါကြီးများကို နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခြင်း မရှိကြကုန်၊ သွေးချပ်, သားချပ်,အသက်ချပ် ပါသော ဘောဇဉ်ကို အလုပ်အလွေ့ မပြုကြကုန်။

## သတ္တဝါကြီးများ၏ ကျေးဇူးကိုမျှော်သိကြပုံကား

ယထာ မာတာ ပိတာ ဘာတာ၊ အညေဝါပိစ ဉာတကာ။
ဂါဝေါ နော ပရမာ မိတ္တာ၊ ယာသု ဇာယန္တိ ဩသဓာ။
အန္နဒါ ဗလဒါ စေတာ၊ ဝဏ္ဏဒါ သုခဒါစ တာ။
ဧတမတ္ထဝသံ ဉတွာ၊ နာဿု ဂါဝေါ ဟနိံသုတေ။

(သုတ္တနိပါတ် ပါဠိတော်)

ဂါဝေါ၊ နွားတို့သည်။ နော၊ ငါတို့၏။ မာတာယထာစ၊ အမိကဲ့သို့ရင်း။ ပိတာယထာစ၊ အဘကဲ့သို့ရင်း။ ဘာတာယထာစ၊ မောင်ကြီး မောင်ငယ်ကဲ့သို့ရင်း။ အညေဝါပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဉာတကာ ယထာစ၊ ပေါက်ဘော် သားချင်း ဆွေရင်းမျိုးရင်းကဲ့သို့ရင်း။နော၊ငါတို့၏။ပရမာ အလွန်ဆုံးဖြစ်ကုန်သော။ မိတ္တာ၊ အသက်ထက်ဆုံး ချစ်ခင်အပ်ကုန်သော မိတ်ကြီးဆွေကြီး

တို့ပေတည်း။ ယာသု၊ အကြင်သွားတို့၌။ ဩသဓာ၊ ဆိုဦး ထော ပတ် အစရှိကုန်သော အသက်ရှည်ကြောင်း,အနာကင်းကြောင်း, ဆေးကောင်း ဆေးမြတ်တို့သည်။ ဇာယန္တိ၊ ဖြစ်ပေကုန်၏။

ဧတာ၊ ထိုသွားတို့သည်။ နော၊ ငါတို့အား။ အန္နဒါစ၊ ထမင်း အစာကိုလည်း ပေးကြပေကုန်၏။ဗလဒါစ၊ အားခွန်ဗလကိုလည်း ပေးကြပေကုန်၏။ တာ၊ ထိုသွားတို့သည်။ နော၊ ငါတို့အား။ ဝဏ္ဏဒါစ၊ အရောင်အဆင်းကိုလည်းပေးကြပေကုန်၏။ သုခဒါစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ သုခကိုလည်း ပေးကြပေကုန်၏။ ဧတံ အတ္ထဝသံ၊ ဤသို့ သွားတို့၏ အကျိုးကျေးဇူး ဂုဏ်အထူးကို။ဉတွာ၊ မျှော်မြင် သိရှိကြကုန်သည်ဖြစ်၍။ တေ၊ ထိုရှေးသူကောင်း လူ အပေါင်းတို့သည်။ ဂါဝေါ၊ နွားတို့ကို။ နဟနိံသု၊ရိုက်ပုတ် ညှဉ်း ဆဲခြင်းကိုမျှ မပြုကြကုန်။

**ကမ္ဘာဦးက အနာ ၃-ပါး** ကမ္ဘာဦးသမ္မတခေတ်တွင် ဥဒုကပေးသော ဘော ဇဉ် အစာနှင့်ပင် ပြည့်တင်း ရောင့်ရဲ၍ ကာလ ကြာ မြင့်အောင် နေလာခဲ့ရာ ၎င်းတို့သိမှတ်သော အနာရောဂါဟူသည် မှာလည်း ၃-မျိုးသာလျှင် ရှိပေသည်။

## ကမ္ဘာဦးသူတို့တွင် ဖြစ်သော အနာ ၃-ပါးကား

(၁) မရှိလျှင် လိုချင်ခြင်း=ဣစ္ဆာ ဒုက္ခအနာ။
(၂) မစားတည့်လျှင် စားချင်ခြင်း= အနာသနံဒုက္ခအနာ။
(၃) အိုမှုန်တန်လျှင် အိုရခြင်း=ဇရာဒုက္ခအနာ။

ဟူ၍ လောက ကမ္ဘာနိယာမဖြစ်သော ဓမ္မတာ ဒုက္ခ ၃-ပါး ကိုပင်လျှင် အနာရောဂါဟူ၍ ဥပါဒ်ကြလေ၏ ထိုအခါက ကုစား သော ဆေးချက်တို့မှာလည်း–

(၁) လိုချင်လျှင် ပြည့်စုံစေခြင်း= ဣစ္ဆာသယဆေး။
(၂) စားလိုလျှင် ပြည့်ဝအောင်စားခြင်း=အာသယပြည့်ဆေး။
(၃) မအိုရအောင် ကြိုဆောင်ခြင်း=အာယုဝဍ္ဎနဆေး။

ဟူ၍ ဆေးသုံးပါးသာလျှင် ရှာမှီး ကုစားခြင်းငှါ တတ်ကောင်းလေသည်။

**ကမ္ဘာ့စဦးက အမျိုးတပါး**

ကမ္ဘာဦးအခါက ဗြာဟ္မဏအမျိုးကြီး တမျိုးသာလျှင် ရှိပေသည်၊ နောက် ကာလကြာလတ်သော် အဒိန္နကံ ဟူသော ခိုးဝှက်လုယူမှု ပေါ်လာသည်မှစ၍ ကာယကံ အမှုကြမ်း, ဝစီကံ အမှုကြမ်း, မနောကံအမှုကြမ်းများ သောင်းကျန်းလာသောကြောင့် ဆုံးမ ဩဝါဒခံယူနိုင်စိမ့်သောငှါ ဘုရား အလောင်းတော်ကို မဟာသမ္မတမင်း တင်မြှောက်သည်မှ စ၍ မင်းမျိုး မင်းနွယ်ဟူသော ခတ္တိယ မဏ္ဍလမျိုး ဖြစ်လာလေသည်၊ ထိုအချိန်အခါမှစ၍ လူတို့၏အမှုစရိုက် အားလျော်စွာ (၁) ခတ္တိယ မဏ္ဍလဟူသော မင်းမျိုး (၂)ဈာန်သမာပတ်နှင့် နေသော ဗြာဟ္မဏမဏ္ဍလမျိုး (၃)ကိုယ်ပိုင် ဥစ္စာနှင့် အသက်မွေးသော ဝေဿ မဏ္ဍလမျိုး၊ (၄)အငှါးအယမ်း အစေအပါးခံ၍ အခစားလုပ်သော သုဒ္ဒ မဏ္ဍလ သူဆင်းရဲမျိုးဟူ၍ အမျိုးလေးပါး ကွဲပြားလာလေသည်။

**ဗြာဟ္မဏမျိုး ပျက်လာခြင်း**

ကာလကြာလတ်သော် တောထွက်၍ ဈာန်သမာပတ်နှင့်နေသော ဗြာဟ္မဏ မဏ္ဍလမျိုးသည် မြို့ရွာနိဂုံးသို့ ချဉ်းကပ်လာကြလေသည်၊ ၎င်းတို့၏ လောကီ တက္ကီ ညာဏ်နှင့် လူ့လောကကို အသိ တမျိုးပေးကြလေသည်၊ လူတို့၏ ကိုးကွယ် အားထားစရာဟူ၍ ဝေဒန္တ ဟူသော ဗေဒင်ကျမ်းပြုသော ဗြာဟ္မဏတို့သည် သာလျှင် ဖြစ်လာကုန်၏၊ ထိုဗြာဟ္မဏ တို့သည် မင်းဆရာ, ဂိုးဆရာ, မြို့ဆရာ, ရွာဆရာ, ဗေဒင်ဆရာ, ယစ်ပူဇော်သောဆရာ ဟူ၍ ဖြစ်လာကုန်၏၊ ထိုဆရာ ဗြာဟ္မဏ တို့သည် အလွန်လျှင် ဖြူစင်သော သီလ, သမာဓိ, ပညာဖြင့် အကြင်အခါ၌ တည်ရှိကုန်သေး၏၊ ထိုအချိန် အခါကာလ တိုင် အောင် ကမ္ဘာဦးသူတို့သည် အနာရောဂါ ကင်းရှင်းစွာနှင့် အ သက်ရှည်ကြာစွာ နေကြရ ပေကုန်သေး၏၊ နောက်ကာလ ရှည်

သတ်သော် ထိုဆရာ ဗြာဟ္မဏတို့သည် အိမ်ထောင် သားမွေး ခြင်း အမှုကိုပြုသော ဂဟဋ္ဌဗြာဟ္မဏတို့သည် သာလျှင် ဖြစ်လာ ဘုန်၏၊ ချွန်ပျက်,ဇာတ်ပျက်သူ များလာလေ၏။

**ယဇ်ပူဇော်ပွဲ နယ်ကျယ်လာခြင်း** ကမ္ဘာဦးသူတို့သည် မူလက နိယာမဥတုဘော ဇဉ် အာရုံသာလျှင် ရှိသော်လည်း နောက် သောအခါ မိမိတို့ကိုယ်၌ ဥပါဒါန် ကင်းစင် သန့်ရှင်း၍ အသက် ရှည်ကြာစွာ တည်တံ့စိမ့်သော၄ါ ဆရာဗြာဟ္မဏတို့အား ကျွေး မွေး လှူဒါန်းခြင်း၊ ဆရာဗြာဟ္မဏများ ညွှန်ကြားသည့် အတိုင်း ယဇ်ပူဇော်ခြင်း၊ဆရာဗြာဟ္မဏများ ညွှန်ကြားသော ယဇ်ပွဲတော် ကျကို စားသုံးခြင်း အလေ့အထများ ရှိလာလေသည်၊ နောက် ကာလရှည်လတ်သော် ယဇ်ပူဇော်ပွဲ နယ်ကျယ်လာပုံမှာ- လူ့ အမှုဆောင်ဖြစ်သော ကျွဲ,နွား,ဆင်,မြင်းစသော သတ္တဝါကြီးတို့ သည် ဟင်းသီး ဟင်းရွက်ကဲ့သို့ လူတို့ သုံးဆောင်ရန် ဖြစ်လာ သော ရုပ်မျိုးဖြစ်သည်၊ ၎င်းကို ဥတုဘောဇဉ်ရုပ် အမှတ်ဖြင့် ယဇ်ပူဇော်ပြီး စားသုံးလျှင် အပြစ်မရှိ၊ ၎င်းရုပ်မျိုးကို ရိုက်ပုတ် ညှဉ်းဆဲ သတ်ဖြတ်သော်လည်း ဥတုဘောဇဉ်ရုပ်ဟူ၍ အမှတ် ထားလျှင် အပြစ်လွတ်သည် ဟူသော အယူဝါဒကို ဆရာပုဏ္ဏား များ ဟောပြောလာကြလေသည်၊ ယဇ်ပူဇော်နည်း ဗေဒင်ကျမ်း သစ်များ ပြုလာကြလေသည်။

ထိုကြောင့် ဗြာဟ္မဏဓမ္မိကသုတ် ပါဠိတော်၌--

ယထာ အာပေါစ ပထဝီ၊ ဟိရညံ ဓနဓညာနိယံ။
ဧဝံ ဂါဝေါ မနုဿာနံ၊ ပရိက္ခာရောဟိ ပါဏိနံ။

ဟူ၍ ထိုမိစ္ဆာဗြာဟ္မဏ အယူဝါဒ ပေါ်ပုံကို ဘုရားရှင် ဟော ကြားတော် မူခဲ့လေသည်၊ယခုအခါ ကျွဲ,နွား,ဆိတ်,ဝက်,ကြက်, ငှက်,သား,ငါး စသည်တို့သည် လူတို့၏ဘောဇဉ်အလို့ငှါ ဘုရား သခင်က ဖန်ဆင်းသည်၊ လူတို့၏ အစာအာဟာရ အလို့ငှါ ဥတု

က စိမ်းသည်ဆိုသော အသူဝါဒတို့မှာ ထိုမိစ္ဆာအယူမှ ဆင်းသက်လာသည်ဟု မှတ်အပ်ပေသည်၊ ဤနေရာ၌ သားငါးတို့ကို ဥတုဘောဇဉ်ခွဲ၍ ခတ်စာညက်ပြုကြသော သမားဆရာများသည် ထိုမိစ္ဆာညက်မျိုး မသက်ဝင်အောင် သတိပြုအပ်ပေသည်။

**ပဌမဩက္ကာက မင်းလက်ထက်**

သာကီဝင်နွယ်တွင် အစဖြစ်သော ဥက္ကာမုခမင်း၊ ထိုမင်း၏ အဘကား တတိယ ဩက္ကာကမင်း၊ ထိုမင်း၏ အနွယ်တွင် အစဖြစ်သော ပဌမဩက္ကာကမင်း လက်ထက် အခါက-ဥစ္စာစည်းစိမ်ကြွယ်ဝသင်းပင်း၌ မက်မောကုန်သော အဓမ္မပုဏ္ဏားတို့သည် ပေါ်ပေါက်၍ လာကုန်၏၊ ထိုပုဏ္ဏားတို့သည် ယဇ်ပူဇော်မှု၌ ရွှေငွေ ဥစ္စာ သမီးကညာ ရတနာနှင့် ဆင်,မြင်း,ကျွဲနွား စသည်တို့ကို ထည့်သွင်း၍ ယဇ်ပူဇော်ခြင်းသည် ကောင်းမှုမင်္ဂလာကြီးဖြစ်သည်၊ ကျွဲ,နွား,ဆင်,မြင်း, ဆိတ်, ဝက်, ကြက်တို့ကို သတ်ဖြတ်၍ ယဇ်ဆရာပုဏ္ဏားတို့အား ကျွေးမွေးခြင်းသည် ကောင်း၏၊ ထိုသို့သော ယဇ်ပူဇော်မှုသည် သေသည်၏ အခြားမဲ့၌ နတ်ပြည် ဗြဟ္မာပြည်သို့ လျှင်စွာထုတ်ခြောက် ရောက်စေတတ်သော ကောင်းမှုကြီးတည်းဟူ၍ ဗေဒင်ကျမ်းသစ် ပြုပြီး ကျမ်းဟောင်းဆို၍ မင်းအား ဆက်သကြကုန်၏၊ မင်းသည်လည်း ထိုအဓမ္မပုဏ္ဏားတို့၏ မိစ္ဆာအယူအတိုင်း လိုက်နာ၍ ယံကြည်စွာယဇ်ကြီး ပူဇော်လေ၏။

**အနာမျိုး ၉၈-ပါး ပေါ်လာခြင်း**

ထိုပဌမ ဩက္ကာကမင်း လက်ထက်ကစ၍ သွေးချပ်, သားချပ်, အသက်ချပ် နှင့် ယဇ်ပူဇော်သော အလှူကြီးပြုခြင်း သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်စားသုံးကြခြင်းတို့ကြောင့် လူ့လောကကို စောင့်ကြပ် ကြည့်ရှုကြကုန်သော လောကပါလနတ်တို့သည် လူ့လောကကို စွန့်ခွါသွားကြကုန်၏၊ ထိုအခါ ၉၈-ပါးသော အနာရောဂါဟူ၍ လူ့လောက၌ ဖြစ်ပွားပေါ်ပေါက်လာလေ၏၊ ဘုရားဟော၌—

တတောဒေဝါ ပိတရောစ၊ ဇုဋ္ဌော အသူရရက္ခသာ။
အခမ္မော ဇုတိ ပက္ခန္ဒု၊ ယံသတ္တံ နိပတိဂါဝေ။
တယော ရောဂါ ပုရေအာသုံ၊ ဇုစ္ဆာ အနာသနံ ဇရာ။
ပသူနဉ္စ သမာရမ္ဘာ၊ အဋ္ဌနဝုတိ အာဂမုံ။
(ဗြာဟ္မဏဓမ္မိကသုတ်)

ယံယဒါ၊ အကြင်အခါ၌။ ဂါဝေ၊ နွားတို့၏ကိုယ်၌။ သတ္တံ၊ လက်နက်ကို။ နိပတိ၊ ကျစေ၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ ဒေဝါစ၊ ကာမာဝစရနတ်တို့သည်၎င်း။ ပိတရောစ၊ ဗြဟ္မာတို့သည်၎င်း။ ဇုဋ္ဌောစ၊ သိကြားတို့သည်၎င်း။ အသူရရက္ခသာ၊ အသူရာရက္ခိုက်တို့သည်၎င်း။ လောကော၊ လူအပေါင်းသည်။ အဓမ္မော၊ တရားမကပ်ကြပြီ။ ဇုတိ ဤသို့ စိတ်ပျက်ကုန်သည်ဖြစ်၍။ ပက္ခန္ဒု၊ ဖဲကြည်ကြကုန်၏။

ပုရေ၊ သားသတ်ယောက်ျားနှင့် အသားစားမပေါ်မီ ရှေးအခါက။ ဇုစ္ဆာ၊ မရိလျှင်လိုချင်ခြင်း ဒုက္ခ။ အနာသနံ၊ မစားတည့်လျှင် စားချင်ခြင်းဒုက္ခ။ ဇရာ၊ အိုချိန်တန်လျှင် အိုရခြင်းဒုက္ခ။ ဇုတိ၊ ဤသို့။ တယောရောဂါ၊ ရောဂါသုံးပါးတို့သည် သာလျှင်။ အာသုံ၊ ရှိကြကုန်၏။ ပသူနံ၊ အမှုဆောင်သတ္တဝါကြီးများဖြစ်သော ကျွဲ, နွား, ဆင်, မြင်းတို့ကို။ သမာရမ္ဘာဝ၊ သတ်ပုတ်ညှဉ်းပန်းကြမှသာလျှင်။ အဋ္ဌနဝုတိ အနာမျိုး ၉၆-ပါးတို့သည်။ အာဂမုံ၊ လူပြည်လောက၌ ဖြစ်ပေါ်လာကုန်၏။

ဆေးကျမ်း ဓာတ်ကျမ်း ဖြစ်လာခြင်း ဗြာဟ္မဏမျိုး ပျက်၍ ယဇ်ပူဇော်၍ နွယ်ချဲ့ယောသောအခါမှစ၍ သားသတ်ယောက်ျားဟူ၍ ပေါ်လာကုန်၏၊ အသားစားသူဟူ၍ ဖြစ်လာကုန်၏၊ သွေးသားတွင် ကပ်ငြိသော ရောဂါများလည်း ပွါးများ လာကုန်၏၊ ဗေဒင်နှင့် ဆေးလုပ်သော ပုဏ္ဏားတို့၏ ဗေဒဗြန်ယကျမ်းများလည်း ထွက်လာကြကုန်၏၊ အာယုကပ်ဟူသော အသက်တမ်းသည်လည်း ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်သွားတော့သည်၊

၍ကား=ရှေးသွား ခေါင်းဆောင် ဆရာလုပ်လာသော ဗြာဟ္မဏ အမျိုးကြီးပျက်သဖြင့် ဖြစ်ပေါ်သော အခြင်းအရာတို့တည်း၊ဆေးနှင့်ဆရာလုပ်သော ဆရာရသေ့တို့၏ ဘေသဇ္ဇနယ ကျမ်းများသည် အာယုကပ်ကြီး တကပ်ကုန်ဆုံး၍ ပျက်ပြုန်းပြီးမှ ထွက်ပေါ်ကြသည်ဟု ယူဆရန်ရှိပေသည်၊ ဂါထာ မန္တရားအတတ်နှင့် ဝိဇ္ဇာလုပ်ခြင်း, ယောဂ ယှဉ်သော အတတ်နှင့် ဆရာလုပ်ခြင်း တို့သည် အာယုကပ် ၂၀၀-တမ်းတွင် ကပ် ၃-ပါးတိုက်လာသည် မှစ၍ ထင်ရှားစွာ ဖြစ်လာသည်ဟူ၍ ယူဆရန် ရှိပေသည်၊နောက်ပိုင်း၌ ထင်ရှားပေအံ့။

**အမျိုး ၄-ပါး ပျက်လာခြင်း** ဆရာ ဗြာဟ္မဏမျိုး ပျက်လာသည်မှ ကာလကြာလတ်သော် မင်းမျိုးသည်၎င်း,အသည်မျိုးတို့သည်၎င်း,သူဆင်းရဲတို့သည်၎င်း, အကျင့်အကြံ အပြုအမူ တို့သည် အလွန်ကြမ်းတမ်း လာကုန်၏၊ ကြမ်းတမ်းလာပုံကား= မဟာသမ္မတ မင်းမှစ၍ ရှေးရှေးမင်းကောင်း မင်းမြတ်တို့သည် အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်း အဒိန္နာဒါနကံ ကျူးလွန်သူကိုမိလျှင် ဆုံးမ ဩဝါဒ ပေးပြီးကာ ကောင်းမွန်စွာ အသက်မွေးနိုင်ရန် ဥစ္စာအရင်းအနှီး ထုတ်ပေး၍ လွှတ်မြဲတည်း၊ ကာလကြာမြင့်သော် မင်း၏ဘဏ္ဍာမှ ဥစ္စာအရင်းအနှီး ရလိုသောသူတို့သည် ခိုးမြဲခိုးကြကုန်၏၊ မင်းသည် ထိုအကြောင်းသိ၍ ဥစ္စာအရင်းအနှီး ထုတ်မပေးတော့ပြီ၊ခိုးကျင့်ခိုးကြံ နောင်ကျင်အောင် သတ်ဖြတ် သုတ်သင်လေသည်၊ ထိုအခါ တရားဥပဒေအာဏာဟူ၍ ဖြစ်လာလေသည်။

**တရားဥပဒေကို သွေဖီခြင်း** ခိုးဖြစ် ခိုးဒဏ်ကို တရားဥပဒေ အာဏာအရ အသတ်ခံရသော အခါ၊ ခိုးသူတို့သည် အရှင်မသိဖြင့် [illegible]မည် လုပ်လျှင် အပူမပေါ်စိမ့်သောငှါ ဥစ္စာရှင်ကို သတ်လေသည် နောက်သောအခါ လက်နက် လုပ်ဆောင်၍ ခိုးခြင်း, လုယက်ခြင်း, သတ်ခြင်း, ဖြတ်ခြင်း, ဥစ္စာယူ လုသတ်၍ အမှု

ဖျောက်တတ်သော အကျင့်များ ပေါ်လာကုန်၏၊ ထိုပါဏာတိပါတလူသား၏အသက်သတ်ခြင်းကံကြီးလွန်သည်မှစ၍ အသက်တမ်း ဆုတ်ယုတ်မှုသည် အလွန်လျင်မြန် လာလေ၏၊ လိမ်လည်သော အကျင့် မုသာဝါဒ၊ ဂုံးချောသောအကျင့် ပိသုဏာဝါစာ၊ ဝစီကံအမှုသည် အားကြီးလာကုန်၏။

**ကံ ၃-ပါး ကြမ်းလာခြင်း** အသက် တသောင်းတမ်းမှစ၍ သူတပါး မယားကို ကြူးလွန်သော အကျင့်=ကာမေသု မိစ္ဆာစာရအမှုအားကြီးလာကုန်၏၊ အသက် ငါးထောင်တမ်းမှစ၍ ချုန်းရင်းကြမ်းသောစကား ဖရုသဝါစာ၊ပြိန်ဖျင်းသောစကား သမ္ဖပ္ပလာပ အမှုတို့ဖြင့် အားကြီးစွာ ကျင့်ကြံ ပြုလုပ်လာကုန်၏၊ အသက်နှစ်ထောင် ငါးရာတမ်းကစ၍ တပါးသူတို့၏ ပျက်စီး ဆုံးရှုံးမှုကို ရှေးရှုကြံခြင်း အဘိဇ္ဈာ၊ ဗျာပါဒတရားတို့သည် အားကြီးလာကုန်၏၊ တထောင် တမ်းမှစ၍ အယူမှားသော မိစ္ဆာဒိဋ္ဌိ တရားသည် အားကြီးလာကုန်၏၊ အသက်ငါးရာတမ်းမှစ၍ အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတရား ၃-ပါးသည် အလွန်အားကြီးလာကုန်၏၊ ကပ် ၃-ပါးဟူသော သတ်ဘေး၊ ငတ်ဘေး၊ အနာဘေးတို့သည် ထိုငါးရာတမ်းကစ၍ ပေါ်လာကုန်၏။

**ပုဏ္ဏားအမေး ဘုရားအဖြေ** ဂေါတမဘုရားရှင် လက်ထက်တော်၌ ပုဏ္ဏားတယောက်သည် ဘုရားရှင်အား လျှောက်ထား မေးမြန်းသည်မှာ= ရှေးအခါက ဇမ္ဗူဒိပ်ကျွန်းသည် မြို့ရွာ နိဂုံးချင်းအခြားမလပ် ထူထပ်စည်ကားသည်ဟု ကြားဘူးပါသည် ယခုအခါ အကြောင်းအသို့ပါနည်း ဟူသော အမေးကို ဘုရားရှင် ဖြေကြားတော်မူသော တိကင်္ဂုတ္တရပါဠိတော် ဗြာဟ္မဏဝဂ်၌လာသော ဒေသနာ၏လိုရင်း အချက်မှာကား—

**၁-သတ်ဘေးကြီး** လူတို့သည် အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတရား အားကြီးကြကုန်သည်ဖြစ်၍ ရွာချင်းရွာလျှင်၊ရွာချင်း မြို့လျှင် မြို့ချင်း၊ ပြည်လျှင် ပြည်ချင်း တိုက်ခိုက်

လုယက် သတ်ဖြတ်ကြကုန်၏၊ မကြာမကြာ အခါအခါဖြစ်သော ဤ"သတ္ထန္တရ = သတ်ဘေးကြီး"ကြောင့်လည်း မြို့ရွာ နိဂုံး အသည်း အဖျင်းများလေကုန်၏။

၂-ဝတ်ဘေးကြီး ထိုအဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မတရား ၃-ပါးကြောင့်ပင်လျှင် ဥတု,အယာဉ်,ဝိထိလမ်း မမှန် အသွား ဖေါက်ပြန်သဖြင့် ဥတုဘောဇဉ် ဩဇာခါတ်ဆီ ခေါင်းပါးတတ်၏၊ မိုးခေါင်ရေရှား အသုန်း အဖျင်းများ တတ်၏၊ထိုအခါဝတ်မွတ် သေကြေ ပျက်စီးပြုန်းတီးခြင်း ဟူသော "ဒုဗ္ဘိက္ခန္တရ=ဝတ်ဘေးကြီး"ကြောင့်လည်း မြို့ရွာနိဂုံး အသုန်း အဖျင်း များလေကုန်၏။

၃-အနာဘေးကြီး ထိုအဓမ္မရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မတရား ၃-ပါးကြောင့်ပင်လျှင် လူ့လောကကို မကြည် ညိုနိုင်ကုန်သော သားရဲသားဘက် အခရပ်အချုပ် အကြီးအကဲ ဖြစ်သည့် နတ်ဘီလူးတို့သည် များစွာသော သားရဲ,သားဘက် တို့ကို လွှတ်ထားကြကုန်၏၊ တိုင်းစောင့်, မြို့စောင့်, ရွာစောင့်, နယ်စောင့်, ပယ်စောင့် ဟူ၍ရှိကြကုန်သော လူလောကစောင့် နတ်တို့ကလည်း မတား, မဆီး, မဝိတ်ပင်မူဘဲ လျစ်လျူပြုထား ကြကုန်၏၊ အပြင်မှ ချင်းနင်း ဝင်ရောက်လာသော သားရဲ သား ဘက်တို့သည် အထူးထူးသော ရုတ်တရက်နာ တို့ကို ဖြစ်စေ၍ သေသော သူတို့၏ အူအသည်းကို စားကြကုန်၏၊ ဤသို့လျှင် "ရောဂန္တရ= အနာဘေးကြီး"ကြောင့်လည်း မြို့ရွာ နိဂုံး အဖျင်း အသုန်း များလေကုန်၏ ဟူ၍ ဟောတော်မူသည်။

ကပ် ၃-ပါးနှင့် ပယောဂအတက် အသက် ငါးရာတမ်းက စ၍ သတ္ထန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်, ရောဂန္တရကပ် ဟူသော ကပ် ၃-ပါး စလာသည်ဟု အဆိုရှိပေသည်၊ ထိုကပ် ၃-ပါးကို မှီ၍ တဘက်ရန်သူကို အနိုင်အသက် အတားအဆီး,အဝိတ်အပင်,

ခတိုက်အခိုက်ပြုသော လောကီဝိဇ္ဇာ မန္တာန်အတတ်နှင့် ပယော ပညာ ဟူသော အတတ်သည်လည်း ထင်ရှားစွာ ပေါ်လာ သည်ဟု ယူဆရန်ရှိပေသည်၊ ကပ် ၃-ပါးသို့ ဆိုက်ရောက်စေ သော ပါပဓမ္မ ၃–ပါးဟူသည်မှာ–

၁။ ယောကျ်ားမိန်းမတို့မှာ မိမိတို့ဆိုင်ရာနှင့် အာရုံမပြေ ကြကုန်ဘဲ အခြားတပါး၌ စွန်းငြိလွန်ကြူးခြင်း၊ မသွား လာအပ်သော အမိ, နှမ, သမီးတို့၌ရင်း ကြူးလွန် ပျော်ပါး ခြင်း၊ ယောကျ်ားသည် ယောကျ်ားချင်း, မိန်းမသည် မိန်းမချင်း ဆန္ဒရာဂရှိခြင်း စသော အဓမ္မရာဂ သည် လည်းတပါး။

၂။ တကျပ်တန်ယူရမည့်အရာ၌ တရာ,တထောင်ယူလိုခြင်း၊ တရာ,တထောင်ပေးရမည့်အရာ၌ တကျပ်တန် ပေးလို ခြင်း စသော ဝိသမလောဘ သည်လည်း တပါး။

၃။ ဘိရန္တာန် သဏ္ဌာဝါဖြစ်သော ကျွဲ,နွား,ကြက်,ဝက်တို့ကို သတ်ဖြတ်ခြင်းသည် အပြစ်မရှိ၊ သေရည် သေရက် သောက်စားမှုသည် အပြစ်မရှိ အစရှိသော မိစ္ဆာဓမ္မ သည်လည်း တပါး။

ဤတရား ၃–ပါးကို ပါပဓမ္မ ၃-ပါး ဟူ၍ ခေါ်၏။

**အသက်ရာတမ်းမှ ဆယ်တမ်းသို့** အသက်နှစ်ရာငါး ဆယ်တမ်း လောက်မှစ၍ (၁)အမိ၌မလေးမြတ်ခြင်း (၂)အဘ၌မလေး ခြတ်ခြင်း (၃)မိကြီး မိထွေး, ဘကြီး ဘထွေး, အဒေါ်ကြီး အဒေါ် လေး ဦးကြီး ဦးထွေးတို့၌ မလေးမြတ်ခြင်း ဟူသော တရားသည် အားကြီး၍ လာကုန်၏ အသက်တရာတမ်းသို့ကား အသက်အသိုပါ တရားတို့သည် အတိုင်းသက် အလွန် အားကြီးလာကုန်၏ ဆယ် နှစ်တမ်းသို့ ရောက်သောအခါ သုစရိုက်တရားသည် လုံးဝ ကွယ်

ပျောက်လေ၏၊ ဒုဗ္ဘိက်ဘေးသည် သာလျှင် တွန်းကားလေ၏၊ ထိုအခါ အဓိနှင့်သား, အဘနှင့်သမီးဟူ၍ အထူးမရှိကြပြီ၊ ဆာရာဝါ သ အမှု၌ ခွေး,ဝက်,ကြက်,ငှက်တို့နှင့် မခြား အလားတူကုန်၏၊ တဦးနှင့်တဦး သတ်ပုတ်ညှဉ်းပန်း လိုသော ဒေါသစိတ်သည် အခါခပ်သိမ်း တည်၏၊ လူမှုရေးရာတွင် စားမှု ဟူသော ထမင်း အရေးသည် သာလျှင် အမြတ်ဆုံးတည်း၊ ထမင်း အစာသည်သာ လျှင် လူ့အတို့ကိုးကွယ်စရာတည်းဟူ၍ ဇမ္ဗူဒိပ်တကျွန်းလုံးအနှံ့ အပြား တပိုင်နက် မြည်သံပေးလျက် ဆယ်နှစ်တမ်း ချုပ်လေ တော့သည်။

**ဈာန်လမ်းနှင့် တိရစ္ဆာန်လမ်း** ဆယ်နှစ် အသက်တမ်း ချုပ်ခါနီးတွင် သတိတရား ရှိသူတို့မှာ ဈာန်လမ်းကို ထူထောင်၍ နတ်ပြည်,ဗြဟ္မာပြည်တိုင်အောင် နာမ်ဝါဒအရ သာသနာပြု သွား လေတော့သည်၊ သတိတရား မရှိသူတို့မှာ စားမှုမှ အိပ်မှုသို့ ပိုက်ချဉ်း၍ မေထုန်မှီဝဲမှု ဘက်သို့ အရေး ပါသွားလေသည်၊ စားမှု,အိပ်မှု, မေထုန်မှီဝဲမှု ၃-ပါးကို ရုပ်ဝါဒအရ သာသနာပြု၍ တိရစ္ဆာန်ဘုံသို့ သက်လျော ပုံပျောသွားလေတော့သည်။ ရုပ်ဝါဒ အရ ဈာန်လမ်းသည် အသညသတ် ဗြဟ္မာ ဟူသော သုဂတိ အပါယ်ဘုံ တခုသာလျှင်တည်း။

---

မှတ်ချက်။ ။ခေတ်ပေါ် လောကခေတ် သိပ္ပံဆရာတို့ ကြံဆသော လူဖြစ်စ ကမ္ဘာမှာ= ရေညှိ,သစ်ညှိကိုစွဲ၍ အသက်ရှိ သတ္တဝါ ဖြစ်သည်၊ ထိုမှ အသိရှိသော သတ္တဝါ ဖြစ်သည်၊ ထိုမှ လူတိရစ္ဆာန်ဖြစ်သည် လူသည် မျောက်မျိုးမှ ဆင်းသက် လာသည် ဟူသော ရုပ်ဝါဒအယူသည် သံသေဒဇယောနိ အစကိုမြင်၍ ကြံဆခြင်း ဖြစ်သည်၊ ဤကျမ်းတွင် ပြသော လူဖြစ်စကမ္ဘာမှာ ဥပပါတ်ယောနိ အစကိုယူ၍ ဖေါ်ပြခြင်းဖြစ်ရာ နာမ်ဝါဒအယူဟူ၍ မှတ်အပ်ပေသည်၊ လူသားနှင့် အနီးကပ်ဆုံး သော နိဒါန်းမှာ ဇလာဗုဇယောနိဖြစ်၍ ဆေးအဘိဓမ္မာ ခန္ဓာပစ္စုပ္ပန်ကျမ်းတွင် အကျယ်ကြည့်ပါကုန်။

# ဥတု ဘောဇဉ်ရုပ် ပြုပြင်စီရင်ခြင်းနှင့် သင်္ခါရဓမ္မလမ်း

---

## ထို ၂-လမ်း ကြိုက်ရာယူနိုင်ရန်ဖော်ပြမည်

လူတို့၏ အသက်တမ်းနှင့် တကွ လုံးရပ်သဏ္ဌာန် အရောင် အဆင်း ဆုတ်ယုတ်ခြင်းတို့မှာ အသီးသီးသော မိမိ မိမိတို့၏ ရှေးကံဟောင်းချည်း မဟုတ်ချေ၊ မျက်မြင် လောက အားဖြင့် အများအပြား ကျင့်ကြံပြုလုပ်နေသော ဒုစ္စရိုက်တို့သည် သာလျှင် အရင်းအမြစ် ဖြစ်ကြပေကုန်၏၊ ထိုဒုစ္စရိုက် တရားတို့၏ အနှိပ်အစော်ကြောင့် မြေ,ရေ,နေ,လ စသော ဩကာသ လောကနှင့် ကောက်ပဲသီးနှံ ဆန်စပါး အသီး, အပွင့်, အရွက်, အပင် စသော သင်္ခါရလောက ၂-ပါးတွင် ဓာတ်မီး ဓာတ်ဆီတို့သည် တရွေ့ရွေ့ အားအင် နည်းပါးခြောက်ခန်းခြင်း ဖြစ်ကြရပေကုန်၏။

ထိုလောကနှစ်ပါး၌ ရှိသော ဓာတ်မီး ဓာတ်ဆီတို့၏ ခွန်အား ကို အမှီပြုလျက် လုံးရပ်သဏ္ဌာန် အကောင်အထည် ပြစ်နှင့် သတ္တဝါဟူ၍ တည်တံ့နေနိုင်သော လူတို့၏ အတွင်းသန္တာန်တွင် ဧကန် ဖြစ်ကြရသည့် ကမ္မဇဓာတ်မီး ဓာတ်ဆီ, စိတ္တဇဓာတ်မီး ဓာတ်ဆီ, ဥတုဇဓာတ်မီး ဓာတ်ဆီ, အာဟာရဇ ဓာတ်မီး ဓာတ်ဆီ တို့သည်လည်း အမှန်အင်အား နည်းပါးကြရပေကုန်သည်။

ထိုသို့ ဗဟိဒ္ဓနှင့် အဇ္ဈတ္တ ဓာတ်မီး ဓာတ်ဆီကို မှီ၍ တည်တံ့ နေသော လူတို့၏ အသက်ဟူသည့် ဇီဝိတ ဓာတ်သည်လည်း ထို ဓာတ်မီး ဓာတ်ဆီတို့နှင့် အတူသာလျှင် အားအင်နည်းပါး ဆုတ် ယုတ်လျှင် ဆုတ်ယုတ်ချင်း အသက်တမ်း တိုရှာ ဖြစ်ကြရပေ ကုန်၏၊ ယင်းသို့လျှင် ဖြစ်ရိုးဓမ္မတာကို ကမ္ဘာဦး ဖြစ်စဉ်အခန်း၌ ဆိုပြသားခဲ့ပြီးပေပြီ၊ ယခုအခါကစ၍ အသက်ယုတ်ကပ်ကြီး ဖြစ်အောင် မထူထောင်နိုင်ပါလော ပြဆိုအပ်ပြီးသော ဥတုဘော

ဇည် ဖြစ်ပုံ သဘောနှင့် ခေတ်ဒီး ခေတ်ဆီ ဖြည့်တင်းမှုကို ကောင်းစွာ နားလည်လျှင် ယခုရောက်ဆဲ အသက်တမ်းနှင့် လုံးရပ်သညာ်ြာန် အရောင်အဆင်း မဆုတ်ယုတ်အောင် ထူထောင်ထားနိုင်ပေသည်။


**တက်ကပ်ဖြစ်အောင် မည်သို့လုပ်မည်နည်း** လူ့ဘို့တွင် အနာမျိုး ၉၆-ပါး ခြံရံလျက် အလွန်လျင်မြန်စွာ အသက်တမ်း ဆုတ်ယုတ်လာခြင်း အကြောင်းရင်းမှာ အဓမ္မပုဏ္ဏားတို့၏ သွေးချပ်,သားချပ် ယဇ်ပူဇော်မှု အစီအရင် ဗေဒင်ကျမ်းသစ် ပယောဂကြောင့် ဖြစ်သည်ဟု သိခဲ့ရပေပြီ၊ ယခုအသက်တမ်း တက်ကပ်ဖြစ်အောင် ထူထောင်ရာ၌ သမဏတို့၏ ပယောဂနှင့် ဆေးသမား ဝိဇ္ဇာတို့၏ လုံ့လပယောဂ လိုအပ်ပေသည်၊ ထိုစကားကို ရှင်းဦးအံ့=ယခုအခါ တိုင်းရင်း ဆေးပညာခေတ်း၌ ဗေဒင်အတတ်နှင့် ဆေးအတတ်သည် ထွေးရှုတ်လျက်ပင် ရှိပေသည်၊ ထိုအထွေး အရှုတ်သည် ယခုမှသာ ထွေးရှုတ်ခဲ့သည် မဟုတ်ပေ၊ ယဇ်ပူဇော်မှု အစီအရင် ဗေဒင်ကျမ်းသစ် ပေါ်ပေါက်လာသည့် အချိန်မှစ၍ ရှုတ်ထွေးခဲ့ပေရာ ဘာသာပြန် အမှိန့်နှင့်ပဲ့တင်သံ ဖြစ်လာသော တိုင်းရင်း ဆေးကျမ်းတို့၌လည်း များစွာ ရှုတ်ထွေး နေပေသည်၊ အမှန်အားဖြင့်ဆိုသော် ထိုထို ကမ္ဘာလောက၌ လောကကြောင်း ဓမ္မကြောင်း ဟူ၍ အကြောင်းခြင်းရာ ပေါ်ပိုင်းတို့မှာ တာဝန်ရှိသော''သမဏ ဗြာဟ္မဏ''ဟုဒ်သည် ခွန်တွဲလျက်ပင် ရှိပေသည်၊ သို့ရာတွင် ဗြာဟ္မဏတို့၏ အယူဝါဒသည် သမဏတို့၏ အယူဝါဒ မဟုတ်ချေ၊ သမဏတို့၏ အယူဝါဒသည် ဗြာဟ္မဏတို့၏ အယူဝါဒ မဟုတ်ပေ၊ ဗေဒင်ပညာသည် ဗြာဟ္မဏတို့၏ အာရုံဖြစ်၍ ဆေးပညာသည် သမဏတို့၏ အာရုံဖြစ်ပေသည်။

**ဗေဒင်နှင့်ဆေး ထူးခြားပုံ** ဗေဒင်အတတ်သည် ရှေ့ပြေး လမ်းပြနှင့် တူ၏၊ နိမိတ်ဆောက်ပြ သွားတတ်၏၊ ဆေးအတတ်သည် နောက်လိုက်လမ်းပြင်နှင့် တူ၏၊ အတိတ်ကောက်၍ လိုက်ပါနေ

# တက်ကပ် မျက်နှာတပြုံးပြုံး

## ဤစက်ဝန်းပုံစံကို အဖြောင့်ကြည့်ပါ

လူတို့၏ အမျှော်အမြင်ဓာတ်မီး, ဓာတ်ဆီအလိုအတိုင်း ဆောင်၍ အာယုတက်ကပ် ဖြစ်ပုံကို ရွှင်ပြုံးသော မျက်နှာနှင့် သရုပ်ဖော် ပြထားသည်။



# ဆုတ်ကပ် မျက်နှာတမဲ့မဲ့

## ဤစက်ဝန်းပုံစံကို ဇောက်ထိုးလုပ်၍ တမျိုးကြည့်ပါ

ဗဟိဒ္ဓ ဥတုဘောဇဉ် ဓာတ်မီး, ဓာတ်ဆီ သဘောအတိုင်း လွှမ်းမိုး၍ အာယု ဆုတ်ကပ် ဖြစ်ပုံကို ရှုံ့မဲ့သော မျက်နှာနှင့် သရုပ်ဖော်ပြထားသည်။

တတ်၏၊ ခေတ်အမြင် ပုံစံနှင့် ပြောရသော် ဗေဒင်ဆရာသည် အဥ္ဂါး မော်တော်ယာဉ် မောင်းပို့တတ်သော ဒရိုင်ဘာနှင့်တူ၏၊ လိုသော ခရီးထောက်ကို ရောက်အောင် ပို့ဆောင်ပေးတတ်၏၊ ဆေးသမားသည် မော်တော်ယာဉ် အပျက်အစီး ပြင်သောမော်တော်ဝပ်ရှော့ အလုပ်ရုံ ဆရာနှင့်တူ၏၊ အပျက်ကိုပြင်၍ ပေးတတ်၏၊ လောကကြောင်းအားဖြင့် သုမင်္ဂလာအခါ၌ ဗြာဟ္မဏတို့၏ အလုပ်ဟု ခွဲခြား၍ ဒုမင်္ဂလာအခါ၌ သမဏတို့၏ အလုပ်ဟူ၍ ခွဲခြားသိအပ်၏၊ အိုးအိမ်ယာ တည်ထောင်စ မင်္ဂလာအခမ်းအနား ဖွင့်ရာ၌ ဗြာဟ္မဏတို့ ရှေ့ဆောင်သကဲ့သို့ အိုးအိမ်ယာပျက် ထူထောင်သော မင်္ဂလာ အခမ်းအနား၌ သမဏတို့ ရှေ့ဆောင်ဖြစ်သည်ဟု သတိချပ်အပ်ပေသည်၊ ဆုတ်ကပ် ဖြစ်သော လူများသည် အဆင်အခြင်တရားကလည်း အလွန်ဆုတ်ယုတ်ကြသဖြင့် ဗြာဟ္မဏလမ်းနှင့် သမဏလမ်းမှန်အောင် မသွားတတ်ကြပေ၊ အများအပြား တွေ့ရကြုံရသည်မှာ-အိုးအိမ်ယာ ပျက်ပြား၍ အနာရောဂါ ဖိစီးနှိပ်စက်လာသောအခါ သမဏအာရုံ မရောက်ဘဲ၊ ဗြာဟ္မဏအာရုံရောက်၍ ဗေဒင်ဆရာဆီသို့ ပြေးကပ်ကြသည်မှာ အများနာနေလှ၏၊ မင်္ဂလာနိမိတ် မျှော်တတ်သော ဗေဒင်ရှေ့တွင် အမင်္ဂလာအဖြစ်နှင့် မသာမယာ အမှုကို ပြလာသည်မှာ ဗြာဟ္မဏကြီး ကံဆိုး ဂင်လာသည်နှင့် လည်းတူ၏၊ ဗြာဟ္မဏကြီးသည် ထိုအမင်္ဂလာလာဘ်ကို မပယ်သဖြင့် ဗေဒင်အမြင် ယတြာဆင်သော ဆေးကုနည်း၊ လုံ့လပယောဂ ဆင်၍ ခေါ်စာပစ်သော ဆေးကုနည်းတို့ကို ပြုခဲ့သောကြောင့် တိုင်းရင်း ဆေးပညာခေတ်၌ ရှုတ်ထွေးနေလေသည်။

**ဆုတ်ကပ်ကာလမှာ ဘုရားပွင့်သည်**

ဆေးသမားအစစ်ကို ရှာလျှင် သဗ္ဗာလေးပါး မြတ်ကရေးကို ပိုင်းခြားကုနိုင်စင် သိမြင်တော်မူသော သဗ္ဗညုတဘုရားရှင်သည် သာလျှင် ဆေးသမားကြီး အစစ်ဖြစ်တော်မူလေသည် ထိုစကားသည် မှန်၏၊ ဘုရားရှင်

တို့မည် သည်မှာ အသင်္ချေယျ တကပ်ကပ်များတွင် ဘုရားဖြစ်ရိုး ထုံးတမ်းစဉ်လာ မရှိချေ။ အဘယ့်ကြောင့် ဆိုသော် လူတို့သည် "မဖြဲ,ဆင်းရဲ,အစိုးမရ" ဟူသော သဘောကို မထင်မမြင်နိုင် အောင် အသက်တမ်းနှင့်တကွ လုံးရပ်သဏ္ဌာန် အရောင်အဆင်း တက်နေသောကြောင့်တည်း၊ ထိုတက်ကပ် အခါ၌ ဖြစ်သော လူတို့သည် ကံ,စိတ်,ဥတု,အာဟာရ အကြောင်းတရား လေးပါး ကိုယူ၍ ရုပ်အဆက်ဆက် ထူဆဲဖြစ်သောကြောင့် နောက်က ပြဆို ခဲ့သော အတွင်းအပြင် ဓာတ်မီး ဓာတ်ဆီတို့၏ ပြုပြင်မှု သဘောရ ခတ်သဘော မိအောင် မသိ မမြင် မထင်နိုင်ကြကုန်၊ ဘုရားရှင် တို့မည်သည်မှာ–ဤကား လောကအရာ, ဤကား ဓမ္မအရာ, ဤ ကား ဓာတ်အရာ,ဤကား ပညတ်အရာ ဟူ၍ ခွဲခြမ်းစိတ်ဖြာထိုင်း လိုက်ပါနားလည် လွယ်နိုင်သော အချိန်အခါ ကာလကြုံမှသာ လျှင် ဘုရားဖြစ်တော် မူပေသည်။

လူတို့၏ အသက်တသိန်းတမ်းမှ အသက်တရာတမ်း အကြား ဆုတ်ကပ် ကာလများတွင် လူတို့၏ အသက်တမ်းနှင့် လုံးရပ် သဏ္ဌာန် အရောင်အဆင်းသည် အလွန်ဆုတ်ယုတ်လွယ်၏၊ လုံးရပ် သဏ္ဌာန် အသက်တမ်းကို ရပ်ထား လိုပြန်လျှင်လည်း သတိ တရား လက်ကိုင်ရှိလျှင် ရပ်ထား နိုင်ကြ၏၊ မမြဲ, ဆင်းရဲ, အစိုးမရ,ငါမဟုတ်ဟူသော သဘောတို့ကို ထင်မြင်ပေါက်ရောက် လွယ်၏၊ ထို့ကြောင့် ထိုအခါမျိုး၌သာလျှင် ဘုရားပွင့်တော် မူလေသည်။

**ဘုရားရှင်သည်ကောင်းစွာ ငြိမ်းတတ်,ထွန်းတတ်သည်**

လောကနှ ဘုရားပွင့်တော် မူဂိုက်တွင် (ဝါ)ဘုရား သာသနာတော်နှင့် ကြုံ ကြိုက်နေဆဲ အခါတွင် ဒီဓိ မိဒိတို့ သဘာ့နှဲ့၌ အဆင်အရှား ထွန်း လင်းနေသော ဓာတ်မီး ဓာတ်ဆီတို့ကို အငြိမ်းကိုင် ငြိမ်းသတ်ပြီး လျှင် အေးငြိမ်း ချမ်းသာသော သန္တိသုခ ဓာတ်မျိုးကို လိုလား

တောင်းတသော ဝေနေယျများ အတွက် မတိမ်းမစောင်းသော အကြောင်း ငြိမ်းဆေးကြီးကို သောက်သုံးရန် ဖြစ်ပေသော်ငြားလည်း၊ ကြွင်းကျန်သော သတ္တဝါများအတွက် မိမိ မိမိတို့ သန္တာန်တွင် ခေါင်းပါး ခြောက်ခန်းနေသော ဓာတ်မီး ဓာတ်ဆီတို့ကို အသစ်ဆက်ကာ ဖြည့်တင်းလျက် အလွန်ထက် အလွန် အားရှိ ထက်သန်စွာ ထွန်းလင်းနိုင်ရန် ဒေသနာအမွေခံရရှိခဲ့ကြပေသည်၊ ဒေသနာအမွေသည်ပင် ကောင်းသော ဓာတ်မီး ဓာတ်ဆီဖြစ်၏။

**ဓာတ်မီးဓာတ်ဆီ ချုပ်ငြိမ်းနည်း** လူတို့၏ အာယုကပ်နှင့် လုံးရပ်သဏ္ဌာန်သည် ဥတုဘောဇဉ်ဟူသော ဓာတ်မီး ဓာတ်ဆီတို့က ဆောင်ထားသည်ဟု သိရ၏၊ ထိုတွင် တေဇောဓာတ်ကို ငြိမ်းသတ်လိုက်လျှင် ဥတုသည်လည်း ပျောက်၏ ဩဇာရုပ်ကို ထုတ်ပယ်လိုက်လျှင် ဘောဇဉ်သည်လည်း ချုပ်၏၊ ထိုဥတုဘောဇဉ် အဆောင်ဓာတ်ကို နုတ်ယူထားလျှင် အာယုကပ် ဆိုသည်မှာလည်း သုည၊ လုံးရပ်သဏ္ဌာန် အရောင်အဆင်း ဆိုသည်မှာလည်း တုစ္ဆ၊ သဘော ဟူ၍ထင်မြင်၏၊ တဖန် ထိုဥတုဘောဇဉ် ရုပ်သည်ပင်လျှင် သုစရိုက်, ဒုစ္စရိုက်တရား အကျင့်အကြံကို လိုက်၍ ဖြစ်တတ်သေရာ "ကုသလာကုသလာ ဇဟံ" ဆိုသည်အတိုင်း ကုသိုလ် အကုသိုလ်တရားတို့ကို ပယ်၍ အဗျာကတာ သဘောနှင့် ပြုလုပ်ကျင့်ကြံပေငြားအံ့ = သတ္တလောကသည်လည်း သုန်း၏၊ ဩကာသ လောကသည်လည်း ပျောက်၏၊ သင်္ခါရ လောကသည်လည်း ဟင်းလင်းထင်၏၊ ဤကဲ့သို့ ဓမ္မသဘောအားဖြင့် လောကမှ လွန်မြောက်အောင် ထွက်လိုလျှင် ဤကဲ့သို့ အကြောင်းအကျိုး ဍါ၍ထွက်ရလေသည်၊ အထွက်ရှိလျှင် အဝင်ရှိသည် ဓမ္မတာအတိုင်း ထိုထို လောကုတ္တရာ ထွက်ရပ်လမ်းစမှ စံနစ်တကျ ဝင်၍ ဓာတ်မီး ဓာတ်ဆီဆက်လာသျှင် သမ္မာသမ္ဗုဒ္ဓ အလောင်း, ပစ္စေကဗုဒ္ဓါ အလောင်း, သာဝကဗုဒ္ဓအလောင်းဟူ၍ ပါရမီဖြည့်ကျင့်ခံကား အခွင့်အရေး လင်းစဉ်ကြီးတမျိုး သာယာလာတော့သည်။

**ထင်ရှားအောင် ထပ်၍ပြဦးအံ့** သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် အကြောင်းပြု၍ အကျိုးထင်ပုံ ပြသော ပဋိစ္စသမုပ္ပါဒ် ဒေသနာနှင့် အကျိုးထင်ရာမှ အကြောင်းပြန်၍ ဆင်ခြင်ပြသော ပဋ္ဌာန်း ဒေသနာတော်တို့သည် အကြောင်းအကျိုး သိစေကာမျှနှင့်ဟော လိုသည်ပင် မဟုတ်ပေ၊ ပစ္စည်း အပြားများကို သိစေလို၍ ဟော လိုရင်းလည်း မဟုတ်ချေ၊ အသုံးအားဖြင့် အကြောင်းအကျိုး ပစ္စည်းတရားများကို နေရာကျသိ၍ စံနစ်တကျ နှုတ်ကာ, ထုတ် ကာ ရှုမှတ်ဆင်ခြင်ပါမှ လောကဓာတ်အားလုံး၏ ဒုက္ခသဘော, သုညသဘော, နိဿတ္တ နိဇ္ဇီဝ သဘောကို နှလုံးသွင်း သိမြင်စေ လိုသဖြင့်သာ ဟောတော်မူရင်း ဖြစ်ပေသည်၊ ဤကဲ့သို့ သဘော ကို မသိကြကုန်သော သူတို့သည် ပဋ္ဌာန်းကျမ်းကြီး တကျမ်းလုံး ကို အသက်ထက်ဆုံး နှုတ်ငုံ ဆောင်ထားလင့်ကစား ဒေသနာ သည် ဒေသနာအရသာလျှင် ဖြစ်၍ လောကသုံးပါး၏ ဒုက္ခ အဖြစ်, သုညအဖြစ်, နိဿတ္တအဖြစ်, နိဇ္ဇီဝအဖြစ်, အနတ္တအဖြစ်, အသာရအဖြစ်ကို ဆင်ခြင်ရိပ်မိကြမည် မဟုတ်ချေ၊ အကယ်၍ သာ ရိပ်စားမိပါက-လောကအလယ်မှာ ယောင်လယ်လယ် လုပ် နေလိမ့်မည် မထင်ပေ၊ ဤဘုရားသာသနာတွင် ပါနိုင်အောင် မုချ ကြိုးစား ကြပေလိမ့်မည်၊ ဤဘုရား သာသနာတွင် လိုက်ပါနိုင်ပုံ မပေါ်သောအခါမှ သာလျှင် သံသရာဝယ် မျက်နှာမငယ်ရအောင် ဆုကြီးတခုပန်၍ လောက၏အကျိုး ဆွေမျိုးတို့၏ အကျိုး ဘုရား ပစ္စေကဗုဒ္ဓါ, သာဝကဖြစ်စေခြင်း အကျိုးငှါ ပါရမီ ဖြည့်ကျင့် သွားပေလိမ့်မည်။

## ဘုရားရှင်သည် ဥတုဘောဇဉ်၏ အစီအမံကို မပြုပြင်ဘဲ သင်္ခါရခမ္ဘ အာရုံနှင့် လွတ်လွတ်ရှုကြည့်ခြင်း

သင်္ခါရခမ္ဘအာရုံနှင့် ဥတုဘောဇဉ်ချုပ်အသိညဏ်ကို ထုထောင် လိုသူများသည် မဟာပဓာနသုတ် အဋ္ဌကထာ၏ စကားကို အာရုံ ပြုအပ်ပေသည်၊ ထိုသုတ်တွင် အမေးအဖြေ ပြုသားပုံမှာ=ဝိပဿီ

အစရှိကုန်သော အလုံးစုံသော ဘုရားရှင်တို့သည် မေတ္တာစျာန်၏ ရှေ့အဘို့ဖြစ်သော အသင်္ခါရိက စိတ်ဖြင့် မယ်တော် ဝမ်း၌ ပဋိသန္ဓေကို ယူကြလေကုန်ပြီ၊ ထိုစိတ်ဖြင့် ပဋိသန္ဓေ ယူအပ်သည် ရှိသော် အသက်အသချေ့ယျ တည်နိုင်၏၊ ထိုကြောင့် အလုံးစုံသော ဘုရားရှင်တို့သည် အဘယ့်ကြောင့် အသချေ့ပတ်လုံး မတည်နိုင်ကုန်သနည်း၊ ဤကား ဖြေပြလိုသောကြောင့် မေးသော စကားရပ်တည်း၊ ဖြေကြားပုံမှာ—

ဥတု ဘောဇန ဝိပ္ပတ္တိယာ ဥတုဘောဇန ဝသေနဟိ အာယု ဟာယတိဝိ ဝဍ္ဎတိ၊ တသ္မာ ပဓာန နိယာယ ဘူတေသု ဒွိသမုဋ္ဌာနိက ရူပဓမ္မေသု တံတံ အာယု ကပ္ပဝသေန ပရိဏာမန္တေသု ဇိယမာနေသု ခိယမာနေသု ယာဝ မဟန္တံပိ ကမ္မံ အတ္တနော ဝိပါကာ ဒိန္နာနဿ အဘာဝါ ခိယတိယေဝ။

**အနက်ကား။** ။ဥတုဘောဇန ဝိပတ္တိယာ၊ ဥတုဟူသော ခါတ်မီးနှင့် ဩဇာဟူသော ခါတ်ဆိတ်တို့၏ ချောက်ချား ခေါင်းပါးခြင်းကြောင့်။ န အဋ္ဌံသု၊ မတည်နိုင်ကုန်။ ဟိ၊ ထိုစကားသည် သင့်စွ၊ ဥတုဘောဇန ဝသေန၊ ဥတုဘောဇဉ်တို့ အစွမ်းကြောင့်။ အာယု၊ အသက်တမ်းသည်။ ဟာယတိပိ၊တရွေ့ရွေ့ဆုတ်လည်း ဆုတ်ယုတ်၏။ ဝဍ္ဎတိပိ၊ တရွေ့ရွေ့တက်လည်း တိုးတက်၏။ တသ္မာ၊ ထိုကြောင့်။ ပဓာနိယာယ ဘူတေသု၊ ပြဓာန်းသော အား ကြီးသော မှီရာဖြစ်၍ ဖြစ်ကုန်သော။ ဒွိသမုဋ္ဌာနိက ရူပဓမ္မေသု၊ ဥတု အာဟာရ နှစ်ပါးကြောင့် ဖြစ်သော ရုပ်တရားတို့သည်။ တံတံ အာယုကပ္ပဝသေန၊ ထိုထိုအာယုကပ်၏ အစွမ်းဖြင့်။ ပရိဏာမန္တေသု၊ ညွတ်ကုန်သည်ရှိသော်။ ဇိယမာနေသု၊ ဆွေးမြေ့ကုန် သည်ရှိသော်။ ခိယမာနေသု ကုန်ခန်းကုန်သည်ရှိသော်။မဟန္တံပိ၊ ကြီးစွာလည်းဖြစ်သော။ ကမ္မံ၊ ကံသည်။ အတ္တနော၊ မိမိ၏။ဝိပါကာ ဒိန္နာနဿ၊ အကျိုး၏တည်ရာ၏။အဘာဝါ၊ မရှိခြင်းကြောင့်။ ခိယတိယေဝ၊ ကုန်ခန်းတော့သည် သာလျှင်တည်း။

**ဆိုလိုရင်းအဓိပ္ပါယ် မှတ်ရန်မှာ** မြတ်စွာဘုရား၏ အသက်တော်နှင့် လုံးရပ်သဏ္ဍာန်တော်သည့် ကံတော်၏ အရာမဟုတ်ပေ၊ ဖြစ်ပေါ် နေသဲ လူ့ဘိုပြည့်၏ ဥတုဘောဇဉ် အရာသည်သာသျှင် ဖြစ်ကြောင်းကို ဖြေဆိုပြလေသည်၊ အကြင်အခါ၌ လူ့ဘိုပြည်တွင် အနှစ်တရာ တည်နေ နိုင်စွမ်းသော ဥတုဘောဇဉ်ခတ်မီး, ခတ်ဆီ အားနွန်ရှိသည့် ဖြစ်အံ့၊ ထိုဥတု ဘောဇဉ်အထောက်အပံ့ကို မှီ၍ ဖြစ်ရသော ရုပ်တရား တို့သည်လည်း သတ်မှတ်ထားသော အသက်တမ်း ပြည့်လျှင်ပင် မည်မျှကြီးမားသော ကံကြီးပင် ရှိသော်လည်း၊ ထိုကံ၏ အကျိုးပေးမှု တည်ရာရုပ်သည် ဆွေးမြည့်ခြင်းကြောင့်, ကုန်ခန်းခြင်းကြောင့်, အသက်ချုပ်ဆုံး လေတော့သည်၊ ဤနေရာ၌ လူတို့၏ ဥတုဘောဇဉ်အသက်တမ်း ကုန်ဆုံးသော်လည်း ဈာန်သမာပတ် တရားဝင်စား၍ နေလျှင် အသက်အသချို တိုင်အောင် တည်နေနိုင်ပေသည်၊ သို့သော် ဘုရားရှင်တို့ မည်သည်မှာ လောကမှ လွန်မြောက်ပြီးသည်ကို ဆင်ခြင်၍ အာယုသင်္ခါရ လွှတ်တော် မူရိုးရှိပေသတည်း။

**ဘုရားရှင်၏ ဓမ္မအရသာ** ဤသို့လျှင် အများနှင့်သက်ဆိုင်သော အသက်တမ်းနှင့်လုံးရပ် သဏ္ဍာန် အရောင်အဆင်း အဘိုးအဆုတ်တို့သည် အသိးသီး မိမိ မိမိတို့၏ ရှေးကံဟောင်း ချည်းမဟုတ်ချေ၊ လူတို့ အစဉ်အဆက် အလေ့အကျက်များသော ဒုစရိုက် သုစရိုက်တရားတို့၏ ဆုံးခြင်း ဆုတ်ခြင်းသည် သာလျှင် အရင်းရှိပေကုန်၏၊ ဘုရားရှင်၏ အလိုတော်ကျမှာ၊ ခဏကိုခဏမှန်းမသိဘဲ, ဓမ္မကို ဓမ္မဟူ၍မသိဘဲ, သင်္ခါရကို သင်္ခါရဟူ၍ မသိဘဲ, ဖြစ်ပျက်ဒုစည်ကို ဥဒယဗ္ဗယ ဉာဏ်မထင်ဘဲ အသက်ရာ, ထောင်, သောင်း, သိန်းတည်၍ နေရခြင်းသည် မမြတ်၊ ခဏမှန်း သိသိ, ဓမ္မမှန်း သိသိ, သင်္ခါရမှန်း သိသိနှင့် တရက်တာမျှ ပင် အသက်တည်နေရခြင်းသည် မြတ်၏ ဟူ၍ ဟောကြားတော်မူလေသည်။

ဘုရားအလိုတော်ကျ ဓမ္မအရသာကား—

ယောစဝဿ သတံဇီဝေ၊ အပဿံ ဓမ္မ မုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မ မုတ္တမံ။

(ဓမ္မပဒ)

**အနက်ကား။** ယောစ၊ အကြင် သူသည်လည်း။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ တရားတော်ကို။ အပဿံ၊ မရှုဘဲ။ ဝဿသတံ၊ အနှစ်တရာ။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုတရား မရှုဘဲ အနှစ်တရာ အသက်ရှည်သော သူထက်။ ဥတ္တမံ၊မြတ်သော။ဓမ္မံ၊ တရားတော်ကို။ပဿတော၊ရှုလျက်။ ဧကာဟံ၊ တရက်မျှ။ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြတ်၏။

ဥဒယဗ္ဗယဉာဏ် အရသာကား—

ယောစဝဿ သတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒ)

**အနက်ကား။** ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တရားတို့၏ အသစ်အသစ် မပဲ့ဖြစ်ပေါ်ခြင်း၊ အဟောင်း အဟောင်း မပဲ ချုပ်ကွယ်ခြင်းများကို။ အပဿံ- အပဿန္တော၊ မမြင်ဘူးဘဲ။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ၊ အသက် ရှည်၏။ တဿ ထိုသူ၏။ ဇီဝိတံ၊ အနှစ်တရာ ခန္ဓာမြင့်ရှည်နေရသည်ထက်။ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်ဉာဏ်နှင့် အဟောင်းချုပ်၍ အသစ်ဖြစ်ပေါ်သော ဉာဏ်ကို။ ပဿတော၊ ဆတ်ဆတ် ကြေ သိမြင်သည်မှန်လျက်။ ဧကာဟံ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြတ်လှစွာ၏။

**ဥတ္တုဘောဇဉ် ရုပ်အသစ် ပြုပြင်စီရင်ခန်းနှင့် ဘုရားရှင်၏ သင်္ခါရဓမ္မ အာရုံပြုခန်းပြီး၏။**

# ဥတုဘောဇန သမ္မုတ္တိခေတ်ကမ္ဘာကြီး ထူထောင်နည်း ကဗျာ

(စံပြပုံ)

## ရှေးရှေး သူဟောင်းတို့၏နာမ်ရုပ် အကြောင်းဆက်

(နာမ်)

ဇီဝိတ

| | |
|---|---|
| ဒုန္ဓရိုက် အကျင့်အကြံ | သုစရိုက် အကျင့်အကြံ |
| + | + |
| ခေတ်မီးညှို့ ခေတ်ဆိုးနှံ | ခေတ်မီ ထက် ခေတ်ဆီကောင်း |
| + | + |
| ဥတုဓာကက် ဘောဇဉ်ဖိုင်း | ဥတုဖြောင့် ဘောဇဉ်မှန် |
| + | + |
| ဇီဝိတရုပ် အားနည်း အသယ ဆုတ်ကပ် | ဇီဝိတရုပ် အားရှိ အသယုတက်ကပ် |
| + | + |
| ဥတုဘောဇနဝိပ္ပတ္တိရုပ် အဖြစ်သန်၏ | ဥတုဘောဇနသမ္ပတ္တိရုပ် အဖြစ်သန်၏ |
| + | + |

နောက်နောက် သူသစ်များ၏
ကံရုပ်အကျိုးထင်

**စံပြပုံနှင့် ရှင်းလင်းချက်** အထက်ပါ စံပြပုံကို ထောက်ကြည့်လျှင် ရှေးက ပြဆိုခဲ့ ပြီးသော ဥတုဘောဇဉ် အခကာ်းနှင့် အသယုခေတ် ကပ်ကမ္ဘာကြီး ဆုတ်ယုတ်မှု အခြင်းအရာနှင့် တိုးတက်မှု အခြင်းအရာတို့ကို ကောင်းကောင်းကြီး နားလည်နိုင်ပေ

သည်၊ ဤစံပြပုံကို သမ္မာဒိဋ္ဌိ ဉာဏ်အားလျော်စွာ အကြောင်း အကျိုး သိမ်းဆည်းခြင်း ပစ္စယ ပရိဂ္ဂဟဉာဏ် ထက်သန်စေခြင်း ငှါ ဖေါ်ပြခြင်း ဖြစ်ပေသည်၊ အထူးဆင်ခြင်ရန်မှာ မိဒိမိဒိတို့၏ ယခုဖြစ်ဆဲ ဘဝ၌တည်သော ကံရုပ်နှင့် လက်ရှိ နာမ်ရုပ် အ ကြောင်း ဆက်ကြောင့် နောက်နောက် ကံရုပ်အကျိုး ထင်ကြမည့် အာယုကပ် ခေတ်ကမ္ဘာကြီး၏ အလားအလာကိုလည်း မျှော်ချင့် သိသင့်ပေသည်။

**စိတ်စေတသိနှင့် ရှိနေသည်**

စေတ်မီး, စေတသိ ဥတုဘောဇဉ် ရုပ်လွှမ်းမိုး ဖိစီးပုံကို ဖေါ်ပြသော အာယုကပ် အခါတ်းတွင် အများအပြား ပြုလုပ် ကျင့်ကြံသော သုစရိုက် ဒုစ္စရိုက် အမှုတို့ သည် သာလျှင် အကြောင်းရင်း ဖြစ်သည်ဟူ၍ ဆိုထားခဲ့ပေရာ၊ ဤနေရာ၌ နာမ်စေတ်၏ ပစ္စည်းဆက်ပုံကို အမြွက်မျှဖေါ် ပြပေအံ့၊ စေတနာ ကံဟူသည်မှာလည်း နာမ်စေတ်ပေတည်း စိတ်ဆိုသည် မှာလည်း နာမ်စေတ်ပေတည်း၊ ထိုတွင် ရုပ်အသစ် အသစ်,နာမ် အသစ် အသစ် ဖြစ်သော အမှုတို့၌ သာယာသော စိတ်သည် ''တဏှာသိနေပော''ဟူသည်နှင့် အညီ တဏှာစိတ်ပေတည်း၊ နန္ဒီရာဂ စိတ်လည်းဟူ၏၊ ထိုစိတ်သည် စေတ်ဆ်နှင့်တူ၏ မီးအမျိုး မျိုး ထနိုင်၏၊ မီးအမျိုးမျိုး တောက်နိုင်၏၊ မီးအမျိုးမျိုး စွဲငြိနိုင် ၏၊ ဤသို့ ဘဝတဏှာစိတ် စေတ်ဆ် ရှိနေသည်ကို သိထားပါ။

**ကံမီးကေန် တောက်မည်**

ကောင်းသော သုစရိုက် အမှုမျိုး ပြုလုပ်ခြင်း, မကောင်းသော ဒုစ္စရိုက်အမှုမျိုးပြုလုပ်ခြင်းသည် မီးပွတ်သည်နှင့် တူ၏၊ ထိုသို့ မီးပွတ်ခြင်းသည် ဘဝသစ်,ရုပ်သစ် မီးအမျိုးမျိုးကို ထကြွစေနိုင်၏၊ ကောင်းသော သုစရိုက် အမှု စေတနာကံ မီးသည် ကောင်းမြတ်သော ဘဝသစ်,ဘုံသစ်,ရုပ် သစ်ကို ထွန်းလင်းစေနိုင်သည်၊ မကောင်းသော ဒုစ္စရိုက် အမှု စေတနာ ကံမီးသည် ဆိုးသော ဘဝသစ်, ဘုံသစ်, ရုပ်သစ်ကို ထွန်းလင်းစေနိုင်၏၊ အထူး မှတ်ရန်မှာ=တဏှာစိတ် စေတ်ဆိ

ရှိနေသမျှ ကံမီးသည် တနည်းမဟုတ်လျှင် တနည်းနည်းနှင့် စွဲလောင်၍ ဘဝသစ်, ဘုံဘစ်, ချပ်သစ်ဟူ၍ ကောန်ထွန်းပြမြဲ ဖြစ်၏၊ ကံ ကံ၏ အကျိုး ရှိသည်ကို သိအပ်၏၊ ထို့ကြောင့် စိတ်ခေတ်ဆီမှ ကံမီး စွဲငြိထွန်းလင်းပုံကို ပုံစံကွက်ဆင်၍ ပြလိုက်အံ့။

## စိတ်ခေတ်ဆီ

| | |
|---|---|
| သုစရိုက်ကံမီး<br>ထကြွလျှင် | ဒုစရိုက်ကံမီး<br>ထကြွလျှင် |
| + | + |
| ပစ္စုပ္ပန်ဘဝ<br>လောကနိဗ္ဗာန်မီးစွဲ | ပစ္စုပ္ပန်ဘဝ<br>လောကငရဲမီးစွဲ |
| + | + |
| တမလွန်ဘဝ<br>လူ့ဘုံမီးလင်း<br>နတ်ဘုံမီးလင်း<br>ရူပဘုံမီးလင်း<br>အရူပဘုံမီးလင်း | တမလွန်ဘဝ<br>ငရဲမီးလင်း<br>တိရစ္ဆာန်မီးလင်း<br>ပြိတ္တာမီးလင်း<br>အသုရကာယ်မီးလင်း |
| + | + |

ဤပုံစံကား ကမ္မနိယာမ အစဉ်ဖြစ်ပုံတည်း။

**အတိတ်ကံဟောင်းချည်း မရှိုးသင့်** ဆုတ်ကပ်ခေတ် ကမ္ဘာကြီးတွင် လူဖြစ်လာသော သူတို့သည် နေရာတကာ အတိတ်ဟောင်း ကံကိုချည်း မပုံသင့်ချေ၊ ပစ္စုပ္ပန်ကံလည်း ထူပေးရသည်၊ လက်ရှိဉာဏ်လည်း ကူပေးရသည်၊ အတိတ်ကံစီမံရာ ခံမည်ဆိုလျှင် မိုးယံအောက် မြေပြင်ခေတ်နှင့် ပေါက်ဖြန်သော ဥတုဒဏ်ချက် အောက်မှာ ပြားပြားဝပ်ကာ ခံသက်ကချည်း ဖြစ်တတ်သည်၊ လူ့လောက ဘုံသည် နတ်ဘုံ, ပြဗ္ဗာဘုံကဲ့သို့ ကံချုပ်,

ဈာန်ရုပ်ကို မှီ၍ ဖိမ်ခံနေနိုင်သော ဘုံမဟုတ်ချေ၊ ပစ္စုပ္ပန်ကံရော, ဉာဏ်ရော, ဝိရိယရော သုံးပါးရောကူ၍ ဖြန့်လည် ထူထောင်နိုင်ကာမှ တန်ရုံကျသော အလုပ်သမား လောကဘုံ ဖြစ်ပေသည်။

**နှတ်ကိုချည်း မကိုးသင့်** လူတို့၏ လုံးရပ်သဏ္ဍာန်နှင့် အသက်တို့မှ, အသက်ရှည်မှုကို ထာဝရဘုရားက ကိုယ်စားပြုလုပ်ပေးနိုင်သော အရာမဟုတ်ပေ၊ ဖော်ပြခဲ့ပြီးသည့် အတိုင်း မိမိ မိမိတို့၏ အများအပြား ပြုလုပ် ကျင့်ကြံ နေကြသော ဒုစ္စရိုက် သုစရိုက် တရားအားလျော်စွာ ညှိုးဖျင်းခြင်း, ထက်သန်ခြင်း အကျိုးထင်သော ဥတုဘောဇဉ်ကိုမှီ၍ အားမဲ့မှု,အားရှိမှုဖြစ်ရသော ဇီဝိတရုပ်၏အရာသာလျှင် ဖြစ်ပေသည်၊ ထိုသို့ အရိုးစဉ်လာ ဖြစ်သော အာယုကပ် ဆုတ်ပျက် နာကို ငွဲချက်တင်လိုက်ပြီ ဖြစ်ရော ကုစားရမည့် သမားဆရာများမှာ အများအပြားသော မိမိမိမိ တို့သည် လျှင် ဖြစ်ကြပေကုန်၏၊ ကုထုံးမှတ်ချက် ဆေးနည်းကောင်းများကား ဂေါတမဘုရားရှင်၏ သာသနာတော်တွင် များစွာပင် ရှိလေသည်။

**ကုထုံးမှတ်ချက် ဒေသနာတော်** ဘုရားရှင် ဟောကြားတော် မူသော စက္ကဝတ္တိသုတ် ဒေသနာတော်သည် အာယုဆုတ်ပျက် ကပ်ကြီးကို ထူထောင်ကုစားနိုင်သော ကုထုံးမှတ်ချက် ကြီး တခုပေတည်း၊ ဆုတ်ယုတ် ပျက်စီးနေသော ဥတုဘောဇဉ် ဓါတ်မီး, ဓါတ်ဆီကို အားရှိ,အင်ရှိ ဖြည့်တင်းနိုင်သော ဆေးနည်းကောင်း ကြီး တလက်ပေတည်း၊ လူတို့သည် သုစရိုက် တရားအားကြီး သည်ဖြစ်၍ ကိုယ်စီ ကိုယ်ငှ ကိုယ်ကျင့်တရားရှိကြသည်ဖြစ်ပါအံ့၊ ဆုတ်ယုတ် ပျက်လျော့နေသော ဥတုဘောဇဉ်, ဓါတ်မီး ဓါတ်ဆီနှင့် ရုပ်ဇီဝိတ ဓါတ်တို့သည်လည်း အားရှိအင်ရှိ တက်လာနိုင် ပေသည်၊ တက်ကပ် ဆိုသည်မှာ ဆုတ်ကပ် ကာလကဲ့သို့ ဆုတ် ချည် ရပ်ချည် လျော့ချည် ငွေ့ချည်ဟူ၍ တရွေ့ရွေ့ လျော့၍ မနေ ပေ၊ တက်ပြီဟူဆိုလျှင် ဒီရေ တက်သကဲ့သို့ တဆတက် တဆ

တပိုးတင်ပြီး ၁-ဆင့်, ၂-ဆင့်, ၄-ဆင့်, ၈-ဆင့်, ၁၆-ဆင့်, ၃၂-ဆင့်,စသည်အားဖြင့် မြင့်၍ ချန်ကျော်တက် တတ်ပေသည်၊ အရှိန်အစော်အာနုဘော်တန်ခိုးနှင့် နှစ်ဆတိုးတက်တတ်ပေသည်။

**စကြာရတနာ ရောက်တတ်သည်**

အဆိုပါ အာယုတက်ကပ် ကမ္ဘာကြီးမျိုးကို တဘိုင်း,တပြည်, တနိုင်ငံ၏ အင်အားနှင့်ယှဉ်၍ မရတတ်ပေ၊ ဇမ္ဗူဒိပ် တကျွန်းလုံး ဆုတ်ယုတ်မှု အင်အားနှင့် တပြိုင်နက် တပုံတခုကြောင့် ပျက်ပြုန်းပြီးလျှင် အကြောက်ကြီး ကြောက်သော နောင်တ သံဝေဂနှင့် အားကြီးသော သုစရိုက် ခေတ်ကြီး ထူမှ ရတတ်ပေသည်၊ ဤသို့ ဆိုသဖြင့်လည်း တတိုင်း, တပြည်, တနိုင်ငံတည်း ကွက်၍ တရားစောင့်သော် အချည်းနှီး ဖြစ်သည်ဟူ၍ မမှတ်သင့်ပေ၊ ခေါင်းပါး ခြောက်ခန်း နေသော ဥတုဘောဇဉ် ခေတ်မီး ခေတ်ဆိုတို့သည် အင်အားဖြင့်တင်း၍ ဆုတ်ယုတ်ဆဲဖြစ်သော အာယုကပ် အသက်တမ်းသည် ထို့ အောက်နိမ့်၍ မဆုတ်သာဘဲ ရပ်တန့် နေတတ်ပေသည်၊ အထူး အားဖြင့် စကြာရတနာများရောက်လာ တတ်ပေသည် စက္ကဝတ္တိ သုတ် အစီအရင်သည် စကြာရတနာ ရောက်စေတတ်သော အစီ အရင်ပေတည်း။

**လုံ့လပယောဂ လိုလှသည်**

လုံ့လပယောဂ ကြီးမှုဆိုသည်မှာ အမှားမျိုးပုံ ပြောကြ၍နောင်တ သံဝေဂကြီးမှလုံ့လပယောဂ ကြီးတတ်ပေသည်၊ ပြုပြင်သည် ဆိုသည်မှာ အပျက်ကို စေ့စေ့ စပ်စပ်သိမှ အဖြစ်ကို ပြုနိုင်ပေသည်၊ ဆုတ်ယုတ်မှုကို ရေရေ ရာရာ သိမှလည်း တိုးတက်မှုကို ရှေးရှုနိုင်ပေသည်၊ အသက် တိုပုံကို အတတ်သိမှ အသက်ရှည်မှုကို အမှတ်ပြုနိုင်ပေသည်၊ အနာဖြစ်မှုကို အနှံ့သိမှ ကာကွယ်ခြင်း ညတ်နိုင်ပေသည်။

ဥတုဘောဇနသမ္ပတ္တိခေတ် ကမ္ဘာကြီး ထူထောင်နည်း
ကဏ္ဍပြီး၏။

# အသက်သေခြင်း ၄-မျိုးနှင့် ကာကွယ်မှု အစီအရင်ကိုပြခြင်း

## အသက်သေခြင်း ၄-မျိုးကား

၁။ အာယုက္ခယ = အာယုကပ်ကုန်၍ သေခြင်း။

၂။ ကမ္မက္ခယ = အကျိုးပေးကံကုန်၍ သေခြင်း။

၃။ ဥဘယက္ခယ= အာယု, ကံ ၂-ပါး ကုန်၍ သေခြင်း။

၄။ ဥပစ္ဆေဒက = အတင်းကပ်ဖြတ်၍ သေခြင်း။

ဟူ၍ လူ့လောက အသက်သေခြင်း ၄-မျိုး ရှိပေသည်၊ အသက်ဟူသော အမှတ်သညာကို ဤနေရာ၌ မီးစာနှင့် ဓာတ်ဆီ ၂-ပါး ဘက်စပ်သဖြင့် မီးတောက်ဖြစ်သော အလင်းရောင်ကဲ့သို့ မှတ်အပ်ပေသည်။

၁။ မီးတောက်သည် မီးစာကုန်သဖြင့်လည်း ငြိမ်းပျောက်တတ်၏၊ ထို့အတူ ရေးကံဟောင်း အင်အားပင် ရှိသေးသော်လည်း အာယုကပ်အသက်တမ်းကုန်၍ သေရခြင်းဟူသော အာယုက္ခယ သေမျိုးကို သိအပ်၏။

၂။ မီးတောက်သည် ဓာတ်ဆီခန်းသဖြင့်လည်း ငြိမ်းပျောက်တတ်၏၊ ထို့အတူ အာယုကပ် အသက်တမ်းပင် ရှိသေးသော်လည်း ရှေးကံဟောင်း အင်အားကုန်၍ သေရခြင်းဟူသော ကမ္မယက္ခယ သေမျိုးကို သိအပ်၏။

၃။ မီးတောက်သည် မီးစာလည်းကုန် ဓာတ်ဆီလည်းကုန် ခန်းသဖြင့် ငြိမ်းပျောက်တတ်၏၊ ထို့အတူ အာယုကပ် အသက်တမ်းလည်း ပြည့်လျက် ရှေးကံဟောင်း အင်အားလည်းကုန်လျက် ၂-ပါးဆုံ၍ သေရခြင်းဟူသော ဥဘယက္ခယ သေမျိုးကို သိအပ်၏။

၄။ မီးတောက်သည် မီးစာနှင့် ခါတ်ဆီ ၂-ပါး ပြည့်လျက် ထွန်းလင်း နေသော်လည်း လေတိုက်သဖြင့်ရင်း၊ အကြောင်း တပုံတခုကြောင့်ရင်း ငြိမ်းပျောက်တတ်၏၊ ထို့ အတူ အာယုကပ် အသက်တမ်းလည်း ရှိပါသေးလျက်၊ ရှေးကံဟောင်း အင်အားသည်လည်း တောင့်တင်းပါသေးလျက် ဥပစ္ဆေဒကံ တပါးပါးက ကပ်ဖြတ်၍ သေရခြင်း ဟူသော ဥပစ္ဆေဒက သေမျိုးကို သိအပ်၏။

သေတနည်းမှာ ဤသို့ပင် — သတ္တလောကသား မှန်လျှင် ထိုသေခြင်း ၄-မျိုး တွင် တမျိုးမဟုတ်လျှင် တမျိုးမျိုးဖြင့် ကေန်သေကြရသည်ဖြစ်ရာ၊ မသေရအောင် မည်သူမျှ မတတ်နိုင်ချေ၊ မသေ မပျောက်အောင် ပြုပြင် ထားစွမ်းနိုင်သော ဆေးဝါး ပယောဂဟူ၍ **သေ**တနည်း၌ မရှိပေ၊ အသေတနည်း၌ကား—

အဇာတိ မဇရာ ဗျာဓိ၊ အမတံ နိဗ္ဗယံကတာ။
ဇေဝမာဒိ ဂုဏုပေတံ၊ အနေက ဂုဏာ သင်္ဟံ။ ။

ဟူသော ဗောဓိုင်သုက် ဒေသနာတော် အလာ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော ဥပါဒါန်တရားတို့ မကပ်ငြိနိုင်သော နိဗ္ဗာန်ဗောဓိုင်ဆေးတော်ကြီးကား ရှိပေသည်၊ ဤနေရာ၌ သင်တနယ် အတွက် ပြုပြင်မှု သမဒ္ဓာန်ကို ရည်၍ ဆိုရမည် ဖြစ်သော ကြောင့် ပြုပြင် ကာကွယ်နိုင်သော သင်တ စကားကို သာလျှင် အသီးထုတ်၍ ဆိုပြအံ့။

၁။ အိုခြင်း တရား၌ — ဇိရဏာ တေဇောဆောင်၍ အိုမင်းရင့်ရော် ပြီးသော ခုင်ကို ပြန်ပျိုရအောင် မတတ်ကောင်း သော်လည်း မအိုမှီက ကြိုတင်၍ အိုရုပ်မပေါ်အောင်၊ ဆံမဖြူ၊ သွားမကျိုး၊ အရေမတွန့်၊ နားမလေး၊ မျက်စိမသိ၊ အားခွန်ဗလ မလျော့ပါးအောင် ကြိုဆောင် ပြုလုပ်ခြင်း၌ တတ်ကောင်းပေသည်။

၂။ **နာခြင်း တရား၌** ရှေးကံဟောင်း ဖိစီးနှိပ်စက် သဖြင့် ဖြစ်ပေါ်လာသော ကံနာ, ဝဋ်နာ, ဝိပါက်နာတို့ကို လုံးဝ ချုပ်ပျောက်အောင် မတတ်ကောင်းသော်လည်း အပူအအေး ဝိရောဓိနှင့် ကြုံ၍ ဖေါက်ပြန် နာကျင်သော ဝေဒနာဒဏ်ချက်ကို ညီညွတ် မျှတအောင်,ဥတုဘောဇဉ်နှင့် သမဘာဂ ဖြစ်အောင်,အနာရောဂါဟူ၍ မဥပါဒ်နိုင်အောင်, သက်သာခွင့်ရအောင် ကြံဆောင် ပြုလုပ်ခြင်းငှါ တတ်ကောင်းပေသည်။

၃။ **သေခြင်း တရား၌** သတ္တဝါ မှန်သမျှ သေမျိုးချည်းဖြစ်သည်ကို မသေရဘဲ အမြဲထာဝရ ဖြစ်နေအောင် မတတ်ကောင်းသော်လည်း အသက်ရှည်ကြာစွာ နေရမှုကို ကြံဆောင် ပြုလုပ်ခြင်းငှါ တတ်ကောင်းပေသည်၊ ဤသို့ အိုရုပ်မပေါ်အောင်, နာမ ချုပ်မသင်အောင်, အသက်ရှည်ကြာအောင် ကြံဆောင် ပြုလုပ်သော အမှုတို့ကား=ပစ္စုပ္ပန် ကံ, ဉာဏ်, ဝီရိယ ၃-ပါး ရောက၍ သမ္ပတ္တိစက် ၄-ပါး ထူထောင်လျှင် ဖြစ်နိုင်သော အမှုတို့ပေတည်း။

နေတ္တိပါဠိတော်၌

သပ္ပာယေဝ ဇရာယ ပဋိကမ္မံ ကာတုံ။
နပန သပ္ပာယေ မရဏာသသ ပဋိကမ္မံ ကာတုံ။

ဇရာယ၊ အိုခြင်းအမှုကို။ ပဋိကမ္မံ၊ မအိုရအောင် ကြံဆောင် ကုစားခြင်းအမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ သပ္ပာယေဝ၊ တတ်ကောင်း သည့် ... လျှင်တည်း။ မရဏာသသပန၊ သေခြင်း၏ကား။ ကာတုံ၊ ပြုခြင်းငှါ၊ နပ သပ္ပာယေ၊ မတတ်ကောင်းချေ။

မဟာဋီကာ၌

ရသာယန ဘေသဇ္ဇံပန သုစိရမ္ပိကာလံ၊
ဇီဝိတံ ပဝတ္တေတုံ သက္ကောတိယေဝ။

ရသာယနံ ဘေသဇ္ဇံပန၊ ရသာဓာတ်ကို အရှည်ခံနိုင် ပွါးစီး စေနိုင်သော အာယုဝဍ္ဎန ဆေးဝါးသည်။ ဇီဝိတံ၊ အသက်ကို။

ပဝတ္တေထုံ၊ တည်စေ,ရှည်စေခြင်းငှါ။ သဏ္ဍောတိယေဝ၊ တတ်နိုင်သည်သာလျှင်တည်း။

အထက်ပါ စကားရပ်များဖြင့် အာယုကပ်အသက်တရာတမ်း ဖြစ်ပါလျက် အသက်တရာ ကျော်အောင် ကြံဆောင် ပြုလုပ်နေနိုင်သော အသက်ရှည် ဆေးကြီးများ ရုပ်ပျိုကိုယ်နု ဆေးကြီးများ အာယုဝဍ္ဍန ဆေးအဇီအရင် ကြီးများကို ဗျာနလာဘီ ရှင်ရသေ့ မြတ် ဟောကြား ထားခဲ့ပေသည်၊ သာရင်္ကောမုဒီ ကျမ်းလာ ရသာယနပိုင်း၌ ပြသော ရသာယန ဆေးအဇီအရင် များဖြင့်လည်း ဖြစ်နိုင်ကောင်းပေသည်၊ အဂ္ဂိရပ် ဖိုခွင်ဝင်၍ ဝိဇ္ဇာမယ ဝိဓိဖြင့် စီရင်လုပ်ဆောင်သဖြင့် ထမြောက်အောင်မြင်သော ပြဒါး ဓာတ်ဆီ, သံဓာတ်ဆီ,ကျောက်ဓာတ်ဆီများကို သုံးဆောင်သော နည်းဖြင့်လည်း အာယုကပ် အသက်တမ်း ကျော်အောင် နေနိုင်ကြပေသည်။

**လောကဓာတ် သိပ္ပံ ဆရာများသိရန်** အာယုကပ် အသက်တမ်း ကျော်နိုင်အောင် အသက်ဆက်သည် ဆိုသည်မှာ= ရှေးကဆိုခဲ့ပြီးသော အဇ္ဈတ္တကိုယ်ခံ ကမ္မဇဓာတ်မီး ဓာတ်ဆီ,စိတ္တဇဓာတ်မီး ဓာတ်ဆီ,ဥတုဇဓာတ်မီး ဓာတ်ဆီ,အာဟာရဇ ဓာတ်မီး ဓာတ်ဆီ အင်အားဖြည့်တင်းခြင်း ပေတည်း၊ လောကဓာတ် သိပ္ပံထွန်းကားသော ယခုကဲ့သို့ အခါမျိုးတွင် စက်အား, ဓာတ်အား, လျှပ်စစ်အား, အကျုမြူအားဖြင့် အသက်ဆက်နိုင်သော အခြင်းအရာမျိုး ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်နိုင်ပေလိမ့်မည်၊ ဤသို့ ဖြစ်ပေါ်လာခဲ့သော် အသိဉာဏ်နှင့် ထူထောင်သော အဇ္ဈတ္တဓာတ်မီး ဓာတ်ဆီ မဟုတ်သောကြောင့် ကြောက်စရာပင် ဖြစ်ပေလိမ့်မည်၊ အသိဉာဏ် အသက်သေပြီးသော ဘုတ်အသေကောင်ကြီးကို အသက်သွင်း ပေးသကဲ့သို့၎င်း၊ အသက်မရှိသော စက်ယန္တရား အရုပ်တခုကို လျှပ်စစ် ဓာတ်အားပေး၍ လွှတ်လိုက်သကဲ့သို့၎င်း၊ ဖြစ်

ပေါ်လာနိုင်သော အရိပ်အဆင်ကို ကြိုတင်သိမြင် နိုင်ကောင်း ရာ၏၊ ဤကား ကြိုတင်၍ သတိပေးခြင်းပေတည်း၊ မိမိ၏ အဏ္ဍဇ ဓာတ်ကို မပြုပြင်ဘဲ ဗဟိဒ္ဓဓာတ်သား စင်အောင် လောဘတကြီး ပြုပြင်သူနေလျှင် ထိုဗဟိဒ္ဓ ဓာတ်သားသည် အမှန်ပင် တန်ခိုးကြီး ၍ လွှမ်းမိုးလာပေလိမ့်မည်၊ မည်သူမပြု မိမိမိမိတို့၏ အမှုကံပေ တည်း၊ ဘုရားရှင်၏ အလိုတော်ကျ''ယောစ ဝဿ သတံဇီဝေ'' ဟူ၍ လာသော ဓမ္မပဒဂါထာကို နှုတ်တက်ဆောင်၍ သတိရှေးရှု သင့်ပေသတည်း။

## သေခြင်း ၄-မျိုးကို ဆင်ခြင်၍ ကာကွယ်မှု အစီအရင်ကို ဆက်ပြခြင်း

**အာယုက္ခယ သေမျိုး ပြုပြင်မှုအစီအရင်** အာယုကပ်ကုန်၍ သေခြင်းဆိုသည်မှာ ဥတု ဘောဇဉ် ဓာတ်မီး, ဓာတ်ဆီ အခဏ်း၌ အ ထပ်ထပ် အလှယ်လှယ် ဖော်ပြခဲ့ပြီးသည်အတိုင်း ဖြစ်မြဲတိုင်း သော အာယုကပ် အသက်တမ်းကုန်၍ အသက်သေမှုကို ဆိုလို ပေသည်၊ ကံပောင်း က နှစ်အသချို့တမ်းမျှ အင်အား ရှိလင့် ကစား နှစ်တရာတမ်းမှာ လူဖြစ်လျှင် နှစ်တရာနေပြီး သေ ရမည်ဟုဆိုလိုသည်၊ ကာကွယ်မှု အစီအရင်ကား ရှေးက ဆိုပြ ခဲ့သော အတိုင်း အာယုကပ် တက်ခေတ် ကမ္ဘာကြီး ဖြစ်အောင် ထူထောင်ရပေလိမ့်မည်၊ မိမိတကိုယ်ချင်း အားဖြင့် ဉာဏ် ဝိရိယ ကူထားလျှင် အရှည် ထူထောင်နိုင်ပေသေးသည်၊ ဆေးစွမ်း ဓာတ် စွမ်းကောင်း အရာပေတည်း။

**ကမ္မက္ခယ သေမျိုး ပြုပြင်မှုအစီအရင်** အကျိုးပေး ကံကုန်၍သေခြင်း ဆိုသည်မှာ အာယုကပ်သည် နှစ်တရာ တမ်းပင် ဖြစ် သော်လည်း ရှေးကံပောင်း အင်အားသည် အနှစ်ငါးဆယ်သာ လျှင် ခွန်အားရှိသည်ဖြစ်အံ့= နှစ်ငါးဆယ် နေပြီး သေဆုံးရခြင်း

ကို ဆိုလိုပေသည်၊ မိမိ မိမိတို့၏ ရှေးကံဟောင်း အင်အားနည်းပါး၍ ကံကုန်မည်ကို ကြိုတင်သိလျှင် ဝဇ္ဇာပစာယန စသော ကုသိုလ်ကောင်းမှုကို ဆက်၍ အကာအကွယ် ယူအပ်ပေသည်၊ ဝဇ္ဇာပစာယန ကုသိုလ်ဆိုသည်မှာ= ဘုရား, တရား, သံဃာ, ဆရာ, မိဘနှင့် အသက်အားဖြင့်ကြီးသူ, သိက္ခာအားဖြင့် မြင့်သူ, ဂုဏ်အားဖြင့် မြတ်သူတို့ကို နေရာပေးခြင်း, အရိုအသေပြုခြင်း, ပူဇော်ခြင်း, ဝန်ချခြင်း, ဝေယျာဝစ္စ ဆောင်ခြင်း အမှုကြီးငယ် လုပ်ပေးခြင်း စသော အမှုတို့ပေတည်း၊ နာမကျန်း ဖြစ်စဉ်အခါ အနာကုစားသော ဆရာသမားနှင့် သူနာကြည့်သော လူကြီးမိဘ ဆွေမျိုးသားချင်း မိတ်ဆွေ သဟာယတို့သည် လူနာ၏ လက်ငင်း ဝဇ္ဇာပစာယန ပြုလုပ်ရမည့် အစီအရင်တို့ပေတည်း၊ ဤနေရာမျိုး၌ လူနာများ အလွန်လစ်ဟင်း ချို့ယွင်းကြလေသည် သတိကြီးစွာနှင့် ဝဇ္ဇာပစာယန အမှုပြုကြပါလျှင် နည်းပါးသော ကံသည် အားရှိလာသဖြင့် အရှည်တည်နိုင်ပေသည်၊ ပစ္စုပ္ပန် ကုသိုလ်ကံ စွမ်း ဆက်သော အရာပေတည်း။

**ဉဘယက္ခယ သေမျိုး ဖြုပြင်မှုအစီအရင်** အာယုကပ် အသက်တမ်းနှင့် ကံအင်အား ၂-ပါးကုန်၍ သေခြင်းဆိုသည်မှာ နတ်ပြည် ဗြဟ္မာပြည်စသော ကံဘုံတို့၌သာလျှင် ထင်ရှား၏၊ လူတို့ပြည်၌ကား ကံ, ဉာဏ် ဝီရိယ ၃-ပါးရောကူ၍ ထူထောင်ရသော ဘုံဖြစ်၍ ကံအင်အားကို မဖြတ်စွမ်းနိုင်ပေ၊ အာယုကပ် တရာတမ်း ဆိုလျှင် အသက်တရာ အပြည့်နေပြီး၍ ကံကုန်သည်ကိုပင် ဉဘယက္ခယဟူ၍ ဆိုရပေမည်၊ ကာကွယ်မှု အစီအရင်ကို မဆိုတော့ပြီ။

သေခြင်း ၄-မျိုး ဆောင်ပုဒ်

အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး။

ကံဆိုးဖြတ်ချွေ၊ သေမြဲပေ၊ လေးထွေမရဏာ။

# ဥပဒ္ဒေဒက သေခြင်းအကြောင်း

## ပြုပြင်ကာကွယ်မှု အစီအရင်နှင့်ပြခြင်း

ကပ်ဖြတ်၍သေခြင်းဟူသော ဥပဒ္ဒေဒက အမှုသည် ယခု ခေတ်အခါ၌ အများအပြား ဖြစ်ကြရသော အမှုမျိုးဖြစ်၍ အကျယ် ချဲ့ပြရန် လိုအပ်ပေသည်၊ ဥပဒ္ဒေဒက ကံဟူသည်မှာ အာယုကပ် အသက်တမ်းနှင့် ကံ ၂-ပါးပုံ မကုန်သေးပါဘဲလျက် အားကြီး သော ဥပပီဠကကံနှင့် ဥပဃာတက ကံတို့ကဝင်၍ ရှေးကံ၏ ဝိပါက် ကဋတ္တာရုပ် အစဉ်ကိုကပ်ဖြတ်သဖြင့် လတ်တလော သေခြင်းဟူသော ဥပဒ္ဒေဒက မရဏအမှုကို ဆိုပေသည်။

ထိုဥပဒ္ဒေဒက ကံသည်—

၁။ အများအပြားကံကို ကပ်ဖြတ်သော ဥပဒ္ဒေဒက။

၂။ မိမိဇနကကံကို ကပ်ဖြတ်သော ဥပဒ္ဒေဒက။

ဟူ၍ ၂-ခုခွဲ၍ ဝေဘန်အပ်ပေသည်။

**အများကံကို ကပ်ဖြတ်ခြင်း**

အများအပြားကံကို ကပ်ဖြတ်သော ဥပဒ္ဒေဒက ကံမျိုးမှာ တရပ်လုံး,တရွာလုံးအတွက်၊ တမြို့လုံး တနယ်လုံးအတွက်၊တတိုင်းလုံး,တပြည်လုံးအတွက်၊ တနိုင်ငံလုံး, တကမ္ဘာလုံးအတွက် ဥတုကြီးပုတ် မိုဃ်းကြီးရွာ၊လေကြီးတိုက် ရေကြီးလွှမ်း မီးကြီးလောင် မင်းဘေးကြီးသင့် စစ်ဘေးကြီးခံ ဥပါဒ်ကြီးကြုံ ကပ်ဘေးကြီးတိုက် ဝတ်ဘေးကြီး ဆိုက်ရာ၌ မိမိ၏ ရှေးကံဟောင်း အင်အားသည် အားရှိပါလျက် အများ အပြားသော မကောင်းမှုကံ အင်အားကို မခံနိုင်သဖြင့် လိုက်ပါရ သော ဥပဒ္ဒေဒက သေမျိုးလည်း ရှိပေသည်။

ဤကဲ့သို့ အများအပြားခံရသော ဥပဗ္ဗေဒကံမျိုးသည် ကံ အကျိုးမထင်မီ တင်ကြို၍ နိမိတ်ရှိတတ်ပေသည်၊ ဥပမာ ရေကြီး မလွှမ်းမီ မိုးသည်းထန်သကဲ့သို့၎င်း၊ အသီးအနှံ မပျက်မီ ဥတု ပျက်သကဲ့သို့၎င်း၊ စစ်ဘေးကြီးမကျမီ စစ်ငင်စကား ဆိုသကဲ့သို့ ၎င်း ရှိတတ်ပေသည်၊ ထိုအခါ ဉာဏ်ရှိသူတို့က အခါမလွန်မီ တင်ကူး သိသဖြင့်၎င်း၊ ဝီရိယ အခွင့်မလွတ်မီ ကြိုတင် ပြုလုပ် ရှောင်ရှား ကုစားကြလျှင် ချမ်းသာတတ်ပေသည်၊ ဒုဋ္ဌဂါမဏိ အသာ၊ ဘုရားလောင်းခြသေ့်မင်း၏ အမြော်အမြင် ဉာဏ် ဝီရိယ သည် ဥပဗ္ဗေဒက ကံကြီးဆိုက်၍ ပျက်စီးအံ့ဆဲဆဲ ဖြစ်နေသော ဟိမဝန္တာ တောသုံးတောင်ရှိ အသချေ အနန္တသော တော တိရစ္ဆာန်တို့၏ အသက်ကို ကယ်ဆယ်ထားနိုင်ပေသည်။

**ဉာဏ်, ဝီရိယ လိုအပ်ပုံ၏** ထို့အတူပင် ဉာဏ်, ဝီရိယ အားကောင်းသော ပါရမီရှင်ကြီးတို့သည် ကျရောက်အံ့ ဆဲဆဲ ဖြစ် နေသော ဥပဗ္ဗေဒက ကပ်ဘေးကြီးမှ လွတ်ကင်းအောင် တယောက်အား ကယ်နိုင်သည်လည်း ရှိ၏၊ တကျိပ်အား ကယ် နိုင်သည်လည်း ရှိ၏၊ ထိုထက် တရာအား တထောင်အား တ သောင်းအား တသိန်းအား တို့ကို ကယ်ဆယ် ထားနိုင်သည်လည်း ရှိ၏၊ ဤနေရာမျိုး၌ ကံသည် ပမာဏ မဟုတ်ပေ၊ ဉာဏ်,ဝီရိယ သည် သာလျှင် ပဓာနဖြစ်ပေသည်၊ ထိုကြောင့် ဉာဏ်, ဝီရိယ ကင်းဆိတ်သော အရပ်ဌာန၌ ကြာရှည်စွာ မနေအပ်ပေ၊ လူတော် လူကောင်း ပညာရှိ ကင်းမဲ့သော အရပ်သည် အများအပြားနှင့် ဆိုင်သော ဥပဗ္ဗေဒက မရဏကြီးများ ဆိုက်ရောက်တတ်ပေ သည်။

ဥပဗ္ဗေဒကကံသည် ဉာဏ်, ဝီရိယ အားကောင်းလျှင် အများ ကင်းလွတ် တတ်ပေသည်၊ တယောက်သော ဉာဏ် ဝီရိယထက် ၂-ယောက်၊ ၃-ယောက်၊ ၄-ယောက်၊ ၅-ယောက်သော ဉာဏ်

ဝိရိယသည် ကောင်း၏၊ ထိုထက် တကျိပ်, တရာ, တထောင်, တသောင်းတို့၏ ဉာဏ် ဝိရိယသည် ပို၍ အားကောင်း၏၊ လုံ လောက် အားကောင်းသော ဉာဏ် ဝိရိယ အမှုသည် ကပ်ဖြတ် တတ်သော ဥပစ္ဆေဒက ကံတို့ကို များစွာ တားမြစ် နိုင်၏၊ စကြာရတနာ ရောက်စေနိုင်၏၊ တက်ကပ်ကြီးပင် ထူထောင်နိုင် ၏၊ ဤကား=အများအပြားသော ဥပစ္ဆေဒက အရောကို ဆိုပြခြင်း တည်း။

**မိမိ ကံကို ကပ်ဖြတ်ခြင်း** မိမိ၏ ဇနကကံကို ကပ်ဖြတ်သော ဥပစ္ဆေဒက ကံသည် အလွန်ထက် အလွန် အားကြီးသော ကံ ဖြစ်ပါမူကား=ရှောင်တိမ်း၍ လွတ်နိုင်သော အခွင့်မရှိ၊ ဘုရား သော်မှ မကယ်နိုင်ချေ၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်နှင့် တတိယ ပါရာဇိက နိဒါန်း၌ လာသော ရဟန်းငါးရာတို့ကို ထောက်မျှော်သဖြင့် သိနိုင်ပေသည်၊ မိမိ၏ ဇနကကံထက် အား ကြီးရုံ သင့်ရုံဖြစ်သော ကံဖြစ်ပါမူကား=ဒီဃာဝု သတို့သားကဲ့သို့ ပယောဂ သမ္ဘတ္တိ အားကောင်းကောင်းနှင့် ပြုပြင်စီရင်ထားလျှင် လွတ်ကင်း နိုင်သော အခွင့်ရှိပေ၏၊ (ပယောဂသမ္ဘတ္တိ စက်ဆင်၍ ပြုပြင်မှု အစီအရင် အခဏ်းကိုကြည့်ပါ။) ဇနက ကံစသော ကံ ကိစ္စ ၄-ပါး ဖြစ်ပုံကို သိသာ ရှင်းလင်းရန် ဆက်၍ပြဆိုဦးအံ့။

ကိစ္စအပြား ကံ ၄—ပါး ဆောင်ပုဒ်

**၁။ ပဋိသန္ဓိ၊ ပဝတ္တိ၊ ဝိပါက်ကာရဏ္ဍာ။**

**၂။ ဖြစ်ပွါးစေမှု၊ ကျေးဇူးပြု၊ ကာ,ကာ,ဇနကာ။**

**၃။ နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဗိစီးပြု၊ ဥပပီဠကာ။**

**၄။ ဖြတ်ဆုံးစေမှု၊ အဘင်းပြု၊ ဥပဃာတကာ။**

# ကံကိစ္စ ဖြစ်ပေါ်ပုံ အကြောင်း

## ဖြစ်ကံ, ပျက်ကံ, ၂-ရပ်ခွဲပြခြင်း

အာယုက္ခယ စသော သေခြင်း ၄-ပါးတွင် ကပ်ဖြတ်၍ သေခြင်းဟူသော ဥပစ္ဆေဒက ကံအရာသည် အလွန် ကျယ်ဝန်းပေသည်၊ အာယုတမ်း ဆုတ်ကပ် ကာလတွင်ရင်း၊ ဝိပ္ပတ္တိ ခေတ်အခါတွင်ရင်း သေကြေ ပျက်ပြုန်းသူ အားလုံးတို့သည် ဥပစ္ဆေဒက ကံမျိုး ချည်းသာဟူ၍ ဆိုနိုင် လောက်အောင် အရာကျယ်ပေသည်၊အဘယ့်ကြောင့် ဆိုသော် ရှေးရှေး ဘဝဟောင်း အနန္တက မြှို၍ပါလာသောအကုသိုလ် ဥပပီဠက ကံနှင့် အကုသိုလ်ဥပဃာတက ကံတို့သည် ဤကဲ့သို့ အခါမျိုး၌ အကျိုးပေးလှည့် ကြုံသောကြောင့်တည်း၊ ထိုမှတပါး ထိုအကုသိုလ် ကံများဝင်၍ မဖစီး မသတ်ဖြတ် နိုင်အောင် ပြုပြင်ကာကွယ် နိုင်သောအစီအရင်လည်း များစွာ ရှိပေသည်၊ အဘယ့်ကြောင့် ဆိုသော် ရှေးရှေး ဘဝဟောင်း အနန္တက ထုံ၍ ပါလာသော ပါရမီ ဉာဏ်နှင့် ကံဉာဏ် ဝိရိယ သုံးပါး ရောထုံ၍ အကုသိုလ် ဥပပီဠက ကံနှင့် အကုသိုလ် ဥပဃာတက ကံတို့ကို တားမြစ် စီရင် နိုင်သောကြောင့်တည်း၊ ထို့ကြောင့် ဤနေရာ၌ ကံတို့၏ ကိစ္စအစွမ်း ၄-ပါး ဖြစ်ပုံကစ၍ ဆိုအံ့။

### ကံတို့၏ ကိစ္စအစွမ်း ၄-ပါးကား

**ဇနက ကံစွမ်း** ယခု ပျက်မှောက် ဖြစ်သော ဘုံဘဝတွင် ပဋိသန္ဓေ အကျိုးကို ဖြစ်စေတတ်သော ကံကို ဇနကကံ ကိစ္စဟူ၍ ခေါ်သည်၊(ဖြစ်စေသမှု ပြုသောကံ) ဟူ၍ မှတ်ပါ။

**ဥပထမ္ဘက ကံစွမ်း** ဖြစ်စေမှုကို ပြုလုပ်တတ်သော ဇနကကံ၏ ကိစ္စကိုပင် အဘော်သဟဲ အထောက်အပံ့ အဖြစ်ဖြင့် ကူညီသမ်းပိုး ထောက်ပံ့ သားတတ်သော ကံကို ဥပထမ္ဘက ကံကိစ္စဟူ၍ ခေါ်သည်၊(ထောက်ပံ့သမှု ပြုသောကံ)ဟူ၍ မှတ်ပါ။

**ဥပပီဠိက ကံစွမ်း** ထောက်ပံ့သမှု ပြုသော ကံနှင့် ဖြစ်စေသမှု ပြုသောကံ ၂-ပါး၏ အကျိုးဆက်ကို ကပ်၍ နှိပ်စက် ဖိစီး ညှဉ်းပန်းတတ်သော ကံကို ဥပပီဠိက ကံကိစ္စဟူ၍ ခေါ်သည်၊ (ထောက်ပံ့ဖြစ်စေမှုကို ဖိစီးထားသောကံ)ဟူ၍ မှတ်ပါ။

**ဥပဃာတက ကံစွမ်း** ထောက်ပံ့သမှု ပြုလုပ်တတ်သော ဥပထမ္ဘက ကံနှင့် ဖြစ်စေသမှု ပြုလုပ်ထားသော ဇနကကံတို့၏ အကျိုးဆက် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ကပ်၍ ပျက်စီးကင်းပြတ်အောင် သတ်ဖြတ် တတ်သော ကံကို ဥပဃာတက ကံကိစ္စဟူ၍ ခေါ်သည်၊ (ထောက်ပံ့ ဖြစ်စေမှုကို ကင်းပြတ်အောင် သတ်ဖြတ်သောကံ) ဟူ၍ မှတ်ပါ။

**ဖြစ်ကံနှင့် ဖျက်ကံ** ထိုကံတို့၏ ကိစ္စအစွမ်း ဖြစ်ပုံ ၄-ပါးတွင် ဇနကကံနှင့် ဥပထမ္ဘက ကံသည် ထောက်ပံ့ဖြစ်စေသမှု ကိစ္စကို ပြု၏၊ ဥပပီဠိက ကံနှင့် ဥပဃာတက ကံသည် ဖိစီး ကင်းပြတ်စေမှု ကိစ္စကို ပြု၏၊ ကုသိုလ်ကံ အားလျော်စွာ ထောက်ပံ့ ဖြစ်စေသမှု ပြုထားသော ကံကိစ္စ အစွမ်းများသည် အကုသိုလ် အမှုလိုက်စား ပြုကျင့်လျှင်=ကောင်းမှုအကျိုးပေး ကင်းပြတ်အောင် လုပ်တတ်သော ကံကိစ္စ အစွမ်းသည် ပြုလာ၏၊ အကုသိုလ် ကံအားလျော်စွာ ထောက်ပံ့ဖြစ်စေသမှု ပြုထားသော ကံကိစ္စ အစွမ်းသည်လည်း ကုသိုလ်အမှုကို လိုက်စား ပြုကျင့်လျှင်=မကောင်းမှု အကျိုးပေးကင်းပြတ်အောင် လုပ်တတ်သော ကံကိစ္စ အစွမ်းသည် ပေါ်လာ၏၊ ထိုကံတို့၏ အစွမ်းမြဲပုံ ကိစ္စကို မှတ်ရန်မှာ=ဖြစ်အောင် သူသောင်းတတ်သော ကံဂုဏ်လျှင် နောက်ကွယ်မှ လိုက်၍ ပျက်အောင် ဖိစီးတတ်သော ကံဂုဏ်သည်ဟူ၍ မှတ်အပ်ပေသည်။

**ခွေးဖြူဥပမာ ပြခြင်း** သတ္တဝါတဦးသည် အကုသိုလ် ဇနကကံအကျိုးထင်၍ ခွေးတိရစ္ဆာန် ဘုံဘဝ၌ ဖြစ်လာ၏၊ ထိုခွေးသည် ခွေးဖြူကလေး ဖြစ်၍ (ခွေးဖြူ တောမတိုး) ဆိုသည့် စကားအတိုင်း အစာခိုးရှာ တောသို့ မတိုးပဲ သဖြင့် အမဲလိုက် ခွေးအရာ

မဝင်ဘဲ ဖြစ်နေ၏၊ ဤကား-အကုသိုလ် ဥပထမ္ဘက ကံစွမ်း ပြပုံတည်း၊ ထိုခွေးရာမဝင်သော ခွေးဖြူကလေးကိုပင် ခွေးဖြူမျိုးကို အမွန်အမြတ် ပြုတတ်သော လူမျိုးတဦးက တွေ့မြင်၍ ကောင်းမွန်စွာ ဆောင်ယူပြီး လုပ်ကျွေး မွေးမြူထား၏၊ ဤကား-အကုသိုလ် ဇနက ကံနှင့် ဥပထမ္ဘကကံကို ဖြတ်၍ ဥပပိဠက ကံနှင့် ဥပဃာတက ကံတို့က ကုသိုလ်ကိစ္စ အစွမ်းပြခြင်းပေတည်း။


**လူမိန်းမ ဥပမာပြခြင်း** သတ္တဝါတဦးသည် ကုသိုလ်ဇနကကံ အကျိုးထင်၍ လူ့ဘုံဘဝ၌လူမိန်းမဖြစ်လာ၏၊ထိုလူမိန်းမသည် အမျိုးမြတ်သော ယောကျ်ား၏ ဇနီးသည် ဖြစ်လာ၏၊ ဤကား-ကုသိုလ် ဥပထမ္ဘက ကံစွမ်းပြပုံတည်း၊ အမျိုးမြတ်သော ယောကျ်ားတို့၏ အလေ့အကျင့်အားဖြင့်(မိန်းမဟူသည် ခွေးထီးလောက်မှ မမြတ်) ဟူ၍ အယူအစွဲနှင့် ရှုတ်ချထားခြင်း ခံရ၏၊ ဤကား-ကုသိုလ်ဇနကကံနှင့် ဥပထမ္ဘက ကံကိုဖြတ်၍အကုသိုလ် ဥပပိဠကကံနှင့်ဥပဃာတကကံတို့ကကိစ္စအစွမ်းပြခြင်းပေတည်း။

**အသိမမှန် ကံမမြဲ** အာယုကပ် ဆုတ်တမ်းနှင့် ဝိပ္ပတ္တိ ခေတ်အခါ၌ သတ်မှတ် ခေါ်ဝေါ် ပြောဆိုသော အသိသည် ဉာဏ်မှန် မဟုတ်ကြချေ၊ အသိဉာဏ် မမှန်လျှင် အကျိုးပေးကံ ကိစ္စသည်လည်း မမြဲတတ်ပေ၊ ယနေ့တွင် တိုသော အဝတ်အင်္ကျီ အဆင်တန်ဆာ ကောင်းသော်လည်း မနက်ဖြန်တွင် ရှည်သော အဝတ်အင်္ကျီ အဆင်တန်ဆာက ပို၍ အကောင်းလုပ် လာတတ်ပေသည်။ ယနေ့တွင် ပုတ်သစ်စ ခရုသင်း အဆင်းကဲ့သို့ ဖြူစင်သော အသားဖြူမျိုးက မြတ်၏၊ နောက်တနေ့တွင် မြစိမ်းရောင် အသွေးရှိသော လူမျိုးက မြတ်သည် ထင်၏၊ သဘက်ခါတွင် ရွှေဝါရောင် အဆင်းရှိသော အသားဝါ မျိုးက မြတ်သည်ဟူ၍ ထင်လာတတ်၏၊ ထိုသို့ လူတို့၏ အသိအမှတ် သညာနောက်သို့ လိုက်၍ ဝိပလ္လာသ ဖြစ်နေသော ဥပထမ္ဘက ကံ, ဥပပိဠက ကံ, ဥပဃာတက ကံတို့

၏ ကိစ္စအစွမ်းသည်လည်း အဘယ်မှာ မြဲပါမည်နည်း၊ ကံရိပ်၊ ကံရောင်၊ ဉာဏ်ရိပ်၊ ဉာဏ်ရောင်မျှသာ ဖြစ်သောကြောင့်၊ ထိုကံမျိုးတို့ကို ဉာဏ်မြင် အမှန်နှင့် ပြုပြင် စီရင်ခြင်း၌ တတ်ကောင်းသည် မဟုတ်ပါလော၊ ထို့ကြောင့် သမ္ဗုတ္တိနှင့် ဝိပတ္တိစက်ကို မိမိတို့ ဉာဏ်လှမ်းမှီသော နေရာက မျှော်ကြည့်သင့်ပေသည်၊ ခေတ်ကာလ ကမ္ဘာကြီးနှင့် တွက်၍ ဝေးကွာသည်ထက် ဝေးကွာအောင် ဝိပတ္တိကာလကြီးဟဲဆိုပြီး ပေါ့ပေါ့လျော့လျော့ မလုပ်သင့်ပေ။

ကောင်းကျိုးပေးသော

**သမ္ဗုတ္တိစက် ၄-ပါး**



မကောင်းကျိုးပေးသော

**ဝိပတ္တိစက် ၄-ပါး**

# ပယောဂ သမ္မတ္တဲ့စက်ဆင်၍ ပြုပြင်မှု

## အစီအရင်ကိုပြခြင်း

ပယောဂသမ္မတ္တ ဆိုသောစကားသည် အကျိုးစီးပွါးနှင့် ယှဉ်၍ လိမ္မာစွာ ကျင့်သုံးဆောက်တည် တတ်သော လုံ့လပယောဂနှင့် ပြည့်စုံခြင်းဟူ၍ ဆိုလိုပေသည်၊ ထိုပယောဂ သမ္မတ္တိ ပြည့်စုံအောင် လုပ်ရသော လူ့လောက အမှုသည် အလွန်လျှင် များပြားလှ၏၊ ကောင်းမှု ကုသိုလ်အရာပင် ဖြစ်စေ, မကောင်းမှု အကုသိုလ် အရာပင် ဖြစ်စေ, ထိုထိုအမှုတို့၌ အမှုအားလျော်စွာ အကျိုးစီးပွါး ဖြစ်ထွန်းလေအောင် ကြံဆောင်အားထုတ် လုပ်ဆောင်နိုင်သော သတ္တိ ဗျတ္တိ အရည်အချင်းသည်ပင် ပယောဂ သမ္မတ္တိ မည်၏။

ထိုကြောင့် ပယောဂသမ္ပတ္တိဟူရာ၌–

၁။ ကောင်းမှု၌ အကျိုးပြီးစီး ပြည့်စုံအောင် လုပ်ခြင်း။

၂။ မကောင်းမှု၌ အကျိုးပြီးစီး ပြည့်စုံအောင် လုပ်ခြင်း။

ဟူ၍ ၂-မျိုး ၂-စား ခွဲမှတ်အပ်ပေသည်။

ထိုတွင် ကောင်းမှုကုသိုလ် ကိစ္စ၌ အကျိုးပြီးစီး ပြည့်စုံအောင် ကြံဆောင် ပြုလုပ်ခြင်း ပယောဂ သမ္မတ္တိကို သာလျှင် ဤဆေးကျမ်း၌ လိုအပ်၏၊ မကောင်းမှု အကုသိုလ် ကိစ္စနှင့်ယှဉ်၍ အကျိုးပြီးစီး ပြည့်စုံအောင် ကြံဆောင်ပြုလုပ်ခြင်း, ဘိုက်ခြင်း, ခိုက်ခြင်း, သတ်ခြင်း, ဖြတ်ခြင်း, သူတပါးအကျိုး စီးပွါး ပျက်ပြုန်းစေပြီးမှ မိမိချမ်းသာခြင်း စသော လုံ့လပယောဂ အတတ်ပညာ ဟူသမျှသည် ဤကျမ်း၌ မလိုလားအပ်ချေ၊ ထို့ကြောင့် သမ္မတ္တိ စက်လေးပါးနှင့် ဝိပ္ပတ္တိစက်လေးပါးနှင့်ယှဉ်၍ဖော်ပြအံ့။

## သမ္ပဇဉ်တရား ၄-ပါးကား

၁။ လှုပ်ရှားနတ်ထံ သွားရန် မြဲခြင်း= ဂတိသမ္ပဇဉ်။
၂။ အဏ္ဏဘော၏ ပြည့်စုံခြင်း= ဥပဓိသမ္ပဇဉ်။
၃။ ကပ် ၃-ပါးမှ လွတ်သောကာလ= ကာလသမ္ပဇဉ်။
၄။ အကျိုးစီးပွါး၌ လိမ္မာစွာပြုခြင်း= ပယောဂသမ္ပဇဉ်။

ဤသမ္ပဇဉ် ၄-ပါးသည် ကုသိုလ်ကံဟောင်းကို လွန်စွာ ထောက်ပံ့နိုင်၏၊ အကုသိုလ်ကံဟောင်းများ မဝင်လာနိုင်အောင် ဝေးစွာ ကာဆီးနိုင်၏၊ လူတို့၏ အတွင်းအပြင် ခေတ်မီး ခေတ်ဆီ လွန်စွာ အားရှိ ထက်သန်စေနိုင်၏၊ ဤသမ္ပဇဉ်တရား ၄-ပါးနှင့် ပြည့်စုံသော သူသည် သမ္ပဇဉ်ခေတ်ကြီးအတွင်း ရောက်နေသော သူမည်၏။

## ဝိပ္ပဇဉ်တရား ၄-ပါးကား

၁။ အပါယ်လေးဘုံ သွားရန်မြဲခြင်း= ဂတိဝိပ္ပဇဉ်။
၂။ အဏ္ဏဘော၏ မပြည့်စုံခြင်း= ဥပဓိဝိပ္ပဇဉ်။
၃။ ကပ် ၃-ပါးမှ မကင်းသောကာလ= ကာလဝိပ္ပဇဉ်။
၄။ အကျိုးစီးပွါး၌ မိုက်မဲစွာပြုခြင်း= ပယောဂဝိပ္ပဇဉ်။

ဤဝိပ္ပဇဉ် ၄-ပါးသည် အကုသိုလ်ကံဟောင်းကို လွန်စွာ ချီးမြှင့် ထောက်ပံ့နိုင်၏၊ ကုသိုလ်ကံဟောင်းများ မဝင်လာနိုင်အောင် ဝေးစွာ ကာဆီးနိုင်၏၊ လူတို့၏အတွင်းအပြင် ခေတ်မီး ခေတ်ဆီ လွန်စွာ အားနည်းခန်းခြောက်စေ၏၊ ဤဝိပ္ပဇဉ် တရား ၄-ပါးနှင့် ပြည့်စုံသောသူသည်ဝိပ္ပဇဉ်ခေတ်ကြီးအတွင်းရောက်နေသူမည်၏။

အထက်ပါ သမ္ပဇဉ် ၄-ပါးနှင့်ဝိပ္ပဇဉ် ၄-ပါးတွဲ၍ ကုသိုလ်ကံ, အကုသိုလ်ကံ, ၂-ပါးကို ကံအပြား ၁၆-ပါးဖြစ်အောင် အဘိဓမ္မာ ဒေသနာ ဝိဘင်းပါဠိတော်၌ အကျယ်ဟောကြားထားလေသည်၊ လိုရင်း အဓိပ္ပါယ်ကိုသာလျှင် ချုံး၍ပြအံ့။

၁။ ရှေးရှေး ဘဝကာလ၌ ပြုကျင့်ခဲ့သော ''သတ်, ခိုး, လွန်ကြူး, မှောက်မှားစသော အကုသိုလ်ကံသည် ကိုယ်တွင်ထင်ရှားရှိနေပါသော်လည်း သမ္ဗန္ဓ ၄-ပါးတွင် တပါးပါး လက္ခဏာတွေ့ကြုံ ဖြစ်နေလိုက် အကုသိုလ် အကျိုးပေးခွင့်မရ၊ သမ္ဗန္ဓ လက်လွတ်၍ ဝိပတ္တိစက် ၄-ပါး တပါးပါး လက်ရှိကြုံလာမှ အကျိုးပေးနိုင်လေသည်။

၂။ ရှေးရှေးသော ဘဝကာလက ပြုကျင့်ခဲ့သော ဒါန, သီလ, စသော ကုသိုလ်ကံသည် ကိုယ်တွင် ထင်ရှားရှိနေ ပါသော်လည်း ဝိပတ္တိ ၄-ပါးတွင် တပါးပါး ယခုလက္ခဏာ တွေ့ကြုံ ဖြစ်နေလိုက် ကုသိုလ် အကျိုးပေးခွင့်မရ၊ ဝိပတ္တိစက်လွတ်၍ သမ္ဗန္ဓစက် ၄-ပါး တပါးပါး လက်ရှိကြုံလာမှ အကျိုးပေးနိုင်လေသည်။

အထက်ပါအဓိပ္ပါယ်ကိုဆင်ခြင်၍ အထူးသိမှတ်သင့်သည်မှာ-

၁။ အကျိုးပေးဆဲ ဖြစ်သော အကုသိုလ် ကံဟောင်းကို အားကြီးသော ကုသိုလ် ပယောဂ သမ္ဗန္ဓနှင့် လုပ်ကြံလျှင် လွတ်ငြိမ်း နိုင်ခွင့်ရှိ၏။

၂။ အကျိုးပေးဆဲဖြစ်သော ကုသိုလ်ကံဟောင်းသည် အားကြီးသော အကုသိုလ် ပယောဂ ဝိပတ္တိကို ပြုလုပ်လိုက်စားမိလျှင်လည်း ဆုတ်ယုတ် ကွယ်ပျောက်တတ်၏။

၃။ သမ္ဗန္ဓနှင့် ဝိပတ္တိ ၂-ပါး ရောယှက်၍ (စက်ဝိုင်းပုံအတိုင်း)မပြတ်မဲ့ တဝဲဝဲ လယ်လယ် ဖြစ်နေသူတို့မှာ ပဉ္စသင်္ဂြိုဟ်အကျိုး, ပဝတ္တိအကျိုးကို ဆောင်သော ကံဟောင်းတို့၏ အားရှိ, အားမဲ့နှင့် ယခုလက္ခဏာ တွေ့ကြုံနေဆဲ သမ္ဗန္ဓ, ဝိပတ္တိစက် ၂-ပါးတို့၏ အားရှိ, အားမဲ့ကို ချင့်ချိန် တိုင်းထွာ၍ ပယောဂ သမ္ဗန္ဓခေတ်ကို ထူထောင်အပ်၏။

# အနာရောဂါကျရောက်ခြင်း ပြဆိုရာအပိုင်း

## ဒေသနာနယ မူကား အဘယ်နည်း။

**တောင်သာ နယမှု** တိုင်းရင်း မြန်မာ ဆေးပညာခေတ်၌ ဒေသနာ နယဆေးပညာမှုဟူ၍ မှတ်ယူပြောဆိုနေကြသော (၁) ကက္ခဋ္ဌ (၂) ဝိတ္ထမ္ဘိတ၊ (၃) ပရိဿဝ၊ (၄) သင်္ဂဟိတ. (၅) ဗြူဟန (၆) ပဂ္ဃရဏ ဟူသော ခြောက်လုံးကောက် အနာစွဲ အတတ်သည် ဒေသနာ နယအစစ် မဟုတ်ပေ၊ အဘိဓမ္မာ အကောက်ဆိုရာ၌ အမရပူရ တောင်မြို့မှ ဆရာကြီးများ ချုပ်သော ညဝါစံနစ်သည် အလွန်ပေါက်ရောက် လွယ်သဖြင့် တောင်မြို့ ညဝါဟူ၍ တွင်သကဲ့သို့=ထို့အတူ အဘိဓမ္မာ ဆေးပညာအရ ကောက်ရာ၌ တောင်သာမြို့မှ ဆရာမှုန် ပြုချသင်ပြသော နည်းစံနစ်သည်လည်း ပေါက်ရောက် လွယ်သောကြောင့် တောင်သာ အဘိဓမ္မာဟူ၍ ခေါ်ဆိုခဲ့ကြလေသည်၊ အမှန်ဆိုရသော် ထို ခြောက်လုံးကောက် ဆေးအတတ်သည် တောင်သာ ဆရာမှုန် ဟောသော အဘိဓမ္မာ ဆေးပညာ အရကောက် နည်းစံနစ် ဖြစ်သည်၊ ဒေသနာနယအစစ်မဟုတ်ပေ။

**ပရမတ္ထ သဘာဝ** ထိုခြောက်လုံးကောက် နည်းစံနစ်ကို နောက်ဆရာများ လက်ထက်တွင် ရှင်းလင်းစေရန် ဒုတိယ ဝိတ္ထမ္ဘိတနှင့် ဒုတိယ ဗြူဟနဟူ၍ ချပ် ၂-ချပ်တိုးပြီး ရှစ်လုံးပတ်ဆေး အတတ်ဟူ၍ ဆေးပရမတ် ပြုကြလေသည်၊ ထိုရှစ်လုံးပတ်ဆေး အတတ်မှုကိုပင် ပို၍ လွယ်ကူစေရန် ဆရာတော် ဦးဣန္ဒိယက အဓိပ္ပါယ်နက်သော ပါဠိအက္ခရာသုံးကို ချေဖျောက်၍ အပူပိုင်း ၄-ချပ်ကို က ၁၊ က ၂၊ က ၃ က ၄ ဟူ၍၎င်း အအေးပိုင်း ၄-ချပ်ကို ခ ၁ ခ ၂ ခ ၃၊ ခ ၄ ဟူ၍၎င်း အလွယ်တွင်ပြီးသဘာဝ ဓမ္မ ဆေးပညာမှု ဟူ၍ ဆေးအဘိဓမ္မာ ပြုပြန်လေသည်။

**ဒေသနာနယ မူရင်းကား** ဘုရားရှင်၏ သာသနာတော် အလိုကျ ဒေသနာတော် ကျမ်းများ၌ လာသော ဒေသနာနယ အနာစွဲ ၈-ပါးမှာ သံယုတ်ပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်များ၌ ဝေဒနာဖြစ်ခြင်း အကြောင်း ၈-ပါးဟူ၍၎င်း၊ အချို့သာသနာဝင်ကျမ်းများ၌ အနာရောဂါ ဖြစ်ခြင်းအကြောင်း ၈-ပါးဟူ၍၎င်း၊ မိလိန္ဒ မင်းကြီးမေး၍ ရှင်နာဂသိန် ရဟန္တာ ဖြေကြားသော မိလိန္ဒပဉှာ ပါဠိတော်၌ သေခြင်းအကြောင်း ၈-ပါးဟူ၍၎င်း၊ အသီးသီး လာရှိပေသည်၊ ထိုဒေသနာ နယ အနာစွဲ ၈-ပါးကို ကောင်းစွာ သိအပ်ပေသည်၊ မသိလျှင်''လျော့မိစ္ဆာ သာ ဒိဋ္ဌိ''ဟူ၍ ကေန် အစွပ်အစွဲ ခံရပေလိမ့်မည်။

## ဒေသနာတော်အလာ အနာစွဲ ၈-ပါးကား

၁။ ဝါတသမုဋ္ဌာနံ= လေခတ်ပျက်၍ နာခြင်း။

၂။ ပိတ္တသမုဋ္ဌာနံ= သည်းခြေပျက်၍ နာခြင်း။

၃။ သေမှသမုဋ္ဌာနံ= သလိပ်ပျက်၍ နာခြင်း။

၄။ သန္နိပါတိကံ= ၎င်းသန္နိပါတ် ယှဉ်၍ နာခြင်း။

၅။ ဥတုပရိဏာမဇံ= ဥတုဖေါက်၍ နာခြင်း။

၆။ ဝိသမပရိဟာရဇံ= အခွင့်မသင့်ပြု၍ နာခြင်း။

၇။ ဩပက္ကမိကံ= နာအောင်လုံ့လစိုက်၍ နာခြင်း။

၈။ ကမ္မဝိပါကဇံ= ကံဟောင်း နှိပ်စက်၍ နာခြင်း။

ဟူ၍ ဝေဒနာ ခံစားရခြင်း, အနာရောဂါရခြင်း, သေကြေပျက်စီးခြင်း အကြောင်း ၈-ပါးရှိလေသည်၊ ထိုအနာစွဲ ၈-ပါးနှင့် စပ်၍ ဘုရားရှင် ဟောတော်မူသော သံယုတ်ပါဠိတော် အလာ ဒေသနာ အစဉ်ကား= ဤလောက၌ ဝေဒနာကို သည် ဤရှစ်ပါး သော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏၊ ထိုသို့ဖြစ်သည်ကို ငါ ဘုရားလည်း ကိုယ်တိုင် ခံစားရဘူးလေပြီ၊ လောက၌ ပညာရှိ အပေါင်းကလည်း အမှန်သမုတ်ကြပေ၏၊ ထိုသို့ဖြစ်ပါလျက် အချို့

သော သူတို့သည် ဝေဒနာဟူသမျှ ရှေးကံကြောင့်သာ ဖြစ်သည် ဟူ၍ ယူကြကုန်၏၊ ထိုသူတို့သည် ငါဘုရား၏ ဉာဏ်ကိုလည်း ကျူးလွန်ကြကုန်၏၊ အခွန်ဟူ၍ သမုတ်အပ်သော လောက သမုတိကိုလည်း ကျူးလွန်ကြကုန်၏၊ ထို့ကြောင့် ထိုသူတို့၏ အယူ ဝါဒကို (တံမိစ္ဆာဝဒါမိ) အမှားယူ၍ ငါဘုရား ဟောပေသည်၊ ဤကား= ဘာသာပြန် အဓိပ္ပါယ်တည်း။

**ရှင်းလင်းဘွယ် အထူးကား** ထိုဒေသနာကို ဘုရားဟောရသည်မှာ= ဝေဒနာ ခံစားရသော အကြောင်း ဟူသမျှ ရှေးကံ ဟောင်း၏ အကြောင်းဆက်တည်းဟု တသန်တည်း ယူကြသော ပုဂ္ဂိုလ်တို့ကို ချေချွတ်လိုသောကြောင့် ဖြစ်ပေသည်၊ အချို့မှာ နတ်ဖြာဗြဟ္မာထာဝရအကြောင်းဆက်၍ ဝေဒနာရသည်ဟု ယူသော သူတို့လည်း ရှိပေသည်၊ အချို့မှာ ထိုဝေဒနာသည် အကြောင်း ကင်းမဲ့စွာ ကလေကဝ အလေ့ပေါက်ဖြစ်သည်ဟူ၍လည်း ယူကြ ပေသေးသည်၊ ထိုအယူ အစွဲများကို တိကနိပါတ် အင်္ဂုတ္တိုရ် ပါဠိ တော်အလာ ဘုရားဟော ဒေသနာကို ဆက်၍ပြဦးအံ့။

**တိကနိပါတ် အင်္ဂုတ္တိုရ်၌** (၁) ဤလောက၌ ဖြစ်သမျှသော ဆင်းရဲ ချမ်းသာ အနာရခြင်း သာယာခြင်း အပေါင်းတို့သည် ရှေးကံ ဟောင်းကြောင့် သာဖြစ်နိုင်သည် ကံမှတပါး အကြောင်းမရှိဟူ သော အယူသည် သဗ္ဗံပုဗ္ဗေကတ ဟေတုဒိဋ္ဌိမည်၏၊ (၂) ဤလော က၌ ဖြစ်သမျှသော ဆင်းရဲ ချမ်းသာ အနာရခြင်း သာယာခြင်း အပေါင်းတို့သည် နတ်ဖြာဗြဟ္မာ ထာဝရ ဘန်ဆင်းမှုဖြစ်သည် ဟူ သော အယူသည် ဣဿရ နိမ္မာန ဟေတုဒိဋ္ဌိမည်၏၊ (၃) ဤလော က၌ ဖြစ်သမျှသော ဆင်းရဲ ချမ်းသာ အနာရခြင်း သာယာခြင်း အပေါင်းတို့သည် အကြောင်းမရှိ ဖြစ်ချင်တတ်တိုင်း ဖြစ်လာ သော အလေ့ပေါက်တို့သာ ဖြစ်သည် ဟူ၍ ယူသော အယူသည် အဟေတုက အပစ္စယ ဒိဋ္ဌိမည်၏ ဤကား=ဘုရားဟော ဒေသနာ အဓိပ္ပါယ်ပေတည်း။

**ကံ,စိတ်,ဥတု,အာဟာရ အကြောင်းရင်းသာ** လောက၌ ဖြစ်သမျှသော အကြောင်းတို့သည် ရှေး ကံဟောင်း၏ အကြောင်းချည်း မဟုတ်ချေ၊ နတ်ဖြဟ္မာ ထာဝရတို့၏ အကြောင်းချည်းလည်း မဟုတ်ချေ၊အကြောင်းကင်းစွာ ဖြစ်ချင်တိုင်း ဖြစ်နေသည်လည်း မဟုတ်ပေ၊ ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတရား လေးပါးပြုပြင် စီရင်သဖြင့် ဆင်းရဲချမ်းသာ အနာရခြင်း သာယာခြင်းစသည်တို့ဖြစ်နေကြပေရာ ပြုပြင်စီရင်ရမည့် အရေးမှာလည်း ပစ္စုပ္ပန် အမှုသစ်ဖြစ်သော ကံ,ဉာဏ်,ဝီရိယတို့၏ အရာသာလျှင် ဖြစ်ပေသည်။

**အဘိဓမ္မာဆေးသမားများ နှလုံးသွင်းရန်** မြန်မာနိုင်ငံ တိုင်းရင်းအဘိဓမ္မာ ဆေးသမားများသည် ဘုရားဟော ဒေသနာတော်အလာ သာသနာဝင် ကျမ်းဂန်ကြီးများ၌ အဆိုအမိန့်ချင်း တူကြသော အဆက်ပါအနာစွဲ ဂ-ပါးကို အသိမလုပ်ကြပေ၊ ၎င်းတို့သည် ဥတုသမုဋ္ဌာန် အကြောင်းစွဲနှင့် ခေတ်ကြီး ၅-ပါး လက္ခဏာကို ခွဲ၍ ဆေးဉာဏ် ယူကြသောကြောင့် ကံစွဲ,ပယောဂစွဲ, ခေတ်ငယ် အကျိုးစွဲတို့ကို သိမှတ်စရာ မလိုဟူ၍ ဖြစ်ပယ်ကြလေသည်၊ကံသည် ကံတရားအားဖြင့်ရှိ၍ ဗျာနိသည် ဗျာနိတရားအားဖြင့်ရှိပေသည်၊ ဥတုသည် ဥတုလမ်း၌ရှိ၍ ပယောဂသည် သမ္မတ္တိစက်နှင့် ဝိပ္ပတ္တိစက်လှည့်ရာ၌ သိမြင်ကောင်းပေသည်၊ လောက၌ သိစဉ်,ပြောစဉ်,လုပ်စဉ်ဟူ၍ သူ့နေရာနှင့်သူ ခွဲခြားဆိုအပ်၏၊ ယခုခေတ် အင်္ဂလိပ်စကား အသုံးအားဖြင့် (သီအိုရီကယ်=သဘောတရား)(ပလယ်တီကယ်=အလေ့အကျင့်)(ဒရိမ်နင်=လက်တွေ့)ဟူ၍ သုံးချက်ပြည့်စုံမှအလုပ်ကျွမ်းပြီးစီးသည်ဟုဆိုကြပေသည်၊ ထိုခေတ်စကားကိုလည်း သိမှတ်အပ်ပေသည်။

**ဒေသနာစဉ် ရှိသင့်သည်** ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့် သုဂတော ဟူသောဂုဏ်တော် အထူးဖြင့် ချီးကျူးပူဇော် ခံထိုက်သော မြတ်စွာဘုရားသည် သွက္ခာတ ဟူ

သုမင်္ဂလဝိ-၃၆၁-၁၉

သော တရားဂုဏ် ထိုက်အောင် ကောင်းစွာ ဟောကြားတော်မူသော ဒေသနာက္ကမအစဉ်တွင် အနာစု ၈-ပါးမှုသည် အမှန်ပင်ရှိသင့်သည်၊ အကြောင်းရင်းကို ရှင်းလင်းစွာ ဆက်၍ ဖေါ်ပြအံ့။

## ဒေသနာနယ အနာစု ၈-ပါးရှင်းခက်၊

**သွေးရိုးသားရိုး အနာစု** ဒေသနာတော်အလာ အနာစု ၈-ပါးတွင် (၁)လေ ဓာတ်ပျက်၍ နာခြင်း ဝါတသမုဋ္ဌာန်၊ (၂)သည်းခြေပျက်၍ နာခြင်း ပိတ္တသမုဋ္ဌာန်၊ (၃) သလိပ်ပျက်၍ နာခြင်း သေမှသမုဋ္ဌာန် (၄) သလိပ်, သည်းခြေ, လေ ဟူသော တြိဒေါသ ပေါင်းဆုံ၍ ငန်းသန္နိပါတ်နာခြင်း သန္နိပါတိက ဤသို့ပြားသောအနာ ၄-ပါးကို သွေးရိုး သားရိုးအနာဟူ၍ ရှေးပညာရှိတို့ ဆိုကြပေသည်၊ ထိုသွေးရိုး သားရိုးဖြစ်သော အနာတို့ကို သလိပ်, သည်းခြေ, လေဟူသော တြိဒေါသ လက္ခဏာ အရဖြင့်၎င်း၊ သလိပ်,သွေး, သည်းခြေ, လေ, အပုပ်ဟူသော ဓာတ်ငယ် ၅-ပါး လက္ခဏာအရဖြင့်၎င်း စိစစ်ဝေဘန်၍ ပြုပြင်ကုစားသော နည်းတို့သည် ကမ္ဘာ့ဦးကပင် ရှိခဲ့လေသည်။

**သာသနာပ အသိ** ဓာတ်ငယ်တို့၏ အလွန်, အယုတ်, အနှံ့, အသန်ကို လိုက်၍ လွန်ပုံ,ပျက်ပုံ, နည်းပုံ, များပုံ, ခန်းခြောက်ပုံ, ပွါးစီးပုံ လက္ခဏာများ သင်သည်ကို လောက ဝေါဟာရ အမည် အနာပညတ်တင်၍ ကုစားပုံ နည်းများကို ဈာနလာဘီ ရှင်ရသေ့ကျော်များ ဟောကြားသော ရှေးဟောင်း ဗိန္ဒော ဆေးကျမ်းကြီးများ၌ အကျယ်ဖွင့်ဆိုပြကြပေသည်၊ အဘိဓမ္မာ ဆေးပညာနည်းမှာ=ဥတုသမုဋ္ဌာန်နှင့် ဓာတ်ကြီးငါးပါး အသိသည် သာလျှင် မူလရင်း အခြေခံဖြစ်၍ ထိုသွေးချပ် သားချပ်အသိပွဲများ မရှိသင့် မရှိအပ်ဟူ၍ အရမ်းမဆိုအပ်ပေ၊ သမုဒ်သစ္စာနယ်၌ အလွန် အငွဲအလမ်းကြီးသော အသက်ကျကြီးနှင့်ယှဉ်စပ်၍ သွေးခဲ သားခဲ သိမှတ်သူတို့လည်း ရှိသေးသည် ဟူ၍ ကောင်းကောင်းကြီး သိအပ်ပေသည်။

**သာသနာတွင်း အသိ** သမုဋ္ဌာန်အကြောင်း စွဲသန်သော အဘိဓမ္မာခေတ် ဆရာများ စိစစ်ရမည့် အလုပ်ကိစ္စ အခွင့်အရေးမှာ= (၁)လေနာခြင်းသည် လေပျက်ရန်,လွန်ရန်, အခွင့်ကို ပြုမိသဖြင့်ငှင်း၊ (၂)သည်းခြေနာသည် သည်းခြေပျက်ရန် သည်းခြေလွန်ရန် အခွင့်ကိုပြုမိသဖြင့်ငှင်း၊ (၃) သလိပ်နာသည် သလိပ်ပျက်ရန် လွန်ရန် အခွင့်ကိုပြုမိသဖြင့်ငှင်း၊ (၄)သန္နိပါတ်နာသည် တြိဒေါသခေတ် ပေါင်းဆုံ၍ ပျက်ရန်,လွန်ရန်အခွင့်ကို ပြုမိသဖြင့်ငှင်း ထိုထို ဥပါဒ်နာဟူ၍ ဥတုဇရုပ်အပေါ်၌ ကျရောက်၏ဟူသော သမုဋ္ဌာန် အကြောင်းစွဲကို သာလျှင် စိစစ် အပ်လေသည်၊ သိစဉ်သည် အသိစွဲသာဖြစ်၍ လုပ်စဉ်သည် အလုပ်စွဲသာလျှင် ဖြစ်ပေသည်၊ပြောစဉ် ဟောစဉ် လုပ်ရသော အခါကား မဟုတ်၊ ဆရာက စေတနာနှင့် သိအောင် ပြောဟောသည်ကိုပင် လူနာရှင်မှာ ဝေဒနာ ဖြစ်ချင်လည်း ဖြစ်နေ တတ်ပေသည်၊ ထိုသို့သော အကြောင်းတို့ကြောင့် အထက်ပါသွေးရိုး သားရိုးဖြစ်သည် ဟူသော ခေတ်ပျက်နာ ၄-မျိုး ကုစားရာ၌ ငှင်းတို့နှင့် သင့်လျော်လျောက်ပတ်သော ဥတုစသည်တို့ကို လက်လွှတ်ပြီး မသင့်လျော်မလျောက်ပတ်သော ဥတု,ဒေသ, ဌာန,ကာလ, ပယောဂ,အစာအာဟာရလွန်များ၍ ဖြစ်သည်ချည်းဖြစ်ရာ ငှင်းတို့နှင့်သင့်လျော်လျောက်ပတ်သော ဥတုခေတ်ချက်ကို ညွှန်ပြရန်သာလျှင် ဆေးဆရာများ၌ အခွင့်အရေးရှိပေသည်။

**မှားကြားရခြင်း အကြောင်း** ကိုင်းရင်း ဆေးဆရာများအား သိစဉ်,ဟောစဉ်, လုပ်စဉ်ဟု ၃-မျိုးခွဲပြီးမှားကြားရခြင်းအကြောင်းမှာ ယခုအခါ ဘုရားသာသနာ အသိ[illegible]လည်း အသားမကျ ရသေ့ဆရာတို့၏ အသိ၌လည်း အင်္ဂါးမပေါ်ဘဲ [illegible] ဆေးအတတ်ပညာကလေးနှင့် ကြံပြီး ပုတ်ခတ်သူ များကြသောကြောင့်တည်း သဘောရိုးအားဖြင့် ပြောရသော ကိုင်းရင်း ဆေးပညာ တည်ဆောက်သော ဥဏ်သည် လူသာမာန်တို့နှင့် မဆိုက်တန်၊ ခေတ်

ဉာဏ်ကို အခြေခံသော အသိအလိမ္မာဉာဏ် ပညာစခန်း ဖြစ်၍ ဈာန်မဂ်ဖိုလ်တရားနှင့် အလွန်နီးကပ်ပေသည့် ဈာန်မဂ်ဖိုလ်လမ်းကို အာရုံမပြုတတ်သော် ဘုရားရှင်၏ သာသနာတော် အတွင်းမှ ဖြစ်သောဉာဏ်သည် ဘုရားရှင်၏ သာသနာတော်ကိုပင် အန္တရာယ် ပြုတတ်ပေသည်။ ထို့ကြောင့်= ဒေသနာနယ အနာတွဲ ၈-ပါးကို ကျက်မှတ်ဆောင်ထားသင့်ပေသည်။

### ကျက်မှတ်ရန် သံယုတ်ပါဠိတော်အလာ ဒေသနာနယအတွဲ

ဝါတသမုဋ္ဌာနာနိခေါ သိဝက ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ သာမံပိ ခေါ ဧတံ သိဝက ဝေဒိတဗ္ဗံ၊ ယထာ ဝါတသမုဋ္ဌာနာနိ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ လောကဿာပိ ခေါ ဧတံ သိဝက သစ္စသမ္မတံ၊ ယထာ ဝါတသမုဋ္ဌာနာနိပိ ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ၊ တတြ သိဝက ယေ တေ သမဏဗြာဟ္မဏာ ဧဝံဝါဒိနော ဧဝံဒိဋ္ဌိနော ယံကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ၊ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ သဗ္ဗံ တံ ပုဗ္ဗေကတဟေတူတိ၊ ယဉ္စ သာမံ ဉာတံ တဉ္စ အတိဓာဝန္တိ ယဉ္စ လောကေ သစ္စသမ္မတံ တဉ္စ အတိဓာဝန္တိ၊ တသ္မာ တေသံ သမဏဗြာဟ္မဏာနံ မိစ္ဆာတိ ဝဒါမိ။

ပိတ္တသမုဋ္ဌာနာနိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။
သေမှသမုဋ္ဌာနာနိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။
ဥတုသမုဋ္ဌာနာနိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။
သန္နိပါတိကာနိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။
ဝိသမပရိဟာရဇာနိပိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။
ဩပက္ကမိကာနိပိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။
ကမ္မဝိပါကဇာနိပိ ခေါ (လ) တံ မိစ္ဆာတိ ဝဒါမိ။

အစိပ္ပါယ်ရှင်းပြီးဖြစ်၍ အနက်မရေးတော့ပြီ။

# ဥတု ဝိပရိဏာမဇ ဝေဒနာ အလင်းပြကျမ်း

## အဘိဓမ္မာ ဆေးပညာရပ်သည် ဤကျမ်းတွင် ပါဝင်သင့်သည်

ဥတု အကျင့်မမှန် ဖေါက်ပြန်သော သဘောကိုစွဲ၍ ဖြစ်ပွါး ကျရောက်သော အနာရောဂါ ဟူသမျှတို့ကို ဥတု ဝိပရိဏာမဇ အနာစွဲဟူ၍ ဘုရားဟောပေသည်၊ ဥတုအကျင့်မမှန် ဆိုသည်မှာ “အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါစ ယထာရဟံ သမုဋ္ဌာပေတိ” စသည်အားဖြင့် လာသော သင်္ဂဟ အဋ္ဌကထာအရ လူတို့၏အဇ္ဈတ္တသန္တာန် ကမ္မဇ တေဇောဓါတ်နှင့် ပတ်ဝန်းကျင်အပြင်အပမှကျရောက် ထိတွေ့သော ဗဟိဒ္ဓမီးဓါတ် ၂-ပါးသည် ထိုက်သည်အားလျော်စွာ “ယထာ ရဟ” သမဘာဂကျေးဇူး ဆက်မိကြမှသာလျှင် ဥတုဇ ရုပ်ခန္ဓာ ကို အသစ်အသစ် ဆင့်၍ဆက်၍ ဖြစ်စေနိုင်ပေသည်၊ ဤနေရာ၌ “ယထာရဟ” သမဘာဂ မဖြစ်ဘဲ “ဝိသမဘာဂ” ဝိပရိဏာမဇ, ဖြစ်ကြသောကြောင့် ဥတုအကျင့်မမှန်ဟူ၍ ဆိုရပေသည်။

ထို ဥတုဝိပရိဏာမဇ အနာစွဲရာတွင်—

(က) အဇ္ဈတ္တဥတု အကျင့်သန်၍ ဖေါက်ပြန်အနာရခြင်း။

(ခ) ဗဟိဒ္ဓဥတု အကျင့်သန်၍ ဖေါက်ပြန်အနာရခြင်း။

ဟူ၍ ၂-မျိုး ၂-စားခွဲ၍ ဝေဘန်အပ်ပေသည်။

(က) အဇ္ဈတ္တဥတု အကျင့်သန်ခြင်း ဆိုသည်မှာ—

အပြင်အပ ဗဟိဒ္ဓဥတုက သီတတေဇော အမှုဆောင်သဖြင့် ချမ်းအေးနေလျှင် အဇ္ဈတ္တ ဥတုကလည်း ချမ်းအေးပါသည်ဟု ဝန်ခံရပေသည်၊ထို့အတူ ဥဏှတေဇောအမှုဆောင်သဖြင့် ပူနွေး

နေလျှင် ပူနွေးပါသည်ဟု ဝန်ခံရပေသည်၊ သို့မှသာလျှင် ဝိညတ်ရုပ်နှင့် ဝိကာရရုပ်ရှု အသစ်အသစ် ဖြစ်ပေါ်၍ ကျန်းမာ ပကတိချမ်းသာစွာရှိသည်ဟု ပြောဆိုနိုင်ပေသည်၊ ထိုသို့ မဟုတ်ပါဘဲ အပြင်က ချမ်းအေးနေသည်ကို ချမ်းမှန်း,အေးမှန်းမသိ ချမ်းအေးရုပ် အသစ်မဖြစ်၊ အပြင်ကပူနွေးနေသည်ကို ပူမှန်း, နွေးမှန်းမသိ ပူနွေးရုပ် အသစ်မဖြစ်၊ ဤကား=အဇ္ဈတ္တ ဥတုမီးအလိုက် မမှန် အကျင့်သန့်သည်ဟု ဆိုလိုပေသည်၊ အဇ္ဈတ္တဥတု မီးအကျင့်သန့်လျှင် (ပေါ့ပါး,နူးညံ့,အမှုခံ့)ဟူသော ဝိကာရရုပ်ရှု အသစ်မဖြစ်နိုင်သောကြောင့် ဥတုဇရုပ်ဟောင်း, ရုပ်အို, ရုပ်သေဟူ၍ ဆိုနိုင်တော့သည်၊ လူအိုနာဆိုသည်မှာ ဤကဲ့သို့ဖြစ်သည်ကို ဆိုလိုပေသည်၊ သမထ ကမ္မဋ္ဌာန်းဘာဝနာ အကျင့်သန့်သော ပုဂ္ဂိုလ်များလည်း အဇ္ဈတ္တဥတု အကျင့်သန့်တတ်ပေသည်။

(ခ) ဗဟိဒ္ဓဥတု အကျင့်သန့်ခြင်း ဆိုသည်မှာ–

လူတို့ပြည်နှင့် သင့်လျော် လျောက်ပတ်သော အပူ အအေး ဒီကရီထက်ပို၍ ဗဟိဒ္ဓဥတုက မြင့်တက်စွာကြံခြင်း လူတို့ပြည်နှင့် သင့်လျော်လျောက်ပတ်သော အပူအအေး ဒီကရီအောက် ယုတ်လျော့နည်း၍ ဗဟိဒ္ဓ ဥတုက နုံ့ညံ့စွာ ကြံခြင်းတို့ကို ဗဟိဒ္ဓဥတု အကျင့်သန့်သည်ဟု ဆိုလိုပေသည်၊ ထိုဗဟိဒ္ဓဥတု အကျင့် သန့်သည်မှာလည်း ဥတုဘောဇဉ်စသော အခဏ်းများ၌ အထပ်ထပ် ရှင်းလင်းခဲ့သည် အတိုင်း လူတို့ အများအပြား ကျင့်ကြံပြုလုပ်သော ဒုစရိုက် သုစရိုက် အမှုတို့ကိုစွဲ၍ အကျင့်မှန်လျှင် မှန်သလို, အကျင့်တန်လျှင် တန်သလို ဥတုဘောဇဉ် ရုပ်အကျိုး ထင်သည်ဟူ၍ မှတ်အပ်ပေသည်၊ ထိုဗဟိဒ္ဓ ဥတု အကျင့်သန့်သဖြင့် ဖေါက်ပြန် အနာရသော ဝိပရိဥတု ကပ်ကြီးဖြစ်ပုံကို နောက်တွင်ပြမည်၊ ယခုအခါ အဇ္ဈတ္တနှင့် ဗဟိဒ္ဓဟူသော မီးဓာတ် ၂–ပါး အကျင့်မှန်၍ ရုပ်အသစ် အသစ်ပွါးပိုးပုံကို ရှင်းလင်း၍ ကျန်းမာရုပ်နှင့် အနာရုပ်ကို ကောက်ပြအံ့။

## အကျင့်မှန်၍ အဖြောင့်ကြိသော နိယာမ ဥတုမီးအလိုကို အောက်ပုံစံနှင့် မှတ်ပါ

# နိယာမဥတုခေတ်

| | |
|---|---|
| နေမင်း<br>ဒက္ခိဏာယာဉ်အသွား<br>ဝါဆိုမှ ပြာသို<br>အသက်ခရီး ၆-လ | နေမင်း<br>ဥတ္တရာယာဉ်အသွား<br>ပြာသိုမှ ဝါဆို<br>အတက်ခရီး ၆-လ |

( ဩကာသလောက )

| | |
|---|---|
| သီတတေဇော<br>အမှုဆောင်သည်<br>ပထဝီ အာပေါရုပ်<br>အဖြစ်သန်သည် | ဥဏှတေဇော<br>အမှုဆောင်သည်<br>ဝါယောအာကာသရုပ်<br>အဖြစ်သန်သည် |

( သတ္တလောက )

| | |
|---|---|
| ထူပိတ် လေးလံ<br>ဆင်အား ကျွဲအားရ၏<br>ခံနိုင်ရည်စွမ်း ရှိ၏ | ပွင့်လင်း သန်မြန်<br>မြင်းအား နွားအားရ၏<br>တိုက်ခိုက်ရည် ရှိ၏ |

(သင်္ခါရလောက)

| | |
|---|---|
| ချမ်းအေးမှုဖြင့်<br>ဥတုဇရုပ်သစ်များ<br>ရှင်သန် ဖြစ်ပွားလေသည် | ပူနွေးမှုဖြင့်<br>ဥတုဇရုပ်သစ်များ<br>ရှင်သန်ဖြစ်ပွားလေသည် |

## စွဲမြဲမှန်ကန်စွာ ကျင့်သော သက်ဥတုခေတ် ၆-လတွင် လောက သုံးပါး အသက်ကြီးပုံကား

**ဩကာသလောက အသက်ကြီးပုံ**

နေမင်းသည် အတွင်းလမ်း ခရီးမှ တုံ့ခေါက်ပြန်လှည့်၍ မြင်းမိုရ်တောင်ပါးမှ အပြင်သို့တစတစ ထွက်သွားသော ဗာဟိရဝီထိလမ်း,တောင်သို့ တရွေ့တရွေ့သွားသော ဒက္ခိဏာ ယဉ်ခရီး,အောက်သို့ ယူဇနာ တထောင်တိတိနိမ့်အောင် တရစ်တရစ်ဆင်းသွားသော အသက်ကျင့်နည်းဖြင့်(ဝါဆိုလပြည့်ကျော် တရက်နေ့မှ ပြာသိုလပြည့်နေ့အထိ)စွဲမြဲမှန်ကန်စွာအဖြောင့်ကျင့်ကြံသောအခါ=နိယာမဥတုခေတ်သဘာဝအားဖြင့် သိတတေဇော ဆောင်သော အအေးခိုး, အအေးရှိန်, အအေးခေတ်, အအေးကလာပ်တို့သည် မြောက်များ အားရှိစွာဖြစ်ပွါးကြကုန်၏၊ မိုးယံသီး, မိုးယံပေါက်, ဆီးနှင်း, ဆီးပေါက်ပမာ ကျရောက်ကြကုန်၏၊ ဩကာသ လောကဟူသော ကောင်းကင်တိမ်တိုက် တောတောင် ရေမြေ သမုဒ္ဒရာစသော ဥတုဇရုပ်တို့သည်လည်း ပထဝီသန်သော ဥတုဇရုပ် ကလာပ်နှင့် အာပေါသန်သော ဥတုဇရုပ် ကလာပ်များ ဖြစ်ပွါး၍ အခြေရင်း ဆိုက်အောင် သက်ဆင်းကြလေကုန်၏၊ တောတခွင်, တောင်တခွင်, သစ်ပင်ချုံနွယ်, မြက်ငယ် စသည်တို့သည်လည်း သစ်ထိပ်ပင်ဖျားမှ အမြစ်ရင်းကျအောင် ဩဇာခေတ်ဆီ ဆင်းသက် ဖြစ်ကြလေကုန်၏၊ ထိုအခါတွင် ပထဝီသန်သော ဥတုဇရုပ်ခေတ်နှင့် အာပေါသန်သော ဥတုဇရုပ်ခေတ်တို့ကို အစွမ်းကုန် ခံယူလျက် အမြစ်အရင်း အခြေခိုင်မြဲစေခြင်း,ပင်စည်ပင်သားအပွေးအခေါက်တက်ခြင်း ဖြစ်ကြကုန်၏၊ ထို သက်ဥတုခေတ် ၆-လတွင် သစ်ပင်ဆေးပင်တို့၏ ဩဇာခေတ်ဆီသည် အမြစ်ရင်းမှာ ရဝေးသည်ဟူ၍ ဆရာတို့ ယူကြကုန်၏။

**သတ္တလောက အသက်ကြီးခြင်း** ထိုသက်ဥတုခေတ် ၆-လတွင် သတ္တလောက သားတို့သည်လည်း အေးသက်ကြေသော ဥတုဘောဇဉ်တို့ကို လက်ခံသဖြင့် သိတတေဇောဆောင်သော ပထဝီရုပ် အဖြစ်သန့်ပြီးလျှင် ဆိုပွိတ်သိမ်းဆည်းသောအာဗန္ဓနရုပ်တွေ ရကြကုန်၏၊ ထိုအခါမှာ လူတို့သည် မိမိကိုယ်ခန္ဓာကို စိစစ်ကြည့်လျှင် အောက်ပါအတိုင်း အေးသက်ကြေရုပ်မျိုး တွေ့ရတတ်ပေသည်။

၁။ အအေးဓာတ် ဩမ်ရှင်ဖြစ်၍ အပူဓာတ် ညှော်သည်ကဲ့သို့ ဖြစ်ခြင်း။

၂။ အတွင်းနှလုံးသား အေးလျက် အပကိုယ်ရေ ခွေးခြင်း။

၃။ ရေမဆာခြင်း,ရေမတခြင်း, ရေဓာတ် ပြည့်ဝခြင်း။

၄။ အေးသောအခါ ဒုက္ခမရ အအေးခံနိုင်ခြင်း။

၅။ အေးသော အစာကို စားရခြင်း,ဒုက္ခမဖြစ်ခြင်း။

၆။ ချွေးသိပ်၍ ကိုယ်ရေပတ်ဖွဲ့ ကြမ်းထန်းခြင်း။

၇။ ဆီးဖြူခြင်း,ဆီးကြည်ခြင်း, ဆီးရေများခြင်း။

၈။ ညာကြော တင်းသကဲ့သို့ အအေးကြော သန့်လာခြင်း။

၉။ စားကောင်း, အိပ်ပျော်, ဓာတ်ကြေ လွယ်ခြင်း။

အထက်ပါ လက္ခဏာတို့သည် နိယာမ ဥတု အအေးဓာတ်နှင့် အသက်သဘောကို ဆောင်သည့်အတိုင်း အတွင်းအပြင် ဥတုမီး ၂-ပါးသည် အညီအညွတ်ဖြစ်လျက် ကျန်းမာ ပကတိ ချမ်းသာခွင့်ရှိသော သမဘာဂ လက္ခဏာပေတည်း၊ ထိုလက္ခဏာသည် သက်ဥတုခေတ် ၆-လအတွင်းမှာ သမဘာဂ ရုပ်ဖြစ်နိုင်၏၊ ထို သက်ဥတုခေတ် ၆-လကုန်ဆုံးခဲ့သော် ထိုထိုရုပ်လက္ခဏာရှသည် လည်း ချုပ်သိမ်း ကုန်ဆုံးရပေမည်၊ မချုပ်သိမ်းခဲ့သော်=နောက် တွေ့ကြုံမည့် တက်ဥတုခေတ် ၆-လတွင် ဝိသမဘာဂ လက္ခဏာ ဟူ၍အနာရုပ်တည်ဖွဲ့တော့သည်(သေသေချာချာစိစစ်ကြည့်ပါ)။

**သန်္နိပါတ်ရောဂါ အသက်ကြီးခြင်း** သက်ဥတုခေတ် ၆-လတွင် နိယာမဥတု အစဉ်အလာအတိုင်း အအေးခိုး, အအေးရှိန်, အအေးဓာတ်, အအေးကလာပ်တွေ ဝင်ရောက်ပါများသဖြင့်၎င်း၊ အအေးစာ, အသက်စာ, အကြော်စာ စားသုံးပါများသဖြင့်၎င်း၊ လူတို့၏ ကာယဝိညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ် အမူအရာတို့သည်။

၁။ ကိုယ်အင်္ဂါ ခြေလက် လေးလံ ထုံထိုင်းလာခြင်း။

၂။ နှုတ်လေး,အာစေး,လျှာနှေး၍ အသံနုံ့လာခြင်း။

၃။ ဆုတ်နစ်သော ဒေါသနှင့် စိတ်နှလုံး ငြိမ်ကျသွားခြင်း။

၄။ ချမ်းသည်,အေးသည်,ခိုက်သည်ဟု ညည်းညူခြင်း။

၅။ စောင်ခြုံချင်သည်, မီးလှုံချင်သည်ဟု တသခြင်း။

ဤလက္ခဏာများ ပြတတ်သည်၊ ထိုသဘောတရား အရပ်တို့သည် အဇ္ဈတ္တဓာတ်မီးနှင့် ဗဟိဒ္ဓဓာတ်မီး ၂-ပါးတို့ ညီညွတ်မျှတစွာ သမဘာဂ ရသောအခါ သီတ တေဇောဓာတ် ဥတုသို့ရောက်ခိုက် ဖြစ်တတ်သော ဖြစ်ရိုး ဖြစ်စဉ် ကာယသန်္နိပါတ်, ဝစီသန်္နိပါတ်, စိတ္တသန်္နိပါတ် အမှုတို့ပေတည်း၊ ထိုဖြစ်ရိုး ဖြစ်စဉ် သဘာဝကို သည်းခံလွန်မြောက်နိုင်လျှင် ကျန်းမာပကတိ ချမ်းသာခွင့်ရှိသော ချပ်ပေတည်း၊ ထိုသဘာဝကို သည်းခံခြင်းငှါ မစွမ်းနိုင်ခဲ့သော်= ဥတုကျော်, ဥတုကျိုး,ဥတုပျက်, နာတာရှည်,သွေးစွဲ, သားစွဲ, ပယောဂစွဲ တခုခုစွဲကပ်နေသူ ဖြစ်ရမည်၊ ယခု ရောဂါစွဲ မရှိခဲ့သော် တနေ့နေ့တွင် အဇ္ဈတ္တဥတု အခြောင့်မကြံအကျင့်သန့်သော ကြောင့် ဖေါက်ပြန်သော ဥတုဇနာတခုခု ကျန်ဖြစ်ရမည်(စေ့စေ့စပ်စပ်မှတ်ပါ)။

**မှတ်ချက်။** ။နေ့မင်း၏ အပြင်လင်း, တောင်သို့သွား, အသက်ခရီးစဉ်ကို မှတ်ရာ၌ တောင်ထိပ်မှ တောင်ခြေသို့ တောင်ပတ်လမ်းအတိုင်း ဆင်းသက်သို့၎င်း၊ နန်းမြင့် ကြောင်လိမ်လှေခါးမှ သက်သက်သို့၎င်း မှတ်ပါ၊ လက်ျာအမြဲရစ်ပတ်သည်။

## သက်ဥတုခေတ် ၆-လနှင့် သဘာဂဖြစ်သော ဥတုဘောဇဉ် အအေးစာများ

ကန်စွန်းရွက်, ကန်ညွတ်ရွက်,မှိုနတို, ကန့်ကလာရွက်, လယ်ဟင်းခါးရွက်,ကနဖော့ရွက်,ကုလားမျက်စိ,လယ်ပဒူရွက်, တက်ဖြား,ဟင်းနုနွယ်,ညံ့ရွက်,ပိလောရွက်,မုံလုံ,ကင်းနုံ,ခဝဲသီး,သခွါးသီး,ခွေးဖရုံသီး,ကျောက်ဖရုံသီး, ဘူးသီး, ဖရဲသီး, ပဲတောင့်ရှေသီး,ပဲလင်းမြွေသီး,ရုံးပတေသီး,ခါးရမ်းသီး,မုံလာဥ,မုံလာရွက်မုံညင်းရွက်,ကော်ဗီထုပ်,ဇလပ်ရွက်,ဆူးပန်းရွက်,ချဉ်ပေါင်ရွက်ချဉ်ပေါင်သီး,ကင်ပွန်းရွက်,မန်ကျည်းသီးမန်ကျည်းရွက်,သီးသီးခံသီး,ဇီးသီး,သရက်သီး,မရမ်းသီး, ဇင်ပြွမ်းသီး,ကြက်မောက်သီး,ရှောက်သီး,သံပုရာသီး,ကြက်ပေါင်သီးရင်ငနဲးသီး,ကျဲကောသီး,လိမ်မော်သီး,သီးတော်သီး, ပန်းသီး,ပိန္နဲသီး, ငှက်ပျောသီး,သြဇာသီး,မာကလာသီး,သပြေသီး,ကမ္ဗလာသီး, သဘော်သီး,စွန်ပလွန်သီး,ပိန်းဥ,မျောက်ဥ, ကန်စွန်းဥ,အာလူးဥ,စိမ်းစားဥ,ဝက်မြေဥ,ကိုင်းဥ,အင်ဥ,မှိုဥ,ပဲမြစ်, စသည်တို့ဖြစ်သည်။

**အအေးခေတ်စာ မှတ်ရန်မှာ** အထက်ပါ အသီးအရွက် ဥများသည် သီတတေဇော,သီတဝါယော,သီတ အာပေါ, သီတပထဝီ,သီတအာကာသရသော ဥတုဘောဇဉ်များ ဖြစ်ပေသည်၊ အကျိုးသွား လက္ခဏာမှာ တနည်းစီ ကွဲကြသော်လည်း အကြောင်းမှာ အပူခေတ်ငြိမ်း၍ အအေးခေတ် ကိန်းအောင်ဖြည့်စွမ်းနိုင်သည်ချည်းဖြစ်ပေသည်၊ ထိုအအေး ခေတ်စာများသည် အေးသော ဥတုဘောဇဉ်ရုပ်ဖြစ်၍၊သက်ဥတုခေတ် ၆-လတွင် ဖေါ်ပြခဲ့သောသီတဥတုနှင့်သဘာဂလက္ခဏာမဖြစ်ခဲ့သော်=ဤအအေးခေတ်စာကို စားအပ်ပေသည်၊ အပူနာကို ပေးကမ်း ကုမသော အပူရုပ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဆေးခေတ်စာလည်း ဖြစ်ပေသည်၊ အရသာခေတ်အားဖြင့် အကျဉ်းမှတ်ရန်မှာ အေးချို,အေး

ဆိမ့်,အေးဖန့်,အေးခါး,အေးချဉ်,အေးငန် လွန်ကဲသော အရသာ ရတို့ပေတည်း။

**သင်္ဂြိုဟ်ရန်။** ။အေး သက်ခေတ် ၆–လတွင် အအေးဓာတ် လက္ခဏာ မြောက်မြား အားရှိ၍ လွန်ကဲ နေခဲ့သော်ငြား အအေး လွန်နာ ခံစားနေဆဲ ဖြစ်သော်ငြား၊ လုံးဝမစားအပ် ရှောင်ကြဉ် အပ်သောအစာ ဟုမှတ်။

## စွဲမြဲမှန်ကန်စွာ ကျင့်သော တက်ဥတုခေတ် ၆-လတွင် လောကသုံးပါး အတက်ကြီးပုံကား

**ဩကာသလောက အတက်ကြီးခြင်း** နေမင်းသည် အပြင်လမ်း ခရီးမှ တို့ခေါက်ပြန် လည့်၍ မြင်းမိုရ်တောင်ရှိရာ အတွင်းသို့ တစ တစ ဝင်သွားသော အန္တော ဝိထိလမ်း, မြောက်သို့ တရွေ့ရွေ့ သွားသော ဥတ္တရာယဉ်ခရီး,အထက်သို့ ယူဇနာတထောင်တိတိ မြင့်အောင် တရစ်တရစ် တက်သွားသော အတက်ကျင့်နည်းဖြင့် (ပြာသိုလပြည့်ကျော် တရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ)စွဲမြဲမှန် ကန်စွာ အဖြောင့်ကျင့်ကြီသောအခါ=နိယာမဥတုဓာတ် သဘာဝ အားဖြင့် ဥဏှတေဇော ဆောင်သော အပူခိုး,အပူရှိန်,အပူဓာတ်, အပူကလာပ်တို့သည် မြောက်မြား အားရှိစွာ ဖြစ်ကြကုန်၏၊ ဩကာသလောကဟူသော ကောင်းကင်တိမ်တိုက် တောတောင် ရေမြေ သမုဒ္ဒရာစသော ဥတုဇရုပ်တို့သည်လည်း ဝါယောသန် သော ဥတုဇရုပ် ကလာပ်နှင့် ပိုင်းခြားသန့်ရှင်း ဟင်းလင်း စင် သော အာကာသ သဘာဝအဖြစ်သို့ ပြောင်း၍ တက်ကြရကုန်၏၊ တောတခွင်, တောင်တခွင်, သစ်ပင်ချုံနွယ်, မြက်ယယ်စသည်တို့ သည်လည်း အမြစ်ရင်းမှ သစ်ထင်ပင်ဖျား တိုင်အောင် ဩဇာ ဓာတ်ဆိုယူရန် တက်လိုက်ကြရကုန်၏၊ ထိုအခါတွင် ဝါယော လက္ခဏာနှင့် အာကာသလက္ခဏာ ၂-ပါးတို့သည် ထင်စွာဖြစ် လျက် ရွက်ဟောင်းချွေ၍ ရွက်သစ်လဲယူခြင်း, ပင်စည်ပင်သား အခံအစေးထွက်ခြင်း ဖြစ်ကြကုန်၏၊ ထိုတက်ဥတုခေတ် ၆-လ

တွင် သစ်ပင် ဆေးပင်တို့၏ ဩဇာဓာတ်ဆီသည် သစ်ထိပ် ရွက်များမှာ ရဝေးသည်ဟု ဆရာတို့ယူကြကုန်၏။

**သတ္တလောက အတက်ကြီးခြင်း** ထိုတက်ဥတုခေတ် ၆-လတွင် သတ္တလောကသားတို့သည်လည်း ပူတက်ပွင့်သော ဥတုဘောဇဉ်တို့ကို လက်ခံသဖြင့် ဥဏှတေဇော အမှုဆောင်သော ဥတုဇဝါယောရုပ် အဖြစ်သန်ပြီးလျှင် ပိုင်းခြား သန့်ရှင်း ဟင်းလင်းစင်သော အပေါက်အကြား အာကာသရုပ် တွေ့ရကြကုန်၏ ထိုအခါမှာ လူတို့သည် မိမိကိုယ်ခန္ဓာကို စိစစ်ကြည့်လျှင် အောက်ပါအတိုင်း ပူတက်ရုပ်မျိုး တွေ့ရတတ်သည်။

၁။ အပူဓာတ် အိမ်ရှင်ဖြစ်၍ အအေးဓာတ် ဧည့်သည်ကဲ့သို့ ဖြစ်ခြင်း။

၂။ အတွင်းနှလုံးသားပူလျက် အပြင်ကိုယ်ရေ အေးခြင်း။

၃။ ရေမွတ်သိပ်ခြင်း, ရေတောင့်တခြင်း, ရေလိုခြင်း။

၄။ ပူသောအခါ ဒုက္ခမရ၊ အပူခံနိုင် ရည်ရှိခြင်း။

၅။ ပူသောအစာကို စားရခြင်း, ဒုက္ခမဖြစ်ခြင်း။

၆။ ချွေးထွက်၍ ကိုယ်ရေနူးညံ့ညှိုးနွမ်း လာခြင်း။

၇။ ဆီးဝါခြင်း, ဆီးနီခြင်း, ဆီးရေနည်းခြင်း။

၈။ ဘယ်ကြော တင်းသကဲ့သို့ အပူကြော သန်လာခြင်း။

၉။ အစားပျက်, အအိပ်ပျက်, ဓာတ်ပျက် လွယ်လာခြင်း။

အထက်ပါ လက္ခဏာများသည် နိယာမဥတု အပူဓာတ်နှင့် အတက်သဘော ဆောင်သည့်အတိုင်း အတွင်းအပြင် ဓာတ်မီး ၂-ပါးသည် အညီအညွတ်ဖြစ်လျက် ကျန်းမာပကတိ ချမ်းသာနိုင်သော သမဘာဂ လက္ခဏာ ပေတည်း၊ ထိုလက္ခဏာသည် တက်ဥတုခေတ် ၆-လအတွင်းမှာသာလျှင် သမဘာဂရုပ် ဖြစ်နိုင်၏၊ ထိုတက်ဥတုခေတ် ၆-လကုန်ဆုံးခဲ့သော် ထိုထိုရုပ်လက္ခဏာ ရှိသည်လည်း ချုပ်သိမ်း ကုန်ဆုံးရပေမည်၊ မချုပ် မသိမ်းခဲ့

သော်=နောက်ကြုံတွေ့မည့်သက်ဥတုခေတ် ၆-လတွင် ဝိသမဘာဂလက္ခဏာဟူ၍ အနာရပ် တည်စွဲတော့သည် (သေသေ ချာချာ စိစစ်ကြည့်ပါ)။

**သန်ိဂါရလောက အတက်ကြီးခြင်း** တက်ဥတုခေတ် ၆-လတွင် နိယာမ ဥတုအစဉ်အလာအတိုင်း အပူခိုး, အပူရှိန်, အပူဓာတ်, အပူကလာပ်တွေ ထိတွေ့ပါ များသဖြင့်ရင်း၊ အပူစာ, အတက်စာ, အပွင့်စာ, အသုံးများသဖြင့်ရင်း၊ လူတို့၏ ကာယဝိညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ် အမူအရာတို့သည်။

၁။ ကိုယ်အင်္ဂါ ခြေလက် ပေါ့ပါးသန်မြန်လာခြင်း။

၂။ နှုတ်သွက်,အာရှင်း, လျှာမြန်၍ အသံ ထန်လာခြင်း။

၃။ တက်ကြွသော ဒေါသနှင့် စိတ်နှလုံး ပျံ့လွင့်လာခြင်း။

၄။ ပူသည်,အိုက်သည်,စပ်သည်ဟု ညည်းညူခြင်း။

၅။ ယပ်ခတ်ချင်သည်, ရေချိုးချင်သည်ဟု တသခြင်း။

ဤလက္ခဏာများ ထင်ရှားပြတတ်ပေသည်၊ထိုသဘောတရားအရတို့သည် အဇ္ဈတ္တဥတုဓာတ်နှင့် ဗဟိဒ္ဓဥတုဓာတ် ၂-ပါးတို့ ညီညွတ်မျှတစွာ သမဘာဂ ဖြစ်သောအခါ ဥဇ္ဇတေဇောဓာတ်ဌာနသို့ရောက်ခိုက် ကာယသင်္ခါရ,ဝစီသင်္ခါရ, စိတ္တသင်္ခါရ သဘောတရားရတို့ကို ထင်စွာဖော်ပြလာခြင်း ဖြစ်ပေသည်၊ ထိုသို့ဖြစ်ရိုးဖြစ်စဉ်, ဖြစ်တတ်သော တက်ဥတုခေတ် သဘာဝအခြင်းအရာတို့ကို သည်းခံ လွန်မြောက်နိုင်လျှင် ကျန်းမာ ပကတိ ချမ်းသာခွင့်ရှိသော ရုပ်ပေတည်း၊ ထို အခြင်းအရာတို့ကို သည်းခံခြင်းငှါ မစွမ်းနိုင်ခဲ့သော် ဥတုကျော်, ဥတုကျိုး, ဥတုပျက်, နာတာရှည်, သွေးရိုးသားရိုး ပယောဂစွဲ တခုခု ငြိကပ်နေသူ ဖြစ်ရမည်၊ ယခု ရောဂါစွဲ မရှိခဲ့သော်=တနေ့နေ့တွင် အဇ္ဈတ္တဥတု အဖြောင့်မကြိအကျင့်သန်သောကြောင့် ဖေါက်ပြန်သော ဥတုဇနာတခုခု ကျရောက်ရမည်(စေ့စေ့ စပ်စပ် မှတ်ပါ)။

**မှတ်ချက်။** ။နေမင်း၏အတွင်းလမ်း,မြောက်သို့သွား,အတက်ခရီးစဉ် မှတ်ရာ၌ တောင်ပတ်လမ်း တက်သက်ဲ့သို့ရှင်း၊ နန်းမြင့်ကြောင်လိမ်လျှေခါး တက်သကဲ့သို့ရှင်းမှတ်ပါ၊(လက်ျာ အမြဲရစ်ပတ်သည်)။.

## တက်ဥတုခေတ် ၆–လနှင့် သမဘာဂဖြစ်သော ဥတုဘောဇဉ် အပူစာများ

ခွေးတောက်ရွက်,တမာရွက်, ကုက္ကိုရွက်, မိုးယိုးနှံရွက်,သုံးပုပ်ရွက်,ဥသျှစ်ရွက်, ဥသျှစ်သီး, ပိုးစာရွက်, ကြာဟင်းရွက်, သက်ရင်းရွက်, မဟာဂါရွက်,ပြင်းတော်သိန်ရွက်, ကလိန်ရွက်, ထောက်ရှာရွက်,သင်းဝင်ဖေါက်ဖြူရွက်, လဲလုရွက်,ခတက်ရွက်, တစွက်ရွက်, ဗိဇပ်ရွက်, ကြောင်လျှာသီး, ကြက်ဟင်းခါးသီး, ၎င်းအရွက်,ခဲယိုရွက်,၎င်းအသီး,ဂုံခါးရွက်, မျောက်ဆိတ်ရွက်, ပြည်ပန်းညိုရွက်,ကြိတ်မှန်ရွက်,ကြက်သူရိုးနီရွက်,၎င်းအဖြူရွက်, ငါးရံ့ပဒုရွက်,ရှောက်ရွက်,ဒူးရင်းသီး,ဒညင်းသီး,ခပေါင်းကြီး, ငြုတ်ကောင်း,ငြုတ်သီး,ဇီတ်ချင်းသီး,ဂျင်းတက်,ကန့်အိပ်,မိဿလင်း,ပဒဲကော,သရက်ကင်းဥ, နနွင်းစိမ်း,မာလာဖူး, ဆိတ်ဖူး ကြက်သွန်ဖြူ,သဘော်ရွက်, မြင်းခွါရွက်, စသည်တို့ဖြစ်သည်။

**အပူစာတ်စာ မှတ်ရန်မှာ** အထက်ပါ အသီး အရွက်ဥတို့သည် ဥဏှတေဇော, ဥဏှဝါယော,ဥဏှအာပေါ, ဥဏှပထဝီ,ဥဏှအာကာသ ရသော ဥတုဘောဇဉ် အစာများဖြစ်ပေသည်၊ အကျိုးသွား လက္ခဏာအားဖြင့် တနည်းစီ ကွဲပြားသော်လည်း အကြောင်းတရားမှာ= အအေးဓာတ် ငြိမ်း၍ အပူဓာတ် တိုးအောင်ဖြည့်စွမ်းနိုင်သည်ချည်းဖြစ်ပေသည်၊ထိုအပူစာများသည်ပူသော ဥတုဘောဇဉ်ရုပ်ဖြစ်၍၊ တက်ဥတုခေတ် ၆-လတွင် ပေါ်ဖြဲ့သော ဥဏှ ဥတုနှင့် သမဘာဂမဖြစ်ခဲ့သော်=၎င်းအပူဓာတ်စာကိုစားအပ်ပေသည်၊ အအေးနာကို ပေးကမ်း တုမသော အအေးရုပ်၏ဆန့်ကျင်ဘက်ဖြစ်သော ဆေးဓာတ်စာလည်းဖြစ်ပေသည်၊


အရသာအားဖြင့် အကျဉ်းမှတ်ရန်မှာ ပူဆိမ့်, ပူဖန်, ပူခါး,ပူစပ် လွန်ကဲသော အရသာရှိပေတည်း။

**သတိပြုရန်။** ။ပူတက်ခေတ် ၆-လတွင် အပူခေတ် လက္ခဏာ မြောက်မြားအားရှိ၍ လွန်ကဲနေခဲ့သော်ငြား၊ အပူလွန်နာ ခံစားနေဆဲဖြစ်သော်ငြား၊ လုံးဝမစားအပ် ရှောင်ကြဉ်အပ်သော အစာဟုမှတ်။

## ဥတုရာသီ အစိတ်အပိုင်းကိုပြခြင်း

နေမင်း၏ အယာဉ် ၂-ပါးအသွားကို ဝိထိလမ်းကြောင်း ၃-ပါးအားဖြင့်၎င်း၊ ရတု ၆-ပါး ပိုင်းခြား၍၎င်း၊ ၁၂-လရာသီ ခြားနား၍၎င်း၊ လဆန်း,လဆုတ် ၂၄-ပက္ခခွဲ၍၎င်း ဥတုရာသီ အတွေ့အထိကို ဆင်ခြင်လျှင် အနည်းငယ်စီ ကွဲပြားကြလေသည်၊ အဘယ်ကြောင့် ဥတုရာသီ ကွဲပြားလာသည်ကို မသိတဲ ၏ရတု၌ ၏အနာ,၏လ၌ ၏အစာ,၏ပက္ခ၌ ၏လက္ခဏာ စသည်အားဖြင့် စာအမှတ်သညာနှင့် အတတ်ပညာ လုပ်နေလျှင် မည်သည့်အခါမှ ဥတုပိုင်လိမ့်မည် မဟုတ်ချေ၊ ဥတုရာသီ ဆိုသည်မှာ နတ် သိကြားဖန်ဆင်းပေးသော အတတ်မဟုတ်ပေ၊ထာဝရဘုရား စီမံ သော ပညာလည်း မဟုတ်ချေ၊ တေဇောဓာတ်ဟူသော နိယာမ ဥတုမီးက စီမံသော အရာဖြစ်၍ ဥတုဇ ကိုယ်ကာယ ရှိသော မည်သည့် လူဘိရဏ္ဍာန်မဆို ကိုယ်တွေ့ဆင်ခြင်တုံတရားရှိလျှင် မိမိကိုယ်၌ပင် သိရှိနိုင်ပေသည်။

မည်သို့ပင် ဥတုရာသီ အစိတ်အပိုင်း ကွဲပြားစေကာမူ သိမှတ် ဘို့ရာ လိုရင်းအချက်မှာ=နေမင်းသည် ဒက္ခိဏာယာဉ်အသွားကို ကျင့်၍ အပြင်သို့ တစစထွက်,တောင်သို့ တရွေ့ရွေ့ သက်သော အခါ (၁) သက်စခေတ် (၂) သက်လယ်ခေတ် (၃) သက်ဆုံး ခေတ် အဆင့်ဆင့် ဖြစ်ပေါ်သည့် အခြင်းအရာကို မလွန်ဆန်နိုင် ဟူသော သဘောကို ကိန်းသေ မှတ်အပ်ပေသည်။




## ရတု ၆-ပါးနှင့် ၁၂-လ ရာသီစုကိုပြခြင်း

( ရာသီစက်ကို ဤသို့သိပါ )

၁။ အပြင်စက်ကွင်းသည် ၁၂-လရာသီစုကို ပိုင်းခြားပြသည်။

၂။ ဒုတိယစက်ကွင်းသည် လဆန်း,လဆုတ် ၂၄-ပက္ခကိုပြသည်။

၃။ တတိယစက်ကွင်းသည် ရတု ၆-ပါးကို ပိုင်းခြားပြသည်။

၄။ စတုတ္ထစက်ကွင်းသည် အတက်,အသက်ဥတု၏ စ,လယ်,ဆုံး ကို ပြသည်။

၅၊ ပဥ္စမစက်ကွင်းသည် ပုတက် ၆-လနှင့် အေးသက် ၆-လကို ပြသည်။

နေမင်းသည် လက်ျာရစ်သွားသော်လည်း ရာသီခွင်ချရှိုးထုံးစံအတိုင်း လက်ဝဲလှည့်၍ ဘမ်းပြထားသည်၊ ပြသိုလမှ ဝါဆိုလသို့ဖြတ်၍ ဇဟို မျဉ်းသားပြသော အထက်ပိုင်းကို နေမင်း ဥတ္တရာယာဉ် ခရီးဖြစ်သော အတက် ၆-လဟုမှတ်ပါ၊အောက်ပိုင်းကို နေမင်း၏ ဒက္ခိဏာယာဉ်ခရီး ဖြစ်သော အသက် ၆-လဟုမှတ်ပါ။ (ဤကာ=ဝေါဟာရမာသ အလို တည်း)။

**အသက်ဥတုခေါင် ၆-ငေ ဟူသည်ကား—**

၁။ သက်စခေါင် ၂-လတွင်= အင်္ဂါဝိသ ကြိုး၊ ဝဿာန ရတုခေါ်၊ ၄-ပက္ခရှိ ဝါဆိုလပြည့်ကျော်တရက်မှ တော် သလင်း လပြည့်နေ့တွင် ချုပ်၏။

၂။ သက်လယ်ခေါင် ၂-လတွင်=မဇ္ဈေဝိသ ကြိုး၊ သရဒ ရတု ခေါ်၊၄-ပက္ခရှိ၊ တော်သလင်း လပြည့်ကျော် တရက်မှ တန်ဆောင်မုန်း လပြည့်နေ့တွင် ချုပ်၏။

၃။ သက်ဆုံးခေါင် ၂-လတွင်=ဗာဟိရ ဝိသကြိုး၊ ဟေမရတု ခေါ်၊၄-ပက္ခရှိ၊တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့ မှ ပြာသိုလပြည့်နေ့တွင် ချုပ်၏။

**မှတ်ချက်။** ။ဘုရားမပွင့်မီ နှစ်ပေါင်းများစွာက ပေါ်သော သူရိယ သိဒ္ဓန္တ ဗေဒင်ကျမ်း အလိုအားဖြင့် လထပ်နှစ် မရှိစေခြင်း ငှါ စန္ဒရမာသ နည်းကိုမယူဘဲ နေသွားလမ်းကို မှီ၍ သူရိယမာသ နည်းသစ်ကို ထွင်ထားသောကြောင့် ပြာသိုလတွင် နှစ်သစ် ကူး ပြောင်းကြလေသည်၊ ယခုအခါ ကမ္ဘာ့ပြက္ခဒိန် ရက်ခေါ်သော အင်္ဂလိပ် နှစ်သစ်ကူး အတာသင်္ကြန်ရက်သည် ဤပြာသိုလအ တွင်း၌ ကြုံကြိုက်ပေသည်၊ ထို့ကြောင့် နေမင်း၏ ဒက္ခိဏာယာဉ် အသွား ခရီးအဆုံးနှင့် ဥတ္တရာယာဉ်အသွား ခရီးအစကို ယူ၍ နှစ်သစ်ကူးပြောင်းသည် ဟူ၍ ယူဆရန် ရှိပေသည်၊ ထိုသူရိယ သိဒ္ဓန္တ ကျမ်းအလိုတွင် ၂၀-ရက်နှင့် ချုပ်သော တလ၊ ၃၀-ရက် နှင့် ချုပ်သော ၄-လ ၃၁-ရက်နှင့် ချုပ်သော ၇-လဟူ၍ ရက် ပေါင်း ၃၆၅-ရက်ကို ၁၂-လသာသိခွင် မူသေထားသောကြောင့် လလွန်ဟူ၍ မရှိချေ၊ ရက်လွန်မူကား တနှစ် တနှစ် ပြည့်လျှင် နာရီလွန် ဟူ၍ ကျန်ရှိ ပေသေးသောကြောင့် ၄-နှစ်ကြာလျှင် တခါ တရက်ငင်ပြီးလျှင် ၂၀-ရက်လကို ၂၉-ရက် လပြု၍ ချုပ် တတ်ပေသည်၊ ဤကား= ပြာပဿာ ဆရာတို့၏ အရာသာဖြစ်၍

ဆေးနှင့်မဆိုင်ပေ၊ ဆေးကိစ္စသည်ကား နေမင်း သက်သွားမှု, တက်သွားမှု,နိယာမ အစဉ် ရှိ,မရှိ,မှန်,မမှန်ကိုစိစစ်ရန်သာရှိပေသည်။

နေမင်းသည် ဥတ္တရာယာဉ်အသွားကိုကျင့်၍ အတွင်းသို့ တစတစဝင်, မြောက်သို့ တရွေ့ တရွေ့ တက်သောအခါ (၁)တက်စခါတ် (၂) တက်လယ်ခါတ် (၃) တက်ဆုံးခါတ် အဆင့်အဆင့် ဖြစ်ပေါ်သည့် အခြင်းအရာကို မလွန်ဆန်နိုင်ဟူသော ကိန်းသေနည်းကို သိအပ်၏။

**တက်ဥတုခေါ် ၆-လ ဟူသည်ကား–**

၁။ တက်စခါတ် ၂–လတွင်=ဗာဟီရဝိဝင်ကြိုး သိသိရ ရတုခေါ် ၄–ပက္ခရှိ ပြာသိုလပြည့်ကျော်တရက်နေ့မှ တပေါင်းလပြည့်နေ့တွင် ချုပ်၏။

၂။ တက်လယ်ခါတ် ၂–လတွင်=မဇ္ဈေဝိဝင်ကြိုး နိဒ္ဓရတုခေါ်၊ ၄–ပက္ခရှိ၊ တပေါင်းလပြည့်ကျော် တရက်မှ ကဆုန်လပြည့်နေ့တွင် ချုပ်၏။

၃။ တက်ဆုံးခါတ် ၂–လတွင်=အဗ္ဘန္တရဝိဝင်ကြိုး ဂိမှရတုခေါ် ၄–ပက္ခရှိ၊ ကဆုန်လပြည့်ကျော် တရက်မှ ဝါဆိုလပြည့်နေ့တွင် ချုပ်၏။

**မှတ်ချက်။** ။ဝေါဟာရမာသအခေါ်အားဖြင့် လဆန်းပက္ခနှင့် လဆုတ်ပက္ခ ၂-ခုကို ပေါင်း၍ တလဟု ခေါ်ခြေရသော်လည်း စန္ဒမာသ နည်းအားဖြင့် လပြည့်နေ့အခါ ဘာလတင်းတင်း ပြည့်ပြည့် ဖုံဖုံ ဖြစ်နေပေပြီ ထိုလပြည့်က ကျော်လွန်သော ရက်ပုတ်သည် တဖြေးဖြေး ဆုတ်၍ နောက်လဘက်သို့ ရွေ့၍ ကူးပြောင်းသွားနေသောကြောင့် လပြည့်ကျော်ရက် ဟူ၍ ဆိုရပေသည်၊ ဤကား လဆုက်ဟု အများခေါ်ဖြေသည်မဆိုတဲ လပြည့်ကျော်ရက်ဟု ဆိုရပုံအကြောင်းတည်း။

## ရတုသန္ဓိရက်နှင့် ဥတု သမ္ဗန္ဓ အနာများကို ပြခြင်း

ဥတုသမ္ဗန္ဓ အနာဟူသည်မှာ=ဥတုရာသီ တပါးမှ ဥတုရာသီ တပါးသို့ ကူးပြောင်းသော စပ်ကူး မတ်ကူး အချိန်တွင် အရွတ္တ ဥတုမိးသည် ဗဟိဒ္ဓ ဥတုဓာတ်၏ အသိုသို့ ရွေ့ရောက် နောက်ကျန် အလိုက်မမှန်သောကြောင့် ဖြစ်ပေါ် ကျရောက်တတ်သော ဥတုဇနာများကို ပြဆိုလိုပေသည်။

**ဥတုပြောင်း ရာသီကူးဆိုသော ကာလများမှာ—**

၁။ ဝဿာနရတုနှင့် သရဒရတုအကူး ရတုသန္ဓိ ၁၄-ရက်။

၂။ သရဒ ရတုနှင့် ဟေမရတု အကူး ရတုသန္ဓိ ၁၄-ရက်။

၃။ ဟေမ ရတုနှင့် သိသိရရတု အကူး ရတု သန္ဓိ ၁၄-ရက်။

၄။ သိသိရ ရတုနှင့် ဝိန္တြိရတု အကူး ရတုသန္ဓိ ၁၄-ရက်။

၅။ ဝိန္တြိ ရတုနှင့် ဂိံမှရတု အကူး ရတုသန္ဓိ ၁၄-ရက်။

၆။ ဂိံမှ ရတုနှင့် ဝဿာနရတု အကူး ရတုသန္ဓိ ၁၄-ရက်။

ထိုရတု သန္ဓိရက် အပိုင်းအခြားများကို ဂရုစိုက်ပြီး လေ့လာလျှင် အယာန ၂-ပါး၏ သန္ဓိရက်ကိုင်း၊ ဥတုကြီး ၃-ပါး၏ သန္ဓိရက်ကိုင်း၊ ဝိဝ ၃-ပါး၏ သန္ဓိရက်ကိုင်း၊ သေမင်း မာန်စွယ်ပြသော ယမဒဍ္ဍာ ရက်ရက်ကိုင်း အတွင်းဝင် နားလည်ပြီး ဖြစ်သည်၊ အထူးသဖြင့်ကား=ဥတုအားလျော်စွာပင်း၊ ရတုအားလျော်စွာပင်း ကျန်းမာပကတိ ချမ်းသာစွာရှိသော မူလ ဥတုရုပ်ခံ, မူလရာ သိရုပ်ခံတို့ကို ယေဘူယနည်းအားဖြင့် နားလည်ထားတို့ လိုပေသည်၊ သို့မှသာလျှင် ဥတုလွန်နာနှင့် ဥတုလိုနာကို ခွဲခြား သိနိုင်ပေလိမ့်မည် ဤဥတု သမ္ဗန္ဓအနာများကို(ဆေးအဘိဓမ္မာ လက်တွေ့ကုထုံးကျမ်း)မှာ ဆိုပြမည်ဖြစ်၍ ဤကျမ်းမှာ အကျယ်မဆိုတော့ပြီ။

ယခုအခါ နိယာမဥတုကြောင့် ဖြစ်ပွါးရသော အနာရောဂါထက် ပတ်ဝန်းကျင် ဥတုကြောင့် ဖြစ်ပွါးသော အနာရောဂါက

ပို၍ များပြားသောကြောင့် ပတ်ဝန်းကျင် ဥတုဖြစ်ပုံကို ပြဆိုပေအံ့၊ ဤပြအံ့သော ပတ်ဝန်းကျင် ဥတုခေတ်ကို အရေးထားသူ အလွန်နည်းပါးလှလေသည်၊ ပတ်ဝန်းကျင်ဖြစ်သော ဒေသဥတုခေတ်ကို နားမလည်လျှင် ဥတုခေတ်, ဆေးခေတ် မရှိသေးဟူ၍ ဆိုထိုက်ပေသည်၊ ဥတုအသိဉာဏ်ထူထောင်နည်းကဏ္ဍကိုလည်း ပြန်ကြည့်ပါ။

**ပတ်ဝန်းကျင်ဖြစ်သော ခေတ်ရေသိပများကား—**

၁။ နေပူ လေရှိန်ကို စွဲသော ဥတုရာသီ ခေတ်ပ။

၂။ မြေခိုး ရေငွေ့ကို စွဲသော ဥတုရာသီ ခေတ်ပ။

၃။ သစ်ရိပ် ဇွိမ်ရိပ်ကို စွဲသော ဥတုရာသီ ခေတ်ပ။

၄။ ဆရာမိဘ အရိပ်ကို စွဲသော ဥတုရာသီခေတ်ပ။

ဟူ၍ ၄-စားခွဲ၍ တခဏ်းစီ ဝေဘန်ကြည့်အပ်၏။

## နေပူ လေရှိန်စွဲ၍ ခေတ်ရာသီစုကွဲပြားခြားနားခြင်း အကြောင်း နိုင်ငံရပ်ခြား တိုင်းတပါးစီခွဲ၍ ဆင်ခြင်ရန်

နေမင်းသည် အနော်္ဂဝိဋ်နှင့် ဗာဟိရ ဝိထိလမ်း အားဖြင့် အမှန်ကျင့်၏၊ ဥတ္တရာယာဉ်နှင့် ဒက္ခိဏာယာဉ် အသွားအားဖြင့် အဖြောင့်ကြီး၏၊ ထိုသို့ စွဲမြဲမှန်ကန်စွာ အဖြောင့် ကြီးသွားသော နေမင်း၏ နိယာမ လမ်းစဉ်ကို မှီ၍ နေသွား လမ်း၏ အောက်အတွင်း ဖြစ်သော ကျွန်းပ,ဒေသ ပကျသည်လည်း စွဲမြဲမှန်ကန်သော ခေတ်ရာသီပဟူ၍ အသီးသီးကန်းဝပ်လျက် ဖြစ်ကုန်၏၊ မိုဃ်းအောက် မြေပြင်က မှာတခွင်လုံးကိုဖြန့်၍ကြည့်လိုက်သော်=နေသွားလမ်း ကျရောက်ပုံချင်း မတူသောကြောင့် ၊ငါး၊ နေ ,,လေ ,နဲ ၁င်ငွေ့ပုံ ချင်း ကွဲပြားခြားနားသောကြောင့် ၊ ၊ငါး အ ,ပိုင်း, အအေးပိုင်း, သမပိုင်းဟူ၍ ခေတ်ရာသီပ ခြားနားကြလေသည်၊ လူမျိုး ရာသီပသည်လည်း လူမဲမျိုး, လူဝါမျိုး, လူဖြူမျိုး ဟူ၍ ကွဲပြားကြပေသည်။

မူလ အရင်းစစ်လျှင် နေသွားလမ်းကို မှီ၍ နေပူ လေရှိန်ဖြစ်ခြင်း၊ ထိုနေပူ လေရှိန်ကိုခွဲ၍ ခေတ်ရာသီဥ ကွဲပြားခြင်း၊ ထိုခေတ်ရာသီဥ ကိန်း၍ သန္ဓေတည်လာသော လူဘို့သည် လူမျိုးတမျိုးဟူ၍ ခြားနားခြင်း အကြောင်းများကို သတိပြုအပ်ပေသည်။

**နေပူ, လေရှိန် ဥတုခွဲသော အပိုင်းကြီး ၃-ပိုင်းကား—**

၁။ ဥဏှဂင်္ဂဗန္ဓ= အပူပိုင်းဆိုံ ဒေသ။

၂။ သမဂင်္ဂဗန္ဓ= ညီမျှသော သမပိုင်းဆိုံ ဒေသ။

၃။ သီတဂင်္ဂဗန္ဓ= အအေးပိုင်းဆိုံ ဒေသ။

ဟူ၍ ၃-ပိုင်းခြား၍ ဝေဘန်အပ်၏။

**၁။ ဥဏှဂင်္ဂဗန္ဓ အပိုင်းကား-**

တောင်သို့ ၆-လသက်၍ မြောက်သို့ ၆-လ တက်သွားသော နေမင်း၏ တုံ့ခေါက် ပြန်လည်သော ခရီးနယ် အကျယ်သည် (စက်ဝိုင်းကိုကြည့်ပါ) မြန်မာတိုင်ပေါင်း ၁၆၄၅-တိုင် ရှိ၏၊ ထိုနေမင်း သွားသော ခရီးနယ်ပယ် အတွင်းဝင်သော ထိုထိုကျွန်း ထိုထိုဒေသဘို့သည် နေမင်း၏ အပူခေတ် ပတ်ဖွဲ့ခံရသော အရပ်ဖြစ်ခြင်းကြောင့် ဥဏှဂင်္ဂဗန္ဓ အပိုင်းမည်၏။

**၂။ သမဂင်္ဂဗန္ဓ အပိုင်းကား-**

နေမင်းသွားသော နယ်စပ်မှ တောင်သို့ အဖြောင့် ကြိုသော်-တိုင်ပေါင်း ဂ၂၂၅တိုင်အတွင်း သည်လည်းကောင်း၊ နေမင်းသွားသော နယ်စပ်မှ မြောက်သို့အဖြောင့်ကြိုသော်-တိုင်ပေါင်း ဂ၂၂၅ တိုင်ခွဲ အတွင်းသည်လည်းကောင်း၊ ထိုအပိုင်းကြီး ၂-ပိုင်းအတွင်း နယ်ပယ်သည် နေသွားလမ်း မကျသော်လည်း နေပူ လေရှိန်ခေတ်ကို ကောင်းစွာ ရရှိ၏၊ နေပူမိုး, နေပူရှိန် လေပူမိုး, လေပူရှိန် တို့ကိုခွဲ၍ အပူအအေး မှတနိုင်သော ခေတ်ရာသီဥကြောင့် သမဂင်္ဂဗန္ဓ အပိုင်းမည်၏၊ ထိုသမဂင်္ဂဗန္ဓ အပိုင်းသည် တောင်ဘက် သမဂင်္ဂဗန္ဓ အပိုင်းနှင့် မြောက်ဘက် သမဂင်္ဂဗန္ဓ အပိုင်းဟူ၍ အပိုင်းကြီး ၂-ပိုင်း ရှိသည်။

၃။ သီတဂဋိဗန္ဓ အပိုင်းကား-

တောင်ဘက် သမဂဋိဗန္ဓ အပိုင်း၏ အဆုံးဖြစ်သော တောင်စွန်း မျဉ်းတန်း အပြင်ဘက်အပိုင်းသည် နေသွားလမ်းနှင့် အလွန်ဝေးကွာသောကြောင့် သီတဂဋိဗန္ဓ အရပ်မည်၏၊ ထိုအရပ်မှာ ရေခဲပြင် အတိရှိ၏၊ ဗာဟိရ ဝိထိလမ်းသို့ နေမင်း ရောက်မှသာလျှင် နေပူ လေရှိန်ဓာတ်ကို ရရှိတတ်ပေသည်၊ ၆-လကြာမှ နေရောင်ကို မြင်ရသော တောင်စွန်း အအေးပိုင်းဆုံ အရပ်ဖြစ်၏။

ထို့အတူပင်=မြောက်ဘက် သမဂဋိဗန္ဓအပိုင်း၏ အဆုံးဖြစ်သော မြောက်စွန်း မျဉ်းတန်း၏ အပြင်ဘက်အပိုင်းသည် နေသွားလမ်းနှင့် အလွန်ဝေးကွာသောကြောင့် သီတဂဋိဗန္ဓ အရပ်မည်၏၊ ထိုအရပ်မှာ ရေခဲဖုံးလွှမ်း၏၊ အဗ္ဘန္တရဝိထိ လမ်းသို့ နေမင်းရောက်မှသာလျှင် နေပူလေရှိန်ဓာတ်ကို ရရှိတတ်ပေသည်၊ ၆-လကြာမှ နေရောင်မြင်ရသော မြောက်စွန်း အအေးပိုင်းဆုံ အရပ်ဖြစ်၏။

**နိုင်ငံရပ်ခြား တိုင်းတပါးစီ ဓာတ်ရာသီ ခွဲကြည့်ပါ**

နေသွားလမ်းကြောင့် ဖြစ်ပေါ်သော နေပူလေရှိန်ဓာတ်ကို အခွဲပြု၍ ဓာတ်ရာသီဥ ကွဲပြားခြားနားကြသော ထိုထိုကျွန်း ထိုထိုနိုင်ငံသားတို့သည် မိမိတို့ဖြစ်ရာ ဒေသ၏ ဥတုရာသီ ဘောဇဉ် အားလျော်စွာ လုံးရပ်သဏ္ဌာန် အရောင်အဆင်းနှင့် လူနေအသက်တမ်း ဖြစ်ကြရကုန်၏၊ မိမိတို့၏ အဇ္ဈတ္တကိုယ်ခံ ဓာတ်မီးနှင့် သင့်လျော်လျောက်ပတ်သော ဓာတ်ရာသီဥနှင့် ဥတုဘောဇဉ် ဆေးအစာ အာဟာရတို့သည် အခြားတကျွန်း တနိုင်ငံသားတို့နှင့် သင့်လျော်လျောက်ပတ်လိမ့်မည်အထင်နှင့် အချမ်းမပြုပြင် သင့်ပေါပြုပြင်ပေးခြင်းအားဖြင့် ၎င်းတို့၏ကိုယ်ခံဖြစ်သောဓာတ်ရာသီဥကိုတမျိုးတမည်ဖြစ်အောင် ဖျက်ဆီးသည်နှင့် တူသည့်အပြင် လူနေအသက်တမ်းတိုအောင် နှိပ်စက်သည်နှင့်ပင် တူပေလိမ့်မည် အဘယ့်ကြောင့်ဆိုသော်=သူ့ဓာတ်ရာသီနှင့်သူ့ဒေသ,သူ့ဥတုဘောဇဉ်နှင့် သူ့

အသွင်,သူ့ခေတ်မီးနှင့် သူ့အရောင်အဆင်း,သူ့ခေတ်ဆီနှင့် သူ၏လုံးရပ်သဏ္ဍာန်တို့ကို နိယာမ ဥတုခေတ်သည် လူနေ အသက်တမ်းညီမျှအောင် အတွင်းအပြင် ခေတ်မီး ၂-ပါးဆက်ပြီး ဖြစ်သောကြောင့်တည်း။

**အိန္ဒိယနှင့် မြန်မာပြည် အသက်တမ်း တိုလှသည်** လူနေအသက်တမ်း ဆုတ်ယုတ်ခြင်း တိုးတက်ခြင်းတို့သည် ဗဟိဒ္ဓဖြစ်သော ဥတုဘောဇဉ် ခေတ်၏ အစီအရင်ပေါ်၌ တည်သည်ဟူ၍ ဥတုဘောဇဉ် အခဏ်း၌ ဆိုပြခဲ့လေပြီ၊ ဤနေရာ၌ ဂိုယ်းအောက် မြေပြင်သားချင်း တူပါလျက် အနောက်နိုင်ငံကြီးသားတို့မှာ လူနေအသက် ၆၀-ကျော်ရှိပြီး အရှေ့နိုင်ငံသားဖြစ်သော ကုလားမြန်မာတို့မှာ အဘယ့်ကြောင့် လူနေသက်တမ်း ၂၅-နှစ်သာ ရှိသည်ကို စဉ်းစားသင့်ပေသည်၊ အမှန်ပြောရသော်= ကုလား မြန်မာတို့သည် မိမိတို့၏ အဇ္ဈတ္တခေတ်မီးနှင့် သင့်လျော်လျောက်ပတ်သော မိမိဖြစ်ရာ ဒေသ၏ ဥတုဘောဇဉ် ခေတ်ကို လွတ်၍ အနောက်တိုင်းမှဖြစ်သော ခေတ်ရာသီဥတု့၏ အစီအမံ အလွှမ်းအမိုးကို ခံယူမိသောကြောင့်တည်း၊ ဤနေရာ၌ သူ့ကျွန်ဖြစ်ရသော ကံ၏ အရာဟူ၍ ပုံချမည်လော? ကံအပေါ်မှာပုံချလျှင် ဩပက္ကမ အနာကြောင့် လူနေအသက်တမ်း တိုသည်ဟု ဆိုရပေမည်၊ ကံအခွင့် မသာသောအခါ အမှတ်မထင်ဘဲ မသင့်မလျော်အောင် ပြုလုပ်မိပါသည်ဟူ၍ဆိုမည်လော? ဤသို့ဆိုလျှင် ဝိသမပရိဟာရဇအနာကြောင့် အသက်တိုသည် ဟူ၍ ဆိုရပေမည်။

**အကြောင်းအမှန်ပြောရသော်** ယခုအခါ လွတ်လပ်သော တိုင်းပြည်နိုင်ငံဟူ၍ ဖြစ်ရှိ နေပြီဖြစ်သော ကုလားမြန်မာ လူမျိုးတို့မှာ ခေတ်ရာသီဥခြားနားသော နိုင်ငံရပ်ခြား ကျွန်းတပါးမှလာသော ဥတုဘောဇဉ် ခေတ်မီး ခေတ်ဆီတို့ကို အရသာခံနေဆဲဖြစ်ပေရာ ညဏ်မထူသောကြောင့်ဟု ဆိုရန်ရှိပေသည်၊ မိမိဖြစ်ရာ ဒေသ၏ ဥတုဘောဇဉ်ခေတ်ကိုမရှုစမ်း မဆင်ခြင်သော အစိုးရတာဝန်ခံ

မင်းမှုထမ်း အဆက်ပေါင်းများစွာ ရှိခဲ့ပေသည်၊ မိမိဒေသ၌ ဝိရိယမဆောင်ဘဲ ချောင်ချောင်နှင့် နောက်ယောင်ခံ နေသူတွေ လည်းရှိပေသည်၊ မကောင်းမှု အတိတ်ကံ အကျိုးပေး ဆိုသည့် မှား=ပစ္စုပ္ပန် ပဝတ္တိကာလ၌ အလွန်ညံ့ဖျင်း နုံချာသော ဉာဏ်, ဝိရိယ အညှိအဟောက် ပေါ်မှသာလျှင် ယင်ကောင်လာနားသကဲ့ သို့ မှတ်အပ်ပေသည်၊ ထိုကြောင့် လူတို့ဘုံ၌ ပစ္စုပ္ပန် ဉာဏ် ဝိရိယ သည် ပိုသည်မရှိ အလိုချည်းသာတည်း၊ ပယောဂ သမ္ပတ္တိစက် ဆင်ပုံကို နာနာကြည့်ပြီး လေ့လာပါလေ။

**နိုင်ငံရပ်ခြား ကျွန်းတပါးသို့ သွားလျှင် ဆင်ခြင်ရန်** ယခုအခါ အလွန်ခရီး ပေါက်ရောက်သော ရေယာဉ် လေယာဉ်ခေတ်ဖြစ်သည့် အားလျော်စွာ နိုင်ငံရပ်ခြား ကျွန်းတပါးဟူ၍၎င်း၊ ဥတုရာသီလေ ခြားနားသော ဒေသဟူ၍၎င်း၊အမှတ်မထင်ဘဲ ကူးလူး ဆက်ဆန် နေသည်က များပေသည်၊အနာရောဂါများ ကျရောက် ပြန်ပါလည်း သွေးရိုး သားရိုး ကုစားသကဲ့သို့၎င်း၊ကူးစက်ပြန့်နှံ့ တတ်သော အနာကို ကုစားသကဲ့သို့၎င်း၊ ကုစား ကာကွယ်ကြ လေသည်၊ ဤကဲ့သို့ ကုစားကာကွယ်ခြင်းကို မှားသည်ဟူ၍ လည်း မဆိုနိုင်ပေ၊ အဘယ့်ကြောင့် ဆိုသော်=ရေခြား,မြေခြား, ဥတုရာသီ လေတပါးဟူ၍ မခြားသာဘဲ အိမ်ဦးနှင့်ကြမ်းပြင် ကဲ့ သို့၎င်း၊ သွေးချင်း သားချင်းကဲ့သို့၎င်း ပေါင်းကူး ရောယှက် နေသောကြောင့်ပင် ဖြစ်ပေသည်။

သို့ရာတွင် ဥတုသမုဋ္ဌာန် အားလျော်စွာ ဖြစ်သော အတွင်း ခတ်မီးနှင့် အပြင်ခတ်မီး ၂-ပါးကို စောင့်ရှောက် ထိန်းသိမ်း လိုသူ ဖြစ်ပါမူကား=ဒေသပြောင်းနှင့် ဥတုရာသီ လေအပြောင်း အလွဲကို ဆင်ခြင်အပ်ပေသည်၊ဥတုတပါးပိုင်လျှင် သဘာဝ ဥတု ရာသီ တည်းဟူသော နေပူ လေရှိန် ခတ်နှင့်ပင်လျှင် အသက် ရှည်ရာ အနာမဲ့ကြောင်း ထိန်းကျောင်းပြုပြင် သွားနိုင်ပေသည်။

**ဥဏှဂဏ္ဌိဗန္ဓသား ခရီးသွားလျှင်** အပူပိုင်းဆုံ အရပ်သားသည် အအေးပိုင်းဆုံ အရပ်သို့၎င်း၊ သမပိုင်းဆုံ အရပ်သို့၎င်း၊ခရီးသွားလိုသည်ဖြစ်အံ့=နေပူရှိန် တွေ့ထိနိုင်သော လ ရာသီဥ ကာလ အတွင်းတွင် သွားအပ်၏၊ ထိုခရီးသွားသည် မိမိရပ်ဒေသသို့ ပြန်မည့်သူဖြစ်အံ့-မိမိ၏ ဥတုဘောဇဉ် ဓာတ်ရာသီဥကို မစွန့်အပ်၊ မပြန်မည်သူဖြစ်အံ့- ထိုနေထိုင်မည့် အရပ်ဒေသ၏ ဥတုဘောဇဉ် ဓာတ်ရာသီဥနှင့် သမဘာဂ ဖြစ်အောင် ပြုပြင်စားသုံး နေထိုင်အပ်၏။

**သီတဂဏ္ဌိဗန္ဓသား ခရီးသွားလျှင်** အအေးပိုင်းဆုံ အရပ်သားသည် အပူပိုင်းဆုံ အရပ်သို့၎င်း၊ သမပိုင်းဆုံ အရပ်သို့၎င်း၊ ခရီးသွားလိုသည်ဖြစ်အံ့= လေအေးရှိန် တွေ့ထိနိုင်သော လရာသီဥ ကာလအတွင်း၌ သွားအပ်၏၊ ထိုခရီးသွားသည် မိမိရပ်ဒေသသို့ ပြန်မည့်သူဖြစ်အံ့- မိမိ၏ ကိုယ်ခံ ဓာတ်ဖြစ်သော ဥတုဘောဇဉ် ဓာတ်ရာသီဥကို မစွန့်အပ်၊ မပြန်မည့်သူဖြစ်အံ့- ထိုနေထိုင်မည့် အရပ်ဒေသ၏ ဥတုဘောဇဉ် ဓာတ်ရာသီဥနှင့် သမဘာဂဖြစ်အောင် ပြုပြင် စားသုံးနေထိုင် အပ်၏။

**သမဂဏ္ဌိဗန္ဓသား ခရီးသွားလျှင်** သမပိုင်းဆုံ အရပ်သားသည် အပူပိုင်းဆုံ ဒေသသို့၎င်း၊အအေးပိုင်းဆုံ ဒေသသို့၎င်း၊ ခရီးသွားလိုသည်ဖြစ်အံ့=အပူအအေး ညီမျှသော လ ရာသီဥ ကာလအတွင်းမှာ သွားအပ်၏၊ထိုခရီးသွားသည် မိမိရပ်ဒေသသို့ ပြန်မည့်သူဖြစ်အံ့- မိမိကိုယ်ခံဓာတ်ဖြစ်သော ဥတုဘောဇဉ် ဓာတ်ရာသီဥကို မစွန့်အပ်၊မပြန်မည့်သူဖြစ်အံ့- ထိုနေထိုင်မည့် အရပ်ဒေသ၏ ဥတုဘောဇဉ် ဓာတ်ရာသီဥနှင့် သမဘာဂဖြစ်အောင် ပြုပြင် စားသုံး နေထိုင်အပ်၏။

## မြေနိုးရေငွေ့ကိုစွဲ၍ ခေတ်ရာသီစု ကွဲပြားခြားနားခြင်းအကြောင်း ဒေသကြီး ၃-ပိုင်းကို အရပ် ၃-ပါးနှင့် စိစစ်ပါ

နေပူ လေရှိန်ခေတ်နှင့် ရာသီလေကို စွဲ၍ ခေတ်ရာသီစု ကွဲပြားခြားနားကြသော ဥဏှ, သမ, သီတအပိုင်းကြီး ၃-ပိုင်းကို ပြဆိုပြီးခဲ့ပြီ၊ ထိုဥဏှ ဂဋိဗန္ဓဟူသော အပူပိုင်းဆုံ ဒေသ၌နှင့် သမဂဋ္ဌိဗန္ဓဟူသော သမပိုင်းဆုံ ဒေသကြီး ၂-ပါးတွင် မြေနိုးရေငွေ့ကို စွဲ၍ ခေတ်ရာသီစု ကွဲပြားခြားကြသော အရပ် ၃-ပါး ဟူ၍ အသီးအသီး ရှိပြန်လေသည်။

### မြေရေစွဲသော အရပ် ၃-ပါးကား

၁။ ဇင်္ဂလအရပ်= နေပူကုန်းခေါင်ဒေသ။

၂။ နောပကအရပ်= ရွှံ့ညွန် မြစ်ချောင်း ဆီးသောဒေသ။

၃။ သာဓာရဏအရပ်= စိမ့်မြိုင်တောင်ကမ်း ဆီးသောဒေသ။

ဟူ၍ ၃-မျိုးခွဲ၍ စိစစ်အပ်ပေသည်။

**၁။ ဇင်္ဂလအရပ်၏ ခေတ်ရာသီစုကား :-**

ဖြောင့်မှန်သော နိယာမ ဥတုရာသီ အလိုအားဖြင့် နွေရာသီ တပေါင်း, တန်ခူး, ကဆုန်, နယုန်လများ၌ တွေ့ဘိ ခံစားရသော ခေတ်ရာသီကဲ့သို့ ဒေသအားလျော်စွာ အမြဲခြောက်သွေ့နေသော အရပ်သည် ဇင်္ဂလအရပ်မည်၏၊ အရိပ်အာဝါသ နည်းပါး၏၊ရေပါးရှား၏၊ ရမည်းသင်း, ပျော်ဘွယ်, မြင်းခြံ, မိတ္ထီလာ, ရေနံချောင်း, ချောက်, မန္တလေးစသော နေပူ ဖုံထူ အရပ်မျိုးကဲ့သို့ ဖြစ်၏၊ ထိုဇင်္ဂလအရပ်တွင် ပေါက်ပွါးသော သူတို့သည် အများအားဖြင့် ဥဏှတေဇော ကိန်း၍ သလိပ်ပု ဆောင်တတ်သည်၊ ညိုမောင်း နီရောင်သော အဆင်းရှိတတ်၏ အသားအရေ ခြောက်ကပ် ကြုံလှီသော်လည်း ခိုင်ခံ့မာကြောသော ကိုယ်အင်္ဂါရှိတတ်၏ အောင်မြင် ဝီသသောအသံနှင့် လျင်မြန်သွက်လက်သော နှုတ်အမူ

အရာရှိတတ်၏၊ ပူဆိမ့်ဖန်,ပူခါးစပ် အရသာများကို မမုန်းတတ်၊ အပူဒေသ, အပူခါတ်, အပူရာသီ လွန်ကဲသော ကဏ္ဍဋ္ဌရှပ်ခံမျိုးပေတည်း၊ သွေးရှပ် သားချပ်အနေအားဖြင့် နေပူခံသော မြင်းအား, နွားအား, ဆိတ်အား, သမင်, ဒရယ်, ချိုငယ်, စိုင်ဆတ်, ကြက်,ငှက်များနှင့် အလားတူကုန်၏။

၂။ နောပက အရပ်၏ ခါတ်ရာသီစုကား-

ဖြောင့်မှန်သော နိယာမ ဥတုရာသီ အလိုအားဖြင့် မိုးရာသီ ဂါဆို, ဝါခေါင်, တော်သလင်း, သီတင်းကျွတ် လများ၌ တွေ့ကြုံ ခံစားရသော ခါတ်ရာသီကဲ့သို့ ဒေသအားလျော်စွာ အမြဲစိုစွတ်ထိုင်းမှိုင်း နေသော ရွံ့ညွှန်ဒေသသည် နောပက အရပ်မည်၏၊ ရွံ့ညွှန်ချောင်းမြောင်း ဆီးကာသဖြင့် ခါတ်ရာသီတမျိုး ဖြစ်တတ်၏၊မြွေ ငါး တီ ကျွတ် ပေါများသော အရပ်များကိုလည်း ယူနိုင်၏၊ပဲခူး, ဟံသာဝတီ, မအူပင်, မြောင်းမြ,ဖျာပုံ,ဟင်္သာတ,ပုသိမ်စသော ဧရာဝတီမြစ်ဝ ကျွန်းပေါ် အရပ်များနှင့် တူ၏၊ ထို နောပကအရပ်တွင် ပေါက်ပွါးသော သူတို့သည် အများအားဖြင့် သိတဝါယော ကိန်း၍ လေအပုပ် ဆောင်တတ်၏၊ အရောင်အဆင်းမှာ ဖြူပြာ ပျော့တော့တတ်သည်၊သလုံး,သားမြွတ်,လည်ပင်းကြီး၍ ကိုယ်ကာယ ဆူဖြိုးတတ်သော်လည်း ခွန်အားနည်း၍ ဝမ်းမီး နုံ့တတ်သည်၊ လျှာထူသဖြင့် အဲ, အ, သော အသံနှင့် စကားထွေးတတ်,လေးတတ်သည်၊အေးချို, အေးဆိမ့်, အေးငန် အရသာများကို မမုန်းတတ်၊ ရေနီးဒေသ, အအေးခါတ်, လေအေး လွန်ကဲသော ဖြူဟာနရှပ်ခံမျိုးပေတည်း၊ သွေးရှပ် သားရှပ် အနေအားဖြင့်= ကျွဲများ, ဝက်များ, ဘဲများ, ဘား, ငါး, ဖုဇွန်, ရွံ့ညွှန်ရေကြိုက်သော သားကောင်များနှင့် အလားတူကုန်၏။

၃။ သာဓာရဏ အရပ်၏ ခါတ်ရာသီစုကား-

ဖြောင့်မှန်သော နိယာမ ဥတုရာသီ အလိုအားဖြင့် ဆောင်းရာသီ တန်ဆောင်မုန်း, နတ်တော်, ပြာသို, တပို့တွဲလများ၌ တွေ့

ကြို ခံစားရသော ဓာတ်ရာသီကဲ့သို့ အေးချမ်းသော တောင်တန်း ဒေသသည် သာဓာရဏအရပ်မည်၏၊ တောမြိုင် စိမ့်စမ်း တောင်ကမ်းကြီးတတ်၏၊ ဆီးနှင်းပွှမ်းတတ်၏၊ ရှမ်းပြည် ကုန်းမြင့်ဒေသများနှင့် ရိုးမတောင် ဆီးသော ဒေသများကို ယူနိုင်သည်၊ ထို သာဓာရဏ အရပ်တွင် ပေါက်ပွါးသော သူတို့သည် အများအားဖြင့် ပထဝီအာပေါ ဓာတ်သန့်၍ သွေးသည်းခြေ ဆောင်တတ်၏၊ အရောင်အဆင်းမှာ ဖြူပွတတ်၏၊ သားလုံး, သားမြတ်, လည်ပင်း, ပါးစောင်ကြီးတတ်၏၊ အသွားအလာ နှေးကွေး၍ ခြေခင်း လက်ခင်း လျောင်းစင်း၍ အနေများ၏၊ အသံမှာ နုံ့ဝဲရှည်လေး၏၊ အေးချို, အေးချဉ်, အေးငန်အရသာများကို မရုန်းတတ်၊ နှင်းခံဒေသ, အအေးဓာတ်, သိတ ပထဝီလွှန်ကဲသော သင်္ဂဟိတ ချပ်ခံမျိုး ပေတည်း သွေးချပ် သားချပ်အနေအားဖြင့်=ဆင်, ကြံ့, ပြောင်, ကျွဲ, များနှင့်အလားတူကုန်၏။

**ဇင်္ဂလသား ခရီးသွား** ဇင်္ဂလသားသည် မြွှေ, ငါး, တိ, ကွတ်ရှိသော ရွှံ့ ညွှန်ဒေသ နောပကအရပ်သို့ ခရီးသွားမှု နွေရာသီမှာ သွားအပ်၏၊ နောပက အရပ်မှဖြစ်သော လေ အပုပ်ဆောင်သည့် အစာကို များစွာစားမိလျှင် ဖျားနာတတ်၏၊ အအိပ်များလျှင် လေငန်းနာဖြစ်တတ်၏၊ ထိုနောပက အရပ်မှာ နေမည့်သူ ဖြစ်အံ့=ထို အရပ်၏ ဥတုဘောဇဉ် အစာကိုစား၍ သမဘာဂ ဖြစ်အောင် ပြုအပ်၏၊ မိမိဇင်္ဂလအရပ်သို့ ပြန်မည့်သူဖြစ်အံ့= ပူဆိမ့်ဖန်, ပူခါးစပ် အရသာများကို စား၍ မိမိဒေသ ဥတုကို ခံယူအပ်၏။

ထိုဇင်္ဂလ သားသည်ပင် စိမ့်မြိုင် တောင်ကမ်း ကြီးလှသော ဆီးနှင်းပွှမ်းရာဒေသ သာဓာရဏ အရပ်သို့ ခရီးသွားမှု ပူသော ရာသီမှာ သွားအပ်၏၊ သာဓာရဏ အရပ်မှဖြစ်သော သွေး သည်းခြေ ဆောင်သည့် အစာကို များစွာစားမိလျှင် ဖျားနာတတ်၏၊ အအိပ်များလျှင် သလိပ်ပွါးနာ ဖြစ်တတ်၏၊ ထိုသာဓာရဏအရပ်မှာ နေမည့်သူဖြစ်အံ့= ထိုအရပ်၏ ဥတုဘောဇဉ် အစာကိုယူ၍

သမဘာဂဖြစ်အောင် ပြုအပ်၏၊ မိမိဇင်္ဂလအရပ်သို့ ပြန်သူဖြစ်အံ့= ပူဆိမ့်ဖန်, ပူခါးစပ်, အစာများကိုစား၍ မိမိဒေသ ဥတုကို ခံယူအပ်၏။

**နောပကသား ခရီးသွား** နောပကသားသည် နေပူခံဒေသ ဇင်္ဂလအရပ်သို့ ခရီးသွားမှု မိုးဦးရာသီမှာ သွားအပ်၏၊ ဇင်္ဂလအရပ်မှဖြစ်သော သလိပ်အပူစာကို များစွာစားသုံးလျှင် များနာတတ်၏၊ အသွားအလာ အလှုပ်အရှားများလျှင် သွေးသည်းခြေပျက်အနာဖြစ်တတ်၏၊ ထိုဇင်္ဂလအရပ်မှာ နေမည့်သူဖြစ်အံ့= ထိုအရပ်၏ ဥတုဘောဇဉ် အစာကိုယူ၍ သမဘာဂဖြစ်အောင် ပြုအပ်၏ မိမိနောပက အရပ်သို့ပြန်သူဖြစ်အံ့= အေးဆိမ့် ချဉ် ငန် အစာကိုစား၍ မိမိဒေသ ဥတုကို ခံယူအပ်၏။

ထို နောပက သားသည်ပင် စိမ့်မြိုင် တောင်ကမ်း ဆိုးသော သာဓာရဏအရပ်သို့ ခရီးသွားမှု ဗိုစွတ်သောရာသီမှာ သွားအပ်၏၊ ထိုသာဓာရဏ အရပ်မှဖြစ်သော သွေး သည်းခြေ အစာကို များစွာစားသုံးလျှင် များနာတတ်၏၊ မလှုပ်မရှက် ငြိမ်သက်စွာ ထိုင်ခြင်း ဣရိယာပုထ်များလျှင် သလိပ်ပွါးနာ ဖြစ်တတ်၏၊ ထိုသာဓာရဏအရပ်မှာနေမည့်သူဖြစ်အံ့=ထိုအရပ်၏ ဥတုဘောဇဉ် အစာကိုယူ၍ သမဘာဂဖြစ်အောင် ပြုအပ်၏၊ မိမိနောပက အရပ်ပြန်သူ ဖြစ်အံ့=အေးခါး ချဉ် ငန် အစာကိုစား၍ မိမိဒေသ ဥတုကို ခံယူအပ်၏။

**သာဓာရဏသား ခရီးသွား** သာဓာရဏသားသည် နေပူခံဒေသ ဇင်္ဂလ အရပ်သို့သွားမှု ဆောင်းရာသီ ချမ်းအေးသော အခါမှာ သွားအပ်၏၊ ထိုဇင်္ဂလ အရပ်မှ ဖြစ်သော သလိပ်အပူစာကို များစွာ စားသုံးလျှင် များနာတတ်၏၊ အသွား အလာ အလှုပ်အရှားများလျှင်လည်း သွေး သည်းခြေပျက်နာဖြစ်တတ်၏ ထိုဇင်္ဂလအရပ်မှာ နေမည့်သူဖြစ်အံ့= ထိုအရပ်၏ ဥတုဘောဇဉ် အစာကိုယူ၍ သမဘာဂ ဖြစ်အောင် ပြုအပ်၏၊ မိမိသာဓာရဏ

အရပ်သို့ပြန်သူဖြစ်အံ့=အေး ဆိမ့် ဖန်,အေးချဉ်ငန် အစာများကို စား၍ မိမိဒေသဥတုကို ခံယူအပ်၏။

ထို သာခရေဏသားသည်ပင် ရှုံညွှန် ရေကျဖြစ်သော နောပကအရပ်သို့ ခရီးသွားမူ ချမ်းအေးသော အခါမှာ သွားအပ်၏၊ ထို နောပက အရပ်မှဖြစ်သော လေအပုပ် ဆောင်သည့်အစာကို များစွာ စားသုံးလျှင် ဖျားနာတတ်၏၊ အိပ်ခြင်း ဏ္ဍုရိယာပုထ် များလျှင်လည်း လေနာရောဂါ ဖြစ်တတ်၏၊ ထို နောပကအရပ်မှာ နေမည့်သူ ဖြစ်အံ့=ထိုအရပ်၏ ဥတုဘောဇဉ် အစာကိုယူ၍ သမဘာဂဖြစ်အောင် ပြုအပ်၏၊ မိမိသာခရေဏ အရပ်သို့ ပြန်သူဖြစ်အံ့=မိမိဒေသဥတုကို ခံယူအပ်၏။

## မြန်မာနိုင်ငံဥတု၃-ပါး ဒေသ၃-ရပ် လူမျိုးကြီး ၃-ဦးစပ်၍ ခေတ်တူညီမျှသော ရာသီစုတို့ကို ပေါင်းပြခြင်း

မြန်မာနိုင်ငံသည် နေသွားလမ်းကျ၍၊ နေပူ လေ၅ိန် စွဲသော ခေတ်ရာသီ အလိုအားဖြင့် ဥဏှဂန္ဓိဗန္ဓ အပိုင်း၌ပါဝင်၏၊ ထိုဥဏှဂန္ဓိဗန္ဓ အပိုင်းဖြစ်သော မြန်မာပြည်ထောင်စု အတွင်းမှာပင် မြေ ခိုး ရေငွေ့စွဲသော ခေတ်ရာသီ အလိုအားဖြင့်=ဇင်္ဂလ, နောပက, သာခရေဏဟူ၍ ဒေသကြီး ၃-ပါး ကွဲပြားပြန်၏၊ထိုကွဲပြားသော ဒေသအားလျော်စွာ ဒေသရိုးရာစွဲ၍ အမျိုးဘာသာစု ဟူ၍ ခြားနားလာသည်၊ ထိုအမျိုးဘာသာစုမှ မိဘရိုးရာ စွဲ၍ လူမျိုးအုပ်စုဟူ၍ ဆင်းသက်ပြန့်ပွါး လာလေသည်၊ မူလအရင်းစစ်လျှင် ဥတုကြီး ၃-ပါး ဒေသကြီး ၃-ရပ်ကိုစွဲ၍ သဘာဝခေတ်ရာသီစု ကွဲပြားခြားနားခြင်း ပေတည်း။

### သဘာဝခေတ် ရာသီကွဲ၍လူမျိုးဘာသာ ခြားနားပုံကား

၁။ ဇင်္ဂလ ဒေသရိုးရာစွဲ၍ မြန်မာလူမျိုးနှင့်ဘာသာ။

၂။ နောပက ဒေသရိုးရာစွဲ၍ မွန်တလိုင်းလူမျိုးနှင့် ဘာသာ။

၃။ သာခရေဏ ဒေသရိုးရာစွဲ၍ ရှမ်းလူမျိုးနှင့်ဘာသာ။

ဟူ၍ မြန်မာနိုင်ငံ လူမျိုးတို့ရာဇဝင်မှာ ထင်ရှားလှလေသည်၊ ထိုမျိုးရိုးဗု ဘာသာကြီး ၃-ရပ်သည် မြန်မာနိုင်ငံ မြေရေ ဥတုစွဲသော လူမျိုးဘာသာကြီးဖြစ်၍၊ မြန်မာနိုင်ငံ ရာဇဝင်ကို မင်းအဆက်ဆက် ချေဖျက် သွားကြသည့် တိုင်အောင် ထုံခါတ်ရာသီဗုကြီး ၃-မျိုးကား လုံးဝကြေပျောက် သွားလိမ့်မည် မဟုတ်ပေ၊ အဘယ်ကြောင့် ဆိုသော်=မြေစွဲ ရေစွဲ ဥတုစွဲ ရာသီစွဲနှင့်အဖြောင့်အမှန် ဖြစ်ပေါ်လာသော လူမျိုးဘာသာ ရိုးရာမှန်သော ကြောင့်တည်း။

**လူမျိုးဓလေ့ကို ကြည့်လျှင်** ဇက်လရိုးရာ စွဲသော မြန်မာဆိုသည်မှာ= တကောင်း ပင်းယ အင်းဝ ပုဂံ စသော အမျိုးဆက်များမှ ဖြန့်ပွါးသော မျိုးရိုးဗုကို ဆိုပေသည်၊ နောပက ရိုးရာစွဲသော မွန်တလိုင်းဆိုသည်မှာ=သထုံ ရက္ခမ ပဲခူး ဧရာဝတီတိုင်း တနင်္သာရီတိုင်း အမျိုးဆက်များမှ ဖြန့်ပွါးသော မျိုးရိုးဗုကို ဆိုပေသည်၊ သာခါရဏာရိုးရာစွဲ ရှမ်းလူမျိုး ဆိုသည်မှာ သိန္နီ သီပေါ ဇင်းမယ် စသော အမျိုးဆက်များမှ ဖြန့်ပွါးသော မျိုးရိုးဗုကို ဆိုပေသည်၊ ထိုမှတပါးသော မျိုးဗု ရိုးဗုများသည် တမျိုးနှင့် တမျိုး ရောယှက်သဖြင့်ဗုင်း၊ ဒေသတခုနှင့် တခု ကူးပြောင်းစပ်ဟပ်သဖြင့်ဂုင်း၊ အဖိုဖို အဝဝ ကွဲပြား ကြသော်လည်း ဒေသကြီး ၃-ရပ်ခွဲလျှင် တရပ်ရပ်တွင် ပါဝင်ကြလေသည်၊ ပုံစံအားဖြင့်=မြေပြန့်ကရင်သည် နောပက ဒေသတွင် ပါဝင်၍ တောင်ပေါ်ကရင်သည် သာခါရဏာဒေသတွင် ပါဝင်သင့်သည်၊ ချင်း ကချင် ရခိုင်နှင့် တောင်တန်းသားတို့မှာ အချို့မှာ ဇက်လရိုးရာ, အချို့မှာ သာခါရဏာရိုးရာတို့၌ ပါဝင်ကြလေသည်။

**ပြဆိုလိုရင်း အချက်မှာ** ထိုဇက်လ နောပက သာခါရဏာ ဟူသော ဒေသကြီး ၃-ရပ်ကိုစွဲ၍ ဒေသရိုးရာ ဘာသာ ခြားနားမှုကြီး ၃-မျိုးသည် နိုင်ငံတကာတိုင်းမှာ အနည်းနှင့်အများ ရှိတတ်ပေသည်၊ မြန်မာနိုင်ငံတွင် ပြည်ထောင်ဗု ဆိုသည့်အတိုင်း လူမျိုးဗု

ပြည်ထောင်များ မည်မျှပင် ကွဲပြားစေကာမူ ထိုဒေသ ရိုးရာစွဲရှိသော ဇင်္ဂလသား, နောပကသား, သာခါရဏသားကြီး ၃-ယောက်သာလျှင် မြန်မာနိုင်ငံ ပထဝီဝင်၏ အခြေခံ မျိုးရိုးဖြစ်ပေသည်၊ ထိုဒေသ မျိုးရိုးကြီး ၃-ခုသည် မြန်မာနိုင်ငံတော်၏ ဝန်ကို တလှည့်စီ ထမ်းဆောင်လာခဲ့သော အခြေခံ အုတ်ချုံကြီး ၃-ခုနှင့် တူပေသည်၊နိုင်ငံနှင့် လူမျိုးတို့၏ အပူအနွေး, အချမ်းအအေးကို အလှည့်ကျ ပေးနိုင်သော နွေ,မိုယ်း, ဆောင်းဟူသော ဥတုကြီး ၃-ပါးနှင့်လည်းတူ၏၊ဤကား=ဒေသခေတ်၏ ဥတုဇချပ် အလိုကို ဖော်ပြခြင်းတည်း။

**တိုင်းရင်းဆေးရုံ တည်ဆောက်လျှင်** မြန်မာနိုင်ငံတွင် တိုင်းရင်း ဆေးပညာ နည်း စံနစ်အရ တိုင်းရင်းမြန်မာ ဆေးရုံများကို တည်ဆောက်လျှင် အထက်တွင် ဖော်ပြခဲ့သော ဥတုကြီး ၃-ပါး ဒေသကြီး ၃-ရပ်နှင့် သင့်လျော် လျောက်ပတ်သော အစီအရင်ကို ယူအပ်ပေသည်၊ အဘယ့်ကြောင့် ဆိုသော်-ရောဂါ မကျရောက်မီအောင် ကာကွယ်ရခြင်း၊ အနာရောဂါ ကုစားရခြင်း (၁) ဥတု (၂)ခေတ် (၃)ဒေသ (၄)အရွယ် (၅)အချိန်ဟူသော အချက်ကြီး ငါးချက်ကို ညီညွတ် မျှတအောင် ပြုလုပ်ရသော အစီအရင်သည် ဆေးဘောဇဉ် ထက်ပင် ဂုဏ်,ကိစ္စ,ဝိပါက,သတ္တိထူးလှ၏၊ ဥတုကျော် အဓိကနာများ ဖြစ်ပါမူကား=များစွာလိုအပ်၏၊ လောကခေတ်သိပ္ပံ ဆေးအတတ်နှင့် မကုစားနိုင်သော အနာရောဂါများကို တိုင်းရင်းဆေးအတတ်နှင့် ကုစားအပ်၏။

**တိုင်းရင်းဆေးရုံ တည်ဆောက်သင့်သော အစီအရင်မှာ—**

၁။ ဇင်္ဂလဆေးရုံ=နွေရာသီဆောင်, နေပူဂိုန်ခန်း။

၂။ နောပကဆေးရုံ=မိုယ်းရာသီဆောင်,ရေခြင်ထောင်ခန်း။

၃။ သာခါရဏဆေးရုံ=ဆောင်းရာသီဆောင်, စိမ့်မြှင်ခန်း။


ဟူ၍ တရုံစီ အသွင်တူအောင် ဖန်တီးအပ်၏၊ ဆေးရုံငယ်ဖြစ်ခဲ့သော် ၃-ထပ် ဆေးရုံဆောက်၍ တထပ်စီ ဖန်တီး ယူနိုင်၏။

သုံခန္ဓဝတီ-၇၆၁–၂၃

## ဥတု, ကာလ, ဒေသ, ဌာန, ဣရိယာပထ တူမျှသော ခေတ်ရာသီစုကို ပေါင်းပြခြင်း

**ဇင်္ဂလဒေသနှင့် တူမျှသောခေတ်များ** မည်သည့် အရပ်ဒေသတွင်မဆို= သစ်ပင် အရိပ်အာဝါသမရှိခြင်း၊ နေပူခံဖြစ်သော မြေ နေရာဖြစ်ခြင်း၊ ရေမနီးသော ဌာနဖြစ်ခြင်း၊ နွေရာသီကဲ့သို့ပူခြင်း နေ့ခင်း, မွန်းလတ်,မွန်းတည့်,မွန်းလွဲ အချိန်ကဲ့သို့ ခြောက်သွေ့ ခြင်း၊သွတ်မိုး,ကွန်းပြင် အိမ်ဖြစ်ခြင်း၊အိမ်အပေါ်ထပ်မှာနေခြင်း၊ စသည်တို့သည် ဇင်္ဂလဒေသခေတ်နှင့် တူမျှ၏။ ဇင်္ဂလသားတို့ သည် နောပကနှင့် သာဓာရဏဒေသများသို့ ခရီးသွားလျှင် ဤ ကဲ့သို့ အိုးရိပ်အိမ်ရိပ်မျိုးကို ရှာဖွေနေထိုင်အပ်၏၊ အေးပိတ်နာ, အေးဖွဲ့နာ,အေးသက်နာ ကျရောက်သူ များသည်လည်း ဤကဲ့သို့ ဇင်္ဂလခေတ်ကိုယူ၍ ပြုပြင်ကုမတ်အပ်၏၊ ဣရိယာပုထ်အားဖြင့် မိမိကိုယ်ခန္ဓာကို ခရီးပြင်း အသွားအလာ အလှုပ်အရှား များစေ လျှင်လည်း ဇင်္ဂလခေတ်ကို ရတတ်ပေသည်၊ ရာသီပိုင်းအားဖြင့် တပေါင်းလပြည့်ကျော် တရက်နေ့မှ ဝါဆို လပြည့်နေ့အထိ ၈-ပက္ခ ၄-လ နွေရာသီတွင်၎င်း အချိန်ပိုင်းအားဖြင့် မွန်းလတ် ၁၁— နာရီမှ နေဝင် ၆-နာရီအတွင်းမှာ ဤဇင်္ဂလခေတ်မျိုးကို ရတတ် ပေ၏၊ (အချိန်ပိုင်းရာသီပုစက်ဝိုင်းနှင့် ယှဉ်ကြည့်ပါ)။

**နောပကဒေသနှင့် တူမျှသောခေတ်များ** မည်သည့် အရပ်ဒေသတွင်မဆို= ရေနီး ကမ်းစပ် အရိပ်အာဝါသဖြစ်ခြင်း၊ ရွံ့ညွန် နုံး မြေနှင့် ထိုင်းမှိုင်းမိုးစွတ်ခြင်း ဂိမ်းရာသီကဲ့သို့ ဗိုတုံ ခြောက်တုံ ဖြစ်ခြင်း၊ နေဝင်, ညဦး, ညယာမ်, ကဲ့သို့ ထိုင်းမှိုင်းခြင်း၊ ခနီ, သက်ငယ်, ဝါးထရံ အိမ်ဖြစ်ခြင်း၊မြေခင်း အိမ်အောက်ထပ်မှာနေ ခြင်း စသည်တို့သည် နောပကဒေသခေတ်နှင့် တူမျှ၏၊ထိုနောပက သားတို့သည် ဇင်္ဂလဒေသသို့ ခရီးသွားလျှင် ဤကဲ့သို့ အိုးရိပ် အိမ်ရိပ်ကို ရှာဖွေနေထိုင်အပ်၏၊ ပူတက်နာ, ပူပွင့်နာ,ကျရောက် သူများသည်လည်း ဤကဲ့သို့ နောပကခေတ်ကိုယူ၍ ပြုပြင်ကုမတ်




# အချိန်ပိုင်း ရာသီစုများကိုပြခြင်း

( ရာသီစက်ကို ဤသို့သိပါ )

၁။ အပြင်စက်ကွင်းသည် အချိန် ၁၂-ပါးကို သတ်မှတ်ပြသည်။

၂။ ဒုတိယစက်ကွင်းသည် စက်နာရီ အပိုင်းအခြားကို သတ်မှတ်ပြသည်။

၃။ တတိယစက်ကွင်းသည် တူမျှသောဥတုနှင့် ဒေသ ရာသီစုကိုပြသည်။

၄။ စတုတ္ထစက်ကွင်းသည် ပိုင်းခြားကြည့်ရန် မြှားလမ်းနှင့်ပြသည်။

၅။ ပဉ္စမစက်ကွင်းသည် နေ့နှင့်ညဥ့်ကို အယာဉ် ၂-ပါးနှင့် ယှဉ်ပြသည်။

မှတ်ရန်မှာ။ နေတက် ၉-နာရီမှ ညနေ ၄-နာရီအတွင်းသည် နွေရာသီ,ဇင်္ဂလာအရပ်နှင့်တူ၏။ ညနေ ၅-နာရီမှ သန်းခေါင် ၁၂-နာရီအတွင်းသည် မိုးရာသီ,နေဝင်အရပ် ဥဘုနှင့်တူ၏၊ သန်းခေါင်ကျော် ၁-နာရီမှ နေတက် ၈-နာရီအတွင်းသည် ဆောင်းရာသီ,သာခရဏာ အရပ်နှင့်တူ၏ (ဤကား=ဥတု,ဓာတ်,အရပ်,အချိန်တပ်ပုံတနည်းတည်း)။

အပ်၏၊ ဇွာရိယာပုထ်အားဖြင့် လျောင်းစင်း၍ အအိပ်အနေများ လျှင်လည်း နောပကခေတ်ကို ရတတ်ပေသည်၊ ရာသီပိုင်းအား ဖြင့် ဝါဆိုလပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့ အထိ ၈-ပက္ခ ၄-လ မိုးရာသီတွင်၎င်း၊ အချိန်ပိုင်းအားဖြင့် နေဝင် ၇-နာရီမှ ညဦး, ညယာမ်, သန်းခေါင်, သန်းလွဲ ၃-နာရီ အတွင်းမှာ ဤနောပကခေတ်မျိုး ရတတ်ပေသည်။

**သာဓာရဏဒေသနှင့် တူမျှသောခေတ်များ** မည်သည့် အရပ်ဒေသတွင် မဆို=သစ်ပင် အရိပ်အာဝါသ ကောင်းခြင်း၊ စိမ်းပိုသော မြက်ခင်းရှိခြင်း၊ စမ်းရေ,ကျောက်ရေ, မြိုင်ရေရှိခြင်း၊ဆောင်းရာ သီကဲ့သို့ ချမ်းအေးခြင်း၊ နံနက်ခင်းအာရုံကဲ့သို့ ရိပ်ငြိမ်သာယာ ခြင်း၊အခုတ်ကွတ်မိုး, အခုတ်ပုံခံဇိုင်ဖြစ်ခြင်း စသည်တို့သည် သာ ဓာရဏ ဒေသနှင့်တူမျှ၏၊ ထိုသာဓာရဏ သားတို့သည် ဇင်္ဂလ ဒေသနှင့် နောပကဒေသသို့ ခရီးသွားလျှင် ဤကဲ့သို့ အိုးရိပ် အိမ် ရိပ်ကို ရှာဖွေနေထိုင်အပ်၏၊ အပူလွန်နာ ကျရောက်သော လူနာ တို့သည်လည်း ဤကဲ့သို့ သာဓာရဏခေတ်ကိုယူ၍ ပြုပြင်ကုမတ် အပ်၏၊ဇွာရိယာပုထ်အားဖြင့် မလှုပ်မယှက် အထိုင်အရပ်များလျှင် လည်း ဤသာဓာရဏခေတ်မျိုး ရတတ်ပေသည်၊ ရာသီပိုင်းအား ဖြင့် တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့် နေ့အထိ ၈-ပက္ခ ၄-လ ဆောင်းရာသီတွင်၎င်း၊ အချိန်ပိုင်းအား ဖြင့် နံနက်အာရုဏ်တက် ၄-နာရီမှ ရောင်နီပေါ်, နေထွက်, နေ တက်,မွန်းလတ် ၁၀-နာရီအချိန်အတွင်းမှာ ဤသာဓာရဏ ခေတ် မျိုး ရတတ်ပေသည်။

## ဥတု,ခေတ်,အရပ်,အရွယ်,အချိန် ၅-ပါးထပ်ပြီး အနာဖြစ်လျှင် ကုံနာဆိုရခြင်း

အသက်တွင် ဥတု,ကာလ, ဒေသ, ဌာန, ဇွာရိယာပထ တို့ကို စပ်၍ တူမျှသော ခေတ်ရာသီပုတ္တိုကို သိထားခြင်းကြောင့် အနာ ရောဂါ မကျရောက်မှီ ကြိုတင်ကာကွယ်နိုင်ခြင်း ရာသီကူး, ဒေသ

ပြောင်း, ခရီးသွား, အနေအစား လျော်မလျော်ကို ဆင်ခြင်နိုင်ခြင်း၊ ဆန့်ကျင်ဘက် အနာရောဂါများ ကျရောက်လျှင် သင့်မြတ်သော ဓာတ်ရာသီကိုယူ၍ ကုမတ်နိုင်ခြင်း အကျိုးရှိပေသည်၊ ဤသည့်လျှင် အပြင်ဗဟိဒ္ဓဥတု ထူထောင်ခြင်းပေတည်း သေဆုံးချင်သည့် လူနာများမှာ အနာနှင့်သဘာဂဖြစ်သော ဓာတ်ရာသီဥတုများဆုံ၍ ကံအားလျော်စွာ ကြုံကြိုက်တတ်ပေသည်၊ ထိုအခါ ကံနာဟူ၍ ဈေးဆရာကြီးများ လက်လွှတ်တတ်ပေသည်၊ ဤနေရာ၌ လူနာနှင့် လူနာရှင်ကအခွင့်ပြုလျှင် အားတိုက် ခွန်ဇိုက်ပြုပြင်ကုမတ်ရသော လက်တွေ့ပွဲကျော် ကုထုံး နည်းများကို ပြွန်ကြားပြလိုက်ပေအံ့။

**သလိပ်အရွယ်နှင့် ပူတက်ပွင့်နာ** မွေးသည်မှစ၍ ၁၆-နှစ်အရွယ်ကို သလိပ် အရွယ်ဟုဆိုသည်၊ မိုက်မဲစွာ ပျော်ရွှင်မြူးထူးတတ်သောကြောင့် ဗာလအရွယ်ဟူ၍လည်း ခေါ်သည်၊ (၁)ထိုသလိပ်အရွယ် သူငယ်ဖြစ်ခြင်း (၂) နွေရာသီ ပူပြင်းသော ဥတုကြုံခြင်း (၃) ခြောက်သွေ့သော ဇင်္ဂလအရပ်၌ နေခြင်း (၄)ပူအိုက်သော အချိန်ကာလပိုင်းလည်း ဖြစ်ခြင်း (၅) ပူတက်ပွင့်နာ ဖြစ်သည်လည်းမှန်ခြင်း၊ ဤအင်္ဂါငါးပါးထပ်လျှင် သေတတ်သည်၊ ဦးစွာပြုလုပ်ရန်မှာ= နောပကဆေးရုံမိုးယံရာသီဆောင် ရေချင်ထောင်ချ၍ ရေလောင်းကုနည်းဖြင့်၎င်း၊ သာဓာရဏဆေးရုံ ဆောင်းရာသီဆောင်တွင် မြှုပ်ချ၍ ယပ်လေခတ်သော ကုနည်းဖြင့်၎င်း ကုမတ်အပ်၏၊ ဥတုဒေသကို အောင်နိုင်ပြီးမှ အကြေဆေးကို ပေးအပ်၏၊ လူနာရှင် အခွင့်မပြုလျှင် လျစ်လျူရှုအပ်၏။

**သွေးသည်းခြေအရွယ် အေးစီးနာ** အသက် ၁၆-မှ ၃၂-နှစ်မှာ အဆင်းလှ၍ သွေးဘိုးပွါးဆဲ အရွယ်ဖြစ်သောကြောင့် သွေးအရွယ်ဟုခေါ်သည်၊ အသက် ၃၂-မှ ၄၈-နှစ်အထိ ခွန်အားကြီး၍ သည်းခြေပွါးဆဲ အရွယ်ဖြစ်သောကြောင့် သည်းခြေ အရွယ်ဟုခေါ်သည်၊ (၁)ထိုသွေးအရွယ်, သည်းခြေ အရွယ်ဖြစ်ခြင်း (၂) ဆောင်းရာသီ ဆီးနှင်းခြွမ်းဆဲ အခါဖြစ်ခြင်း (၃) ချမ်းအေး

သော သာဓာရဏ အရပ်ဖြစ်ခြင်း (၄)အအေးဓာတ် ပတ်ဖွဲ့သော အချိန်ကာလပိုင်း ဖြစ်ခြင်း (၅)အေးစီးနာ, အေးဖွဲ့နာ ဖြစ်သည့် မှန်ခြင်း၊ ဤအင်္ဂါ ၅-ပါးထပ်လျှင် ဇင်္ဂလဆေးရုံ နွေရာသီဆောင် အပူခန်းတွင် အပူဓာတ်ပေး၍ ချွေးထုတ်ကုမတ်အပ်၏။

**လေအပုပ်ရှယ်နှင့် အေးသက်နာ** အသက် ၄၈-မှ ၆၄-နှစ်အထိ ဤလက်ပွါးသော အချိန် လေအရွယ်ပိုင်းဟု ခေါ်သည်၊ အသက် ၆၄-မှ ၈၀-ကို ဆုတ်ယုတ်သောအချိန် အပုပ်အရွယ်ပိုင်းဟုခေါ်သည်၊ (၁)ထို လေအရွယ်နှင့် အပုပ်အရွယ်ဖြစ်ခြင်း (၂) မိုးယ်း ရာသီ မိုးယ်းရွာသဲ ဥတုဖြစ်ခြင်း (၃) စိုစွတ်သော နောပကအရပ် ဖြစ်ခြင်း (၄) အအေး ပတ်ဖွဲ့သော အချိန်ကာလ ပိုင်းဖြစ်ခြင်း (၅) အေးစီးနာ, အေးသက်နာ ဖြစ်သည်လည်းမှန်ခြင်း၊ ဤအင်္ဂါ ၅-ပါးထပ်လျှင် အကြောင်းငြိမ်းအောင် ဦးစွာပြုအပ်၏၊ ဇင်္ဂလ ဆေးရုံ, နွေရာသီဆောင် အပူခန်း၌ နေပူ မီးပူ ဆေးပူ အငွေ့ ပေး၍ ကုမတ်အပ်၏၊သင်္ဂဟိတရပ် လေဖြတ်သော အနာများကို အရေးတကြီး သင်းကြီး မီးကြီးဖို၍ အပြင်ဥတုမီးနှင့် ချက်ခြင်း ထုတ်ဆောင်အပ်၏ အတွင်းဓာတ်ကိုမဖျက်အပ်။

# ဗဟိဒ္ဓဥတု ဖေါက်ပြန်ခြင်းကြောင့်

## ရောဂန္တရကပ်ကြီး ဆိုက်ပုံအကြောင်း

**ဆေးသမားများ သိသာရန်** ထိုဖေါက်ပြန်သော ဥတုကိုအကြောင်းခံ၍ ဥတု ပျက် အနာများ ကျရောက်သော အခါမျိုး၌ အနာရောဂါ ပေါင်းများစွာ အမည်တပ်ပြီး ဆေးပေါင်းများစွာ ရှာဖွေလျက် ဗျာပါလတ်နေတတ်သော သမားဆရာ ယောင်မျိုးကို အသူးရှောင်ကြဉ် အပ်ပေသည်၊ အဘယ့်ကြောင့်ဆိုသော်=လူတို့ သည် ထိုအခါ၌ အလွန်ဗျာပါသောာကကြီးတတ်၏၊ သောကကြီး လေလေ စိတ္တဇမီးအားကြီးလေလေ အမှားကြီး လေလေဖြစ်၏၊ ကြောက်အား ကြီးလေလေ အဇ္ဈတ္တမီး ငြိမ်းအေး ပြန်လေလေ

အသေများပြား လေလေဖြစ်၏၊ ရှေးအခါကြီးများ၌ ပေါ်ပြခဲ့ပြီးသော အဋ္ဌတ္တခေတ်မီးနှင့် ဗဟိဒ္ဓခေတ်မီး ၂-ပါးတို့၏ အားရှိအားမဲ့ ကျေးဇူးဆက်ပုံကို ပြန်ကြည့်လျှင် ဤဥတုပျက် အနာဟူသည်မှာ ထူးခြားဆန်းကြယ်သော အနာမဟုတ်ချေ၊ သဘောအားဖြင့် သိတဒုဘာဟမီး, ဥဏှဒုဘာဟမီး, သိတုဏှဒုဘာဟမီးတို့သည် အတွင်းအပြင် အစွမ်းပြကာ ကမ္ဘာပျက်သကဲ့သို့ ရုပ်ခန္ဓာပျက်ရန်ဖြစ်သည် ဟူ၍ သိနိုင်ပေသည်။

**ရောဂန္တရကပ် ဆိုက်ရပုံ** ထိုဥတုပျက်နာသည် လူတို့၏ကိုယ်၌ အသက်မီးဟူသော ပါစက တေဇောဝမ်းမီးနှင့် ကိုယ်စောင့်မီးဟူ ဥသ္မာတေဇော မီးတို့၏ကိစ္စကို မှုမှုတတ မစွမ်းဆောင်နိုင်အောင် ဗဟိဒ္ဓမီးဟူ၍၎င်း, ဥတုဟူ၍၎င်း, တေဇောဟူ၍၎င်း ခေါ်သော သင်္ခါရခေတ်မီးတို့က လွှမ်းမိုးဖိစီး နှိပ်စက်ထားသည်ကို သိအပ်ပေသည်၊ ထိုမီးသည် အတွင်းကိုလည်း ကူးလောင်နိုင်သည်၊ အပြင်ကိုလည်းကူးလောင်နိုင်သည်ကံကိုလည်းကူးလောင်နိုင်သည်၊ စိတ်ကိုလည်း ကူးလောင်နိုင်သည်၊ ဥတုကလည်း လောင်နိုင်သည်၊ အာဟာရကလည်း လောင်နိုင်သည်၊ ထိရောတောက်နိုင်သော တေဇော ခေတ်မီးမျိုးဖြစ်၍ အရပ်ရှစ်မျက်နှာအရပ်ဆယ်မျက်နှာတို့၌ ပိုင်းပိုင်းလည်လျက်ပင် ရှိပေသည်၊ ထို့ကြောင့် ကူးစက်ကြသည်၊အများအပြားဖြစ်ကြသည်၊ထိုအခါမျိုးတွင် မလိမ္မာသောဆေးသမားအတတ်နှင့် ဗျာပါခတ်တတ်သောလူတို့ ပေါင်းဆုံတွေ့ကြသော အခါ-အိုးပျက်, အိမ်ပျက်, အရပ်ပျက်ပြီး,မြို့ရွာဇနပုဒ်ဖျင်းသုန်းသွားအောင် ကပ်ရောဂါကြီးဆိုက်သွားတတ်ပေသည်၊ရောဂန္တရကပ်ဆိုသည်မှာ ဥတုပျက်နာကစတင်ဖြစ်ပေါ်သည်ကို ကောင်းကောင်းကြီး သိထားအပ်လေသည်။

**အကြောင်းငြိမ်းဆေးကို ရှာဖွေအပ်သည်** ဥတုပျက် အနာမှစတင်၍ ရောဂန္တရကပ်မျိုး အကျိုးကြီးထင်အောင် လောင်မြိုက်နေသောမီးကား=မြေနှင့် ဖိသတ်ပြန်လည်း ပို၍လောင်စာ

ကောင်းသည်၊ လေနှင့် မှတ်သတ်ပြန်လည်း ပို၍လောင်အားရှိသည်၊ ထို့ကြောင့် ရေနှင့်တူသော အကြောင်းငြိမ်းဆေးကို ရှာဖွေအပ်ပေသည်၊ လူတို့၏ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးကို ဆောင်သော ကံဟောင်း၏ အားရှိအားမဲ့နှင့် ယခုလက်ငင်း တွေ့ကြုံနေသော သမ္ပတ္တိစက်နှင့် ဝိပ္ပတ္တိစက် ၂-ပါး၏ အားရှိ အားမဲ့ကို ဆင်ခြင်တိုင်းထွာ၍ အေးအေးမှန်မှန် ပြုကျင့်အပ်ပေသည်၊ ဆိုဘွယ်အထူးကား=ထိုဥတုစသည်တို့၏အားနှင့်လူတို့၏ကံအားသည် အင်အားတူ၍ နေခဲ့အံ့၊ လူလိမ္မာလျှင် ကံကနိုင်၏၊ လူမလိမ္မာလျှင် ဥတုစသည်တို့က နိုင်၏၊ လူတို့၏ ပစ္စုပ္ပန် ကံ, ဉာဏ်,ဝီရိယ အားကောင်းလှလျှင် ကံကပင်နိုင်၏၊ ဘုရားရှင်၏ ဒေသနာ အာဏာစက်နှင့် ပရိတ်မေတ္တာ ဘာဝနာတန်ခိုးတို့ကို အားကိုးခြင်းသည် အကြောင်းငြိမ်းဆေးဘက်ကြီးပေတည်း၊ ရှေးအခါကပျာ၌ဆိုခဲ့သော အာယုကပ်ကမ္ဘာကြီးထူထောင်ခဏ်းနှင့် ပယောဂသမ္ပတ္တိစက်ဆင်၍ ပြုပြင်စီရင်သောအမှုတို့သည်လည်း ဥတုပျက်ကပ်နာကြီးကို ကယ်တင်နိုင်သော စစ်ကူတို့ပေတည်း။

ဤနေရာ၌ ဆိုဘွယ်အထူးကား ဥတုပျက် ရောဂန္တရ ကပ်ဘေးကြီးများဆိုက်ရောက်သောအခါ မေတ္တာ ကရုဏာစိတ်နှင့် ရှေးရှုရွတ်ဘတ်သော ပရိတ်ဒေသနာ ဂါထာမန္တရား ဘုရားအာဏာစက်တို့သည် သောကကင်းဝေး၍ ဇဟိဒ္ဓမီးခတ်ကို ငြိမ်းသတ်နိုင်သော အကြောင်းငြိမ်းဆေးနှင့်တူ၏၊ သောကပူ စိတ်ပူနှင့် အရပ်ကူပါ လှိုင်းပါ အော်နေသော ကြွေးကြော်မှုတို့သည် ဇဟိဒ္ဓမီးခတ်ကို မီးတောက်ကောင်းအောင် လေခတ်ပေးသည်နှင့်တူ၏၊ ဆိုခွင့်ရှိ၍ ဆိုရပေဦးအံ့= ကပ်ရောဂါ ဘေးကြီးများဆိုက်ရောက်ရာ၌ ပယောဂသမ္ပတ္တိ စက်ဆင်၍ ကာကွယ်မှု အစီအရင်သည် ရှေးအခါများကပင် ရှိခဲ့ပေသည်၊ အချို့မှာ သားရဲသားဘက် ဘီလူး မိစ္ဆာ နတ်ဆိုးတို့ အညှိုးပြေအောင် ပသတင်မြှောက်ကြ၏၊ အချို့မှာ ထိုထိုနတ်ဆိုးများ ထွက်ပြေးသွားအောင်

လုံ့လပယောဂစိုက်၍ မောင်းမဲနှင်ထုတ်ကြ၏၊ ဤဆေးကျမ်းဆရာ၏အလိုကားအထူးဆိုဘွယ်မရှိပေ၊ ရှေးရှေး အခါလက်များက ပြုပြီးသည့် အကိုင်းသူ့အကြောင်းနှင့် သူ့အကျိုးရှိသည်ဟူသော အသိတခုသည်ပင်လျှင် အကြောင်း ငြိမ်းဆေးတော်ကြီးတခုဖြစ်၏၊ သို့သော် ပြဋ္ဌာန်းသော အကြောင်းကို ရှေးဦးစွာရှာအပ်၏။

**ဥတုမသိ ဆေးမရှိ** "ဥတုမသိ ဆေးမရှိ,ဥတုမပိုင် ဆေးမကိုင်နဲ့" ဟူသော စကားသည် ဥတု ဝိပရိဏာမဇ အနာစွဲများကို ရည်၍ ဆိုခဲ့ဟန်တူပေသည်၊ ရှင်းပေအံ့- လိမ်မာကျွမ်းကျင်သော ဆေးသမား ကောင်းကြီးတို့သည် ဖေါက်ပြန်သည့် ဥတု၏ လက္ခဏာကို ကြိုတင်၍ မြင်တတ်ကြသည်အတိုင်း၊ ကျရောက်မည့်ဥတုပျက်အနာအထူးကိုလည်း ကြိုတင်၍ သိမြင်တတ်ကြပေသည်၊ အခါမတိုင်မှီကတင်ကူး၍ ဆေးအစီအရင်နှင့်ဓာတ်စာများကိုညွှန်ပြထားတတ်ပေသည်၊ရောဂါထူး အနာထူး ကျရောက်လာပြန်ပါလည်း ဗျာပါသောက မများဘဲ အဏ္ဏဝ တေဇောဟူသော ကိုယ်ခံ မီးဓာတ်ကိုဖြောင့်မတ်ပေးသော အနေအားဖြင့်သာလျှင် ဆေးဓာတ်စာ ရိုးရိုးပေးကမ်း ကုမတတ်ကြပေသည်၊ အထူးအားဖြင့် ဝိပရိ ဥတုပျက်နာ ကျရောက်နေစဉ်အခါ အဏ္ဏဝ ဥတု ဘက်က ခံစစ်ပြု၍ ဖြောင့်ဖြောင့် မတ်မတ် ကြံ့ကြံ့ခိုင်ခိုင် ထူထောင်အားပေးမှုကိုသာလျှင် အရေးထားအပ်ပေသည်၊ ဆေးကိစ္စနှင့် ဗျာမများသင့်ပေ။

**ဖေါက်ပြန်သော ဝိပရိဥတုအလို** ဖေါက်ပြန်သော ဝိပရိဥတု၏ လက္ခဏာကို ဘိတိကျကျ သိဘို့ရန်မှာ နိယာမ ဥတုဓာတ်၏ အပူအအေးကို ဆင်ခြင်တိုင်းထွာနိုင်သော ဒီကရီစံပြုန်ရှိလျှင် ပို၍ လွယ်ကူပေလိမ့်မည်၊ရှေးသမရိုးကျ သိပုံကား၊နိယာမဥတုဓာတ်ကို အပူအအေး မှန်မှန်မှတ်၍ တရားဓာတ် သွင်းနေသော ပုဂ္ဂိုလ်ကြီးတို့က ပို၍သိပေသည်၊ ဆေးပညာ နည်းဖြင့်ကား= မဖေါက်မပြန် မှန်ကန်စွာ အဖြောင့်သွားသော နိယာမဥတုရာသီခွင်အစိတ်

အပိုင်း လက္ခဏာကို ကိုယ်တွေ့လေ့လာပါများလျှင် အကောက်သွားသောရာသီစွင်ကိုလည်း သိနိုင်ကြပေသည်၊ဤနေရာ၌ဖေါက်ပြန်သော ဝိပရိဥတုအလိုကို ထုတ်ဖေါ်ပြလိုက်ပေအံ့။

## ၁၂-လရာသီစွင် ဥတုစက်ဝိုင်းကိုကြည့်ပါ

ကမ္ဘာ့ဆွေရာသီ တလ — တပေါင်းလပြည့်ကျော် တရက်နေ့မှ တန်ခူး လပြည့်နေ့အထိ ဆွေဥတုတလသည် ကမ္ဘာ့စဦးနေမင်းစပြု၍ ထွက်ပေါ်သောဆွေဥတုအစဖြစ်ခြင်းကြောင့် မိုးယံနိပ် မိုးယံသားဆင်ပြီး မရွာသွန်းရ၊ရွာသွန်းခဲ့သော်-သက်ရှိသက်မဲ့ လောက ၂-ပါးစလုံးသည် သီတတေဇောလွန်၍ ပထဝီပျက်လက္ခဏာပေါ်တတ်သည်၊ထိုအခါ၌ဖြစ်သော တုတ်ကွေးစသောရောဂါများ အလုရခက်တတ်သည်၊ဖြစ်ခဲ့သော်- ပူဆိမ့် စပ် အရသာရှိသော ဆေး ဓာတ်စာတို့နှင့်အကာအကွယ်ပြုထားကြသည်၊ ရှေးအခါက ပူဆိမ့်စပ်သော သားဖွမ်း ထမင်းသည်ပင်လျှင် ကမ္ဘာ့ဆွေရာသီ ဝိပရိဥတု တလ၏ ဆေးဓာတ်စာ ပေတည်း။

ဆွေရာသီ ၃-လ — (၂) တန်ခူးလပြည့်ကျော် တရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့ အတွင်း ၃-လသည် ဆွေရာသီပင်ဖြစ်၏၊မိုးယံလ ရာသီမဟုတ်သော်လည်း မိုးယံရွာရမည်၊ မိုးယံမရွာခဲ့သော် အပူရှိန်ပြင်းထန်၍ သက်ရှိသက်မဲ့ လောက ၂-ပါးစလုံးသည် ဥဏှတေဇောလွန်၍ ပထဝီပျက် လက္ခဏာပေါ်တတ်သည်၊ ထိုအခါ၌ ဖြစ်သော ပုလိပ်, ကျောက်, ဝမ်း, အနာမီး, အနာလျှံများအလုရခက်တတ်သည်၊ ဖြစ်ခဲ့သော်-အေး ဆိမ့်ချဉ် အရသာရှိသော ဆေးဓာတ်စာတို့နှင့် ကာကွယ်ကြသည်၊ ရှေးအခါက နွားနို့ခမ်းသည်ပင် ဆွေရာသီ ဝိပရိဥတု၏ ဆေးဓာတ်စာပေတည်း။

မိုးယံရာသီ ၄-လ — ဝါဆိုလပြည့်ကျော် တရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လသည် ဇာတိရဓာတ် သက်သောဥတုနယ် ဖြစ်သည့်ပြင် မိုးယံရာသီဖြစ်သည် အလျောက် မိုးယံဖြိုင်ဖြိုင် သွန်းရမည်၊ မိုးယံဖြိုင်ဖြိုင်မသွန်းဘဲ လေတဟောဟော

ပြင်းထန်စွာ ကိုက်ခတ်နေခဲ့သော်- သက်ရှိသက်မဲ့ လောက ၂-ပါး စလုံး ဥတ္တရဝါယောလွန်၍ ပထဝီပျက် လက္ခဏာများ ပေါ်တတ်သည်၊ ထိုအခါ ပုလိပ်, ကျောက်, ဝက်သက်, အနာမီး,အနာလျှံ, တုတ်ကွေးရောဂါများ အကုရခက်တတ်သည်၊ ဖြစ်ခဲ့သော်-အေးဆိမ့် ချို အရသာရှိ ဆေးခပ်တို့ နှင့် ကာကွယ်ကြသည်၊ ဈေးအခါက ငှက်ပျောသီးနှင့်ထန်းလျက်ခဲသည်ပင် မိုးလရာသီ ဝိပရိ ဥတုရဲ့ ဆေးခပ်စာပေတည်း။

ဆောင်းရာသီ ၄-လ တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ၄-လသည် ဗာဟိရခတ် အသက်နှင့် အတက်ပြိုင်သော ဥတုနယ်ဖြစ်သည့်ပြင် ဆောင်းရာသီ ဖြစ်သည်အလျောက် ဆီးနှင်းတဖွဲဖွဲ ကျရမည်၊ ဆီးနှင်းသည် မိုးစွေသကဲ့သို့ဖြိုင်ဖြိုင်ရှိရမည် ထိုထက်လွန်၍ မိုးရေအဖြစ်နှင့်ရွာသွန်းခဲ့သော်သက်ရှိသက်မဲ့ လောက ၂-ပါးစလုံးသည် အာပေါလွန်၍ ပထဝီပျက် လက္ခဏာပေါ်တတ်သည်၊ထိုအခါ ပုလိပ်, ကျောက်,ဝက်သက်, ဝမ်းရောဂါများ အကုရ ခက်တတ်သည်၊ ဖြစ်ခဲ့သော်- ပူဆိမ့် စပ် အရသာရှိသော ဆေးခပ်စာတို့နှင့် အကာအကွယ် ပြုထားရပေသည်၊ ဈေးအခါက နှမ်း ထမင်းနှင့် မုံ့ဆီကြော်သည်ပင်လျှင် ဆောင်းလရာသီ ဝိပရိ ဥတုရဲ့ ဆေးခပ်စာပေတည်း။

နရသုခိကျမ်း အဆို မှတ်ပုံခိုင်းနှိုင်း၊ဥတုပိုင်းကို၊စဥ်တိုင်းသေချာ၊ ပြပြီးခါမှ၊ခြင်းရာတစ်၊ ဣဒါနိဝယ်၊ ဝိပရိဥတု၊ဖေါက်ပြန်မှုကို၊ စေ့ငုဘော်ထွေ၊ ကြားသိစေအံ့=

(၁) ခါနွေရောက်စ၊ တရက်ကသည်၊ ဗိတ္တဲခေါ်မှတ်၊ ကြယ်နက္ခတ်နှင့်၊ စန်းမြတ်ယှဉ်သည့်၊ တန်ခူးပြည့်အောင်၊ မိုး၏ရွာခြင်း၊ကင်းရှင်းရမည် သို့ဖြစ်သည်ကို၊ မိုးရည်ရွာသွန်၊တောဖောလွန်၍၊ဇောက်ပထဝီ၊ ပျက်ငြိထိုရော် နာသော်နာသက်၊ ဆယ်နှစ်ရက်တည့်၊ ဆေးချက်မမြင်=

(၂) မင်းလွင်းမြူကြွ၊ တန်ခူးလသည်၊ ဆုတ်စကကို၊ ဝါဆိုပုဏ္ဏ၊ ရက်သို့ကျအောင်၊ မိဿလမခေါ်၊ သို့ဖြစ်သော်လည်း၊ ဖျော်ဖျော်သွန်ကြဲ၊ ရွာစမြဲကို၊ ရွာဘဲရှောင်သွေ၊ မိဿခေါ်နေအံ့၊ တေဇောလွန်လျက်၊ မြေဓာတ်ပျက်၍၊ ဆေးချက်မမြင်၊ ဒွါဒသင်ဟုနာလျှင် ရက်ဖြတ်=

(၃) ဝါမြတ်ဆိုလ၊ ဆုတ်နေ့စ၍၊ ကတ္တိက ပုဏ္ဏမီ၊ ရက်ပြည့်မှီအောင်၊ ရာသီမယွင်း၊ မိဿလတွင်းကို၊ မိဿမင်း ခေါ်နေ၊ မရွာသွေ၍၊ လေတဟောဟော၊ လွန်ပြန့်ပြောမှု ဝါယောလွန်လတ်၊ မြေဓာတ်ပျက်ရာ၊ ထိုခါနာမူ၊ ရက်ဒွါဒသ၊ ဆုံးဖြတ်ကြလော့ မရဆေးချက်=

(၄) ဆောင်းဦးရက်က၊ ဖဂ္ဂုဏ ပုဏ္ဏမီ၊ ရက်ပြည့်မှီအောင်၊ ရာသီဆောင်းတွင်း၊ မိဿရွာခြင်းကား ဓာတ်ကင်း ဖေါက်ကွဲ၊ အာပေါကဲ၍၊ ပျက်မြဲပထဝီ၊ ထိုရာသီတွင်၊ မအိမသာ၊ မကျန်းနာသော်၊ မရာဆေးချက်၊ ဆယ့်နှစ်ရက်သည်၊ နာသက်သတ္တ–အစွမ်းတည်း။

(*) ထိုသို့ဥတု၊ ဖေါက်ပြန်မှုကြောင့်၊ သုခမရှိ၊ ပထဝီပျက်ရ၊ နာသမျှကို၊ ကာလရှေးလွန်၊ ဆရာမွန်တို့၊ အာဂန္တုနာ၊ သညာခေါ်ဆို၊ ဆေးမလိုတည့်၊ နဂိုရ်ဓာတ်ဟောင်း၊ မပျက်ကောင်း၍၊ အကြောင်းဆိုင်ဆီ၊ ပထဝီ၏၊ အမှီအတင်း၊ ဖြစ်စေလျှင်းသည်၊ ထမင်းကစ၊ ထိုမှတပါး၊ နွားသား သားငြွမ်း၊ နွားနို့ခမ်းကို၊ အားရမ်းနှစ်သက်၊ ထန်းလျက်ချိုမော၊ ငှက်ပျောသင့်လျော်၊ ဆီကြော်မုံ့ဖြူ၊ ထောက်ပံ့ကူ၍၊ ဓာတ်မူလရင်း၊ ခိုင်လုံခြင်းကို၊ ဆက်သွင်းအားဆီ၊ ဆေးမသီလင့်၊ ဤလည်းထောက်ဆ၊ (*) ထိုမှတဖန်၊ နေဗိမာန်သည်၊ လေးရန်ပြစ်မှဲ့ ကောင်းကင်လဲ့ထက် တဆယ့်နှစ်လီ၊ စက်ရာသီကို၊ မမှိနိုင်စွမ်း၊ ကောင်းကင်လမ်းတွင်၊ ဆန့်,နှမ်း,မုယော၊ သဘောတွက်စစ်၊ သို့ကျန်ရစ်လျက်၊ လက်သစ်, ဘဝါး၊ စသောအားဖြင့်၊ ရက်များလမြင့်၊ ဓိမာသ်သင့်ဟု၊ ထောက်ချင့် ပညတ်၊

လထပ်ရက်ငင်၊ဆင်ခြင်စကောင်း၊နှစ်ရောက် ရှောင်းသော်၊ ရက်ပေါင်းသချာ၊တိုင်းထက်သာ၏၊(*)ထိုခါလူများ၊နှစ်တပါးထက်၊ နာဖျားလွန်ကြူး၊ထူးထူးထွေထွေ၊ ဖြစ်တတ်ချေ၏၊ဝိသေသဖြင့်၊ ထိုနှစ်ထိုလ၊ နာကြသမှု၊ အာဂန္တု၊ကို၊ ဆေးကုဆရာ၊ မလိမ်မာသော်၊ အနာကြီးလတ်၊သေဆုံးတတ်ဟု၊ဆုံးဖြတ်မိန့်မှာ၊ဤအရာ၌၊ ပညာမဆိတ်၊စေတသိက်ဖြင့်၊ နည်းဝိဇ္ဇာရ၊ သိလိုကမူ၊ ခေတုဗေဒ၊ဠဂ္ဂါဒရာသိ၊ကျမ်းကိုမှီ၍၊ စိစဉ်သေချာ၊သိလေရာသည်။ ။
စိတ်ဖြာရုံစွေ-ခွဲခြမ်းတည်း။

**သိသာဘွယ် အထူးကား** ရှေးအခါက သမားကောင်းကြီး တို့သည် ဝိပရိဥတုအခါ၌ဖြစ်သော အနာရောဂါ စွဲများကို ခေတ္တခဏ ကျရောက်သော ဧည့်သည် အာဂန္တု အနာသဘောထား၍ ဆေးဝါးပယောဂ အရမ်းဆင်ပြီး အကြမ်းပတန်း မနှင်ဟူသော အဓိပ္ပါယ်ရှိပေသည်၊လူတို့၏ မူလကိုယ်ခံ ခေတ်မီး မပျက်မစီးအောင်သာလျှင် ထမင်း,မုံ့ ဆီကြော်, နှမ်းမနဲ့, နို့ခမ်း,ငှက်ပျောထန်းလျက်ခဲစသော ပထဝီဖြစ်ခေတ် စာမှုသာ ပေးကမ်း၍ အနာသက် ၁၂-ရက်ပြည့်အောင် စောင့်ရှောက်၍ ကြည့်ကြသည်ဟူ၍ ဆိုလိုသည်၊ ''နဂိုရ်ခေတ်ဟောင်း မပျက်ကောင်း, ဥတုမပိုင် ဆေးမကိုင်နဲ့''ဟူသောရှေးဆရာတို့၏မိန့်မှာစကားသည်ဤကဲ့သို့ လွန်စွာ ကွန်စွာ ရောဂန္တု ရကပ်ကြီး ဆိုက်လာအောင် ဖြစ်တတ်သော ဝိပရိဥတုအခါမျိုးကို ရည်ရွယ်၍ ဆိုခဲ့ဟန် တူပေသည်၊ ဤနေရာ၌ သိသာရန်မှာ အဇ္ဈတ္တနှင့် ဗဟိဒ္ဓခေတ် ၂-ပါးလုံး၌ အလွန်ပိုင်နိုင်စွာသိသောဆေးသမားကြီးဖြစ်ပါမူကား=လွန်သောခေတ်ကို နှံ့အောင်လုပ်၍ ပျက်သောခေတ်ကိုဖြစ်အောင် ဖြည့်ပေးနိုင်ပေသည်၊ အဇ္ဈတ္တ တေဇော‌နှင့် ဗဟိဒ္ဓတေဇော ၂-ပါးလုံးကို လွန်ပိုင်နိုင်စွာသိသော ဆေးသမားကြီးဖြစ်ပါမူလည်း''တေဇောပိုင်မှ ဆေးကိုင်လှ'' ဆိုသည့်အတိုင်း ဆေးဝါး ပယောဂဆင်၍ သုံးနိုင်ပေသည်၊ ထိုအခါမျိုး၌ လူနာတွင် လွန်ကဲနေသော ပထဝီ

အာဗန္ဓနခါတ်တို့ကို ဖျက်သင့်၍ ဖျက်ပေးရသည် တိုင်အောင် အဖျက်ဆေးချက် ဟူသော နာမဝေါဟာရ အမည်ပညတ် များကို ကိုယ်,နှုတ်,နှလုံး သုံးပါးလုံးတွင် မသုံးမိရန် အထူး ဆင်ခြင်အပ်ပေသည်၊ အဘယ့်ကြောင့် ဆိုသော်= ဗဟိဒ္ဓအဖျက် ပယောဂဝင်နေဆဲအခါမျိုး ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ရိုးသားသော ရှေးခေတ်လူများနှင့် ရိုင်းစိုင်းသော ဒေသလူအချို့တို့သည် ဥတု ဝိပရိဏာမဇ အနာစွဲများကို ယတြာပူဇော်၍ ဆင်၍ ကုသခဲ့ပေသည်၊ယခုလည်း မြန်မာနိုင်ငံတော်၌ လောကကြောင်း ဓမ္မကြောင်းအားဖြင့် မေတ္တာနှင့် အာဏာ နှစ်ဘက်သုံး၍ ကာကွယ်နေကြသည် ကိုမျက်မြင်ကိုယ်တွေ့ဖြစ်သည်။

**အဘိဓမ္မာ ဆေးပညာ အသိကျေးဇူး** ဥတု ဝိပရိဏာမဇ အနာစွဲနှင့် ဥတုကျော် အနာများ,ဥတုပျက် အနာများ, မူလ မဟာဘုတ် ခါတ်ကြီးပျက်သော အနာများကို ကုစားရာ၌ တေဇော ဟူသော ဥတုကိုဆင်ခြင်၍ ခါတ်ကြီး၅-ပါးတို့၏ အလွန်အယုတ် အနံ့အသန်ကို ဝေဘန်တတ်သော တိုင်းရင်းအဘိဓမ္မာ ဆေးပညာအတတ်သည် အလွန်အားထား လောက်ပေသည်၊ ထိုအဘိဓမ္မာ ဆေးအတက်၌ ကျောက်, ပုလိပ်, ဝမ်း, ဝက်သက်, တုတ်ကွေး, အနာဒိး,အနာလျှံ,ကာလနာ စသည်အားဖြင့် အနာရောဂါ အမည်ကုထုံး များမပါသော်လည်း တေဇောဟူသော ဥတုအကြောင်းကို ကောင်းကောင်းကြီး နားလည်လျှင် ဥတုစွဲ, ခါတ်စွဲ အတတ်နှင့်ပင် ကုသနိုင်သည် ချည်းဖြစ်သည်။

ထပ်၍ ရှင်းပါအံ့= အဘိဓမ္မာ ဆေးပညာသည် ပရမတ္ထ သဘာဝ လက္ခဏာဆိုက်အောင် သိနိုင်သော ဆေးအတတ်ဖြစ်၍ သာမန် သွေးရိုး သားရိုး အသိစွဲမဟုတ်ပေ၊ ထိုသာမန် မဟုတ်သော အဘိဓမ္မာ အသိစွဲနှင့်ပင် သွေးရိုး သားရိုး အနာကို ဥတုဇရုပ် အနာစွဲတင်ပြီး ယခုလက်တွေ့ ကုသခြင်းဖြင့် အောင်မြင်နေပေရာ ဥတုပျက်နာ, ဥတုကျော်နာ, ဥတုဖေါက်နာဟူ၍ အထင်

အရှားကြီး ဖြစ်နေသော ဥတုဝိပရိဏာမဇ အနာစွဲကို အဘယ့်ကြောင့် မကုသနိုင်ရမည်နည်း၊ ခေတ်အားလျော်စွာ ပေါ်ပေါက်သော တိုင်းရင်းအဘိဓမ္မာ ဆေးအတတ်ဟူ၍ ဆိုသင့်ပေသည်။

**ဥတုမှန်မမှန် သိမှတ်ရန်** ရှေးအခါက လယ်သမားကြီး များသည်ပင်လျှင် ဥတုဖြောင့်မှန်သည် မဖြောင့်မှန်သည်ကို ၎င်းတို့သိမြဲသောဉာဏ်နှင့် အမှတ်သင်္ကေတ ရှိကြလေသည်၊အမှတ်ပုံပြုမှာ (၁)နွေရာသီမှာ နေပူသည်ဆိုသော်လည်း အပူကောင်ဖြစ်သော နွားတိရစ္ဆာန်ကြီးများ နေ့လည်အခါ၌ သစ်ရိပ်ဝင်၍ခိုနားနေသည်ကိုမြင်မှ နေအပူမှန်သည်ဟု ဆိုကြလေသည်၊ (၂)မိုးရာသီမှာ မိုးရွာသည် ဆိုသော်လည်း ရေညှိဖုံးလွှမ်း၍ တင်ကျန်ရစ်သည်ကိုမြင်မှ ကျေနပ်လေသည်၊ ရေညှိပျက်စီးခဲ့သော်၎င်း,ရေညှိမတင်သော်၎င်း, မိုးမမှန်ဟူ၍ ဆိုကြလေသည်၊ (၃) ဆောင်းရာသီမှာ နှင်းအေးသည် ဆိုသော်လည်း အအေးကောင်ဖြစ်သော ကျွဲတိရစ္ဆာန်ကြီးများ ချိုများ အေးသည်ကို တွေ့မှသာလျှင် နှင်းမှန်သည်ဟု ဆိုကြလေသည်၊ ထိုသို့ ဥတုဖြောင့်မှန်မှသာလျှင် ဥတုဘောဇဉ်ဖြစ်သောစပါးသီးနှံတို့သည် အောင်မြင်ကြသည်၊ နွားနာ ကျွဲနာ ဟူ၍ မကျရောက်တတ်၊ တောသူ,တောင်သား, လယ်သမား,ယာသမား, ချောင်းသမားတို့သည် အပူအအေးညီစွာ အနာကင်းရှင်း၍ ပျော်ရွှင်နိုင်ကြသည်ဟု ဆိုကြလေသည်။

**ကပ်ရောဂါဖြစ်ရန် နိမိတ်** ဝိပရိ ဥတုအခါများ၌ ရောဂါဖြစ်ရန် နိမိတ်ကို ဆင်ခြင်ကြပုံမှာ= ဆိုအပ်ပြီးသည် အတိုင်း နွေရာသီမှာ နေပူပုံမမှန်၊မိုးရာသီမှာ မိုးရွာပုံ မညီ၊ ဆောင်းရာသီမှာ နှင်းအေးပုံ မကောင်းလျှင် လေတိုက်ခတ်ပုံမှာလည်း မမှန်တတ်သောကြောင့် အရပ်ရှစ်မျက်နှာကို အကဲခတ်၍ ကြည့်ရှုဆင်ခြင်အပ်ပေသည်၊ လေကြောင်း တခုသည် မြို့ ရွာ ကျေးလက် တခုခုကို ဖြစ်စေ,အိမ်တအိမ်ကိုဖြစ်စေ,ဦးစွာတိုက် ခတ်ခဲ့သော်-

ထိုလေ တိုက်ခတ်သော မြို့ရွာ, ကျေးလက်, အိမ်မှစတင်၍ မကောင်း နိမိတ် မြင်တတ်သည်၊အိမ်မက်ဆိုးလည်း မြင်မက်တတ်သည်၊ကြောက်လန့်ဘွယ် အသွယ်သွယ်လည်း ဖြစ်ပေါ်လာတတ်သည်၊ ထိတ်လန့်တုန်လှုပ်ဘွယ် စကားကိုလည်း ပြောဆိုလာတတ်သည်၊ ထိုကြောက်လန့်တုန်လှုပ်သော စိတ္တဇရုပ်နှင့် ဝိပရိဥတုအလွှမ်းအမိုး ခံရသော ဥတုဇရုပ် ၂-ပါးသည် ပေါင်းဆုံမိသောအခါ-ထိုနေရာ,ထိုဌာန,ထိုလူကစ၍ရောဂါပွါးတတ်သည်၊ ဤကပ်ရောဂါဖြစ်ပုံ နိမိတ်နှင့် ရောဂန္တရကပ်ကြီး အကြောင်းကို ပယောဂနည်းနှင့်ယှဉ်ပြရလျှင်အလွန်မျက်စိလည်စရာကောင်း၏ ခေတ်သဘောအားဖြင့်ကား ဥတုဝိပရိဏာမဇ အနာဖွဲ့ဖြစ်၍ ဥတုခေတ်မီး သဘောကို ပိုင်ပိုင်ကြီး သိဘို့လိုပေသည်၊ခေတ်မီး ရင့်ကျက်သောလူသတ္တဝါတို့၌အနာမဖွဲ့မှီခေတ်မီးနှံ့သော ခြင်,ယင်,ကြွက်,ကြက်,ဘဲ, ဝက်, ကျွဲ, နွားများ၌ ပဌမ ဖွဲ့တတ်သည်၊ ထိုကြွက်နာကျသေလျှင် သတိရှိသူများက ကြောက်ကြသည်။

**ကမ္ဘာဦး တုသော မြန်မာရှေးခေတ်စာ** ဤနေရာ၌ ကမ္ဘာဦးသူတို့၏ အသုံးကိုလိုက်၍ ရှေးမြန်မာ သမားတော်ကြီးများက ခေတ်စာတခု ပြုသွားပုံကို ကြားညှပ်၍ ဖေါ်ပြအံ့၊ (၁) ဂေါဏဝိထိ စသော တပို့တွဲလအတွင်းမှာ ကမ္ဘာဦးအခါက ပေါ်သော မြေဆီဘောဇဉ် သလေးအရသာနှင့် တူအောင် နှမ်းမံ့နဲ့ထမင်းကို စံနစ်တကျ ထိုး၍စားသုံးပြီးလျှင် ''ဂေါဏဝိထိ နွေရာသီ'' တပေါင်း တန်ခူး ကဆုန် နယုန်လများ၌ ဥတုပျက်၍ ဖြစ်နိုင်သော အနာရောဂါတို့ကို အကာအကွယ်ပြုခြင်း၊ (၂)နာဂဝိထိ စသော နယုန်လအတွင်းမှာ တချပ်စကားပွင့်ကို လက်သုတ်,သနပ်ပြု၍ စားသုံးထားပြီးလျှင်''နာဂဝိထိမိုးရာသီ''ဝါဆိုဝါခေါင်တော်သလင်းသီတင်းကျွတ်လများ၌ ဥတုပျက်၍ ဖြစ်နိုင်သော အနာရောဂါတို့ကို အကာအကွယ်ပြုခြင်း၊ (၃) မဟိံသ ဝိထိစသော သီတင်းကျွတ်လအတွင်းမှာ မယ်ဇလီအဖူးအပွင့်တို့ကို လက်သုတ်, သနပ်

ပြု၍ စားသုံးပြီးလျှင် ''မဟိ'သဝိထိ ဆောင်းရာသီ''တန်ဆောင်မုန်း နတ်တော် ပြာသို တပို့တွဲလများ၌ ဥတုပျက်၍ ဖြစ်နိုင်သော အနာရောဂါတို့ကို အကာအကွယ် ပြုခြင်းအလေ့ရှိကြ၏။

**ဝိပရိဥတု အနာမှတ်ချက်** ကောက်တကျစ်သွားသော ဝိပရိဥတုအခါ၌ ကျရောက်ဖြစ်ပွါးသော အနာရောဂါများသည်အကုစားရခက်သည်ဟုဆိုရသော်လည်းရှေးကပြခဲ့သော ဥတု,ခါတ်, အရပ်,အရွယ်,အချိန်တို့ကို ကောင်းစွာပိုင်နိုင်လျှင် မခက်လှဟုဆိုရပေမည်၊ သို့ရာတွင် ဝိပရိဥတုအခါတွင် လူသတ္တဝါ အများအပြား ရောဂါကျရောက် တတ်သောကြောင့် ကပ်ရောဂါ ဥပဒ်၍ ကြောက်စိတ်ဝင်လာပါက တမျိုးခက်တတ်ပေသည်၊ ကပ်ရောဂါတို့မည်သည်မှာ ဘီလူး,သားဘက်,အစိမ်း,သားရဲ,နတ်ဆိုးတို့ကြောင့်သက်သက်ဖြစ်သည်ဟု ယုံကြည်ရင်းစွဲရှိတတ်လေသည်။

**မြန်မာရိုးရာ ကွယ်ကာနည်း** ရှေးအခါက ရွာသူမိန်းမတို့သည် မြို့စောင့်နတ်, ရွာစောင့်နတ်, အိမ်စောင့်နတ်, ဝင်းတွင်းခြံတွင်းရှိ ရုက္ခစိုးနတ်များကို သတင်းကြီးနေ့များ၌ ထမင်းဦး ဟင်းဦး မုံ့ဦး ပဲဦး သစ်သီး ပန်းမာလ် ကွမ်းဆေး လဘက်ဦးများနှင့် တရားသဖြင့် ပူဇော် ပသပြီးလျှင် အတွင်းနတ်တို့၏ အစောင့်အရှောက်ကို ခံယူတတ်ကြသည်၊ အပပယောဂယှဉ်၍ ကပ်ရောဂါမြင်ခဲ့သော်= ၁ အစာကျွေး၍ နှင်ထုတ်နည်း ၂ ပရိတ်တော် ဂုဏ်တော် ဂါထာ မန္တန်ရား ဆေးဝါး အင်းအိုင် တန်ခိုးဖြင့် နှင်ထုတ်နည်း၊ ၃ တန်ခိုးကြီးသောနတ်များကို တိုင်ကြားအပ်နှံ၍ ထိန်းသိမ်းစေသောနည်း ဟူ၍ အမျိုးမျိုးရှိလေသည် မည်သည့်နည်းနှင့် ထုတ်စေကာမူ အစာပေးကျွေးမှုကို မသွတ်ကြပေ၊ ဤသို့သော ရှေးမြန်မာရိုးရာ သည်လည်း ပယောဂသမ္ဗန္ဓ စက်ဆင်သော ကာကွယ်နည်းဖြစ်၍ မှတ်သားအပ်ပေသည်။

ဥတုဝိပရိဏာမဇ ဝေဒနာ အလင်းပြကဏ္ဍပြီး၏။

သုခွေဝတီ-၇၆၁-၂၅

# ဝိသမ ပရိဟာရဇ ဝေဒနာ အလင်းပြကျမ်း

## အင်္ဂလိပ်ဆေးပညာအတတ်နှင့် ဆေးထူး,ခေတ်ထူးတို့သည် ဤကျမ်း၌ အကျုံးဝင်သည်

မိမိကိုယ်ကို မသင့်မတင့်စွာ ဆောင်ရွက် ခြင်းကြောင့် ဖြစ်သောသေခြင်းနာခြင်းအမျိုးမျိုးကို ဝိသမပရိဟာရဇဟူ၍ ဘုရားဟောပေသည်၊ ချဲ့ပြဦးအံ့=မတော်မတန်လုပ်ရာတွင်ချော်၍ချွတ်၍ နာခြင်း,သေခြင်း၊ မသင့်မရာလုပ်ရာတွင် အခွင့်မသာ၍ နာခြင်းသေခြင်း၊မြင့်ရာမှလွတ်၍ ကျွံ၍ကျ၍ နာခြင်း,သေခြင်း စိတ်လိုက်မာန်ပါပြု၍လွန်ခြင်း,ဘွန်ခြင်း,ကျိုးခြင်း,ပွဲခြင်း,ခွဲခြင်းလူညပဖေဒကို ကျူးကျော်သောကြောင့် ကြိမ်ဒဏ်, ထောင်ဒဏ်,အပြစ်ဒဏ်ရ၍ နာခြင်း,သေခြင်း၊မီးနှင့်ရေကို ကစားစရာ လုပ်သောကြောင့် မီးလောင်၍ ရေနစ်၍ နာခြင်း,သေခြင်း၊ကားလမ်း ရထားလမ်း မရှောင်သောကြောင့် ကားတိုက်၍ ရထားကြိတ်၍ နာခြင်း,သေခြင်းစသော ထိခိုက်ရှနာ ဟူသမျှတို့ကို ကံငဲ့သန်သူက ကံဟူ၍ဆိုချင်ကြလေသည်၊အမှန်မှာ– မသင့်မတင့် ပြုလုပ်သော အမှုကံအသစ်တွင် နာခွင့်ကြုံလာမှသာလျှင် ဥပပီဠကကံနှင့် ဥပဃာတကကံတို့ ဝင်နိုင်ပေသည်၊ အမှုသစ်မဖြစ်အောင် ဆင်ခြင်နေလျှင် ထိုကံဟောင်းတို့သည် ပေါ်စရာအခွင့်မရှိချေ ထို့ကြောင့် ဝိသမပရိဟာရဇ အမှုသစ်ဟူ၍ ဘုရား ဟောပေသည်။

ဤနေရာ၌ ကံ,ဉာဏ်, ဝီရိယဟူ၍ ၃-ပါးရှိရာတွင် ဆင်ခြင်တုံဉာဏ်နှင့် မလွှန်မယုတ် ကျင့်တတ်သော ဝီရိယကိုသာလျှင် အကြောင်းပြုအပ်၏၊ သမုဋ္ဌာန်အားဖြင့် သတ္တဝါတို့၏ သန္တာန်မှာ ကံကြောင့်ဖြစ်သောရုပ်, စိတ်ကြောင့် ဖြစ်သောရုပ်, ဥတုကြောင့်ဖြစ်သောရုပ်, အာဟာရကြောင့် ဖြစ်သောရုပ်ဟူ၍ ၄-မျိုးရှိပေသည်၊ ထို ၄-မျိုးတွင် ကံကြောင့်ဖြစ်သော ရုပ်ရသည် တဘ်ရှိသာလျှင် ပါ၏ ကျန်ရုပ် ၃-ရတို့မှာ ကံနှင့်မဆိုင်ချေ၊ကံနှင့်ဆိုင်သော

ရုပ်တတို့သည်ပင်လျှင် ကံနှင့် မဆိုင်သော စိတ်, ဥတု, အာဟာရဇ ရုပ်ရုပ်တို့ကို မှီတွယ်၍နေရ၏၊ ထိုကြောင့် ဉာဏ်သည် အရေးပါလှ၏၊ စိတ္တဇရုပ်ရုပ်တို့သည် စိတ်ကောင်းလျှင် ကောင်းကြရတော့၏ စိတ်မကောင်းလျှင် မကောင်းကြရ၊ ဥတုဇရုပ်ရုပ်တို့မှာ အတွင်းအပြင်ဓာတ်မီး ၂-ပါးညီညွတ်လျှင် ညီညွတ်မှုတရသည် လှုပ်ရှားလျှင် လှုပ်ရှားရသည် ပျက်ပြားလျှင် ပျက်ပြားရတော့သည်၊ အာဟာရဇ ရုပ်ရုပ်တို့သည် အတွင်းအပြင် အာဟာရ ဓာတ်ဆီ ၂-ပါး လှုပ်ရှားပျက်ပြားလျှင် ပျက်ပြားရတော့သည်၊ ဤသို့သော စိတ္တဇ,ဥတုဇ, အာဟာရဇရုပ်တို့ကို ဉာဏ်စောင့်ရှောက်လျှင် ကံသည်လည်း အကျိုးပေးခွင့်ရတော့သည်၊ ဉာဏ်မစောင့်ရှောက်လျှင် ကံသည် ကောင်းကျိုးပေးရန် ညီညွတ်မှုတသော ဌာနမရှိမူ၍ ယုတ်ဆိမ်းကွယ်ပရတော့သည် ထိုကြောင့်''အသက်ကို ဉာဏ်စောင့်သည် ဥစ္စာကို ကံစောင့်သည်'' ဟူ၍ ရှေးပညာရှိသြဝါဒ ပေးခဲ့ကြကုန်၏။

မိမိတို့ကိုယ်ခန္ဓာကို ဉာဏ် ဦးစီးမထားလျှင် မပြုလုပ်တန်သော လုံ့လပယောဂတို့ကိုများစွာပြုတတ်သည်၊ထိုသို့ပြုရာမှာလိုချင်သော လောဘကြောင့်လည်း မသင့်မတင့် ပြုတတ်သည်၊ မခံချင်သော ဒေါသကြောင့်လည်း မသင့်မတင့် ပြုတတ်သည်၊မလိမ်မာ မိုက်မဲသော မောဟကြောင့်လည်း မသင့်မတင့်ပြုတတ်သည်၊ အသူသန်သော ဒိဋ္ဌိကြောင့်လည်း မသင့်မတင့် ပြုတတ်သည်၊ အားထုတ်သန်သော လုံ့လဝီရိယကြောင့်လည်း အလွန်အကျွံပြုတတ်သည်၊ ထိုသို့ စိတ်ထင်တိုင်း ပြုလုပ်ရာတွင် အရိုး, အကြော, အသား, အသွေးစသည်တို့ ကျိုး၍ပျက်၍ ပွဲ၍ ပွန်း၍ နာခြင်း သေခြင်း ဟူသမျှတို့သည် ဝိသမ ပရိဟာရဇ အဖွဲ့တို့ပေတည်း။

ထိုဝိသမပရိဟာရဇ အဖွဲ့တို့သည် လူ့သောကဌ ဉာဏ်ပြိုင်မှု, ဝီရိယပြိုင်မှု, ကစားပြိုင်မှု, အားပြိုင်မှု, အနိုင်ရလိုမှု များပြားလေလေ ထိုဝိသမ ပရိဟာရဇ ဝေဒနာမျိုး ကျရောက်လေလေ

ဖြစ်တော့သည်၊ ယခုခေတ်ကာလမှာ-ခေတ်လွန်ကျင့်လိုသောလူ စားတွေအလွန်များပြားပေရာထိုဝိသမပ ရိဟာရဇဝေဒနာကုစား သော ခေတ်မှီ ဆေးအတတ်သည်လည်း ဉာဏ်ဝီရိယအားလျော် စွာ ပြိုင်၍ဆိုင်၍ ပေါ်နေလေသည်၊ ယခုလက်ရှိ ခေတ်မှီဟူသော အင်္ဂလိပ်ဆေး အတတ်နှင့် ဆေးရုံ ဆေးခန်းတို့သည် စစ်ပြိုင် ခေတ်ပြိုင်အားကြီး နေသည်နှင့် အမျှပင် တိုးတက်ထွန်းကား နေ ပေလိမ့်မည်၊ (တနည်းအားဖြင့်) ထိုခေတ်မှီ ဟူသော အင်္ဂလိပ် ဆေး အတတ်သည်ပင် လက်နက်အားကိုးနှင့် လောကပြိုင်မှု ဆိုင်မှု အမျိုးမျိုးတို့ကို မညှိုးငယ်ရအောင် အားပေး၍ ဝိသမ ပရိ ဟာရဇ ခံစားမှုကြီးကို ကျူးကျော်ခိုင်းနေသည်နှင့် တူလှ၏။

ထင်ရှားအောင်ပြပေအံ့= ခေတ်မှီ လောကဓာတ် သိပ္ပံပညာ တိုးတက်စည်ကားလျှင် မသင့်မတင့်သော ဓာတ်အမျိုးမျိုးတို့ကို စမ်းလည်း စမ်းသပ်ပေမည်၊ ဘမ်းနိုင်လျှင်လည်း ဘမ်းကြပေ မည်၊ ထိုအခါ အတွင်းဓာတ်နှင့် အပြင်ဓာတ် ဝိသမဖြစ်၍ နာခြင်း သေခြင်း၊အတွင်းမီးနှင့် အပြင်မီး ဝိသမဖြစ်၍ နာခြင်း သေခြင်း၊ အတွင်းဆီနှင့် အပြင်ဆီ ဝိသမဖြစ်၍ နာခြင်း သေခြင်း ဟူသော ဝိသမ ပရိဟာရဇ ဝေဒနာများတိုးပွါး လာပေလိမ့်မည်၊ လော ကဓာတ် ဆရာတို့၏ အလိုအားဖြင့်= အတွင်းနှင့်အပြင် သမသည် (သို့မဟုတ်) ဝိသမဖြစ်သည်ကို နေ့စဉ်ခွဲစိတ် စမ်းသပ် ဓာတ်ခွဲ နေသော အလုပ်ဖြစ်၍ အတိတ်ကံဟူ၍ ရှိုးနေစရာ မလိုပေ၊ မျက် မြင်လက်တွေ့ ခေတ်ကပင်လျှင်အမှုသစ် ကံသစ်ဟူ၍သက်သေခံ ပြလျက်ရှိနေလေသည်။

ဝိန္ဒော ဆေးပညာခဏ်းအလိုအားဖြင့်=မိမိတို့၏ အဇ္ဈတ္တဓာတ် နှင့် မသင့်သောဒေသ,မလျော်သောဥတု,အခါမဟုတ်သော သမ ယ,မမျှတသော အစာအာဟာရ,မပြုတန်သော လုံ့လပယောဂ, တို့ကိုမရှောင်သွေဘဲ စိတ်ထင်တိုင်းပြုမိသဖြင့် သလိပ်ဓာတ်ဝိသမ ဖြစ်၍ နာခြင်းသေခြင်း၊သည်းခြေဓာတ် ဝိသမဖြစ်၍ နာခြင်းသေ

ခြင်း၊လေဓာတ် ဝိသမဖြစ်၍ နာခြင်းသေခြင်း၊ တြိဒေါသဝိသမ ဖြစ်၍ နာခြင်းသေခြင်းတို့လည်းရှိရပေမည်၊တြိဒေါသ ဟူသော ဓာတ်ငယ် သုံးပါးတို့၏ ဝိသမချပ်ကို သိလိုလျှင် ရှေးဟောင်းဆေး ကျမ်းကြီးတို့တွင် များစွာဆိုပြသော ဒေါသ, ဓာတ်, မလတို့၏ ဂုဏ်,ကိစ္စ,ဝိပါက,သတ္တိ, အလွန်လက္ခဏာတို့ကို ဆန့်ကျင်ဘက် ပြု၍ ကြည့်တတ်လျှင် ဝိသမချပ် အကြောင်းကို ကောင်းကောင်း ကြီး သိနိုင်ပေသည်။

အဘိဓမ္မာ ဆေးပညာခဏ်းအလိုအားဖြင့်=တေဇောဟူသော ဥတု၏ အလိုကိုမဆင်ခြင်ဘဲ စိတ်ထင်တိုင်း ပြုကျင့်သောကြောင့် ဓာတ်လေးပါး မညီမညွတ် မမျှမတဘဲ ဝိရောဓိဖြစ်ကြသော နာ ခြင်း သေခြင်းတို့လည်းရှိရပေမည်၊ဝိသမချပ်ကိုသိလိုလျှင် ဥတု သမဘာဂချပ်ကို ဆန့်ကျင်ဘက်ပြု၍ ကြည့်တတ်လျှင် ဝိသမချပ်, အကြောင်းကို ကောင်းစွာသိနိုင်ပေသည်၊ ဓာတ်လေးပါး မညီ မညွတ် မမျှတသောချပ်ကို သိလိုလျှင် ရူပဿလဟုတာ,မုဒုတာ, ကမ္မညတာ, ကာယဝိညတ်, ဝစီဝိညတ်ဟူသော ဝိကာရရုပ်ရကို ကောင်းစွာအကဲဖြတ်၍ ဓာတ်ကြီး ၄-ပါး၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို နားလည်၍ သဘောကျပါက ဝိသမ ပရိ ဟာရဇ ဝေဒနာမျိုးကို ကုစားတတ်ပေမည်။

တိုင်းရင်းမြန်မာ ဆေးပညာခဏ်းနှင့် ပတ်သက်၍ အထူးသိ မှတ်စရာမှာ= အဇ္ဈတ္တကိုယ်နှင့် မသင့်မတင့်စွာ ဆောင်ရွက်ခြင်း ကြောင့်ဖြစ်သော ဝိသမ ပရိဟာရဇ ချပ်များကို ကုစားလိုလျှင် အဇ္ဈတ္တကိုယ်နှင့် သင့်လျော် လျောက်ပတ်စွာ ဆောင်ရွက်ခြင်း ကြောင့် အနာမဲ့ခြင်း အသက်ရှည်ခြင်းဖြစ်သော သမပရိဟာရဇ ချပ်ကိုလည်း ထူထောင်ပေးတတ်ဘို့ လိုပေသည် ဆေးအားကိုး သောသမားအချို့သည် အနာအထူး,ရောဂါအထူး,ဆေးအထူးကို သာလျှင် အာရုံပြုလျက်ဆရာအဆင့်အဆင့်လုပ်တတ်ကြပေသည်၊ ဆေးတရွေးသားမျှ မကိုင်ဘဲ သမပရိဟာရဇ ချပ်ကို နားလည်

ပါးလည်းနှင့် ညွှန်ကြားပြသ ကုမတ်တတ်အောင်လည်း အာရုံပြုဘို့ လိုပေသည်၊ ထိုသမပရိဟာရဇ ရုပ်ဆိုသည်မှာ မူလ ပကတိ ရုပ်ခံ ဓာတ်ခံ ကျန်းမာရုပ်ကို ဆိုလိုပေသတည်း။

ဓာတ်လွန် တိုင်းလည်း အနာမဟုတ်ပေ၊ ဓာတ်ပျက်တိုင်းလည်း ရောဂါမဟုတ်ပေ၊သလိပ်နှင့် ကျန်းမာရုပ်,သွေးနှင့်ကျန်းမာရုပ်,သည်းခြေနှင့် ကျန်းမာရုပ်,လေနှင့်ကျန်းမာရုပ်, အပုပ်နှင့် ကျန်းမာရုပ်, ပထဝီနှင့် ကျန်းမာရုပ်,အာပေါနှင့်ကျန်းမာရုပ်,တေဇောနှင့် ကျန်းမာရုပ်, ဝါယောနှင့် ကျန်းမာရုပ်ဟူ၍ မူလရုပ်ခံဓာတ်ခံ တမျိုးစီ ရှိတတ်လေသည်၊ ဆရာ ရသေ့မြတ်တို့၏ ရှေးဟောင်း ဆေးကျမ်းကြီးများတွင် ပကတိအပြား ၇-ပါး ၉-ပါးဟူ၍ ဟောပြသည်မှာ ဤမူလ ရုပ်ခံ ဓာတ်ခံကို သိထားစေလိုသောကြောင့် ပကတိ လွန်ကဲသော ဓာတ်အပြားဟူ၍ ဟောခဲ့ပေသည်၊ အရွယ်လိုက်၍ ဖြစ်တတ်သော ဓာတ်လွန်ကဲပုံ မျိုးလည်းရှိပေသေးသည်။

ဤနေရာ၌ ဆေးအထူးလိုက်၍ ဝိသမ ပရိဟာရဇ ဝေဒနာဖြစ်ပုံကို ချပ်ပြလိုက်အံ့၊ ဆရာတော်ကြီး တပါးသည် လေပွါးနာအကြောင်းငြိမ်းလိုသဖြင့် ဓာတ်ဆေး ၃-လုံးကို တကြိမ်တည်းစားသောအခါ တနေ့လုံး အလူးအလှိမ့် အော့အန်ပြီး လေပွါးနာပျောက်သွား၏၊ အခြားများနာ ရောဂါဟူ၍လည်း တသက်လုံးဖြစ်မလာ၊ သို့ရာတွင် လေဓာတ်ပျက်၍ အစာအိမ် ကျဉ်းသွားသော ဝိသမ ပရိဟာရဇ ဒဏ်ချက်ကို မည်သည့်ဆေးဝါးပယောဂနှင့်မျှ ကုသပြုပြင်၍ မရတော့ပေ။ ထို့အတူ ဆရာကြီးတပါးမှာလည်း ဆီးလွန်ရောဂါအကြောင်း ငြိမ်းလိုသောကြောင့် စိန်ပါသော ဓာတ်ဆေးကိုစားရာ ဆီးအိမ်မှာ လုံသွား၏၊ အခြားများနာရောဂါဟူ၍တသက်လုံးဖြစ်မလာ၊သို့ရာတွင်လည်းချောင်းပေါက် ကျဉ်းသော အနာနှင့် သလိပ်ဖြင့် ဖွဲ့သွားသော ဝိသမ ပရိဟာရဇ ဒဏ်ချက်ကား ပြုပြင်ရန် မလွယ်တော့ပေ။

၅။အခြင်းအရာမှာ= ဆေးအထူး လိုက်၍ ဆေးစားလွန်သော ကြောင့် ဖြစ်၏၊ လောကမှာ အစွမ်းသတ္တိ ထက်မြက်သော ဆေးထူး, ဓာတ်ထူးဆိုသည်ကား ရှိပေသည်၊ ထိုဆေးထူး ဆေး မြတ်, ဓာတ်ထူး ဓာတ်မြတ်တို့ကို လွန်အောင် ကျံအောင် မရှိဝဲ အပ်ပေ၊ တလုံးတန်သည် တစိတ်တန်သည် တခြမ်းတန်သည်ဟူ၍ ချင့်ချိန်မှ၍ အပ်ပေသည်၊ မှိဝဲစားသုံးပြီးလျှင်လည်း ထိုဓာတ်နိုး ဓာတ်ငွေ့ကို ဟုန်စင်အောင် ထုတ်ပစ်နိုင်သော (၁) အအန် ဆေး ချက်၊ (၂) အသက်ဆေးချက်၊ (၃) အဖွင့်ဆေးချက်၊ (၄) အဖိ ဆေးချက်၊ (၅) အကြေဆေးချက် ဟူ၍ ဆေးငါးချက်ပုံအောင် လိုက်နိုင်သော ဆေးစားပုံ စားနည်းလည်း လိုပေသေးသည်၊ ထိုစားပုံ စားနည်းကို မသိဘဲ စားသုံးလျှင် ဝိသမ ပရိဟာရဇ ဝေဒနာယူလိုက်သည်နှင့် တူပေလိမ့်မည်၊ ထက်မြက်သော ဆေး ဆိုသည်မှာ–အများအားဖြင့် အကြွဆေး,အကန်ဆေး,အဖွင့်ဆေး, ဝိသမ ဆေးချက်တို့သာလျှင် များပေ၏။

ဆေးအထူးလိုက်သော အချို့ပုဂ္ဂိုလ်ကြီးတို့မှာ ဆေးအထူးကို ဆေးအထူး ဟူ၍သာလျှင် ဝိသေသပြု၍ ဖိုးဖွက်ထားတတ်ကြ၏၊ ထိုဆေးအထူး ဟူသည်မှာ အကြွဆေး, အကန်ဆေး, ဝိသမဆေး ဟူ၍ မသိကြဘုန်း၊ထိုကြောင့် နောက်လိုက် အဖြေဆေးချက်မရှိဘဲ ကျွေးလည်း ကျွေးတတ်၏၊ပေးလည်း ပေးတတ်၏၊ မူလရုပ်ခံ ဓာတ်ခံ ပျက်စီး၍ သမပရိဟာရဇ ရုပ်ပြန်မဖြစ်သည်ကို ပြီးသည် ဟုဆိုကြဘုန်းသေး၏၊ မှန်ကောင်း မှန်ပေလိမ့်မည် ဝိသမ ဓာတ် တပါး ကိန်းနေပြီဖြစ်သောကြောင့် သာမန်ဆေး, သာမန်ဥတု, သာမန်ဘုတ်, သာမန်ဒါးကို ခံနိုင်ပေလိမ့်မည်၊ သို့ရာတွင် ထို အဖြစ်မျိုးသည် ဝိသမ ပရိဟာရဇ ဝေဒနာ နာခြင်း သေခြင်းမျိုး တွင် ပါဝင်တတ်သည်ဟူ၍ သိထားအပ်ပေသည်။

**ဝိသမ ပရိဟာရဇ ဝေဒနာ အလင်းပြခန်းတည်း။**

# ဩပက္ကမ ဝေဒနာ အလင်းပြကျမ်း

## ပယောဂယှဉ်သော အတတ်ပညာ အစွမ်းအစသည် ဤကျမ်း၌အကျုံးဝင်သည်

နာအောင် သေအောင် တမင်အားထုတ် ပြုလုပ်၍ ဖြစ်သော နာခြင်းသေခြင်းမျိုးကို ဩပက္ကမ ဝေဒနာဟူ၍ ဘုရားဟောပေသည်။

ထိုဩပက္ကမ ဝေဒနာသည်-

၁။ အတ္တူပက္ကမ= မိမိလုံ့လပယောဂကြောင့် ဖြစ်ခြင်း။

၂။ ပရူပက္ကမ= တပါးသူ လုံ့လပယောဂကြောင့် ဖြစ်ခြင်း။

ဟူ၍ ၂-မျိုးထားပြီး ခွဲခြားဝေဘန်အပ်ပေသည်။

**အတ္တူပက္ကမ မိမိလုံ့လ** ''ပေါ့စေလို၍ ကြောင်ရုပ်ထိုး-ဆေးအတွက်လေး'' ဟူသော စကားမှာ ဩပက္ကမ အနာကို ရည်၍ ပြောဆိုလိုဟန် တူပေသည်၊ ရှင်းပြအံ့= မိမိကိုယ်ကို ပေါ့ပါး စေလိုသဖြင့် ပရဲမှင်ကြောင် ဆေးထိုး၍ အနာခံခြင်း၊ ကြောင်ရုပ်, ကျားရုပ်, ဘီလူးရုပ်, အိမ်မြှောင်ရုပ် ထိုး၍ အနာခံခြင်း၊ ပြေးခုန် အားကစားကျင့်၍ အနာခံခြင်း၊ အစာအာဟာရဖြတ်၍ အနာခံခြင်း ကာယ ဗလ လေ့ကျင့်၍ အနာခံခြင်း၊ ကာယသိဒ္ဓိ, ဝိယသိဒ္ဓိ, သျှို သိဒ္ဓိ ဆေးထိုး၍ အနာခံခြင်း၊ ဇွဲလုံ့လကြီးလို၍ အနာခံ လေ့ကျင့်ခြင်း၊ ခွန်အား စွမ်းပကားကြီးလို၍ အနာခံ လေ့ကျင့်ခြင်း၊ ကိုယ်ခံပြီးလိုသဖြင့် ဆေးအမျိုးမျိုး,အပ်အမျိုးမျိုး, စက်အမျိုးမျိုး, ဗူး အမျိုးမျိုး ထိုးသွင်း မြုပ်နှံ၍ အနာခံခြင်း စသည်တို့သည် မိမိ၏ လုံ့လ ပယောဂကြောင့် ဖြစ်သောကြောင့် အတ္တူပက္ကမမည်၏၊ ထိုအတ္တူပက္ကမ ပယောဂ ဆင်ထားသူတို့သည် ''ရေကျွမ်းကျင်လျှင် ရေနှင့်သေ၊ လက်ဇွေ့ကျွမ်းကျင်လျှင် လက်ဇွေ့နှင့်ကြေ၊

ဖြွေကွမ်းကျင်လျှင် ဖြေနိုင်သေ''ဆိုသကဲ့သို့ မိမိတို့ပယောဂဆင် ထားသော ဩပက္ကမ အမှုကပင်လျှင် နာခြင်းသေခြင်းကို ဖြစ်စေ လေသည်။

**ပရူပက္ကမ တပါးသူလုံ့လ** လက်ဝတ်ရတနာ ရွှေငွေ စိန်ကျောက် ဆင်မြန်း သူတို့သည် လှချင်, ပချင်, ကြွားချင်, ဝါချင်, သာချင်၍ ဆင်ယင်ခြင်း ဖြစ်သော်လည်း ချစ်သူကိုရင်း, ရန်သူ ကိုရင်း, ၂-ဦးစလုံးကိုရင်း သွေးဆောင် ခေါ်ငင်တတ်သကဲ့သို့ အတ္တူပက္ကမ ပယောဂ ဆင်ထားလျှင် ပရူပက္ကမ ပယောဂဆို သည်မှာ အလိုအလျောက် ဝင်လာတော့သည်၊ စွမ်းသည်ဆိုလျှင် စမ်းချင်ကြသည်၊ ဆန်းသည်ထင်လျှင် လှမ်းချင် ကြသည်၊ အပြိုင် အဆိုင်လည်း ဖြစ်တတ်သည်၊ အရှုံးအနိုင်လည်း ပေါ်တတ်သည်၊ အသေအကြေလည်း ရှိတတ်သည် အငြိုးအရံလည်း ရတတ် သည်၊ ရန်သူရန်ဘက်လည်း များတတ်သည်၊ ယခုဘဝတွင် ဩ ပက္ကမ အမှုနှင့် သတ်ခြင်း, ပုတ်ခြင်း, ထိုးခြင်း, ခုတ်ခြင်း, တိုက် ခြင်း, နှိပ်စက် ညှဉ်းပန်းခြင်းတို့သည် ကံအရာတွင် ပါဝင်သော် လည်း ဝိပါက ကံချည်းသက်သက် မဟုတ်ပေ၊ အမှုပြုသော ကိရိ ယာကံနှင့် ဘက်စပ်လျက် ရှိ၏။

### ဝိသဇ္ဇနာပဋ္ဌာပါဠိတော်ဦ

ဩပက္ကမိကာ မဟာရောစ ဝေဒနာ။
အတ္ထိ ကိရိယာ အတ္ထိ ကမ္မဝိပါကာ။

ဟူ၍ လာသောကြောင့် ဩပက္ကမဝေဒနာမှာ—

၁။ ယခုဘဝတွင်မှ အမှုသစ်ဖြစ်သော ကံသစ်။

၂။ ရှေးဘဝက အမှုဟောင်းပေါ်သော ကံဟောင်း။

ဟူ၍ ၂-မျိုးဘက်စပ်၍ ဆင်ခြင်အပ်ပေသည်။

ဤနေရာ၌ ကံသစ်နှင့် ကံဟောင်း ၂-မျိုး ဘက်စပ်၍ ယူပုံမှာ ရှေးကံဟောင်း အကျိုးပေးကား ယင်ကောင်နှင့်တူ၏၊ ယခုဘဝ

တွင်မှ အသစ်ပြုသော အမှုသစ်ကံကား အညီအဟောက်နှင့်တူ၍ အညီအဟောက်ဖြစ်အောင် ယင်ကောင် မပြုလုပ်တတ်ပေ၊ အညီအဟောက် ဖြစ်လာမှသာလျှင် ယင်ကောင်သည် လာရောက် ကျနားတတ်သကဲ့သို့ ထို့အတူ ရှေးကံဟောင်း ဆိုသည်မှာ ပဝတ္တိအခါမှာ အမှုသစ် အညီအဟောက် ပြုလာမှသာလျှင် အခွင့်သင့်သလို ဝင်ရောက် အကျိုးပေးတတ်လေသည်၊ ယခုလက်ရှိ ဘဝတွင် အမှုသစ်မဖြစ်အောင် နေတတ်လျှင် ရှေးကံဟောင်းသည် အကျိုးပေးနိုင်သော အခွင့်မရှိချေ၊ လောကမှာ ဤသို့သော အမှုသစ်ဆင်၍ နာခြင်း, အမှုသစ်ဆင်၍ သေခြင်းမျိုး သာလျှင် များပြားပေသည်၊ ကံသစ်အမှုကို ကံဟောင်းက တိုက်တွန်း၍ ဖြစ်ပွါးရသောအမှုကား တထောင်မှတယောက်,တသောင်းမှတယောက် တသိန်းမှ တယောက်သာလျှင် တွေ့ရတတ်ပေသည်၊ထို့ကြောင့်-

**မိလိန္ဒပဥှပါဠိတော်၌**

အပ္ပံ့ကမ္မဝိပါကဇံ ဗဟုတရံ အဝသေသံ။
တတ္ထ ဗာလာ သဗ္ဗံ ကမ္မ[?]ဝိပါကဇံယေဝါတိ အတိဓာဝန္တိ။

ကမ္မဝိပါကဇံ၊ ရှေးကံဟောင်း အကျိုးဖြစ်သော ဝေဒနာသည်။ အပ္ပံ၊ နည်းပါးလှစွာ၏။ အဝသေသံ ရှေးကံမှကြွင်းသော ဝေဒနာသည်။ ဗဟုတရံ အလွန်များပြားလှ၏ တတ္ထ၊ ထိုသို့ ရှေးကံအလွတ်သာ များလှနိပါလျက်။ ဗာလာ၊ အမိုက်တို့သည်။ သဗ္ဗံ၊ အလုံးစုံသော ဝေဒနာသည်။ ကမ္မဝိပါကဇံယေဝ၊ ကံအကျိုးပေး တခုသာလျှင်တည်း။ ဣတိ ဤသို့။ အတိဓာဝန္တိ၊ တရားမှန်ကို ကျူးလွန်ကျော်နင်း၍ ယူကြကုန်၏။

ဩပက္ကမမှော် သွင်းခြင်း — ဩပက္ကမ ဝေဒနာသည် ယခုဘဝတွင် အသစ်ပြုလုပ်သော အမှုသစ် ကိရိယာကိုစွဲ၍ ဥပပီဠကံ,ဥပဃာတကကံဝင်၍ အကျိုးပေးသော အရာများလည်း ရှိတတ်ပေသည်၊ ထိုကံဖြစ်ပုံအကြောင်းကို ဇနက ကံစသော ကံ ၄-ပါးပြဆို

သောအခဏ်းကိုပြန်ကြည့်ပါ၊ ထိုဩပက္ကမဝေဒနာမျိုးမှာ ချုပ်ခန္ဓာကို ကုမတ်ပေးရသော ကိစ္စအပြင် လုံ့လပယောဂ ကူ၍ စိတ်အခြေ စွဲယူထားသော စိတ္တဇရုပ်နှင့် နာမ်ခန္ဓာကိုလည်း အပြောင့်အမှန် ချွတ်လွှဲ ကုမတ်ပေးရန် တာဝန်ရှိပေသည်၊ ယခုခေတ် ပယောဂဆရာ ဆိုသူတို့မှာ ဘုရားဟောသော ဩပက္ကမ ဝေဒနာ စွဲကို သိရှိကြလိမ့်မည် မထင်ပေ၊ ကမ္ဘာဦးအခါက ယဖ်ပလ္လင်တင်သလို "ရေ့ အရှင်ကြီး စားပါ သောက်ပါ, ဒါနရှင်တို့၏ ကုသိုလ်ကောင်းမှု အဘိုဘာဂကိုလည်း အမျှယူပါ, မနှောက်ယှက်ပါနဲ့" ဟူ၍ ရိုးရာ ကုမတ်သကဲ့သို့ ပြုလျှင် တော်ပေသေးသည်၊ နတ်စွဲ, ဆရာစွဲ, ငါစွဲ, ဆေးစွဲ, ကြွမ်စွဲ, ကိုင်ပြီး "နင်လဲ ပယောဂကောင် ငါလဲ ပယောဂမောင် သတ္တိရှိရင် လာခဲ့ နင်နဲ့ငါ ဘယ်သူက အဆောင်ကြီးသလဲ ယှဉ်စမ်း ကြည့်ရအောင်" ဆိုလျှင် ဩပက္ကမ မှော်သွင်းသည်နှင့်ပင် တူပေလိမ့်မည်၊ (ပယောဂ ချွတ်လွှဲခဏ်းကို ခန္ဓာပစ္စုပ္ပန်ကျမ်းမှာ အထက်တန်းကျကျ ရှုပဗေဒပြထားသည်)။

**ပယောဂမှော် သွင်းခြင်း** ပယောဂ မှော်သွင်းသည် ဆိုသည်မှာ သမ္ပတ္တိနှင့် ဝိပ္ပတ္တိ ၂-ပါးရှိသည် (ပယောဂ သမ္ပတ္တိ စက်ဆင်ပုံ အခဏ်းမှာကြည့်ပါ) ဤနေရာ၌ ပယောဂသမ္ပတ္တိ သွင်းပုံကိုပြအံ့၊ လောကပါလ=လောကကို စောင့်သော တရားဟူ၍ဂုဏ်း၊ ဒေဝဓမ္မ= နတ်များကျင့်ကြံသော တရားဟူ၍ဂုဏ်း ခေါ်သော ဟိရိ= မကောင်းမှု ပြုရမည်ကို ရှက်ခြင်း၊ ဩတ္တပ္ပ= မကောင်းမှု ပြုရမည်ကို ကြောက်ခြင်း ဟူသော တရား ၂-ပါး လုံခြုံစေရန် အပါယ်လေးဘုံ ငရဲခဏ်းပြ၍ ချောက်ခြင်း, ဘီလူး သားရဲ တိရစ္ဆာန်ပြ၍ လှန့်ခြင်း, လက်ထိပ် ကြိုး ကြွမ် ထောင် တကျွန်း စက်တိုင်ပြ၍ နှိမ်ခြင်းတို့သည် ပယောဂဆင်ခြင်း ပေတည်း။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပ, သူတော် ဥစ္စာ ၇-ဖြာစွဲမြဲစေရန် နတ်ရွာ ၆-ထပ် ဗြဟ္မာ ၂၀-ပြ၍ မြှင့်ခြင်း, နတ်သမီး, နတ်သား, ဥယျာဉ်, ဗိမာန်, ပဒေသာပင်ပြ၍ မြှောက်ခြင်း, မင်း, သူဌေး

သုကြွယ်, စိန်, ရွှေ, ရတနာ ဖိမ်ခံပစ္စည်းပြ၍ ချီးပခြင်းတို့သည် ပယောဂ ဆင်ခြင်းပေတည်း။

**သမားဆရာတို့ အရကောက်** မည်သို့ပင် ပယောဂ ဆင်ဆင် ဆင်သမျှသော ပယောဂကိစ္စကြောင့် ဆုတ်နစ်သော စိတ္တဇရုပ်, တက်ကြွသော စိတ္တဇရုပ်, ဆုတ်နစ်တက်ကြွ ၂-ပါးရောသော စိတ္တဇရုပ် တပါးပါးဖြစ်ရမြဲအတိုင်း ဤတွင်လည်းဖြစ်၍ သလိပ်, သွေး, သည်းခြေ, လေ, အပုပ် တပါးပါးလွန်မှု ပျက်မှုကြောင့် နာခြင်း, သေခြင်း၊ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, တပါးပါးလွန်မှု ပျက်မှုကြောင့် နာခြင်း သေခြင်းဖြစ်သည် ဟူသော ဆေးညာဏ် ဓာတ်ညာဏ် ကိုသာလျှင် အရကောက်၍ ကုမတ်အပ်ပေသည်၊ သူပြော ကိုယ်ပြော အမည်နာမ ဝေါဟာရ ပေါ်များတိုင်း မယောင် မှားသင့်ပေ။

**အဘိဓမ္မာဒေသနာ အလိုအားဖြင့်** အဘိဓမ္မာဒေသနာတော်သည် သူ, ငါ, အတ္တ, ပရ, ပယောဂ, ကင်းစင်သော အနတ္တဒေသနာ ဖြစ်၍ ဩပက္ကမ ဝေဒနာအရာ ဝင်သော နာခြင်း သေခြင်းတို့ကို ရာဂစွဲ, ဒေါသစွဲ, မောဟစွဲ, မာနစွဲ, ဟိရီစွဲ, သဒ္ဓါစွဲ, ပညာစွဲ, ကရုဏာစွဲကောက်၍ ပြောထားသိုကို အောက်ပါအတိုင်း သိမှတ်အပ်ပေသည်။ (ဤကား- နာင်ဝေဒနာကုစားရန် အချက်တည်း)။

**ရာဂကြောင့် ဖြစ်ခြင်း** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေး ပါဘဲ လျက် မြိုးသနဲသော ရာဂ, ထနိုးသော လောဘ, အငှဲအလမ်းကြီးသော တဏှာစိတ်ကြောင့် သည်းမခံ နိုင်သဖြင့် အဆိပ်သောက်၍ နာခြင်း သေခြင်း ကြိုးဆွဲချ၍ နာခြင်း သေခြင်း ထားသွယ် သေနတ်နှင့် ပစ်ခတ်၍ နာခြင်း သေခြင်း၊ ချောက်ထဲ ကမ်းပါးထဲ ရေတွင်းထဲ ခုန်ဆင်း၍ နာခြင်း သေခြင်း မျိုးတို့သည် ရာဂကြောင့်ဖြစ်၏။

**ဒေါသကြောင့်** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေး ပါဘဲ
**ဖြစ်ခြင်း** လျက် ပူပန်သော သောက,ပြင်းပြသော ဒေါသ
ဒဏ်ချက်တို့ကို သည်းမခံနိုင်သဖြင့် အချင်းချင်း ရိုက်ပုတ် ထိုး
ခုတ်၍ နာခြင်း သေခြင်း၊မိမိဘာသာ ထိုးခုတ်၍ နာခြင်းသေခြင်း၊
ပြင်းစွာ ငြူစူ၍,ပြင်းစွာပူပန်၍,ပြင်းစွာ ကြောက်ရွံ့၍, ပြင်းစွာ
ထိတ်လန့်၍ နာခြင်း သေခြင်း စသည်တို့သည် ဒေါသကြောင့်
ဖြစ်၏။

**မောဟကြောင့်** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေး ပါဘဲ
**ဖြစ်ခြင်း** လျက် မောဟအားကြီး၍ ပညာနည်းပါး ခြင်း
ကြောင့်၎င်း၊အသိအလိမ္မာ အားနည်း၍မဆင်ခြင်နိုင်ခြင်းကြောင့်
၎င်း၊ မလိုက်တန်သောလမ်း,မသွားတန်သောအရပ်,အချိန်မတန်
သော ကာလ,မပြုတန်သော အမှုတို့ကို မိုက်မိုက် ကန်းကန်း ဆင်
ကန်း တောတိုး ပြုလုပ်မိသဖြင့် ရရှိခံစားရသော နာခြင်းသေခြင်း
တို့ကို မောဟကြောင့်ဟု ဆိုရ၏။

**မာနကြောင့်** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေး ပါဘဲ
**ဖြစ်ခြင်း** လျက် ကိုယ့်အောက် ယုတ်ညံ့သော အဖက်မတန်
သော သူတို့ကို ဖက်ပြိုင်ခြင်းကြောင့်၎င်း၊ ကိုယ်နှင့် မတန်သော
ယုတ်ညံ့သော အမှုကို ပြုမိခြင်းကြောင့်၎င်း၊ သည်းမခံနိုင်သဖြင့်
ရှက်နာ နာခြင်း,ရှက်သေ သေခြင်းတို့သည် မာနကြောင့် ဖြစ်၏။

**တနည်း= ဩပက္ကမ အရောဝင်သော နာခြင်း သေခြင်းတို့ကား—**

**ဟိရိကြောင့်** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေး ပါဘဲ
**ဖြစ်ခြင်း** လျက် မပြုအပ် လွန်ကျူးအပ်သော လောကဝဇ္ဇ
အပြစ်,ပဏ္ဏတ္တိဝဇ္ဇအပြစ်တို့ကို ကျူးလွန် ပြုကျင့်ရမည့် အရေးကို
ရှက်ကြောက်သဖြင့် အသက်အသေခံ၍ သိလကို စောင့်သော
ပုဂ္ဂိုလ်တို့၏ ဝေဒနာနှင့် သေခြင်းတို့သည် ဟိရိကြောင့် ဖြစ်၏။

**သဒ္ဓါကြောင့် ဖြစ်ခြင်း** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေး ပါဘဲလျက် ကြည်ညိုအပ်သော ရတနာ ၃-ပါး စသည်၌ ကြည်ညိုခြင်း သဒ္ဓါစိတ် အားကြီး၍ မိမိကိုယ်ကို မီးထွန်း၍ ဘုရားစေတီ ပူဇော်သော သုမင်္ဂလ ဘုရားလောင်း, အသက် အသေခံ၍ သိဝိဘုရားကို ပူဇော်သော ဂေါတမ ဘုရားလောင်း ခြင်္သေ့မင်း စသည်တို့၏ ဝေဒနာနှင့် သေခြင်းတို့သည် သဒ္ဓါကြောင့် ဖြစ်၏။

**ပညာကြောင့် ဖြစ်ခြင်း** အာယုကပ် အသက်တမ်းနှင့် ကံမကုန်သေးပါဘဲလျက် မသေလျှင် အဖြစ် သေလျှင် အကျိုး ဟူ၍ ကိုယ့်အဖြစ်ကို ဆင်ခြင်သော ဂေါမိက မထေရ် စသည်တို့ကဲ့သို့ ဝေဒနာခံစား၍ သေခြင်းသည် ပညာကြောင့် ဖြစ်၏။

**ကရုဏာကြောင့် ဖြစ်ခြင်း** ငါတို့ ဘုရားအလောင်းတော်သည် ဖြဟ္မာဘုံ ဘဝသို့ အခါခါရောက်၏၊ ထိုဗြဟ္မာဘုံ ဘဝ၏ အသက်တမ်းနှင့် ကံမကုန်ပါဘဲလျက် လောကအား သနား ချီးမြှောက်လိုသောကြောင့် ဖြဟ္မာပြည်တွင် ကြာကြာမနေဘဲ ငါ၏ အသက်ဇိဝိန်သည် ကင်းပြတ်စေသတည်းဟူ၍ အဓိဋ္ဌာန် ပြုကာ ဝေဒနာခံစား၍ သေခြင်းသည် ကရုဏာကြောင့် ဖြစ်၏။

**ဩပက္ကမဝေဒနာ သိဘွယ်ရာ** ဩပက္ကမ ဝေဒနာသည် နာမ်ခါတ်ကိုစွဲ၍ ရုပ်ခါတ်မှာ ကျရောက်သော ဝေဒနာကို ပြဆိုသည်ဖြစ်ရာ ရုပ်ခါတ်ကိုကုစားလျှင် အကျိုးပြီးစီးရုံသာဖြစ်၍ နာမ်ခါတ်ကို ကုစားနိုင်မှသာ အကြောင်းငြိမ်းမည်ကို သတိရှိအပ်ကြပေသည်။

ဩပက္ကမ ဝေဒနာ အလင်းပြခဏ်း ပြီး၏။

# ကမ္မဝိပါကဇ ဝေဒနာ အလင်းပြကျမ်း

## ဓမ္မာနုသာရီ လမ်းစဉ်နှင့် ကုမတ်ပုံနည်းလမ်းများ ဤကျမ်းတွင် ပါဝင်သည်

ကမ္မဝိပါကဇ အနာဟူသည်မှာ—

ဇနက ကံ၏ ပဋိသန္ဓေ အကျိုးကိုပေးရာ၌ အဖေါ်သဟဲ အထောက်အပံ့ ဖြစ်သော ဥပတ္ထမ္ဘက ကံနှင့်တကွ ဇနက ကံအကျိုး ပေး၍ ထားသော ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် အစဉ်ကို ပျက်စီးကင်းပြတ်အောင် ဖိစီးနှိပ်စက် ကပ်ဖြတ်တတ်သော ဥပပီဠက ကံနှင့် ဥပဃာတကကံတို့၏ အကျိုးကိုဆိုလိုပေသည်၊ ဥပပီဠက ကံနှင့် ဥပဃာတက ကံအကြောင်းကြောင့်ဖြစ်သော နာခြင်းသေခြင်း ပေတည်း။

### အင်္ဂုတ္တိုရ်ဋီကာ၌

> တတ္ထ ပုရိမေဟိ သတ္တဟိ ကာရဏေဟိ ဥပ္ပန္နေ သက္ကာ ပဋိဗာဟိတုံ၊ ကမ္မဝိပါကဇာပန သဗ္ဗ ဘေသဇ္ဇာနိပိ သဗ္ဗ ပရိတ္တာနိပိ နာလံ ပဋိဃာတာယ။

တတ္ထ၊ ထိုအကြောင်း ရှစ်ပါးကြောင့် ဖြစ်ကုန်သော အနာတို့တွင်။ ပုရိမေဟိ၊ ရှေ့ဖြစ်ကုန်သော။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဥပ္ပန္နေ၊ ဖြစ်ကုန်သော အနာတို့ကို။ ပဋိဗာဟိတုံ ဆေးဝါးမန္တာန် ပရိတ်အရံအတားတို့ဖြင့် ပယ်ခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ကမ္မဝိပါကဇာပန၊ ကံကြောင့် ဖြစ်သော အနာတို့ကိုကား။ သဗ္ဗ ဘေသဇ္ဇာနိပိ၊ အလုံးစုံသော ဆေးတို့သည်၎င်း။ သဗ္ဗပရိတ္တာနိပိ၊ အလုံးစုံသော ပရိတ်မန္တာန် အရံအတား တို့သည်၎င်း။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းငှါ။ နာလံ၊ မစွမ်းနိုင်ကုန်။

## အင်္ဂုတ္တိုရ်ငြီကာ အဓိပ္ပါယ်မှာ

၁။ လေကြောင့် နာခြင်း သေခြင်း ဝါတသမုဋ္ဌာန်။
၂။ သည်းခြေကြောင့် နာခြင်း သေခြင်း ပိတ္တသမုဋ္ဌာန်။
၃။ သလိပ်ကြောင့် နာခြင်း သေခြင်း သေမှသမုဋ္ဌာန်။
၄။ ထိုဒေါသကြောင့် နာခြင်း သေခြင်း သန္နိပါတ်။
၅။ အပူအအေးကြောင့် နာခြင်းသေခြင်း ဥတုပရိဏာမဇ။
၆။ မသင့်မတင့်ပြု၍ နာခြင်း သေခြင်း ဝိသမ ပရိဟာရဇ။
၇။ လုံ့လပယောဂကြောင့် နာခြင်း သေခြင်း ဩပက္ကမ။
၈။ ကံအကျိုးပေးကြောင့် နာခြင်း သေခြင်း ကမ္မဝိပါကဇ။

ဟူ၍ ဒေသနာတော် အလာ ဝေဒနာနှင့် နာခြင်း သေခြင်း အကြောင်း ၈-ပါးရှိရာတွင် ရှေ့ဖြစ်သော ဝေဒနာနှင့် နာခြင်း သေခြင်း ၇-ပါးတို့ကို ဆေးဝါးပယောဂ အမှုဖြင့်၎င်း၊ ဂါထာမန္တာန် ပရိတ် အရံအတားဖြင့်၎င်း ကုမတ် ပယ်ဖျောက်ခြင်းငှါ တတ်ကောင်း၏၊ ကံကြောင့်ဖြစ်သော ကမ္မဝိပါကဇကိုမူကား ဆေးဝါး ပယောဂမန္တာန် ပရိတ် အရံအတားဖြင့် ကုမတ်ပယ်ဖျောက်ခြင်း ငှါ မစွမ်းနိုင်ဟူ၍ ဆိုလိုပေသည်။

**အဘယ်ဝေဒနာကို ကမ္မဝိပါကဇဟု ခေါ်ပါသနည်း--**

ကံ ကံ၏အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာ လူမျိုးမှန်လျှင် ဒေသနာ အရပ်ရပ်တွင် လာရှိသော ကမ္မဝိပါကဇ အကြောင်းကို ကောင်းကောင်းကြီး သိကြပေသည်၊ ပဋိသန္ဓေအခါမှစ၍ မျက်စိ ကန်းခြင်း, နားထိုင်းခြင်း, ဆွံ့အခြင်း, ကိုယ်အင်္ဂါ ခြေလက်မစုံ ခြင်း, ပသာဒရုပ် မစုံခြင်းတို့သည် ကမ္မဝိပါကဇ အနာပေတည်း၊ ထိုပဋိသန္ဓေ အကျိုးပေးဖြစ်သော ကမ္မဝိပါကဇ အနာကို ကုစား ခြင်းငှါ မတတ်ကောင်းသော်လည်း ပဋိသန္ဓေ အကျိုးပေး စုံပြီး သည်မှနောက်ကာလဖြစ်သော အမိဝမ်းတွင်းမှ သေသည်ကာလ တိုင်အောင်သောပဝတ္တိအခါ၌ဖြစ်သော ကမ္မဝိပါကဇဝေဒနာများ

ကို ပစ္စုပ္ပန်,ကံ,ဝီရိယထရ၍ ဘုစားခြင်း၌တတ်ကောင်းလေသည် ထိုကြောင့်''လူတန်ကံချ အပျင်းမွေးသူ ဆင်းရဲကြ''ဟူ၍ဆိုဘွယ် မဖြစ်ရအောင် ခွဲစိတ်ကုသသော အင်္ဂလိပ်ဆေးအတတ်ကိုလည်း အားပေးသင့်ကြသည် ဒေသနာနယအလာ အနာ ဂ-ပါးကို–

၁။ သွေးရိုးသားရိုး အစွဲကြောင့် ဂ-ပါး ၄–ပါး။
၂။ ဥတု ဝိပရိဏာမဇဟူသော အကြောင်းကြောင့် ဂ—ပါး တပါး။
၃။ ဝိသမ ပရိဟာရဇ ဟူသော အကြောင်းကြောင့် ဂ–ပါး တပါး။
၄။ ဩပက္ကမ ဟူသော ပယောဂကြောင့် ဂ–ပါး တပါး။
၅။ ရှေးကံဟူသော အကျိုးပေးကြောင့် ဂ-ပါး တပါး။

ဟူ၍ဖြန်းမှုကြည့်လျှင်လည်း သံသယကင်းလောက်ပေသည်၊ ဤဆေးအဘိဓမ္မာ ဥတုဘောဇန သမုဋ္ဌာန်ကျမ်းတွင် ဖေါ်ပြခဲ့သော ဓာတ်ကြီးလေးပါး အခဏ်း၌ ကံ,စိတ်,ဥတု, အာဟာရဟူသော သမုဋ္ဌာန်လေးပါး အကြောင်းနှင့် သိမ်းဆည်း ပြဆိုခဲ့ပေရာ ထို နည်းတို့ကို စတုသမုဋ္ဌာန် အသိဉာဏ်နှင့် ပြုပြင်ကုမတ်နည်း ကဏ္ဍဟူ၍ မှတ်အပ်ပေသည်၊ ထိုတွင်လည်း ဖြစ်ပျက်သမျှသော ဥတုဇရုပ်တို့ကို ဥတုသမုဋ္ဌာန်နှင့် သိမ်းဆည်း၍ ဖေါ်ပြခဲ့ပေရာ ထိုနည်းကိုလည်း ဥတုဘာဝနာ အသိဉာဏ်နှင့် ပြုပြင် ကုမတ် နည်းဟူ၍မှတ်အပ်ပေသည်၊မှာကြားလိုရင်း အချက်မှာ လောက ပြောစဉ်,ဟောစဉ်ကား ဤသို့ မွေ့သိစဉ်, ဖြစ်စဉ်ကား ဤသို့ လက်တွေ့ လုပ်စဉ်,ပြုစဉ်ကား ဤသို့ဟူ၍ ခွဲခြားဆင်ခြင်တတ်ဘို့ လိုပေသည်၊ သို့မဟုတ်ပါက သိစဉ် ဖြစ်စဉ်ကို ပြောစဉ်ဟောစဉ် က ဖုံးတတ်သည်၊ ပြောစဉ် ဟောစဉ် ဖုံးလွှမ်းလျှင်လည်း ပြုစဉ် လုပ်စဉ်ကို မမြင်ဘဲ ရှိတတ်ပေသည်၊ ပစ္စတ္တိဖြစ်သော ကမ္မဝိပါ ကဇ အနာသည် ကမ္မသမုဋ္ဌာန်သက်သက် မဟုတ်သောကြောင့် ဥတုသမုဋ္ဌာန်ကြောင်းနှင့် ကုစားနိုင်ပုံကို ဆက်၍ပြဆိုအံ့။

# လယ်တီဆရာတော် ဆေးညွှန်း ခေတ်ညွှန်း

## ထူထောင်ပြသွားပုံ

ဆေးဝါး ပယောဂ ဂါထာမန္တာန် ပရိတ် အရံအတားတို့နှင့် ကုမတ်ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်သော ကမ္မဝိပါကဇ အနာကို ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားသည်''မနုဿတ္တ ဒုလ္လဘ ဝယ် အရတော်လှ ဤဘဝကို ကမ္မသကာ မဟုသာတည်း ပညာ ဝိရိယ ထိန်းကျောင်းမှသာ သင့်မြတ်ရာသည်''ဟူသော ဩဝါဒ နှင့်အညီ ဥတုခေတ်ညွှန်းနှင့် ဆေးညွှန်းထူထောင်ပြပုံမှာ—

**ပရမတ္ထဒီပနီ အမိပ္ပါယ်** အကြွင်း ဥပပီဠက, ဥပဃာတက ကံတို့၏ အစွမ်းကြောင့် ကိုယ်ခန္ဓာ၌ ကံကြောင့် ဖြစ်ကုန်သော အနာတို့သည် ဖြစ်ကုန်၏၊ ထိုဥပပီဠက, ဥပဃာတက ကံတို့သည် လည်း ဂတိဝိပ္ပတ္တိ, ကာလဝိပ္ပတ္တိ, ပယောဂ ဝိပ္ပတ္တိတို့ကို ရကြ ကုန်သည်ရှိသော် သာလျှင် ကိုယ်၌တည်ကုန်သော ဥတုဇဖြစ် ကုန်သော ပထဝီ,အာပေါ,တေဇော,ဝါယော အစရှိသော ဓာတ် ကြီးတို့ကိုငှင်း၊ လေ, သည်းခြေ, သလိပ် အစရှိသော ဓာတ်ငယ် တို့ကိုငှင်း၊ ချောက်ချားစေ၍ အထူးထူးသော အနာတို့ကို ဖြစ်စေ ကုန်၏၊ ဥတုဇဖြစ်ကုန်သော ပထဝီစသည့် ဓာတ်ကြီး, လေ စသည့် ဓာတ်ငယ်တို့ ချောက်ချားလှုပ်ရှား ထကြွ သောင်းကျန်း ကြကုန်သည် ရှိသော်ကား၊ ဥတုဇ ဓာတ်မှတပါး ကမ္မဇဓာတ်, စိတ္တဇဓာတ်, အာဟာရဇ ဓာတ်တို့သည် ထိုဥတုဇရုပ် ဓာတ်သို့ အစဉ်လိုက်၍ ချောက်ချားလှုပ်ရှား ထကြွသောင်းကျန်း ကြကုန် ၏၊ ထိုကြောင့် ''သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ''အစရှိသည် ဖြင့် ဥတုပြဋ္ဌာန်းသည် သာလျှင်ဖြစ်သော ရုပ်တို့၏ ဘောက်ပြန် ခြင်း အကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ကံ ကြောင့်ဖြစ်သော ကမ္မသမုဋ္ဌာန် အနာဟူ၍ မရှိသင့် ဟူ၍ ပရမတ္ထ ဒီပနီမည်သော ဋီကာမေ်ကျမ်း၌ ဖွင့်ပြတော်မူလေသည်။

**ပရမတ္ထဒီပနီ ပါဠိ** ယေသဉ္စ ဝသေန ဣမသ္မိံ သရီရေ ကမ္မဝိပါကဇာ နာမ အာဗာဓာ ဥပ္ပဇ္ဇန္တိ၊ တာနိ ဥပပီဠကူပဃာတက ကမ္မာနိပိ၊ ဂတိ ကာလ ပယောဂ ဝိပ္ပတ္တိယော လာဘမာနာနိ စေဝ သရီရဋ္ဌကာ ပထဝါဒယော ဝါတ ပိတ္တာဒယော စ ဥတုသမုဋ္ဌာနာ ဓာတုယော ခေါဘေတွာ နာနာဗာဓေ ဥပ္ပါဒေန္တိ၊ ဥတုသမုဋ္ဌာနာသု ပန ရုက္ခတာသု ဇာတရာနိ တဒနုဝတ္တိကာနိ စေဝ ဟောန္တိ၊ တေနေဝဟိ သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ ဇိဃစ္ဆာယပိ ရုပ္ပတိ ပိပါသာယာပိ ရုပ္ပတီတိအာဒိနာ ဥတုပဋ္ဌာနောဝ ရူပဓမ္မာနံ ရုပ္ပနပစ္စယော ဝုတ္တောတိ တသ္မာ ကေဝလံ ကမ္မသမုဋ္ဌာနောပိ အာဗာဓော နာမ နတ္ထိ။

အနက်မှာ အဓိပ္ပါယ်နှင့်သိသာပြီ

**လယ်တီဆရာတော် ဒီပနီမလွန်ပါ** ကမ္မဝိပါကဇ အနာ၌ ကမ္မသမုဋ္ဌာန် အနာဟူ၍ မရှိသင့် ဥတုသမုဋ္ဌာန် အနာသာလျှင် ဖြစ်သင့်သည်ဟူ၍ လယ်တီဆရာတော် ခတ်ညာဏ်ထူထောင် ပြပုံမှာ ပုဂ္ဂိုလ်ကိုကြည့်လျှင် လွန်သည်ဟူ၍ မဆိုနိုင်ပေ၊ လယ်တီဆရာတော်သည် ပရမတ်ညာဏ် ခတ်ညာဏ် အသိနောက်သို့ အစဉ်လိုက်သော ဓမ္မာနုသာရီ ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် သေပေါက် သေဝ ဖြစ်သော ကမ္မဝိပါကဇ အနာကိုပင်လျှင် ဤကဲ့သို့ သမုဋ္ဌာန်အသိနှင့် ဆေးညာဏ် ခက်ညာဏ်ထူရသည်ဟူ၍ ညာဏ်ကူဖွင့်ပြ သွားမှ ဆေးသမားတို့၏ နည်းယူစရာ ကျေးဇူးရှင် စစ်လှပေသည်။

**ပရမတ္ထဒီပနီ အဓိပ္ပါယ်ဆက်** ဆက်ဦးအံ့ ဤကမ္မသမုဋ္ဌာန် အနာမရှိသင့် ဟူ၍ ဆိုပြသော အရာ၌ လေးပါးကုန်သော ရုပ်ဖြစ်ကြောင်း သမုဋ္ဌာန်တို့တွင် ဥတုသာလျှင် ကြီးကျယ်သော အားအစွမ်းနှင့် ပြည့်စုံ၍ ကြီးကျယ်သော ပြန့်နှံ့ခြင်းရှိ၏၊ အဘယ့်ကြောင့်ဆိုသော် ထိုဥတုသည် အလုံးစုံသော စကြဝဠာ၊ ကမ္ဘာ၊ မြေရေအစရှိသော ဩကာသ လောကကြီးကိုရင်း၊ အပြင်အပ၌ရှိသော အလုံးစုံသော ကမ္ဘာပျက်မီး၊ ကမ္ဘာပျက်ရေ၊ ကမ္ဘာ

ဖျက်လေ, ကမ္ဘာပြုရေနှင့် မြေရေကျယ်ပြော တောတခွင် တောင်တခွင် သစ်ပင်ချုံနွယ် မြက်ငယ်စသော သင်္ခါရလောကကြီးကိုရင်း ဖြစ်ပွါးအောင် ထူထောင်၏၊ ဖျက်လည်း ဖျက်ဆီး၏၊ ထိုဥတုသည် သတ္တလောကဟု ဆိုအပ်သော သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ မျက်စိ,နား,နှာစသော သသမ္ဘာရ အဆောက်အဦတို့ကို ဖြစ်လည်း ဖြစ်စေကုန်၏၊ ထိုဥတုမှတပါးသော ကံ, စိတ်,အာဟာရဟူသော ဖြစ်ကြောင်း တရားတို့သည် ထိုဥတု၏ အခြံအရံမျှသာ ဖြစ်သည်ဟူ၍ ပရမတ္ထဒီပနီမည်သော ဋီကာမော်ကျမ်း၌ အောက်ပါအတိုင်း ဖွင့်ပြတော်မူလေသည်။

**ပရမတ္ထဒီပနီ ပါဠိ** ဧတ္ထသု စတူသု သမုဋ္ဌာနေသု ဥတုဧဝ မဟန္တော မဟာဿာမော မဟာဝိပ္ဖါရောစ ဟောတိ၊ သောဟိ သကလဿပိ ဩကာသ လောကဿ ဗဟိဒ္ဓါ သင်္ခါရ လောကဿစ သမုဋ္ဌာပကော ဝိနာသကောစ ဟောတိ၊ သတ္တလောကဿစ သောဧဝ မဟန္တော အဇ္ဈတ္တ သမ္ဘာရဘူတော ဟောတိ ဣတရာနိပန တီဏိ တဿ ပရိဝါရမတ္တာနိဧဝ သမ္ပဇ္ဇန္တိ။

အနက်မှာ အဒိပ္ပါယ်နှင့်သိသာပြီ

**လယ်တီဆရာ၏ စေတနာ** လယ်တီဆရာတော်သည် ကံ, ဉာဏ်, ဝီရိယ သုံးပါးအနက် ကံအရာအချက်သည် ဒေသနာတော်များ၌ လာရှိသည်အတိုင်း ထင်ရှားလှသောကြောင့် အထူးမဆိုခြင်းဖြစ်ပေသည်၊ ဉာဏ်,ဝီရိယ အရာအချက်မှာအချက်ပိုင်သလိုနှင့် ကံဘက်သို့ အယိုင်များတတ်သောကြောင့် အောက်ပါအတိုင်း ရူပဒီပနီတွင် ကိုက်တွန်းစကား ဟောပြောခဲ့ပေသေးသည်။

**ရူပဒီပနီ ဟောပြောပုံ** ၃၁-ဘုံတွင် ပဋိသန္ဓေအားဖြင့် အယုတ်, အလတ်, အမြတ် ဖြစ်ကြရာ၌ ကံသာအမှန် ကံသာအချုန် ကံသာအချုပ်ဖြစ်ပေသည်၊ လူ့ဘုံကိုထား၍ ဘုံ ၃၀-တို့၌ ပဋိသန္ဓေနှင့် ပဝတ္တိ ၂-ပါးတို့၌ပင် ယေဘုယျအားဖြင့် ကံသာလျှင် အမှန်ဖြစ်သည်၊ လူ့ဘုံ လူဘဝ လူ့ဌာနမှာမူကား ကံဘုံ, ဉာဏ်ဘုံ,

ဝိရိယဘုံဖြစ်ပေသည်၊ သုစရိုက်မှု၊ ဒုစရိုက်မှု အလွန်ထွန်းကား သော ဘုံဖြစ်ပေသည်၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝက ဘဝ ပါရဂူ အဖြစ်ကိုလည်း ကံဘုံ, ဉာဏ်ဘုံ, ဝိရိယဘုံ, ၃-ပါးလုံးရုံ သော လူတို့ဘုံမှာ လုပ်မှဖြစ်နိုင်သည်၊ကံဘုံဗမှာ တည်၍ ဘုရား ဖြစ်အောင် မလုပ်နိုင်၊လူတို့ဘုံ၌တည်၍ ဉာဏ်,ဝိရိယဖြင့် လုပ်ပေ မှုကား သဗ္ဗညုတ ဉာဏ်သော်လည်း မလွတ်နိုင်၊ လူဖြစ်ဘို့ကံ, နတ်ဖြစ်ဘို့ကံ, ဗြဟ္မာဖြစ်ဘို့ကံများ ဆိုဘွယ်ရာမရှိပြီ။

ဉာဏ်,ဝိရိယ တရားသည် အစမရှိသော အနမတဂ္ဂ သံသရာ တွင် ဘယ်အခါမှ မဆိတ်ပေ၊ဘုရားပစ္စေကဗုဒ္ဓါ သာဝကဖြစ်ဘို့ တရားမှာလည်း ဉာဏ်ရှိလျှင် ရှိတော့သည်၊ဉာဏ်သည်သာလျှင် လိုရင်းဖြစ်သည်၊ဉာဏ်ဝိရိယကို ဝါသနာနှင့်တကွ တဘဝထက် တဘဝ လိုက်စား တိုးပွါး၍ သွားသဖြင့် ဘုရားလောင်း, ပစ္စေက ဗုဒ္ဓါလောင်း, သာဝကလောင်း ဖြစ်လောက်အောင် အားရှိသော အခါ အလောင်းအလျာ ဖြစ်တော့သည်၊နိယတဗျာဒိတ် ရလောက် အောင် အားအင် ရှိသောအခါ တွေ့ကြုံသော ဘုရားရှေ့တော် မှောက်မှာ နိယတဗျာဒိတ် ရကြသည်၊ ငါတို့ဘုရား အလောင်းကို ဗျာဒိတ်ပေးကြကုန်သော ဒီပင်္ကရာစသော ရှေးမြတ်စွာ ဘုရားတို့ သည် နောင်ဘုရား ဖြစ်လတ္တံ့ဟူသော ဗျာဒိတ်ကို ပေးကြကုန် သည်၊ ဘုရားဖြစ်အောင် ဤသို့ကျင့်ဟူ၍ တခွန်းမျှ မဟောကြ ကုန်၊ဟောမှ သိမည့်သူသည်လည်း နိယတဗျာဒိတ် မထိုက်သေး၊ မိမိအလိုလို သိနိုင်ကျင့်နိုင်သော ဉာဏ်စွမ်း ဝိရိယစွမ်းရှိပြီးသော သူမှသာ နိယတဗျာဒိတ်ကို ရမြဲတည်း၊ ဤအလုံးစုံသော စကား ရပ်ဗြဖြင့် ဉာဏ် ဝိရိယတို့ အချက်အချာကို ထင်လင်းစေခြင်းငှါ ဆိုလိုက်သတည်း။

ကမ္မဝိပါကဇနာ အလင်းပြခဏ်း ပြီး၏။

**ဆေးအဘိဓမ္မာ ဥတုဘောဇန သမ္ဗတ္တိကျမ်း ပြီး၏။**

# နိဂုံးပဏ္ဏနာ

ဓမ္မလမ်းကြောင်း ပြသောတရား ဆရာများသည် သတ္တဝါတို့အား အပါယ်သံသရာမှ ကယ်တင်၍ လူ့ပြည် နတ်ရွာ ဗြဟ္မာထံနှင့် နိဗ္ဗာန်တံခါးဝ ရောက်အောင် ပို့ဆောင်ရမည့် တာဝန်ရှိပေသည်၊ လောက လမ်းကြောင်းပြသော လောကဆရာ များသည် လူတို့အား မိုက်မှားယောင်ဝါးနေသော အမှောင်ကန္တာရမှ ထုတ်ဆောင်၍ အလင်းကန္တာရတွင် ပညာရဲရင့် ပွဲလယ်တင့်အောင် တင်မြှောက်ရမည့် တာဝန်ရှိပေသည်၊ ထို့အတူ အသက်ရှည်ရာ အနာကင်းကြောင်းပြသော သမားဆရာ တို့သည်လည်း လူတို့အား ဒေဝနီးပါးမှ ထုတ်ဆောင်၍ ကျန်းမာပကတိ ချမ်းသာခြင်း ရှိအောင် ပို့ဆောင်ရမည့် တာဝန်ရှိပေသည်။

ထိုဓမ္မဆရာ, လောကဆရာ, ဆေးဆရာဟူသော ပုဂ္ဂိုလ်၃-မျိုးသည် ဘုရား၏ ကိုယ်တော်စား အဖြစ်နှင့်လည်း လူတို့၏ ကိုးကွယ်ခြင်းကို ခံရထိုက်သည်၊ တရားတော်၏ တရားကိုယ် အဖြစ်နှင့်လည်း လူတို့၏ ယုံကြည်ခြင်းကို ခံရထိုက်သည်၊ သံဃာတော်တို့၏ ကိုယ်စားလည်း အဖြစ်နှင့်လည်း ပူဇော်ခြင်းကို ခံရထိုက်သည်၊ မိဘမရှိလျှင် မိဘအရာမှာ ထား၍လည်း လုပ်ကျွေးခယမ်းခြင်းကို ခံရထိုက်ပေသည်၊ ထိုဆရာသမားတို့သည် တိုင်းပြည်တပြည်, လူမျိုးတမျိုး, ဘာသာတရပ်, ရိုးရာတဆက်ကို အသစ်အသစ် အသက်ဆက်နိုင်ပေသည်၊ အငွေ့ရှည်ကြာအောင်လည်း ထိန်းသိမ်းစောင့်ရှောက် နိုင်ပေသည်၊ ထို့ကြောင့် တိုင်းပြည်ဆရာ, လူမျိုးဆရာ, ဘာသာဆရာ, သာသနာပြု ဆရာဟူ၍လည်း ဖြစ်နိုင်ကြလေသည်၊ ဖြစ်လည်း ဖြစ်နေကြပေသည်။

တိုင်းပြည်တပြည်, လူမျိုးတမျိုး, ဘာသာတဆက်, ရိုးရာပျက်၍ ပျောက်ကွယ် တိမ်ကောသွားလျှင်လည်း ထိုဆရာ ဆိုသူ

တို့၏ အာရက္ခဂုဏ် မရှိမှုအပေါ်တွင် အပြစ်တင် တတ်ပြန်လေသည်၊ ထိုသို့သော သဘောကို ဆင်ခြင်၍ ဒေသနာနယအလင်းပြ ဓမ္မာနုသဲဘရီ ဆရာဦးမင်းလွင်သည်လျှင် စီရင်ရေးသား ပြည့်ကျင့်အပ်သော "ဆေးအဘိဓမ္မာ ဥတုဘောဇန သမ္ဘတ္တိကျမ်း" သည် သာသနာသက္ကရာဇ် ၂၅၀၀၊ ပုဂံသက္ကရာဇ် ၁၃၁၇-ခု၊ ဥတုဂိမ္ဟန်၊ တပေါင်း လပြည့်တွင် ပြီးစီးပြည့်ဖုံသည်။

ဤကျမ်းကို စီစဉ်ရေးသားရာ၌ လယ်တီဆရာတော် ဘုရားကျက်စားသော ဥတုဇဓာတ်ဉာဏ်ကိုဂုဏ်၊ ထိုဆရာတော်ကြီးပင်လျှင် စီရင်သော ပရမတ္ထဒီပနီကျမ်းကို ကြည်ညိုလေးစားသဖြင့် ပရမတ္ထအလင်းပြ သမားတော်ကြီးဟု ကျော်ကြားသော ဆရာကြီး ဆရာသင်၏ ဆေးပရမတ်ဉာဏ်ကိုဂုဏ်၊ သဘာဝဓမ္မ ဓာတ်ဉာဏ်နှင့်ဆေးဉာဏ်ကို အလွယ်ပြသော ဆရာတော် ဦးဇာနိန္ဒ၏ ဆေးဥပဒေသဉာဏ်ကိုဂုဏ်၊ သိမှီဆက်စပ်ပြရသောကြောင့် ကျေးဇူးကြီးလှပေသည် ထိုဆရာကြီးများသည် ရှိရာဌာနက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုနိုင်ပါစေသတည်း။

ဤကျမ်းကို ၁၃၁၃-ခုနှစ်မှ ၁၃၁၇-ခုနှစ်တိုင်အောင် ၅-နှစ်ပတ်လုံး စီစဉ်နှလုံးသွင်းလျက် သန့်ရှင်းစင်ကြယ်အောင် အဖန်ဖန်ပွါးခဲ့ရသော ကုသိုလ်ကြောင့် သန့်ရှင်းစင်ကြယ် မှန်ကန်သော အကျိုးကိုသာလျှင် ရရှိခံစားရပါလို၏၊ ဤကောင်းမှု၏ အဘို့ကို မိကြီးဘကြီး, ဘိုးကြီးဘွားကြီး, ဆွေကြီးမျိုးကြီး, မွေးသမိခင် မွေးသဘခင်, ဆရာသခင် ကျေးဇူးရှင်တို့နှင့်တကွ ရေမြေသနင်း ပြည့်ရှင်မင်း, ငရဲသနင်း ယမမင်း, အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏ အမျှရကြ၍ ချမ်းသာကြသည် ဖြစ်ပါစေသတည်း။

နိဂုံးပဏ္ဏနာ ပြီး၏။

တိုင်းရင်းသမားပညာ

ဘေသဇ္ဇနယမည်သော

# (ကုထုံး ငါးရာကျမ်း)

ဤကုထုံးငါးရာ ဆေးကျမ်းမှာ၊တိုင်းရင်းဆေးပညာ၌လေးမြတ်သော ပုဂ္ဂိုလ်များအတွက် လွယ်လင့်တကူ ယူသုံးနိုင်သော ရှေးမှီနောက်မှီ ခေတ်နှင့်လျော်သည့် ကုထုံး မှတ်ချက်များ အတိုချုပ်၍ စုံစုံလင်လင်ပါရှိသဖြင့်၊ မိမိတို့၏ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် ဆရာလုပ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပေသည်။

တိုင်းရင်းမြန်မာဆေးဆရာများသည်လည်း ဆေးပေးရာ၌၊ဆေးဘက်ရလဲဥာဏ်ဟု ခေါ်သော အတောင်, အလက်, အဆွယ်, အပွါး ဆေးမီးတို, ဆေးမာတ်စာ နည်းအမျိုးမျိုး သုံးတတ်သောဥာဏ်သည်၊ ဤစာတအုပ်နှင့်ပင် ပြည့်စုံ လုံလောက်ပြီဟု ဆိုနိုင်ပေသည်။

## ထွက်နေပါပြီ  တအုပ်အဘိုး ၅-ကျပ်

ပရမာဏျမြူ ကလာပ်စည်း ဓာတ်စည်း အသိဉာဏ်ဖြင့် ဈာန်မဂ်ဖိုလ် တိုင်ရောက် အနှစ်တပ်ပြထားသော—

# ဆေးအဘိဓမ္မာ

ခန္ဓာပစ္စုပဋ္ဌာန်ကျမ်း

ပုံနှိပ်ရန်စီစဉ်နေဆဲ

ဆေးအဘိဓမ္မာကောသနိဗ် ဆရာလွင်ဆေးတိုက်

၇၂-ဗရာဇာရှည်လမ်းဟောင်း၊ ရန်ကုန်မြို့။

သုဓမ္မဝတီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့